ပန်းရွှေပြည်စာအုပ်တိုက်

ဗုဒ္ဓဘာသာ
သံဃာ့ဂိုဏ်းကွဲများနှင့်
ဂိုဏ်းကြီး ၉ ဂိုဏ်း

မာမကာ (သုတေသီ)

ဒုတိယအကြိမ်

[illegible]
[illegible] စာကြည့်တိုက်
[illegible] ၈၃၈၆
[illegible] ၁၅. ၇. ၁၉

[illegible] စာအုပ်တိုက်

၂၄၀၊ သိမ်ဖြူလမ်း(အနော်ရထာလမ်းထောင့်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၇၇

၁၅၀၀ ကျပ်
ဒုတိယအကြိမ်
၂၀၀၇ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၅၀၀

မျက်နှာဖုံး

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာပေ၊
အမှတ် ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှထူး (၀၇၃၈၂)၊ ထူးပုံနှိပ်တိုက်၊
အမှန် ၂၂၅၊ ၁၀ / တောင်ရပ်ကွက်၊
အရှေ့မင်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ၃၂၀၁၂၉၁၂၀၇
အဖုံးခွင့်ပြုချက် ၃၂၀၂၄၆၀၅၀၇

ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့သမိုင်း အသိအမြင်
ဗဟုသုတ ရှာမှီးဆည်းပူးသူများ
လက်ကိုင်ထားသင့်သော

ဗုဒ္ဓဘာသာ သံဃာ့ဂိုဏ်းကွဲများ

နှင့်

ဂိုဏ်းကြီး ၉ ဂိုဏ်း

မာမက(သုတေသီ)

စာကြည့်တိုက်

စာအုပ်အကြောင်း
ပထမအကြိမ်, ၂၀၀၂ ခုနှစ် ဇန်နဝါရီလ
ကံကြီးမြင့်စာပေ
ဒုတိယအကြိမ်, ၂၀၀၇ ခုနှစ်
ပန်းရွှေပြည်စာအုပ်တိုက်

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဘုန်းတော်ကြီး ဦးသီလ တောရဆရာတော်ဘုရားကြီး
ကောဇာ ၁၁၉၄ ခုနှစ် နတ်တော်လတွင် ဖွားမြင်တော်မူ၍
၁၂၆၉ ခုနှစ် ကဆုန်လတွင် ပျံလွန်တော်မူသော
သက် တော် ၇၅နှစ်, သိက္ခာတော် ၅၅ဝါရ
တောရဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ

အုတ်ဖိုဆရာတော်ဘုရားကြီး
ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်းကြီးကို
ရှေးဦး တည်ထောင်တော်မူ၍
၁၂၁၇ ခုနှစ် မှ ၁၂၆၇ ခုနှစ် အထိ တည်ထောင်အုပ်ချုပ်တော်မူသည်။

သုံးဂိုဏ်းချုပ် ခင်မွန်ဆရာတော်ဘုရားကြီး

[illegible]
စာကြည့်တိုက်
[illegible]
[illegible]

ကျေးဇူးတော်ရှင်
ရွှေမင်းဝံ ငှက်တွင်းဆရာတော်ဘုရားကြီး
မဟာသတိပဋ္ဌာန်ဂိုဏ်းကြီး၏ ဦးစီးနာယက

မဟာရင်ဂိုဏ်းတည် ဂိုဏ်းချုပ်ဆရာတော်ဘုရား
ဗုဒ္ဓဝံသမဟာထေရ်
၁၂၃၇–၁၂၈၀ ခုနှစ်

စာကြည့်တိုက်

ဝေဠုဝနနိကာယ သမုဋ္ဌာပက မဟာနာယကာဓိပတိ
ဆရာတော်ဘုရားကြီး
ကြည့်မြင်တိုင်–ဝေဠုဝန်ကျောင်းတိုက်
၁၃၀၅ ခုနှစ် ဝါခေါင်လဆုတ် ၅ ရက်နေ့တွင်
ဘဝနတ်ထံ စံလွန်တော်မူသည်။

ဂဏသမုဋ္ဌာပက ပထမရွှေကျင်ဆရာတော်ဘုရားကြီး
၁၁၈၄ ခုနှစ်တွင် ဖွားမြင်၍
၁၂၅၅ ခုနှစ်တွင် ပျံလွန်တော်မူသည်။

စာကြည့်တိုက်

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး

ကောဇာ ၁၂၀၀ ပြည့် ဝါဆိုလတွင် ဖွားမြင်တော်မူ၍

၁၂၇၈ ခုနှစ် ဝါဆိုလဆန်း၅ ပင် ပျံလွန်တော်မူသော

သက်တော် ၇၈နှစ်, သိက္ခာတော် ၅၈ဝါရ

ဒုတိယ ရွှေကျင်နိကာယ ဓမ္မသေနာပတိ–သမ္မုတိ ရွှေကျင်သာသနာပိုင်

ဒီပဲရင်းဆရာတော်ဘုရားကြီး

ကောဇာ ၁၂၁၄ ခုနှစ် တော်သလင်းလတွင် ဖွားမြင်တော်မူ၍

၁၂၈၉ ခုနှစ် ပြာသိုလတွင် ပျံလွန်တော်မူသော

သက်တော် ၇၆နှစ်, သိက္ခာတော် ၅၅ဝါရ

တတိယ ရွှေကျင်နိကာယ ဓမ္မသေနာပတိ–သမ္မုတိရွှေကျင်သာသနာပိုင်

ဝိသုဒ္ဓါရုံတိုက်အုပ် ဆရာတော်ဘုရားကြီး
ကောဇာ ၁၂၂၇ ခုနှစ် နတ်တော်လတွင် ဖွားမြင်တော်မူ၍
၁၃၁၃ ခုနှစ် နတ်တော်လတွင်ပင် ပျံလွန်တော်မူသော
သက်တော် ၈၆နှစ်, သိက္ခာတော် ၆၆ဝါရ
အဋ္ဌမ ရွှေကျင်နိကာယ မဟာနာယကသာသနာပတိ–သမ္မုတိ ရွှေကျင်သာသနာပိုင်

ဝိသုဒ္ဓါရုံ စံကင်းဆရာတော်ဘုရားကြီး
ကောဇာ ၁၂၃၂ ခုနှစ် နတ်တော်လတွင် ဖွားမြင်တော်မူသော
နဝမ ရွှေကျင်နိကာယ မဟာနာယကသာသနာပတိ အဘိဓဇမဟာရဋ္ဌဂုရု–သမ္မုတိ
ရွှေကျင်သာသနာပိုင်
သက်တော် ၉၈နှစ်, သိက္ခာတော် ၇၉ဝါရစဉ် ပုံတော်



အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်ဘုရားကြီး
ကောဇာ ၁၂၄၀ ခုနှစ်တွင် ဖွားမြင်တော်မူ၍
၁၃၀၅ ခုနှစ် ပြာသိုလတွင် ပျံလွန်တော်မူသော
သက်တော် ၆၅နှစ်, သိက္ခာတော် ၄၅ဝါရ
ရွှေကျင်နိကာယ ဥပဓမ္မသေနာပတိ တွဲဖက်ရွှေကျင်သာသနာပိုင်

အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်ဘုရားကြီး
ကောဇာ ၁၂၅၀ ခုနှစ် ပြာသိုလတွင် ဖွားမြင်တော်မူသော
ရွှေကျင်နိကာယ ဥပဓမ္မသေနာပတိ တွဲဖက် ရွှေကျင်သာသနာပိုင်
သက်တော် ၈၀နှစ်, သိက္ခာတော် ၆၀ဝါရစဉ် ပုံတော်



ဓိနုတ္တပဏာသနိကျမ်း

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

ပြုစုတော်မူသည်။

ဆဋ္ဌမအကြိမ်

ထွက်ပြီ။

ခွင့်ပြုအမှတ် – ၈၂ / ၂၀၀၄ (၁)

မာတိကာ

*	ဒုတိယအကြိမ်ရိုက် နိဒါန်း	၆
၁။	နိဒါန်း	၇
၂။	ပဏ္ဏာမနှင့် ပဋိညာဉ်	[illegible]
၃။	ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ရာရတနာ	[illegible]
၄။	သံဃာ့ဘောင်	[illegible]
၅။	အိန္ဒိယ သံဃာ့ဂိုဏ်း	[illegible]
၆။	သီဟိုဠ် သံဃာ့ဂိုဏ်း	[illegible]
၇။	မြန်မာနိုင်ငံ သံဃာ့ဂိုဏ်း	၃၄
၈။	မင်းအဆက်ဆက်ကိုးကွယ်ခဲ့သော သံဃာရာဇာဆရာတော်ကြီးများ	၄၀
၉။	ဆရာတော်ဦးဗုဒ်	၄၈
၁၀။	သုဓမ္မာဂိုဏ်း	၅၅
၁၁။	ရတနာပုံခေတ် သာသနာရေး	၆၂
၁၂။	ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဂိုဏ်း	၆၉
၁၃။	အရညဝါသီ ရွှေကျင်နိကာယတောဂိုဏ်းအစနှင့် ဘုန်းတော်ကြီး ဦးသီလ	၇၅
၁၄။	ရွှေကျင်ဆရာတော်၏ ကြည်ညိုဖွယ်ရာဂုဏ်များ	၈၂
၁၅။	ရွှေကျင်နိကာယ ဒုတိယသာသနာပိုင်ဆရာတော်	၉၂
၁၆။	ရွှေကျင်နိကာယ သာသနာပိုင်အစဉ်အဆက်	၁၀၀
၁၇။	ကမ္ဗဝါဒီ,ဒွါရဝါဒီကွဲခြင်း	၁၀၈
၁၈။	ဒွါရဝါဒီအုပ်ဖိုရ်ဆရာတော်နှင့် သာသနာတော်သန့်ရှင်းရေး	၁၁၅
၁၉။	အနောက်ချောင်းဒွါရဂိုဏ်း ဖြစ်ပေါ်ခြင်း	၁၂၃
၂၀။	မဟာဒွါရ,မူလဒွါရဂိုဏ်းကွဲ ဖြစ်ပေါ်ခြင်း	၁၂၇
၂၁။	ဝေဠုဝန်နိယာကဂိုဏ်း	၁၃၂
၂၂။	စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း	၁၃၇
၂၃။	ဂဏဝိမုတ်ကူးဆို့ဂိုဏ်း	၁၄၅
၂၄။	ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း	၁၅၁
၂၅။	ဝိနည်းတရားနှင့် ဂိုဏ်းအပြား	၁၅၈
၂၆။	နိဂုံးပစ္ဆိမ	၁၆၆

စာကြည့်တိုက်

ဒုတိယအကြိမ်ရိုက် နိဒါန်း

ဗုဒ္ဓဘာသာ သံဃာ့ဂိုဏ်းကွဲများနှင့် ဂိုဏ်းကြီး ၉ ဂိုဏ်း စာအုပ်ပါအကြောင်းအရာများသည် စာစောင်အသီးသီးတွင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ပထမအကြိမ်အဖြစ် ၂၀၀၁ ခုနှစ်တွင် ကံကြီးမြင့်စာပေတိုက်မှ ရိုက်နှိပ်ဖြန့်ချိခဲ့ခြင်း ဖြစ်ပါသည်။ စာစောင်အသီးသီး၌ ဖော်ပြခဲ့သော ဆောင်းပါးများကို စုပေါင်း၍ ရိုက်နှိပ်ဖြန့်ချိခဲ့ခြင်းဖြစ်သောကြောင့် စာအုပ်ပါအကြောင်းအရာများမှာ စာစောင်တွင် ဖော်ပြရသော ဆောင်းပါးဖြစ်သည်နှင့်အညီ အကျယ်မရေးဘဲ လိုရင်းတိုရှင်းသဘောဖြင့် အကျဉ်းမျှဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ လိုရင်းတိုရှင်း အကျဉ်းမျှ ရေးသားထားသည်ကို အားမလိုအားမရဖြစ်ကြသော စာဖတ်ပရိသတ်အချို့က အကျယ်အားဖြင့် ပြန်လည်ရေးသားပြီး ဆရာတော်များ၏ ဓာတ်ပုံများနှင့်တကွ ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေရန် အဖန်ဖန် တိုက်တွန်းပြောဆိုလာကြသည်။

၎င်းတို့၏ တိုက်တွန်းပြောကြားမှုကို "ဟုတ်ကဲ့"ဟု နှုတ်ဖြင့် ဝန်ခံခဲ့သော်လည်း အကျယ်အားဖြင့် ပြန်လည်ရေးသားရန် အချိန်မလောက်သဖြင့် လက်မရောက်ဘဲ ရှိနေခဲ့ရပါသည်။ ဤသို့ရှိနေစဉ် ပန်းရွှေပြည်စာအုပ်တိုက်က ဒုတိယအကြိမ် ရိုက်နှိပ်ဖြန့်ချိရန် အကြောင်းဆိုက်လာသဖြင့် ပထမအကြိမ်ထုတ် စာအုပ်ကိုပင် ကွန်ပျူတာအသစ် ပြန်လည်စီ၍ ထုတ်ဝေရန် ပေးခဲ့ရပါသည်။

ဤ ဒုတိယအကြိမ်ထုတ် စာအုပ်ကို အကျယ်ချဲ့၍ ပြန်လည်ရေးသားပေးနိုင်မှု မရှိသော်လည်း စာဖတ်သူများ ကြည်ညိုသဒ္ဓါပွားနိုင်ရန် လက်လှမ်းမီသမျှ ရရှိသော ဆရာတော်များ၏ ပုံတော်များကို ထည့်သွင်း ဖော်ပြနိုင်ခဲ့ပါသည်။

စာဖတ်သူများ
ဘေးရန်ကြောင့်ကြ ဆင်းရဲခြင်းကင်းကြ၍
ချမ်းသာသောကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

မာမာက(သုတေသီ)

နိဒါန်း

ဂမ္ဘီရစာပေပညာရှင် ဆရာမကြီးတစ်ဦးက ကြည်ညိုဖွယ်ဂုဏ်ဆောင်တော်မူခဲ့ကြသော ရှေးဆရာတော်ကြီးအချို့၏ အတ္ထုပ္ပတ္တိကို ကြည်ညိုလိုသဖြင့် ရေးသားပြုစုပေးရန် ပြောကြားခဲ့ပါသည်။

ရှေးဆရာတော်ကြီးများသည် သာသနာတော်အပေါ်၌ အလွန်ပင် သဒ္ဓါတရား ကြီးမားတော်မူကြသည်ကို တွေ့ရှိရသည်။ ဤသို့ သဒ္ဓါတရားကြီးမားသောကြောင့်လည်း ယင်း ဆရာတော်တို့၏ သာသနာတော်အုတ်မြစ်ဖြစ်သော ပရိယတ္တိစာပေနံ့စပ် တတ်ကျွမ်းမှု အယူအဆကောင်းမှုများကို အံ့သြလောက်အောင် တွေ့ရှိနေရခြင်းဖြစ်သည်။

ထိုဆရာတော်များသည် သာသနာ့ဘောင်သို့ သဒ္ဓါရှေ့ဆောင်မှုဖြင့် ဝင်ရောက်တော်မူလာကြသကဲ့သို့ ပရိယတ္တိစာပေများကိုလည်း သဒ္ဓါရှေ့သွားဖြင့် သင်ကြားလေ့လာ ဆည်းပူးတော်မူခဲ့ကြသောကြောင့် ယခုခေတ်လူများ အံ့သြရလောက်အောင် တတ်မြောက်တော်မူခဲ့ကြခြင်းဖြစ်ကြောင်း သိရှိနိုင်သည်။ တစ်ဖန် ထို စာပေနံ့စပ်တတ်ကျွမ်းသော ဆရာတော်တို့၏ ဝိနည်းတရား လေးစားလိုက်နာမှုကို ကြည့်ရှုပြန်လျှင်လည်း အမြဲထာဝရ ဦးချဖွယ်ကောင်းလောက်အောင်, ရှိခိုးဦးခိုက် နေချင်လောက်အောင် ကြည်ညိုဖွယ်ဂုဏ်ဆောင်လျက်ရှိနေသည်ကို တွေ့ရှိရပြန်သည်။

ထို့ကြောင့် ထိုဆရာမကြီးက ကြည်ညိုချင်၍ ထိုဆရာတော်တို့၏ အတ္ထုပ္ပတ္တိများကို ရေးပေးရန် ပြောကြားခြင်းဖြစ်ကြောင်း သဘောပေါက်ရသည်။

သို့ရာတွင် ထိုကဲ့သို့ ဘက်ပေါင်းစုံ ကြည်ညိုဖွယ်ဂုဏ်ဆောင်သော ရှေးဆရာတော် အများအပြားရှိနေခဲ့ရာ ထိုဆရာတော်အားလုံး၏ အတ္ထုပ္ပတ္တိများကို

ရှာဖွေတင်ပြပါလျှင် ဆုံးနိုင်ဖွယ်ရှိမည် မဟုတ်ပေ။ ထို့ကြောင့် ထိုဆရာမကြီး၏ အာသီသဆန္ဒလည်း ပြည့်ဝစေ၊ အများတကာ သိသင့်သိထိုက်သော ဂိုဏ်းကြီး ၉ ဂိုဏ်းကို ဦးဆောင်တည်ထောင်တော်မူခဲ့ကြသော ဆရာတော်တို့၏ အတ္ထုပ္ပတ္တိနှင့် ဂိုဏ်းဖြစ်ပေါ်လာပုံ အကြောင်းအရာများလည်းပြီးမြောက်စေ သဘောဖြင့် 'ဂိုဏ်းကြီး ၉ ဂိုဏ်း' အကြောင်းအရာများကို ဦးစားပေးရေးပြီး စာစောင်များတွင် ထည့်သွင်းဖော်ပြခဲ့ရာ ဂိုဏ်းအချို့ (အနည်းအကျဉ်း)သာ ဆက်လက်ဖော်ပြရန် ကျန်ရှိနေသေးသည်။

ယခု ဤစာအုပ်တွင် ယင်းဖော်ပြပြီး ဂိုဏ်းများနှင့်တကွ ဖော်ပြရန် ကျန်ရှိနေသေးသော ဂိုဏ်းများကိုပါ ပေါင်းစပ်၍ ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းအပြင် ရှေးက စာစောင်အသီးသီးတွင် ဖော်ပြခဲ့ပြီးသော ရှေးဟောင်း ဂိုဏ်းကွဲများ၏ အကြောင်းအရာများကိုပါ ပေါင်းစပ်ဖော်ပြလိုက်ပါသည်။

ဤသို့ ဖော်ပြရာတွင် ပြည့်စုံမှု၊ မပြည့်စုံမှု ဟူသောအချက် ပေါ်ထွက်နိုင်ပါသည်။ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိပါက စာရေးသူ၏ လေ့လာမှု အားနည်းခြင်းဟု ခံယူပါသည်။ ဖြည့်စွက်၍ ဖတ်ရှုသွားပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

စာရှုသူများ ဘာသာရေးဆိုင်ရာ စာပေ ဗဟုသုတ ကြွယ်ဝနိုင်ကြပါစေ။

မာမက(သုတေသီ)

ပဏ္ဏာမနှင့် ပဋိညာဉ်

- ဘုန်းတော်ခြောက်စုံ၊ သီလဂုဏ်၊
  ဉာဏ်ဟုန်ကြီးမား မြတ်ဘုရား။
- ပူဇော်အထူး၊ ထိုက်ရည်စူး၊
  ညွတ်နူးအများ မြတ်ဘုရား။
- ငါးဥဒေယျာစံ၊ သိဖွယ်မှန်၊
  မကျန်သိငြား မြတ်ဘုရား။
- ဆရာမကူ၊ သယမ္ဘူ၊
  ဉာဏ်ဟူသိထား မြတ်ဘုရား။
- ဘုရားမြတ်စွာ၊ ဟောညွှန်လာ
  ဓမ္မာထွတ်ဖျား မြတ်တရား။
- ကျင့်ကြံသူပေါင်း၊ ပါယ်မစောင်း၊
  ဆောင်ကောင်းအလား မြတ်တရား။
- ပါယ်မကျအောင်၊ ကျင့်သူနောင်၊
  ရွက်ဆောင်ပင့်ထား မြတ်တရား။
- ကြားနာလာရ၊ စိတ်ကြည်မြ၊
  အစကောင်းငြား မြတ်တရား။
- ကြားနာပြီးဝယ်၊ ကျင့်ကြံဖွယ်၊
  အလယ်ကောင်းငြား မြတ်တရား။
- လိုက်နာကျင့်သော်၊ အကျိုးပေါ်၊
  ဆုံးနော်ကောင်းငြား မြတ်တရား။
- လေးဖြာသီလ၊ ကျင့်ဆောင်ကြ၊
  ပြည့်ဝတရား သံဃာများ။

- ကောင်းမှုပျိုးစိုက်၊ လယ်ကောင်းဆိုက်၊
  ဆိုထိုက်မမှား သံဃာများ။
- ဗုဒ္ဓမြတ်စွာ၊ သာသနာ၊
  စောင့်ကာထိန်းထား၊ သံဃာများ။
- အသိမြင့်ရေး၊ လမ်းညွှန်ပေး၊
  တိုက်ကျေးဟောကြား သံဃာများ။
- ဘုရားတရား၊ သံဃာအား၊
  ညွတ်တွားခါခါ ဝန္ဒနာ။
- မင်္ဂလာတိုး၊ ရကောင်းကျိုး၊
  ရှိခိုးခါခါ ကျွန်ုပ်နမာ။
- ဘေးရန်ကင်းလွတ်၊ ကျမ်းပြီးကျွတ်၊
  ဦးညွတ်ခါခါ မွန်ပဏာ။
- ရတနာသုံး၊ ဦးညွတ်တုံး၊
  ပြီးဆုံးမြောက်လာ ကျမ်းရွှေစာ။
- ရေးကာသိကုံး၊ ကျမ်းတစ်ထုံး၊
  ပြီးဆုံးမြောက်လာ ကျမ်းရွှေစာ။
- ဖတ်ရှုသူများ၊ သုတပွား၊
  အားထားဖွယ်ရာ ကျမ်းရွှေစာ။
- သံဃာ့ဂိုဏ်းပေါင်း၊ သိဖွယ်ကောင်း၊
  အကြောင်းစုံစွာ ကျမ်းရွှေစာ။

❑

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ရာ ရတနာ

လောကီနယ်ပယ်တွင် နီလာ, စိန်, ကြောင်မျက်ရွဲ, ပတ္တမြား, မြ(ပတ္တမြားစိမ်း), ဂေါ်မုတ်, ဥဿဖယား, သန္တာ, ပုလဲ ဟူသော နဝရတ် ၉ သွယ် ရတနာ ၉ ပါးနှင့် ပုလဲ, မြ, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြားပြောက် ဟူသော ရတနာ ၁၀ ပါးကို လူတို့နှလုံးပွား၍ လိုလားနှစ်သက်အပ်သောကြောင့် ‘ရတနာ’ဟူသော အမည်ကို ရကြသကဲ့သို့၊ ဘုရား,တရား,သံဃာ ဟူသော ရတနာ ၃ ပါးသည်လည်း လူသားများအတွက် ကုသိုလ်ပွား၍ လိုလားနှစ်သက်အပ်သောကြောင့် ‘ရတနာ’ဟူသော အမည်ကို ရရှိကြသည်။

ဗုဒ္ဓဘာသာဝင်များသည် ဤ ဘုရား, တရား, သံဃာ ဟူသော ရတနာ ၃ ပါးကိုသာ ဆည်းကပ်ကိုးကွယ်လျက် ရှိကြသည်။ ဤရတနာ ၃ ပါး ဘုရား, တရား, သံဃာအကြောင်းအရာကို အမြွက်မျှ တင်ပြလိုပါသည်။

လူသားများသည် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှု မရှိသေးချိန်က မိုးကြိုး, လေထန်, ရေလျှံ, မိုးကြိုးပစ်, မီးတောင်ပေါက်, ဥက္ကာပျံ စသော သဘာဝဘေးအန္တရာယ်များကို ကြောက်ရွံ့ကြသည်။ မမြင်နိုင်သော နတ်ဘုရား တန်ခိုးရှင်တစ်ဦးဦးက အမျက်ထွက်သောကြောင့် ယင်းအန္တရာယ်များ ကျရောက်အောင်ပြုလုပ်သည်ဟု ထင်ကြသည်။ ထို့ကြောင့် ယင်းနတ်ဘုရား တန်ခိုးရှင်များ အမျက်ပြေစေရန် ပူဇော်ပသမှု ပြုခဲ့ကြသည်။ ၎င်းတို့၏ ပူဇော်သမှုမျိုးသည်ပင် နောင်ယဇ္ဇဝေဒ ပေါ်လာသောအခါ ‘ယဇ်’အမည်ရခဲ့သည်ဟု ယူဆရသည်။ ဓမ္မပဒဋ္ဌခေတ်ဦးလူများသည် ဘေးမှကြောက်ကြသောကြောင့် တော,တောင်,သစ်ပင် စသည်

တို့ကို ရှိခိုးပူဇော်ခဲ့ကြပြီး၊ ကာလကြာလာသောအခါ နတ်ကွန်းများကို ဆောက်လုပ်၍ တောစောင့်နတ်, တောင်စောင့်နတ်, သစ်ပင်စောင့်နတ် စသည်အဖြစ် ကိုးကွယ်ခဲ့ကြသည်ဟု ဆိုသည်။

ဤကမ္ဘာပေါ်တွင် လူသားများ မည်သည့်အချိန်က စ၍ မည်ကဲ့သို့ဖြစ်ပေါ်လာသည်ကို ခေတ်သစ်သိပ္ပံပညာရှင်များက မည်သူမျှ အတိအကျ ပြောနိုင်မှုမရှိကြဘဲ ခန့်မှန်းယူဆချက် အမျိုးမျိုးပေးခဲ့သည်ကိုသာ တွေ့ရှိရသည်။ လူသားများဖြစ်ပေါ်လာပြီးနောက် 'သမိုင်းမတင်နိုင်မီ ခေတ်' နှင့် အထောက်အထားများ အတိအကျဖြင့် 'သမိုင်းတင်နိုင်သော ခေတ်' ဟူ၍ ခေတ် ၂ ခေတ်ရှိခဲ့ရာတွင်၊ သမိုင်းမတင်နိုင်မီခေတ်က လူသားများ၏ ကိုးကွယ်ယုံကြည်မှုမှာ မှုန်ဝါးလှသော်လည်း သမိုင်းတင်နိုင်သည့် ခေတ်တွင်မူ လူသားများ၏ ယုံကြည်ကိုးကွယ်မှုမှာ ပေါ်လွင်ထင်ရှားလာသည်။

ဘီစီ ၅၀၀၀ ခန့်က အီဂျစ်လူ့အဖွဲ့အစည်းသည် အုပ်စုလိုက် နေထိုင်ကြပြီး အချင်းချင်း တိုက်ခိုက်လျက်ရှိနေကြရာ အုပ်စုတိုင်းတွင် အမှတ်အသား အရုပ်တစ်ရုပ်စီ ရှိသည်။ နောက်ပိုင်းတွင် ၎င်းတို့၏ အမှတ်အသား အရုပ်များသည် ၎င်းတို့၏ ကိုးကွယ်ရာ နတ်ဘုရားများ ဖြစ်လာသည်ကို တွေ့ရှိရသည်။ ယင်းနတ်ဘုရားအရုပ်များကား ကြောင်ရုပ်, မိကျောင်းရုပ်, သစ်တောက်ငှက်ရုပ်, ခွေးအရုပ် စသည်တို့ပင်ဖြစ်သည်။ တစ်ဖန် အထက်အီဂျစ်, အောက်အီဂျစ်ဟူ၍ အုပ်စုကြီး ၂ ခု ဖြစ်လာသောအခါ အောက်အီဂျစ်က မြွေဟောက်ရုပ်, အထက်အီဂျစ်က သိန်းငှက်ရုပ်နတ်ဘုရားကို ပြောင်းလဲကိုးကွယ်ခဲ့ကြပြန်သည်။ အီဂျစ်ပြည်ထောင်စုဖြစ်လာသောအခါ 'ရေး'ခေါ် နေနတ်ဘုရားနှင့် 'အိုးဆီရစ်'ခေါ် နံ့မြေ(နိုင်းမြစ်) နတ်ဘုရားကို ပြောင်းလဲ ကိုးကွယ်လာခဲ့ပြန်သည်။

အီဂျစ်နှင့် ခေတ်ပြိုင်ဖြစ်သော ဆူးမားရီးယန်းတို့သည်လည်း အီဂျစ်တို့ကဲ့သို့ပင် နတ်ဘုရားအမျိုးမျိုးကို ကိုးကွယ်ခဲ့ကြသည်။ ရှေးဂရိများသည်လည်း နတ်ဘုရားများစွာကိုပင် ကိုးကွယ်ကြပြီး၊ ဇေယု(ဇီယပ်)ကို နတ်ဘုရားချုပ်အဖြစ် ကိုးကွယ်ကြသည်။ မြန်မာတို့က 'ဇုနတ်ကြီး'ဟု ခေါ်သည်။

စစ်ကို အမြဲတိုက်ခိုက်လျက်ရှိသော အာဆီးရီးယန်းများကမူ စစ်နတ်ဘုရားအားဆူး(အာဆာ)ကို ဖန်တီး၍ ကိုးကွယ်ကြသည်။

ဘီစီ ၂၀၀၀ သို့မဟုတ် ၁၈၀၀ ခန့်တွင် ပေါ်ထွန်းခဲ့သော အာရိယန်တို့၏ ဗြာဟ္မဏဘာသာရေး ဝေဒခေတ်တွင်လည်း ရေ,မြေ,လေ,မီး စသော သဘာဝတရားများကိုပင် နတ်ဘုရားများအဖြစ် ဖန်တီး ကိုးကွယ်ခဲ့ကြသည်။ မြေ,ရေ,ကောင်းကင် အုပ်စု ၃ ခုတွင် နတ်ဘုရား ၃၃ ဆူ ဖန်တီးထားသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့် သမိုင်းဦး လူ့အဖွဲ့အစည်းများ၏ ဘာသာရေးသည် ဖန်တီးကိုးကွယ်ခဲ့ကြသော ဘာသာရေးသာဖြစ်သည်။ ဖန်တီးမှုဖြစ်သောကြောင့် ယင်းနတ်ဘုရားများ၏ ပုံသဏ္ဌာန်ကို ဖော်ပြရာ၌ ပုံစံအမျိုးမျိုးပင်ဖြစ်သည်။ အချို့ပုံသဏ္ဌာန်မှာ ကြောက်စရာအသွင် ဆောင်နေသည်ကိုပင် တွေ့ရှိရသည်။ ထို့ကြောင့် ထိုနတ်ဘုရားများနှင့် စပ်လျဉ်း၍ ဘုရားဟူသော ဝေါဟာရကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုရမည်ကို မသိနိုင်အောင်ပင် ဖြစ်ရတော့သည်။

အမှန်မှာ လူသားများ၏ ကိုးကွယ်ရာ ကိုးကွယ်ခံဘုရားဟူသည် လူသားများထက် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။ လူများထက်သာမက သက်ရှိသတ္တဝါ၊ လူ,နတ်,ဗြဟ္မာ များထက်လည်း အသိပညာအားဖြင့်လည်းကောင်း၊ ကိုယ်ကျင့်သီလ,သမာဓိ,ပညာ စသော ဂုဏ်အားဖြင့်လည်းကောင်း မြင့်မြတ်သူဖြစ်ရပေမည်။ ထို့ကြောင့် ဘုရားကို 'အမြင့်မြတ်ဆုံးပုဂ္ဂိုလ်'ဟု အဓိပ္ပာယ်ဖွင့်ဆိုလျှင် အပြည့်စုံဆုံးသော, အမှန်ကန်ဆုံးသော အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်နိုင်သည်။

ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ 'ဘုရား'ဟူသော ဝေါဟာရသည် အမြတ်ဟော ဝရပုဒ်မှ ဗရး–ဗရား–ဘုရားဟု အဆင့်ဆင့် ဆင်းသက်ဖြစ်ပေါ်လာသော ဝေါဟာရဖြစ်ကြောင်း အဘယာရာမဆရာတော်က အဘိဓာန်နိသယသစ်ကျမ်းတွင် ကြံဆဖော်ပြထားသည်။

အချို့ကလည်း ဂုဏ်းကံပါရမီအားဖြင့် လူ,နတ်,ဗြဟ္မာ သတ္တဝါအားလုံးထက် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ပုညဝန္တပုဒ်မှ ပုည–ပုညား–ပုရား ဘုရားဟု အဆင့်ဆင့် ဆင်းသက်ဖြစ်ပေါ်လာသော ဝေါဟာရဖြစ်ကြောင်း ဆိုသည်။

ထို့ကြောင့် လူသားများကိုးကွယ်သော ဘုရားသည် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးထက် အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ထူးဖြစ်ပါမှ ဘုရားစစ် ဘုရားမှန် ဖြစ်နိုင်သည်။

ဗုဒ္ဓဘာသာတို့ကိုးကွယ်သော ဗုဒ္ဓမြတ်စွာဘုရား ရတနာကား လူသားပင်ဖြစ်သော်လည်း သာမန်လူသားများ တုနှိုင်းမမီသော ပါရမီ ၁၀ ပါး အပြား ၃၀၊

ဂုဏ်တော် ၉ ပါး၊ ဘုန်းတော် ၆ ပါး၊ ဉာဏ်တော် ၁၀ ပါး၊ အသာဓာရဏ ဉာဏ်တော် ၆ ပါး၊ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ နှင့် ပြည့်စုံတော်မူသော ဘုရားဖြစ်သည်။ လူ,နတ်,ဗြဟ္မာ သတ္တဝါအားလုံးက လက်အုပ်ချီမိုး ရှိခိုးရသော လောက ၃ ပါးတွင် အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား ရတနာသည် ဘုရားစစ် ဘုရားမှန်ပင် ဖြစ်တော့သည်။

ဗုဒ္ဓမြတ်စွာ ဘုရားရတနာအား ကြည်ညိုသဒ္ဓါပွား၍ ရှိခိုးဖူးမြော် လှူဒါန်း ပူဇော်ရသူသည်လည်း ပစ္စုပ္ပန်, သံသရာဘဝ ၂ ဖြာ၌ ကောင်းကျိုးချမ်းသာများကိုသာ ရရှိခံစားနေကြရသည်။

တရားတော် 'ဓမ္မ'ဟူသည် ယင်းတရားကို ကျင့်ကြံပွားများသူများအား အပါယ်ဆင်းရဲသို့ မလားမရောက်အောင် ရှက်ဆောင်တတ်သော သဘောကို ခေါ်ခြင်းဖြစ်သည်။

သူတစ်ထူးအား ကိုယ်,နှုတ်,နှလုံးအားဖြင့် ထိခိုက်နစ်နာစေမှုများသည် မကောင်းမှုများပင်ဖြစ်သည်။ မကောင်းမှုပြုသူများ၏ စိတ်ထားသည် ဖြူစင်မှု မရှိဖြစ်သည်။ သူတစ်ပါး ထိခိုက်နစ်နာမှု မဖြစ်သည့်အပြင် အကျိုးပြုလုပ်ငန်းများ ဖြစ်သော ကာယကံ, ဝစီကံ, မနောကံမှုများသည် ကောင်းမှုများဖြစ်သည်။ ဖြူစင်သော စိတ်ထားရှိသူများသာလျှင် ကောင်းမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များသည် နက်နဲသည်။ ကျယ်ဝန်းသည်။ မကောင်းမှု, ကောင်းမှုများကို အတိအကျ ခွဲခြားပြီး မကောင်းမှုရှောင်, ကောင်းမှု ဆောင်ရန်နှင့် ဖြူစင်အောင် စိတ်ထားရန်ကိုသာ ညွှန်ပြထားသည်။ ကျင့်ကြံပွားများ ပုံများကိုလည်း နည်းအသွယ်သွယ်ဖြင့် ဖော်ပြထားသည်။ တရားတော်ကို ကြားနာရသူများသည် ပစ္စုပ္ပန်, သံသရာဘဝ ၂ ဖြာ တိုးတက်မြင့်မားရေးအတွက် အသိပညာ, ဗဟုသုတ တိုးပွားရရှိနိုင်သောကြောင့် အစ၏ကောင်းခြင်း၊ ကျင့်ကြံပွားများနိုင်သော ကျင့်စဉ်များကို ရရှိနိုင်သောကြောင့် အလယ်၏ကောင်းခြင်း၊ ကျင့်ကြံပွားများရသဖြင့် ကောင်းမွန်မြင့်မြတ်သောဘဝကို ထူထောင်နိုင်သည့်အပြင် အေးငြိမ်းချမ်းသာမှုကိုပါ ရရှိခံစားနိုင်သောကြောင့် အဆုံး၏ကောင်းခြင်းနှင့်လည်း

ပြည့်စုံသော တရားတော်ဖြစ်ခြင်း စသော တရားဂုဏ်တော် ၆ ပါးနှင့်လည်း ပြည့်စုံသည်။ လိုက်နာကျင့်ကြံသူများအားလည်း လောကီ,လောကုတ္တရာ အကျိုးများကို မျက်ဝါးထင်ထင် အကျိုးပေးလျက်ရှိသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓမြတ်စွာ ဘုရားရတနာ ဟောကြားတော်မူခဲ့သော တရားရတနာသည် တရားစစ် တရားမှန်ပင် ဖြစ်တော့သည်။

သံဃာဟူသည် 'အပေါင်း'ဟု အဓိပ္ပာယ် ရရှိသည်။ သို့ရာတွင် အပေါင်း တိုင်းကို သံဃာ ဟုမခေါ်နိုင်ပေ။ အရိယာသံဃာ ၈ ပါးအပေါင်းကိုသာ သံဃာဟု ခေါ်ခြင်းဖြစ်သည်။ အရိယာသံဃာတော်များသည် ကိလေသာအပူဓာတ်များကို ထိုက်သည့်အားလျော်စွာ အကြွင်းမဲ့ပယ်ဖြတ်ထားတော်မူကြပြီး ဖြစ်သည်။ ရဟန္တာ ဖြစ်လျှင် ကိလေသာ ၁၀ ပါးစလုံးကို အကြွင်းမဲ့ ပယ်ဖြတ်လိုက်ပြီးဖြစ်သောကြောင့် လူ,နတ်,ဗြဟ္မာတို့၏ ပူဇော်အထူးကို အကြွင်းမဲ့ခံတော်မူထိုက်ပြီးဖြစ်သည်။ ပုထုဇဉ် ရဟန်းတော်များကိုလည်း အရိယာဖြစ်ရန် ကျင့်ကြံနေသူများဖြစ်သောကြောင့် သံဃာ ဟူ၍ပင် ခေါ်သည်။ သမုတိသံဃာ ဖြစ်သည်။ မြတ်စွာဘုရားသည် ပရိယတ္တိ သာသနာ၊ (ဂန္ထဓုရ), ပဋိပတ္တိသာသနာ(ဝိပဿနာဓုရ) တာဝန် ၂ ပါးကို ထမ်းဆောင်ရန် သံဃာ့အဖွဲ့အစည်းကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

သံဃာတော်များ ကျင့်ကြံစောင့်ထိန်းရန် စာတုပါရိသုဒ္ဓိ ခေါ်သော ၂၂၇ သွယ်သော သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း–ပါတိမောက္ခသံဝရသီလ၊ မျက်စိ, နား,နှာ,လျှာ,ကိုယ်နှင့်စိတ်ဟူသော ဣန္ဒြေ ၆ ပါးကို စောင့်ထိန်းခြင်း–ဣန္ဒြိယ သံဝရသီလ၊ ကုလဒူသန အနေသနမှုများမှကင်းပြီး စင်ကြယ်သော အသက်မွေးမှု ဖြစ်ရန် စောင့်ထိန်းခြင်း–အာဇီဝပါရိသုဒ္ဓိသီလ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄ ပါးကို ဆင်ခြင်ပြီးမှ သုံးဆောင်ခြင်း–ပစ္စယသန္နိဿိတသီလ ဟူသော သီလ ၄ ပါးကို ပညတ်တော်မူပြီး၊ ယင်း သီလနှင့်ပြည့်စုံစွာ နေသမျှ ကာလ ပတ်လုံး အလှူဒါယကာတို့ လှူဒါန်းသော ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ဟူသော ပစ္စည်း ၄ ပါးကို သုံးဆောင်ရန် ခွင့်ပြုတော်မူခဲ့သည်။

သီလ ၄ ပါးနှင့် ပြည့်စုံသော ရဟန်းတော်များသည် ပုညခေတ္တ(ကောင်းမှု စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်)ဖြစ်၍ လှူဒါန်းသူများအား များစွာ အကျိုး

ဖွံ့ဖြိုးရရှိစေနိုင်သည်။ ယင်း သီလ ၄ မျိုးမရှိဘဲ ဒါယကာတို့ လှူဒါန်းသော ပစ္စည်း ၄ ပါးကို သုံးဆောင်လျှင် သီလရှိသော မထေရ်များ၏ပစ္စည်းကို ခိုးယူစားသုံးခြင်းဖြစ်သောကြောင့် ထေနက (ထေရ်ခိုး)ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဖော်ပြထားသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတို့ ကိုးကွယ်လျက်ရှိသော သံဃာတော်ဟူသည် သီလဂုဏ်နှင့် ပြည့်စုံသဖြင့် ပုညခေတ္တ အစစ်ဖြစ်သောကြောင့် သံဃာစစ် သံဃာမှန်များ ဖြစ်သည်။

ဤသို့သော ဘုရားစစ်ဘုရားမှန်, တရားစစ်တရားမှန်, သံဃာစစ်သံဃာမှန်ဟူသော ရတနာ ၃ ပါးကိုသာ ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❑

သံဃာ့ဘောင်

မြတ်စွာဘုရားသည် သံဃာ့ဘောင်ကို ထူထောင်တော်မူသောအခါ မင်းညီမင်းသားများမှစ၍ အမျိုးကောင်းသားများသည် သံဃာ့ဘောင်သို့ အလျှိုလျှို ဝင်ရောက်ခိုလှုံလာခဲ့ကြသည်။ သံဃာ့ဘောင်လည်း နေ့ချင်းညချင်း စည်ပင်တိုးတက်လာသည်။ ဤသို့ သံဃာ့ဘောင်သို့ အမျိုးကောင်းသား အများအပြား ဝင်ရောက်လာကြရာတွင် အများစုမှာ သဒ္ဓါတရားဖြင့် ဝင်ရောက်တော်မူကြခြင်း ဖြစ်သည်။ အချို့ကလည်း သဒ္ဓါတရားဖြင့် သံဃာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသော်လည်း စရိုက်ဗီဇအရ ဆိုဆုံးမခက်သော ဒုဗ္ဗစများလည်း အနည်းအကျဉ်း ပါဝင်လာသည်။ အချို့ကလည်း သံဃာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသော်ငြား မြတ်စွာဘုရားပညတ်ထားတော်မူသော ဝိနည်းတရားကို မစောင့်စည်းနိုင်ကြသူများလည်း အနည်းအကျဉ်းပါဝင်သည်။

ထို့ကြောင့် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဒုဗ္ဗစဖြစ်သော ၆ ပါးအစုဦးဆောင် ဆဗ္ဗဂ္ဂီရဟန်းများနှင့် ကီဋာဂိရိဇနပုဒ်နေ ရဟန်းများကဲ့သို့ ဝိနည်းတရားကို မလေးမစားသူများလည်း ရှိသည်။ ဒကာ,ဒကာမများအနေဖြင့် ဝိနည်းကျင့်ဝတ်မသိ၍ ရဟန်းကောင်း, ရဟန်းဆိုး မခွဲခြားတတ်တော့ဘဲ ဝါဝါမြင်ရွှေထင်သဘောဖြင့် ချီးမြှောက်အားပေး ကိုးကွယ်နေသောကြောင့် ရဟန်းဆိုးများက လေ့ထုံးတမ်းစဉ်လာသဖွယ် ဖြစ်လာပြီး သာသနာတော်နှင့်မလျော်သော အကျင့်ဆိုးများကို ရဲဝံ့စွာပြုမူခြင်း ဖြစ်လာရသည်။

ကီဋာဂိရိဇနပုဒ်၌ အရှင်အဿဇိ, အရှင်ပုနဗ္ဗသုကတို့ ဦးစီးသော သံဃာတော်များသည် ဝိနည်းနှင့် အလွန်မအပ်စပ်သော လုပ်ရပ်များကို ပြုမူနေကြသည်။ မှုမမှန်ဖောက်ပြန်သော ဒကာ,ဒကာမများနှင့် သဒ္ဓါကြီးမားပြီး ပညာနည်းပါးသော

ဒကာ,ဒကာမများက ၎င်းရဟန်းများအား မြှောက်စားကိုးကွယ်လျက် ရှိကြသည်။ ဝိနည်းနှင့်အညီကျင့်သော ရဟန်းတော်တစ်ပါး ယင်းဇနပုဒ်သို့ ကြွရောက်လာသောအခါ ဆွမ်းလောင်းလှူသူပင်မရှိ ဖြစ်ခဲ့ရသည်။ ယင်းအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူသောအခါ လက်ယာတော်ရံ, လက်ဝဲတော်ရံ အရှင်မြတ် ၂ ပါးအား ဆုံးမရန် တာဝန်ပေးတော်မူခဲ့ရာ၊ အဂ္ဂသာဝက အရှင်မြတ် ၂ ပါးက လည်း ဒကာ,ဒကာမများအား ဝိနည်းတရားကို ရှေးဦးစွာ သင်ကြားပေးတော်မူခဲ့သည်။

ဒကာ, ဒကာမများလည်း ဝိနည်းတရားကို နားလည်လာသောအခါ ထို ရဟန်းများ၏ လုပ်ရပ်များသည် ဝိနည်းတော်နှင့် မလျော်ကြောင်း သိ၍ ကြည်ညိုမှု မပေးဘဲ နေခဲ့ကြသဖြင့် ထိုရဟန်းများလည်း ဝိနည်းတော်နှင့်အညီ ပြန်လည် ပြင်ဆင် နေထိုင်ဆောင်ရွက်ခဲ့ရသည်။

အလားတူပင် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် နှစ် **၁၀၀ ခန့်တွင်** ဝဇ္ဇီတိုင်းသား သံဃာတော်များက ဝိနည်း ပညတ်ချက် ၁၀ ချက်ကိုပြင်**ဆင်** ပြီး ဥပုသ်နေ့တွင် ရွှေ,ငွေကို အလှူခံနေကြသည်။ ထိုဒေသ၏ အလေ့အထသ**ဘော** ဖြစ်နေသဖြင့် ဒကာ,ဒကာမများလည်း ငွေများကို လောင်းလှူနေကြသည်။ အရှင် မဟာယသမထေရ်မြတ် ရောက်ရှိလာသောအခါ အရှင်မဟာယသအားလည်း ဝေစု တစ်စု ခွဲဝေပေးကြသည်။ အရှင်မဟာယသက ယူတော်မမူသည့်အပြင် ဝိနည်းတော် နှင့်မလျော်ကြောင်း မိန့်ကြား၍ ဝိနည်းတရားတော်နှင့်အညီ ဆွမ်းခံဝင်သောအခါ ဆွမ်းလောင်းလှူသူပင်မရှိ ကြုံခဲ့ရသည်။ ဝဇ္ဇီတိုင်းသားရဟန်းများက အရှင်မဟာယသ အား ဒကာ,ဒကာမများကို တောင်းပန်ရန် ကံပြုခဲ့ကြသည်။

ဤအချက်များကို ကြည့်ခြင်းအားဖြင့် ရဟန်းတော်အချို့၏ ဝိနည်းတရား နှင့်အညီ နေမှု,မနေမှုကား ကိုးကွယ်သူ ဒကာ,ဒကာမများအပေါ် များစွာတည်မှီ နေကြောင်း သိရှိနိုင်သည်။ ဝိနည်းမသိ၍ ရဟန်းတော်အား လျောက်ပတ်သည်, မလျောက်ပတ်သည်ကိုမသိသော ဒကာ, ဒကာမအချို့၏ ဆက်ဆံမှုကို ရဟန်း များက စေတနာသဒ္ဓါတရားကို ငဲ့ကွက်လိုက်လျောရာမှ အစဉ်အလာတစ်ရပ်ကဲ့သို့ **ဖြစ်ခဲ့ရ**ခြင်းဖြစ်သည်။ ရဟန်းတော်များမှာလည်း အာပတ် သင့်ရတော့သည်။ 'တပည့် လိမ္မာ ဆရာအာပတ်လွတ်'စကားကား အဖိုးတန်မှန်ကန်သော စကားပင် ဖြစ်တော့ သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ သုဘဒ်ရဟန်းကြီး ပြောသော စကားနှင့် ပတ်သက်၍ အရှင်မဟာကဿပ မထေရ်မြတ်က သံဝေဂဖြစ်တော်မူပြီး "မတရား အဓမ္မဝါဒမထွန်းကားမီ၊ တရားဓမ္မဝါဒ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ မဟုတ်မမှန်သော ဝိနည်းစည်းကမ်း မထွန်းကားမီ၊ ဟုတ်မှန်သောဝိနည်း တရား တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အားမကောင်းမီ၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အားမနည်းမီ၊ ဝိနည်း မလေးစား မလိုက်နာသူများ အင်အား မကောင်းမီ၊ ဝိနည်း လေးစားလိုက်နာသူများ အင်အားမနည်းမီ ဓမ္မဝိနယကို ယခု ငါတို့ သံဂါယနာတင်ကြပါကုန်စို့"ဟု မိန့်တော်မူခဲ့သည်။

ဖော်ပြခဲ့သော ကိဋာဂိရိဇနပုဒ်နှင့် ဝဇ္ဇီတိုင်းဒေသတို့တွင် အဓမ္မဝါဒ, အဝိနယ ဝါဒများ ဓလေ့သဖွယ်ဖြစ်ပြီး အဓမ္မဝါဒီ, အဝိနယဝါဒီများ အင်အားကောင်းခဲ့ သည်။ သို့ရာတွင် အချိန်မီ တားဆီးနိုင်ခဲ့သော်လည်း ဝဇ္ဇီတိုင်းကိစ္စတွင် **သံဃာ ၂ ခြမ်း** ကွဲခဲ့ရသည်။

ထို့ကြောင့် သံဃာ့ဘောင်သို့ ဝင်ရောက်လာကြသမျှ အားလုံးသည် **သဒ္ဓါ တရားဖြင့်** ဝင်ရောက်လာခြင်းမဟုတ်ကြောင်း ပေါ်လွင်လာသည်။ အထူး**သဖြင့်** သာသနာတော်ကို မင်းနှင့် အများပြည်သူ ဒကာ,ဒကာမများ အတိုင်းမသိ **ထောက်ပံ့ လှူဒါန်းမှုရှိသောအခါ** မသမာသူများလည်း ရဟန်းယောင်ပြုလာတတ်ကြသဖြင့် **သာသနာတော်အတွင်း, သံဃာ့ဘောင်အတွင်း** ရှုပ်ထွေးခြင်းများစွာ ဖြစ်ပေါ်လာ **ရသည်။** သီရိဓမ္မာသောကမင်း၏ အတိုင်းအဆမရှိသော သာသနာတော်သို့ ထောက်ပံ့လှူဒါန်းနေမှုကို အကြောင်းပြု၍ သာသနာတော်ကို မယုံကြည်သူများ လည်း သံဃာ့ဘောင်သို့ ဝင်ရောက်ခိုလှုံလာကြသဖြင့် သာသနာ့အညစ်အကြေး အရှုပ်အထွေးများစွာ ဖြစ်ပေါ်ခဲ့ရသည့် ထုံးရှိသည်။

ထိုအခါ သာသနာတော်၌ သဒ္ဓါပညာ ကြီးမားသော မင်းအစိုးရများက သာသနာသန့်ရှင်းရေးကို ဆောင်ရွက်ပေးတော်မူခဲ့ကြရသည်။ အိန္ဒိယတွင် **သီရိဓမ္မာ သောက**မင်း၊ သီဟိုဠ်တွင် ပရက္ကမဗာဟုမင်း၊ မြန်မာနိုင်ငံတွင် အနော်ရထာမင်း, **ဓမ္မစေတီ**မင်း, မင်းတုန်းမင်းများသည် ထင်ရှားသော နိဂ္ဂဟ(နှိပ်ကွပ်) **သာသနာပြု**

နည်းဖြင့် သာသနာသန့်ရှင်းရေးအတွက် ဆောင်ရွက်တော်မူခဲ့ကြသော မင်းများဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင်လည်း အလားတူ သာသနာ သန့်ရှင်းရေးကို ဆောင်ရွက်ပေးခဲ့သည်။

သံဃာ့ဘောင်အတွင်း၌ သံဃာတော်အချင်းချင်း ကွဲအက်ခဲ့ရခြင်းမှာ အရှင်မဟာကဿပ မထေရ်မြတ် မိန့်ကြားတော်မူသကဲ့သို့ ဓမ္မဝါဒ, အဓမ္မဝါဒနှင့် ဓမ္မဝါဒီ, အဓမ္မဝါဒီတို့အရ ဝိနယ, အဝိနယနှင့် ဝိနယဝါဒီ, အဝိနယဝါဒီတို့အရ ကွဲအက်ခဲ့ရခြင်းဖြစ်သည်။ အရှင်မဟာကဿပ ဦးဆောင်သော ပထမသံဂါယနာတင် ထေရ်ရှင်များ ချမှတ်ထားတော်မူခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်တော်မူလာကြသော ထေရဝါဒသံဃာတော်များသည် ဓမ္မဝါဒီ, ဝိနယဝါဒီ သံဃာများပင်ဖြစ်သည်။ ယင်း ထေရဝါဒဗုဒ္ဓသာသနာ ပိဋကတ်ကို မလိုက်နာသော သံဃာအစုများသည် အဓမ္မဝါဒီ, အဝိနယဝါဒီ သံဃာများပင် ဖြစ်သည်။

အိန္ဒိယတွင် သီရိဓမ္မာသောကမင်း နောက်ပိုင်း၌ အဓမ္မဝါဒ, အဝိနယဝါဒနှင့် အဓမ္မဝါဒီ, အဝိနယဝါဒီများ အင်အားကောင်းပြီး လွှမ်းမိုးခဲ့သောကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာနှင့် ထေရဝါဒသံဃာတော်များ စောစီးစွာ ကွယ်ပျောက်ခဲ့ရသည်။

ဤသို့ ကွယ်ပျောက်ခဲ့ရသော်လည်း သွေးမြေကျမှု တစ်ပေါက်မျှ မရှိခဲ့ပါ။ မည်သို့ပင် ဂိုဏ်းကွဲ, အယူအဆများ ကွဲကြစေကာမူ ဗုဒ္ဓဘာသာသည် အချင်းချင်းသော်လည်းကောင်း၊ အခြား အယူမတူသော ဘာသာဝင်များကို သော်လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှု မရှိခဲ့ဖူးပါ။ သတ်ဖြတ်ညှဉ်းဆဲခြင်း စသည်များကို မကောင်းမှုအဖြစ် မြတ်စွာဘုရား ဟောကြားထားသည်ကို လိုက်နာကျင့်သုံးသူများဖြစ်သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် 'အယူဝါဒ နှလုံးသွင်းမှား၍ ကြံစည်ပြောဆို လုပ်ကိုင်မှု မှားယွင်းနေသူများသည် ၎င်းတို့၏ ကြံစည်ပြောဆို လုပ်ကိုင်မှု၏ ကောင်းကျိုးဆိုးပြစ်ကို ၎င်းတို့သာ ခံစားကြရမည်'ဟု ဗုဒ္ဓဘာသာဝင်များက သိမှတ်ထားသောကြောင်း အခြားဘာသာကိုးကွယ်မှုကို မည်သည့်အခါမျှ ဗုဒ္ဓဘာသာဝင်များက ငြူစူမှု မရှိခဲ့ပါ။ သွေးမြေကျ ညှဉ်းဆဲသတ်ဖြတ်မှု ပြုလုပ်ရန်မှာ စဉ်းစားပင် မစဉ်းစားခဲ့ကြပါ။ ဤကား ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားမွန်မြတ်သော စိတ်ထားပင် ဖြစ်သည်။

သီဟိုဠ်တွင်မူ သီဟိုဠ်မင်းအဆက်ဆက်က အာဏာစက်ဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အဓမ္မဝါဒ, အဝိနယဝါဒနှင့် အဓမ္မဝါဒီ, အဝိနယဝါဒီများ ပပျောက်ခဲ့ရပြီး ထေရဝါဒဗုဒ္ဓသာသနာတော်သာလျှင် အမြစ်တွယ် ကျန်ရစ်ခဲ့ရသည်။

မြန်မာနိုင်ငံ၌လည်း အဓမ္မဝါဒ, အဝိနယဝါဒနှင့် အဓမ္မဝါဒီ, အဝိနယဝါဒီများဖြစ်သော တန္တရ, မန္တရ အနွယ်ဝင် ဝဇီရာယာနဂိုဏ်းသား အရည်းကြီးများ ကြီးစိုးခဲ့ဖူးသည်။ သထုံမှ ရှင်အရဟံနှင့် အနော်ရထာမင်းတို့၏ ကျေးဇူးကြောင့် အရည်းကြီးများ ပပျောက်ပြီး၊ သထုံမှ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး တစ်နိုင်ငံလုံး တည်တံ့ပြန့်ပွားခဲ့ရသည်။ သို့ရာတွင် ထေရဝါဒသံဃာတော်အတွင်း၌ အယူအဆ, ခံယူချက် မတူညီမှုများကြောင့် ကွဲအက်ခြင်းများလည်း ဖြစ်ပေါ်ခဲ့ရပြန်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ထေရဝါဒ သံဃာတော်အတွင်း၌ ဂိုဏ်းကြီး ၉ ဂိုဏ်း ဖြစ်ပေါ်တည်ရှိနေရခြင်း ဖြစ်သည်။

ယင်း ဂိုဏ်းများ ကွဲပြားခြင်း အကြောင်းရင်းများကို ဆက်လက်ရေးသားသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❑

အိန္ဒိယ သံဃာ့ဂိုဏ်း

'ဂိုဏ်း'ဟူသည် 'ဂဏ'ဟူသော ပါဠိဝေါဟာရမှ ပေါက်ဖွားလာသော မြန်မာဝေါဟာရ ဖြစ်သည်။ အပေါင်းအသင်း, အဖွဲ့အစည်း'ဟု အဓိပ္ပာယ်ရသည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကလည်း ဂဏ(ဂိုဏ်း)ဟူသော ဝေါဟာရ ရှိခဲ့သည်။ ဝိနည်းတရားတော်အရ ဂဏ(ဂိုဏ်း)ဟူသည် ရဟန်းတော် ၂ ပါး, ၃ ပါးကို ခေါ်ခြင်း ဖြစ်သည်။ ရဟန်းတော် တစ်ပါးကို ပုဂ္ဂိုလ်ခေါ်ပြီး၊ ၄ ပါးနှင့် အထက်ကို 'သံဃာ'ဟု ခေါ်သည်။

ထို့ကြောင့် ဒါယကာက မိမိ၏ ပစ္စည်းကို 'အရှင်ဘုရားအား လှူဒါန်းပါ၏' ဟုဆိုလျှင် 'ပုဂ္ဂိုလ်အား'လှူသည်မည်ကြောင်း၊ 'အရှင်ဘုရားတို့အား လှူဒါန်းပါ၏' ဟုဆိုလျှင် 'ဂိုဏ်းအား' လှူသည်မည်ကြောင်းနှင့် 'သံဃာအားလှူပါ၏'ဟုဆိုလျှင် 'သံဃာအား'လှူဒါန်းခြင်းဖြစ်ကြောင်း ဝိနည်းတရားတော်၌ ဖော်ပြထားသည်။

သို့ရာတွင် သာသနာပတိတ္ထိယ (အယူဝါဒတီထွင်သူ) များကိုလည်း သက်ဆိုင်ရာ ဂိုဏ်းဆရာကြီးများအဖြစ် သတ်မှတ်ထားရှိသောကြောင့် ဂဏ (ဂိုဏ်း) ဟူသော ဝေါဟာရသည် အပေါင်းအစု, အသင်းအဖွဲ့အဖြစ် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ထင်ရှားလာသော ဝေါဟာရတစ်ရပ်ဖြစ်ကြောင်း သိသာနိုင်သည်။ ထို့ကြောင့် ဗြာဟ္မဏဂိုဏ်း, လောကာယတဂိုဏ်း, သမဏဂိုဏ်း, ပရိဗ္ဗာဇကဂိုဏ်း စသော ဂိုဏ်းအမည်များ ထင်ရှားတည်ရှိခဲ့ခြင်း ဖြစ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ပထမဦးဆုံးဖြစ်သော သာသနာနှစ် ၁ ခုနှစ်တွင် ရှင်မဟာကဿပ ဦးဆောင်သော ရဟန္တာကြီး ၅၀၀ တို့က ရာဇဂြိုဟ် တွင် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို

စုပေါင်းရွတ်ဆို ညှိနှိုင်းတိုက်ဆိုင်ခြင်းဖြင့် ပထမသံဂါယနာကို တင်တော်မူကြပြီး သဘောတူရာ စုစည်း၍ ပိဋကတ် ၃ သွယ်, နိကာယ် ၅ ရပ် စသည် သတ်မှတ်၍ ထားတော်မူခဲ့သည်။ ယင်း ပိဋကတ်တော်များကို သံဂါယနာတင် မထေရ်ကြီးများကို အစွဲပြု၍ 'ထေရဝါဒပိဋကတ်တော်'ဟု ခေါ်ဆိုခဲ့ကြသည်။ ယင်း ထေရဝါဒပိဋကတ်တော်ကို လိုက်နာကျင့်သုံးသော သံဃာတော်များကို 'ထေရဝါဒသံဃာ'ဟု ခေါ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏သားတော် ရဟန်းတော်အရှင်မြတ်များသည် ယင်း ထေရဝါဒပိဋကတ်တော်များကို သာသနာနှစ် ၁၀၀ အထိ ကွဲပြားခြင်းမရှိ၊ ညီညွတ်မှု ပကတိဖြင့် လိုက်နာကျင့်သုံးတော်မူခဲ့ကြရာ သံဃာ့ဂိုဏ်း ကွဲပြားမှုမရှိ ဖြစ်ခဲ့သည်။

ယင်း သာသနာနှစ် ၁၀၀ သို့ ရောက်သောအခါ ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းတော်များက ထေရဝါဒပိဋကတ်တော်များကို ခေတ်နှင့်အညီ ပြင်ဆင်လာကြသည်။ ထို့ကြောင့် ရွှေ,ငွေကိုကိုင်နိုင်ခြင်း အပါအဝင် ဝိနည်းပညတ်ချက် ၁၀ ချက်ကို ပြင်ဆင်လာကြခြင်း ဖြစ်သည်။ သံဃာ့အဓိကရဏ်းလည်း ဖြစ်ပွားလာရပြီး ရှင်မဟာယသ ဦးဆောင်သော ရဟန္တာမထေရ်ကြီး ၇၀၀ တို့က ဝေသာလီတွင် ဒုတိယသံဂါယနာ တင်တော်မူခဲ့ကြရသည်။ ထိုအခါ ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများကလည်း မိမိတို့နှင့် သဘောတူရာ ရဟန်းသံဃာတော်များကို စုစည်း၍ မဟာသံဂီတိ အမည်ဖြင့် ကောသမ္ဗီတွင် စင်ပြိုင်သံဂါယနာ တင်ခဲ့ကြသည်။ မိမိတို့ ဂိုဏ်းသံဃာများကိုလည်း 'မဟာသံဃိက'ဟု အမည်တပ်ခေါ်ခဲ့ကြသည်။ ထေရဝါဒသံဃာတော်များထက် အစစသာလွန်စေရန် မဟာသံဂီတိ, မဟာသံဃိက ဟု 'မဟာ'တပ်ခဲ့ကြသည်။ ၎င်းတို့သည် ပိဋကတ်တော်များကို လိုသလို ပြင်ဆင်ခဲ့ကြသည့်အပြင် အဝတ်သင်္ကန်းများကိုလည်း တစ်မျိုးတစ်ဖုံ ပြင်ဆင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ 'မူရင်းထေရဝါဒဂိုဏ်း'နှင့် 'ပြင်ဆင်ရေး မဟာသံဃိကဂိုဏ်း'ဟူ၍ သိသာထင်ရှားစွာ ကွဲပြားသွားတော့သည်။

ဤသို့ သံဃာ့ဂိုဏ်းကြီး ၂ ဂိုဏ်း ကွဲပြားလာပြီးနောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်းတွင် ထေရဝါဒဂိုဏ်းကြီးမှ ဂိုဏ်း ၁၁ ဂိုဏ်း, မဟာသံဃိကဂိုဏ်းမှ ဂိုဏ်း ၅ ဂိုဏ်း ထပ်မံကွဲထွက်လာပြန်သည်။ ထို့ကြောင့် သာသနာနှင့် ၂၃၅ ၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်သော ထေရ်မြတ် ၁၀၀၀ တို့ ပါတလိပုတ်၌ တတိယသံဂါယနာတင်ချိန်တွင် ဂိုဏ်းကွဲ ၁၈ ဂိုဏ်းရှိသည်ဟု

သီဟိုဠ်ဒီပဝင်၌ ဖော်ပြထားသည်။ ဤ တတိယသံဂါယနာတင်ချိန်၌ သီရိဓမ္မာသောကမင်းက အတုအယောင်ရဟန်းများကို အကြမ်းဖျင်းစိစစ်၍ ဖယ်ထုတ်သည်။

၎င်းနောက် ထေရဝါဒ ရဟန်းသံဃာတော်များအတွင်းသို့ စိမ့်ဝင်ကြပြီး ထေရဝါဒဗုဒ္ဓသာသနာကို ပူးသတ်နေကြသော အတုအယောင်ရဟန်းများကို ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်က အနုစိတ်စိစစ်ပြီး ဖယ်ထုတ်တော်မူခဲ့သည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ အယူဝါဒဆိုင်ရာစိစစ်ချက်များကို ဘုရားဟောနည်း၌တည်၍ ဟောထားခြင်းဖြစ်သောကြောင့် မြတ်စွာဘုရား နည်းရရုံ ဟောကြားတော်မူခဲ့သော အဘိဓမ္မာပိဋက ကထာဝတ္ထုကျမ်းတွင် ပေါင်းစပ်ထည့်သွင်း၍ သံဂါယနာအဆင့်ဆင့် တင်တော်မူခဲ့ကြသည်။ ယင်း ကထာဝတ္ထုကျမ်းအရ တတိယသံဂါယနာတင်ချိန်တွင် ဂိုဏ်းကွဲ ၃၀ ခန့်ရှိသည်ဟု သိရှိရသည်။ သီဟိုဠ်ဒီပဝင်ပါ ဂိုဏ်း ၁၈ ဂိုဏ်းအမည်စာရင်းတွင် မပါဝင်သော ဂိုဏ်းအမည်အချို့ကို ကထာဝတ္ထုကျမ်းတွင် တွေ့ရှိရသောကြောင့် ဂိုဏ်းကွဲ ၃၀ ခန့်ရှိသည်ဟု ဆိုခြင်း ဖြစ်သည်။

ဤထေရဝါဒ တတိယသံဂါယနာတင်ချိန်၌ သဗ္ဗတ္ထိဝါဒ ဂိုဏ်းသံဃာများ ဦးဆောင်သော မဟာသံဃိကဂိုဏ်း အပါအဝင် အခြားဂိုဏ်းကွဲသံဃာများကလည်း ဒုတိယအကြိမ် နာလန္ဒာ၌ စင်ပြိုင်သံဂါယနာ တင်ခဲ့ကြသည်။ ထိုအချိန်၌ ထေရဝါဒ မဟုတ်သော ပြုပြင်ရေး ဂိုဏ်းသံဃာများ အားကြီးနေပြီဖြစ်၍ အိန္ဒိယတွင် မကြာမီ ထေရဝါဒ ဗုဒ္ဓဘာသာအစစ် ကွယ်တော့မည်ကို သိရှိတော်မူကြသည်။ ထို့ကြောင့် သံဂါယနာတင်ထေရ်များသည် သံဂါယနာတင်ပြီးနောက် သီရိဓမ္မာသောကမင်းနှင့် တိုင်ပင်ပြီး ၉ တိုင်း, ၉ ဌာနသို့ သာသနာပြု စေလွှတ်တော်မူခဲ့ကြသည်။

အိန္ဒိယတွင် သာသနာနှစ် ၂၃၅ ၌ ထေရဝါဒ တတိယသံဂါယနာနှင့် ထေရဝါဒမဟုတ်သော ပြုပြင်ရေးဂိုဏ်းကွဲ သံဃာများ၏ စင်ပြိုင် ဒုတိယသံဂါယနာ တင်ပြီးနောက် သာသနာနှစ် ၆၅၀ ခန့်တွင် အိန္ဒိယ၌ သံဂါယနာတင်ခြင်းတစ်ရပ် ထပ်မံပေါ်ပေါက်ခဲ့သည်။ မောရိယမင်းဆက် နောက်ပိုင်းတွင် အိန္ဒိယတစ်ပြည်လုံးကို သက်မင်း အုပ်စိုးခဲ့သည်။ သို့ရာတွင် ဂန္ဓာရတိုင်း, ကသ္မီရတိုင်း, ယောနကတိုင်း ၃ တိုင်းကို သက်မင်း အုပ်စိုးနိုင်ခြင်းမရှိဘဲ ဂရိဘက်တြီးယားမှ ကူသျှမ်မင်းများက အုပ်စိုးခဲ့သည်။ မင်းဆက် ၃၀ မျှ အုပ်စိုးခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓဘာသာကို

အားပေးသောမင်းများ ဖြစ်သည်။ မိလိန္ဒမင်းသည် ယင်း ဂရိမင်းဆက် အပါအဝင်ဖြစ်သည်။ ယင်း ဂရိမင်းဆက် ၃၀ အနက် ကနစ်သျှက (အေဒီ ၁၂၀-၁၆၂) လက်ထက်တွင် ယင်းဒေသများတွင် 'ကသ္မီရ'နှင့် 'ဂန္ဓာရ'ဂိုဏ်းဟူ၍ ကွဲပြားပြန်လျက် ရှိနေသည်။ ထို့ကြောင့် ကနစ်သျှကမင်းသည် ယင်းဂိုဏ်း ၂ ဂိုဏ်းကို စေ့စပ်ပေးရန်နှင့် ဗုဒ္ဓဘာသာကို အားပေးရန် သံဂါယနာတင်ပွဲ ကျင်းပခဲ့သည်။ ထို သံဂါယနာတင်ပွဲတွင် သဗ္ဗတ္ထိဝါဒ စသော ပြုပြင်ရေး ဂိုဏ်းကွဲသံဃာများသာ ပါဝင်ပြီး ထေရဝါဒသံဃာ လုံးဝပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အိန္ဒိယတွင် သာသနာနှစ် ၆၀၀ ခန့်ကပင် ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ကနစ်သျှကမင်း သံဂါယနာနောက်ပိုင်းတွင် သဗ္ဗတ္ထိဝါဒဂိုဏ်းက ဝိဘာသာခေါ်သော အဖွင့်အဋ္ဌကထာကျမ်းများကိုရေးပြီး ကျောက်သေတ္တာတွင်ထည့်၍ ပက်ရှဝါစေတီတွင် မြှုပ်နှံဌာပနာခဲ့ရာ တရုတ်ရဟန်းတော်များ ယင်း ကျောက်သေတ္တာကို ရရှိသွားခဲ့သည်ဟု ဆိုသည်။ ယင်း ဝိဘာသာ ရေးသားမှုကို အစွဲပြုပြီး သဗ္ဗတ္ထိဝါဒဂိုဏ်းကို ဝေဘာသိကဂိုဏ်း ဟူ၍ ခေါ်ခဲ့ကြသည်။ သုတ္တန္တိကဂိုဏ်းကမူ သဗ္ဗသုညတာဝါဒကို စွဲကိုင်ခဲ့ကြသည်။ ဤဂိုဏ်း ၂ ဂိုဏ်းသည် ရှေးကျသော ဂိုဏ်းများ ဖြစ်သည်။ သီဟိုဠ်ဒီပဝင် ဖော်ပြသော ဂိုဏ်း ၁၈ ဂိုဏ်းတွင် ပါဝင်သော ဂိုဏ်းများ ဖြစ်သည်။

သာသနာနှစ် ၇ ရာစုတွင် မဇ္ဈိမိကဂိုဏ်း တစ်ဂိုဏ်း ပေါ်ခဲ့သည်။ ဤဂိုဏ်း၏ ဝါဒရေးရာမှာ သုညဝါဒဖြစ်သည်။ ဤဂိုဏ်းသားများသည် ဝါဒရေးရာနှင့် စပ်လျဉ်း၍ ထာဝရ ငြင်းခုန်ခဲ့ကြသည်။

သာသနာနှစ် ၉၀၀ အကျော်တွင် ယောဂါစာရဂိုဏ်း ပေါ်လာပြန်သည်။ ဝိညာဏဝါဒကို စွဲကိုင်သော ဂိုဏ်းဖြစ်သည်။ ဤဂိုဏ်း ပေါ်လာပြီးနောက် ယင်းဂိုဏ်း ၄ ဂိုဏ်းတို့၏ ဝါဒရေးရာငြင်းခုံမှုမှာ ပို၍ ပြင်းထန်လာသည်။

အထူးသဖြင့် ဘုရားလောင်းကျင့်စဉ်, သာဝကကျင့်စဉ်နှင့် စပ်လျဉ်း၍ ငြင်းခုံကြသည်။ မဇ္ဈိမိကဂိုဏ်းသားများ ယောဂါစာရဂိုဏ်းသားအချို့က ဘုရားလောင်းကျင့်စဉ်ကိုသာ လက်ခံသည်။ ကျန် ဂိုဏ်းသားများကမူ သာဝကကျင့်စဉ်ကိုလည်း

လက်ခံသည်။ အချုပ်အားဖြင့် 'ကောင်းကင်စံ ဗုဒ္ဓဘုရားဖြစ်ရန် လူတိုင်း, သတ္တဝါတိုင်း ဘုရားလောင်း (ဗောဓိသတ်) ဖြစ်ရမည်။ ဘုရားလောင်းဖြစ်ပြီးမှ ဗုဒ္ဓဘုရားအဖြစ်သို့ (ထေရဝါဒအလိုအရဆိုလျှင် နိဗ္ဗာန်သို့)ရောက်နိုင်သည်'ဟု မဓျမိက ဂိုဏ်းသားများနှင့် ယောဂါစာရဂိုဏ်းသားအချို့က ဆိုသည်။ ကျန်ဂိုဏ်းသားများကမူ 'သာဝကကျင့်စဉ်ဖြင့်လည်း (သာဝကအဖြစ်နှင့်လည်း) ကောင်းကင်စံ ဗုဒ္ဓဖြစ်နိုင်သည်။ တထာတာ ခေါ်သော နိဗ္ဗာန်၌ စံနိုင်သည်'ဟု ဆိုသည်။

ဤသို့ ငြင်းခုံကြရာမှ ဘုရားလောင်းကျင့်စဉ်ကိုသာ လက်ခံသော မဓျမိက ဂိုဏ်းသားများနှင့် ယောဂါစာရဂိုဏ်းသားအချို့က မိမိတို့အယူအဆကို မဟာယာန (မြင့်မြတ်သောကျင့်စဉ်)ဟု ကင်ပွန်းတပ်ကြပြီး သာဝကကျင့်စဉ်ကို လက်ခံသော ဝေဘာသိကဂိုဏ်း, သုတ္တန္တိကဂိုဏ်းနှင့် ယောဂါစာရဂိုဏ်းသား အချို့ကို ဟီနယာန (ယုတ်သောကျင့်စဉ်)ယူသူများအဖြစ် နှိမ်၍ပြောဆိုခဲ့ကြရာမှ မဟာယာန, ဟီနယာန ဂိုဏ်း ၂ ဂိုဏ်း ကွဲခဲ့ပြန်သည်။ နောက်ပိုင်းတွင် ဟီနယာန မထင်ရှားတော့ဘဲ တိမ်မြုပ်ခဲ့ပြီး ယခုအခါ မဟာယာနသာ ထင်ရှားလျက် ရှိနေတော့သည်။

မဟာယာနဂိုဏ်း ထင်ရှားတည်ရှိခဲ့ပြီး နောက်ပိုင်းတွင် မဟာယာနဂိုဏ်း အတွင်း၌ တန္တရမန္တရ အယူအဆက ကြီးစိုးလာခဲ့သည်။ တန္တရဟူသည် 'ဉာဏ်ပညာ'ဟု အဓိပ္ပာယ်ရသည်။ အချို့က ဂါထာမန္တရား, အင်းအိုင်, ခါးလှဲ့, လက်ဖွဲ့ စသည်တို့ကို ဖော်ပြသော ကျမ်းစာ ဟု အဓိပ္ပာယ်ကောက်ကြသည်။ 'တန္တရ' အယူကား ဂါထာမန္တရားများသည် လောကီဉာဏ်ပညာမှ စ၍ လောကုတ္တရာ ဉာဏ်ပညာအထိ ရစေနိုင်သည်ဟု ယူဆသော အယူဖြစ်သည်။ တစ်ဖန် ယင်း ဂါထာမန္တရားများကိုရွတ်ခြင်းဖြင့် လောကီကောင်းကျိုး ချမ်းသာများကိုသာမက နတ်ရွာချမ်းသာမှသည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာအထိ ရရှိစေနိုင်ပြန်သောကြောင့် 'မန္တရ'ဟူ၍လည်း ခေါ်ပြန်သည်ဟု ဆိုသည်။ အချုပ်အားဖြင့် တန္တရ မန္တရ ဟူသည် အင်း, အိုင်, ခါးလှည့်, လက်ဖွဲ့, ဗေဒင်, မန္တရား, ဂါထာ, ဂန္ဓာရီ, ဝိဇ္ဇာ အကျင့်များ အတတ်များပင် ဖြစ်သည်။

နောက်ပိုင်းတွင် အိန္ဒိယတောင်ပိုင်းဘက်၌ မဟာယာန တန္တရ မန္တရ အနွယ် ဝဇိရယာန ဂိုဏ်းတစ်ဂိုဏ်း ပေါ်ခဲ့ပြန်သည်။ မြန်မာနိုင်ငံမှ အရည်းကြီး

များသည် ယင်း ဝဇိယာနဂိုဏ်း အဆက်အနွယ်များပင် ဖြစ်သည်။ ၎င်းတို့၏ ကျင့်စဉ်မှာ မ ၃ လုံး, မ ၅ လုံးကျင့်စဉ် ဖြစ်သည်။

မ ၃ လုံးကျင့်စဉ်ကား မဒ္ဒ–သေအရက်သောက်ခြင်း၊ မေထုန်–မေထုန်မှီဝဲခြင်း၊ မံသ–အသားစားခြင်း ဖြစ်သည်။

မ ၅ လုံး ကျင့်စဉ်ကား ယင်း မ ၃ လုံးကျင့်စဉ်တွင် မစ္ဆာယ–ငါးမျှားခြင်း၊ မုဒြ–လက်နေပုံဏ္ဍာန်အမျိုးမျိုးဖြင့် ကမ္မဋ္ဌာန်းထိုင်ခြင်းတို့ ပါဝင်သည်။

အေဒီ ၁၃ ရာစုခန့်တွင် တူရကီမွတ်စလင်တပ် အိန္ဒိယကို ဝင်ရောက် သိမ်းပိုက်သောအခါ မဟာယာနအနွယ်ဂိုဏ်းဝင် ရဟန်းအများစု ခေါင်းဖြတ် အသတ်ခံရပြီး အချို့လည်း လွတ်ရာထွက်ပြေး တိမ်းရှောင်ခဲ့ကြရာမှ အိန္ဒိယတွင် မဟာယာန သာသနာ ကွယ်ခဲ့ရတော့သည်။

သီဟိုဠ် သံဃာ့ဂိုဏ်း

အိန္ဒိယနိုင်ငံတွင် သာသနာနှစ် ၂၃၅ ၌ တတိယသံဂါယနာတင်ပြီးနောက် ၉ တိုင်း, ၉ ဌာနသို့ သာသနာပြုစေလွှတ်ရာတွင် အိန္ဒိယပြင်ပ သီဟိုဠ်နှင့် သုဝဏ္ဏဘူမိ ၂ ဌာန ပါဝင်ခဲ့သည်။ သီဟိုဠ်တွင် ရှင်မဟိန္ဒ ဦးဆောင်သော ရဟန်းတော် ၅ ပါး ရောက်ရှိသာသနာပြုတော်မူပြီးနောက် သံဃာတော်အပေါင်းမှာ ရှင်မဟိန္ဒအနွယ်အဖြစ် ကွဲပြားမှုမရှိဘဲ တည်ရှိခဲ့သည်။ ဤသို့ နေလာခဲ့ကြရာ နှစ်ပေါင်း ၂၁၇ နှစ် ၁၀ လ ၁၀ ရက် ကြာသောအခါ သာသနာနှစ် ၄၅၅ (၈၉–ဘီစီ)၌ ဂိုဏ်းကွဲတစ်ခု ပေါ်လာခဲ့သည်။

ဝဋ္ဋဂါမဏိအဘယမင်းက စစ်အတွင်း၌ မိမိအသက်ကို ကယ်ခဲ့သော အဘယဂိရိကျောင်းဆရာတော် မဟာတိဿမထေရ်အား တိဏ္ဍာရာမ ခေါ်သော နိဂဏ္ဌတို့၏အာရာမ်ဟောင်း၌ ကျောင်းဆောက်၍ လှူဒါန်းခဲ့သည်။ ယင်း မထေရ်သည် လှူဒါယကာတို့နှင့် ရောပြွမ်းနေထိုင်မှုကြောင့် ရှင်မဟိန္ဒအနွယ်ဖြစ်သော မဟာဝိဟာရဝါသီ သံဃာတော်များက ကံပြု၍ ကြဉ်ဖယ်တော်မူခဲ့ကြသည်။ မဟာဝိဟာရဝါသီ သံဃာတော်များက သာသနာနှစ် ၄၅၀ ၌ စတုတ္ထသံဂါယနာတင်တော်မူကြသောအခါ၌လည်း ယင်းမထေရ်၏ ဒါယကာဖြစ်သော ဝဋ္ဋဂါမဏိမင်း၏ အကူအညီကို မယူဘဲ နယ်စားပယ်စားများ၏ အကူအညီဖြင့် တင်တော်မူခဲ့ကြသည်။

ဤ၌ သာသနာလင်္ကာရ၌ ဖော်ပြထားသော သာသနာနှစ်နှင့် သံဂါယနာတင်နှစ် ၂ ရပ် ကွဲလွဲမှု အနည်းငယ်ရှိသည်။ ဝဋ္ဋဂါမဏိမင်းက မဟာတိဿ မထေရ်အား ကျောင်းတင်မှုနှင့် မဟာဝိဟာရဝါသီ သံဃာတော်များက ကံပြုကြဉ်ဖယ်မှုများသည် သံဂါယနာတင်သည့် သာသနာနှစ် ၄၅၀ မတိုင်ခင် ဖြစ်ပွားခဲ့ပြီး၊ အဘယဂိရိဂိုဏ်း

တည်ထောင်မှုကို သာသနာနှစ် ၄၅၀ တွင် စတင်ခဲ့သည်ဟု ခွဲခြားယူရမည်ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်မှစ၍ သီဟိုဠ်တွင် မဟာဝိဟာရဝါသီဂိုဏ်းနှင့် အဘယဂိရိဝါသီဂိုဏ်း ဟူ၍ ဂိုဏ်း ၂ ဂိုဏ်း တည်ရှိလာသည်။

အဘယဂိရိဝါသီဂိုဏ်း သံဃာတော်များသည် မဟာဝိဟာရဝါသီဂိုဏ်း သံဃာတော်များကဲ့သို့ ထေရဝါဒပိဋကတ်တော်များကို သင်ကြားကြသည်မဟုတ်ဘဲ မဟာယာန ရှေ့ပြေးဖြစ်သော မဟာသံဃိကဂိုဏ်းအနွယ် ဓမ္မရုစိဂိုဏ်း၏ ဗြာဟ္မဏစာပေဖြစ်သော သက္ကတဘာသာဖြင့် ရေးသားထားသော ပြင်ဆင်ရေး ပိဋကတ်တော်များကိုသာ သင်ကြားခဲ့ကြသည်။ ထေရဝါဒဂိုဏ်း သံဃာတော်များသည် မိမိတို့၏ ပိဋကတ်များကို မြတ်စွာဘုရား တားမြစ်ထားတော်မူခဲ့သော သက္ကတဘာသာဖြင့်မရေးဘဲ မာဂဓဘာသာဖြင့်သာ ရေးသားထားတော်မူခဲ့ကြသည်။

မဟာယာနအနွယ် ဂိုဏ်းကွဲရဟန်းတော်များကမူ ဗြာဟ္မဏမင်းများ၏ အကြိုက်ကိုလိုက်၍ မြတ်စွာဘုရားကို ဗြာဟ္မဏတို့၏ ကောင်းကင်စံ ဣန္ဒြာရ နှင့်ထပ်တူ ကောင်းကင်စံပြုလုပ်ကြပြီး မိမိတို့၏ ပိဋကတ်တော်များကိုလည်း ဗြာဟ္မဏစာပေ သက္ကတဘာသာဖြင့် ရေးသားခဲ့ကြသည်။

သာသနာနှစ် ၉၇၆ (အေဒီ ၄၃၂)၌ သီဟိုဠ်သို့ရောက်ရှိခဲ့သော တရုတ် ရဟန်းတော် ဖာဟီယန်သည် ဤအဘယဂိရိဝါသီ ဂိုဏ်းမှပင် ပိဋကတ်တော်များကို ကူးယူ၍ တရုတ်ပြည်သို့ သယ်ဆောင်သွားခဲ့သည်။ ဖာဟီယန်ထက် ၁၁ နှစ်စောပြီး သာသနာနှစ် ၉၆၅ (အေဒီ–၄၂၀)၌ သီဟိုဠ်သို့ ရောက်ရှိသော ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် မဟာဝိဟာရဝါသီဂိုဏ်းမှ ထေရဝါဒပိဋကတ်တော်များကို ကူး၍ သုဝဏ္ဏဘူမိ သထုံသို့ သယ်ဆောင်တော်မူခဲ့သည်။

သာသနာနှစ် ၇၂၇–၈၁၀ (အေဒီ ၂၁၃–၂၆၆)အတွင်း၌ ယင်း အဘယ ဂိရိဝါသီဂိုဏ်းမှပင် သာဂလိယဂိုဏ်းတစ်ဂိုဏ်း ပေါ်လာပြန်သည်။ သို့ရာတွင် သာသနာနှစ် ၈၂၉–၈၄၅ (အေဒီ ၂၈၅–၃၀၁)အတွင်း၌ မဟာသေနမင်းက ဒက္ခိဏာ ရာမကျောင်းမှ ဆရာတော် ကုဟကတိဿမထေရ်ကို ကြည်ညို၍ ဇေတဝန်ကျောင်း တိုက်ကို ဆောက်လုပ်လှူဒါန်းရာမှ၊ သာဂလိယဂိုဏ်း အမည်ပျောက်ပြီး ဇေတဝန ဝါသီဂိုဏ်းအမည်ဖြင့် ထင်ရှားလာတော့သည်။ 'သံဃာအား ဘုရားယုံခဲ့သည်' စာအုပ်တွင် ဇေတဝနဝါသီဂိုဏ်းကို သံဃမိတ္တာမထေရ်နှင့် နောက်ပါရဟန်းများ တည်ထောင်ခဲ့သည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် ထိုအချိန်မှစ၍ မဏိသာရ မဥ္ဇူသာဋီကာနှင့် ကလျာဏီ ကျောက်စာအရ မဟာဝိဟာရဝါသီဂိုဏ်း(ထေရဝါဒ), အဘယဂိရိဝါသီဂိုဏ်း(မဟာယာန), ဇေတဝနဝါသီဂိုဏ်း(မဟာယာန)ဟူ၍ ဂိုဏ်းကြီး ၃ ဂိုဏ်း ကွဲပြားတည်ရှိခဲ့သည်။ သာသနာလင်္ကာရစာတမ်း အလိုအားဖြင့် ယင်း ၃ ဂိုဏ်းနှင့် မဟာဝိဟာရဂိုဏ်းဟူ၍ ဂိုဏ်းကြီး ၄ ဂိုဏ်း ကွဲပြားလျက်ရှိကြောင်း သိရှိရသည်။ မဟာဝိဟာရဂိုဏ်းသည် သာသနာနှစ် ၇၈၃ ခု ဘာဂိနေယျဒါဌာပတိမင်း လက်ထက်၌ ပေါ်ပေါက်လာသောဂိုဏ်း ဖြစ်သည်။ မဟာယာနအနွယ်ဂိုဏ်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်မှစ၍ သီဟိုဠ်တွင် ဓမ္မဝါဒီ မဟာဝိဟာရဝါသီဂိုဏ်းနှင့် အဓမ္မဝါသီဂိုဏ်း ၃ ဂိုဏ်း တည်ရှိခဲ့သည်ဟု သိရှိနိုင်သည်။

ဤသို့အားဖြင့် ဓမ္မဝါဒီ, အဓမ္မဝါဒီ ဟူ၍ ရောနှောလျက်ရှိခဲ့ရာ အဓမ္မဝါဒီများ ပပျောက်ရေးအတွက် သီရိသင်္ဃဗောဓိမင်း, ဝေါဟာရိကတိဿမင်း, ဂေါဌာဘယမင်းတို့သည် အစဉ်အဆက် ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ထိရောက်သော အောင်မြင်မှုကို မရရှိခဲ့ပေ။ သာသနာနှစ် ၁၆၉၇–၁၇၃၀ (အေဒီ ၁၁၅၃–၁၁၈၆) တွင်နန်းစံသော ပရက္ကမဗာဟုမင်းလက်ထက်၌ အဓမ္မဝါဒီများပပျောက်ပြီး ဓမ္မဝါဒီ ထေရဝါဒ မဟာဝိဟာရဝါသီဂိုဏ်း သံဃာများသာ တည်ရှိခဲ့သည်။ [ပရက္ကမဗာဟုမင်း နန်းစံနှစ်ကို ဝိသုဒ္ဓိမဂ် မြန်မာပြန်နိဒါန်း၌ မဟာစည်ဆရာတော်ဘုရားက အထက်ပါအတိုင်း ဖော်ပြထားသည်။]

သာသနာလင်္ကာရစာတမ်းတွင်မူ သီဟိုဠ်သို့ သာသနာတော် ရောက်ရှိပြီးနောက် နှစ်ပေါင်း ၁၄၇၂ နှစ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၁၇၀၈ (အေဒီ ၁၁၅၄)၌ နန်းတက်လာသော သင်္ဃဗောဓိပရက္ကမ ဗာဟုရာဇာမင်းက အဓမ္မဝါဒီများပပျောက်အောင် ဆောင်ရွက်ခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းမင်းနှင့်ခေတ်ပြိုင်ပုဂံတွင် နရပတိစည်သူမင်း (အေဒီ ၁၁၇၄–၁၂၁၁)နန်းစံလျက်ရှိပြီး သင်္ဃဗောဓိပရက္ကမဗာဟုရာဇာမင်း, ဝိဇယဗာဟုမင်း, ပရက္ကမဗာဟုမင်း၊ မင်း ၃ ပါးလက်ထက်တွင် သာသနာတော် အထူးစင်ကြယ်ကြောင်း ဖော်ပြထားသည်။

ဝံသဒီပနီတွင်မူ သာသနာနှစ် ၁၇၀၈ တွင် နန်းတက်သော သီရိသင်္ဃဗောဓိ ပရက္ကမဗာဟုမင်း, သာသနာနှစ် ၁၇၄၁ တွင် နန်းတက်သော ဝိဇယဗာဟုမင်း,

သာသနာနှစ် ၁၇၅၁ တွင် နန်းတက်သော ပရက္ကမဗာဟုမင်း, ၎င်းနောက် နန်းတက်သော ဘုဝနေကဗာဟုမင်း ဟူသော ဗာဟုမင်း ၄ ဆက် စိုးစံသော နှစ်ပေါင်း ၂၉၄ နှစ်အတွင်း၌ သာသနာတော် အထူးသန့်ရှင်းကြောင်း၊ ဟံသာဝတီ ရာမာဓိပတိ ဓမ္မစေတီမင်းလက်ထက်တွင် သီဟိုဠ်၌ မဟာဝိဟာရဝါသီဂိုဏ်း တစ်ခုတည်းသာ သာသနာနှစ် ၈၄၁ မှ ၂၀၀၁ တိုင်အောင် သာသနာတော် သန့်ရှင်းစင်ကြယ်စွာ ပညတ်တော်နှင့်အညီ ထွန်းလင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

ယနေ့ သီဟိုဠ်တွင်တည်ရှိနေသော သံဃာ့ဂိုဏ်းကြီး ၃ ဂိုဏ်းမှာ စိနဂိုဏ်း, အမရပူရဂိုဏ်း, ရာမညဂိုဏ်းတို့ ဖြစ်သည်။ ဂိုဏ်း ၃ ဂိုဏ်းစလုံးပင် ထေရဝါဒများ ဖြစ်သည်။ ဆရာကို အစွဲပြု၍ ဂိုဏ်းကွဲနေကြခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံက ချီးမြှင့်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသော သီရိလင်္ကာနိုင်ငံ အာနန္ဒာတက္ကသိုလ်မှ သက်တော် ၁၀၀ နှစ်ရှိ မေတ္တယျမထေရ်မြတ်၏ မိန့်ကြားချက်အရ သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့ရာ ရာစုနှစ်များက သိဝလိကိုးကွယ်သော ဘုရင်တစ်ပါးကြောင့် ဗုဒ္ဓဘာသာ လုံးလုံးကွယ်ပျောက်ခဲ့ရကြောင်း။ ဘုရင်က ရဟန်းအားလုံးကို သတ်၍ ဗုဒ္ဓဘာသာကို ဖျက်ခဲ့ကြောင်း။ ဗုဒ္ဓစာပေအားလုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း။ သီဟိုဠ်ဘာသာနှင့် ပါဠိစာပေအားလုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ပိဋကတ် ၃ ပုံ, အဋ္ဌကထာ, ဋီကာအားလုံး သီဟိုဠ်ဘာသာ, ပါဠိဘာသာစာပေအားလုံး ဆုံးရှုံးခဲ့ရကြောင်း။ ရာစုနှစ်တစ်ခုလောက်အထိ ဗုဒ္ဓစာပေ ပျောက်ကွယ်ခဲ့ရသည့်အပြင် ရဟန်းလည်း တစ်ပါးမျှ မရှိကြောင်း။ ရာစုနှစ်တစ်ခုလောက်ကို ကျော်လွန်လာပြီးနောက် ကိတ္တိ သီရိရာဇာမင်းခေါ်သောမင်း နန်းစံသောအခါ ရှရန်နာခါဆိုသော ပုဂ္ဂိုလ်က သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဘာသာ အခြေအနေကို ဘုရင့်ထံ တင်ပြခဲ့ရာ ဘုရင်၏ ခွင့်ပြုချက်အရ ထိုင်းနိုင်ငံမှ ရဟန်းတော်များကို ပင့်လျှောက်ရာ ဥပါလိမထေရ် ဦးဆောင်သော ရဟန်းတော် အပါး ၂၀ ကြွရောက်၍ သာသနာပြုတော်မူခဲ့ကြောင်း။ သီဟိုဠ်သားများစွာကလည်း ရှင်ပြု, ရဟန်းခံကြခြင်းဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြကြောင်း။ ယင်း ထိုင်းရဟန်းတော် အဆက်အနွယ်များကို စိနနိကာယ (ရှမ်း)ဂိုဏ်းသံဃာတော်များဟု ခေါ်ကြောင်း။

အချို့က မြန်မာနိုင်ငံ အမရပူရဘုရင်နှင့် သံဃရာဇာထံ သွားရောက်ရဟန်းခံပြီး သီဟိုဠ်ပြန်ရောက်သောအခါ အမရပူရဂိုဏ်းကို တည်ထောင်ခဲ့ကြောင်း၊ အချိန်အတော်ကြာသောအခါ ဗဂဟာဝတ္တေသရဏင်္ကရဆိုသော ရတနာ ၃ ပါးကြည်ညိုသည့် ပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံတောင်ပိုင်း ရာမညတိုင်းကိုရောက်၍ ၎င်းနှင့်လိုက်ပါလာသော လူအချို့နှင့်အတူ ရဟန်းဘောင်ဝင်ပြီး သီဟိုဠ်ပြန်ရောက်သောအခါ ရာမညနိကာယဂိုဏ်းကို တည်ထောင်ခဲ့ကြောင်း သိရှိရသည်။ အထက်ဖော်ပြပါ ဂိုဏ်း ၃ ဂိုဏ်းအနက် ရာမညနိကာယဂိုဏ်းသည် ထင်ရှားပေါ်လွင်သော ဂိုဏ်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ အရညဝါသီရွှေကျင်အနွယ် တောဂိုဏ်း ရဟန်းတော်များဖြင့် ရဟန်းအဖြစ်ကို ခံယူခဲ့သော ဂိုဏ်းဖြစ်သည်။ ဤသို့အားဖြင့် သီဟိုတွင် ဤဂိုဏ်း ၃ ဂိုဏ်းဖြင့် သာသနာတော် ပြန်လည်ထွန်းကားလာခြင်း ဖြစ်သည်။

ရဟန်းတော်အချို့က မြန်မာနိုင်ငံသို့ ကြွရောက်တော်မူခဲ့ကြရာတွင် သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သာမဏေ ၆ ပါးနှင့် ဥပါသကာ ၁ ဦးတို့သည် ဘိုးတော်ဘုရားလက်ထက် အမရပူရသို့ရောက်ရှိလာပြီး ရဟန်းခံခဲ့ကြသည်။ ဥပါသကာလည်း သာမဏေ ဝတ်ခဲ့သည်။ သီဟိုဠ်ပြန်ရောက်ကြသောအခါ အမရပူရဂိုဏ်းကို စတင် တည်ထောင်တော်မူခဲ့ကြသည်။

တစ်ဖန် သီဟိုဠ်ကျွန်း ကတဝေဠုရွာ၌ သာသနာနှစ် ၁၂၉၅ တွင် ဖွားမြင်ခဲ့သော အရှင်ဂုဏရတနတိဿမထေရ်သည် ရှမ်းဂိုဏ်းမှ ရဟန်းဖြစ်လာခြင်းကို သံသယဖြစ်သဖြင့် သာသနာနှစ် ၁၃၅၀ တွင် ရှင်ကလျာဏတိဿ, ရှင်ဓမ္မရတနာ, ရှင်ဓမ္မသာရ ဟူသော သာမဏေ ၃ ပါးနှင့်အတူ မြန်မာနိုင်ငံသို့ ကြွရောက်၍ ပဲခူးကလျာဏီသိမ်၌ မူလသိက္ခာကို စွန့်ပြီး ရဟန်းအဖြစ်ကို ပြန်လည်ခံယူခဲ့သည်။ သီဟိုဠ်ပြန်ရောက်သောအခါ ကလျာဏီဝံသ နိကာယဂိုဏ်းကို တည်ထောင်၍ သာသနာပြုတော်မူခဲ့သည်။ နောက်ပိုင်းတွင် သီဟိုဠ်ရဟန်း များစွာလာ၍ ကလျာဏီသိမ်တွင် ရဟန်းသစ်အဖြစ် ခံယူတော်မူခဲ့ကြသည်။ ကလျာဏီသာသနာဝင်ကျမ်းအရ ၁၈ ပါးရှိသည်ဟု သိရှိရသည်။

ကလျာဏီဝံသနိကာယအနွယ် ရဟန်းတော်များသည် သီဟိုဠ်တွင် နှစ်ပေါင်းများစွာ သာသနာပြုလျက်ရှိတော်မူကြရာ ထင်ရှားသော မထေရ်အမြောက်အမြားပေါ်ထွန်းခဲ့သည်။ ကလျာဏီသာသနာဝင်ကျမ်းအရ ၃၃ ပါးရှိသည်ဟု သိရှိရသည်။

ယင်းဆရာတော်များအပြင် ရာမညနိကာယဂိုဏ်းကို တည်ထောင်တော်မူခဲ့သော ရဟန်းတော်တစ်ပါးလည်း ပေါ်ပေါက်လာခဲ့သည်။ ဆရာတော် အရှင်ဣန္ဒာသဘာသာမိဝရညာဏမထေရ်ပင် ဖြစ်သည်။ ဤအရှင်သည် သီဟိုဠ်ကျွန်း ဂါလ်မြို့နယ် အမ္ဗဂဟာဝတ္တေရွာ၌ သာသနာနှစ် ၂၃၇၆၊ ခရစ်နှစ် ၁၈၃၂ ၌ ဖွားမြင်တော်မူပြီး သက်တော် ၁၄ နှစ်၌ သာမဏေဝတ်၍ သက်တော် ၂၃ နှစ်တွင် ရှမ်းဂိုဏ်း၌ ရဟန်းခံခဲ့သည်ကို သံသယရှိ၍ ဗေန္တရအရှင်အတ္တဒဿီမထေရ်ကို ရှေ့ဆောင်ပြုလျက် မူလသိက္ခာကို စွန့်ပြီး သီဟိုဠ်ကျွန်း ကလျာဏီနဒီတွင် ထပ်မံ၍ ရဟန်းခံတော်မူခဲ့သည်။

ဆရာတော်သည် ဤသို့ ထပ်မံရဟန်းခံခဲ့သည်ကိုလည်း သံသယစိတ်မပြေပျောက်သေးသဖြင့် သာသာနှစ် ၂၄၀၅ ၌ နောက်ပါရဟန်း ၇ ပါးနှင့်အတူ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူပြီး သာသနာပိုင် မောင်းထောင်ဆရာတော်ကို အကြီးအမှူးပြု၍ ထပ်မံရဟန်းခံတော်မူခဲ့ပြန်သည်။ ဘွဲ့အမည်မှာ အရှင်သရဏင်္ကရအစား အရှင်ဣန္ဒာသဘာသာမိဝရညာဏဟု ပြောင်းလဲပေးတော်မူခဲ့ကြသည်။ သီဟိုဠ်သားများကမူ ဇာတိရွာအမည်နှင့် ပေါင်းစပ်ပြီး အမ္ဗဂဟာဝတ္တေ အရှင်ဣန္ဒာသဘာသာမိဝရညာဏဟု ခေါ်ခဲ့ကြသည်။ ဆရာတော်သည် အမရပူရ၌ ရဟန်းထပ်မံခံယူခဲ့ပြီးဖြစ်သော်လည်း ရောင့်ရဲမှုမရှိသေးသဖြင့် ပဲခူးသို့ ကြွတော်မူပြီး ရာမညဂိုဏ်း သံဃနာယကရာဇဂုရု အရှင်မေဓာနန္ဒဓဇ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတောရဂိုဏ်း သံဃာတော်များဖြင့် ကလျာဏီသိမ်တွင် ထပ်မံ၍ ရဟန်းခံတော်မူခဲ့ပြန်သည်။ ဆရာတော်သည် ကလျာဏီသိမ်၌ ရဟန်းခံတော်မူပြီးနောက် သာသနာနှစ် ၂၄၀၆ တွင် သီဟိုဠ်ပြန်၍၊ သာသနာနှစ် ၂၄၀၉ တွင် ရာမညနိကာယဂိုဏ်းကို တည်ထောင်တော်မူခဲ့သည်။ သာသနာနှစ် ၂၅၀၉ ၌ ဂိုဏ်းတည်ထောင်မှု ရာပြည့်အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပတော်မူခဲ့ကြောင်း သိရှိရပါသည်။

❑

မြန်မာနိုင်ငံ သံဃာ့ဂိုဏ်း

မြန်မာနိုင်ငံ သာသနာသည် သုဝဏ္ဏဘူမိမှ အစပျိုး စည်ပင်လာသော သာသနာဖြစ်သည်။ သာသနာနှစ် ၂၃၅ (၃၁၀-ဘီစီ)ခန့်တွင် တတိယသံဂါယနာ တင်ပြီးနောက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်သော သံဂါယနာတင် မထေရ်များက သီရိဓမ္မာသောကမင်းနှင့် တိုင်ပင်ပြီး ၉ တိုင်း ၉ ဌာနသို့ သာသနာပြု စေလွှတ်ရာတွင် သုဝဏ္ဏဘူမိသို့ သောဏထေရ် ဥတ္တရထေရ် ဦးဆောင်သော ရဟန်းတော် ၅ ပါး ကြွရောက်သာသနာပြုခဲ့သောကြောင့် သာသနာတော် အမြစ်တွယ်ခဲ့ခြင်းဖြစ်သည်။ ဤသုဝဏ္ဏဘူမိသာသနာသည် နှစ်ပေါင်း တစ်ထောင်ကျော် အထိ အကွဲအပြားမရှိဘဲ သာသနာပြုထေရ်ရှင်တို့၏ အဆက်အနွယ် ဘစ်ခုတည်း ဖြင့် ပကတိစင်ကြယ်ခဲ့သည်။ နှစ်ပေါင်းတစ်ထောင်ကျော်၍ အေဒီ ၁၁ ရာစုသို့ ရောက်သောအခါ သုဝဏ္ဏဘူမိသထုံမှ သောဏထေရ်, ဥတ္တရထေရ်တို့၏ အဆက် အနွယ် အရှင်အရဟံ ခေါ်သော အရှင်ဓမ္မဒဿီမထေရ်မြတ် ပုဂံသို့ သာသနာပြု ကြွတော်မူခဲ့သည်။ ထိုအချိန်တွင် ပုဂံ၌ အနော်ရထာမင်း စိုးစံနေသောအချိန် ဖြစ်သည်။ သရေခေတ္တရာ, ဗိဿနိုးခေတ်တို့မှစ၍ ပုဂံအနော်ရထာမင်း လက်ထက် တိုင် အရည်းကြီး သာသနာထွန်းကားခဲ့သည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရန် ရှင်အရဟံမထေရ်မြတ်က ပုဂံသို့ ကြွရောက်သာသနာပြုတော် မူခဲ့ခြင်းဖြစ်သည်။

ရှင်အရဟံက ဓမ္မစက်ဖြင့် သာသနာပြုတော်မူသည်ကို အနော်ရထာမင်းက အာဏာစက်ဖြင့် အရည်းကြီးများကို သုတ်သင်ရှင်းလင်းပစ်ခဲ့ရာ ဂိုဏ်းဆရာ ၃၀ နှင့် တပည့် ၆ သောင်းတို့ကို လူဝတ်လဲစေခဲ့သည်။ ထို့ကြောင့် ပုဂံတွင် ထိုအချိန်မှ စ၍ ထေရဝါဒ ဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့သည်။

ထိုအချိန်တွင် ပုဂံ၌ ရှင်အရဟံနှင့်အတူ တွဲဖက်သာသနာပြုတော်မူခဲ့ကြ သော ဆရာတော်များမှာ ရှင်ဉာဏ, ရှင်အာနန္ဒာ, ရှင်သီလဗုဒ္ဓိ တို့ဖြစ်ကြသည်။ ယင်းဆရာတော်များနှင့် နောက်ဆရာတော်များက ဆက်လက်သာသနာပြုတော် မူခဲ့ကြသောကြောင့် ပုဂံတွင် ထေရဝါဒဗုဒ္ဓသာသနာမှာ စည်ပင်ပြန့်ပွားလာရတော့ သည်။ သံဃာတော်များမှာလည်း ကွဲပြားမှုမရှိဘဲ သထုံဝံသ(သထုံနွယ်)ဂိုဏ်း သံဃာများသာ တည်ရှိခဲ့သည်။ အနော်ရထာ, စောလူး, ကျန်စစ်သားမင်း, အလောင်းစည်သူမင်းတို့ လက်ထက်တွင် သာသနာတော်ကို များစွာ ချီးမြှောက် တော်မူခဲ့ကြသဖြင့် သံဃာတော်များ ချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူနိုင်ခဲ့ကြသည်။

သက္ကရာဇ် ၅၂၉ (အေဒီ-၁၁၆၇)ခန့်တွင် အလောင်းစည်သူမင်း နတ်ရွာစံ ပြီးနောက် နရသူခေါ် ကုလားကျမင်း ၃ နှစ် နန်းစံခဲ့သည်။ ရက်စက်ကြမ်းကြုတ် ပြီး သာသနာတော်ကို ရိုသေမှုမရှိသောကြောင့် ရဟန်းသံဃာတော် အချို့မှာ သီဟိုဠ်သို့ပင် ရှောင်တိမ်းတော်မူခဲ့ကြရသည်။ သက္ကရာဇ် ၅၃၆ (အေဒီ-၁၁၇၄)၌ နရပတိစည်သူမင်း နန်းစံခဲ့သည်။ ယင်းမင်းလက်ထက်၌ မင်းဆရာဖြစ်တော်မူသော သာသနာပြု ရှင်ဥတ္တရာဇီဝ မထေရ်မြတ်သည် သီဟိုဠ်သို့ ကြတော်မူရာတွင် ပုသိမ်မှ ဆပဒသာမဏေ ပါသွားခဲ့သည်။ မဟာဒွါရနိကာယနှင့် သာသနာဝံသ ဒီပနီတွင် ကုလားကျမင်းခေါ် နရသူမင်းလက်ထက်၌ ကြွသွားတော်မူခြင်းဖြစ် ကြောင်း ဆိုထားသည်ဟု ဗုဒ္ဓရောင်ခြည်နှင့် ပုဂံမြို့စာအုပ်တွင် ဖော်ပြထားသည်။

ရှင်ဥတ္တရာဇီဝကား သထုံမှ ပုဂံသို့ ကြွရောက်သာသနာပြုသော ၃ ဆက် မြောက် ဆရာတော်ဖြစ်သည်ဟု ဆိုသည်။ ရှင်ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်မှ ပုဂံသို့ ပြန်ကြွသောအခါ ဆပဒသာမဏေသီဟိုဠ်တွင် ကျန်ရစ်ခဲ့သည်။ သီဟိုဠ်တွင် ရဟန်းဖြစ်၍ ၁၁ နှစ်ကြာ နေထိုင်ပြီးနောက် ပုဂံသို့ ပြန်ကြွသောအခါ သီဟိုဠ်သား သိဝလိ, အာနန္ဒာ, တာမလိန္ဒ, ရာဟုလာ ဟူသော ရဟန်းတော် ၄ ပါးလည်း လိုက်ပါလာခဲ့သည်။ တာမလိန္ဒမထေရ်ကား ထိုင်းမင်းသား ဖြစ်သည်။ ဆပဒမထေရ် ပုဂံသို့ ပြန်ရောက်ချိန်တွင် ဆရာတော် ဥတ္တရာ ဇီဝမထေရ်မှာ ပျံလွန်တော်မူပြီး ဖြစ်သည်။

နရပတိစည်သူမင်းသည် သီဟိုဠ်ပြန် ဆပဒမထေရ်နှင့် သီဟိုဠ်ရဟန်းတော် ၄ ပါးကို အလွန်ကြည်ညိုခဲ့သည်။ ဆပဒမထေရ်နှင့် သီဟိုဠ်ရဟန်းတော်များကလည်း ဂိုဏ်းခွဲ၍ သီးခြား ကံပြုတော်မူခဲ့ကြသည်။ ထို့ကြောင့် ပုဂံသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိချိန်မှ ၁၇၃ နှစ်မြောက်တွင် သထုံဝံသ (သထုံနွယ်) ဂိုဏ်းနှင့် သီဟိုဠ်နွယ်ဂိုဏ်း ဟူ၍ သံဃာဂိုဏ်း ၂ ဂိုဏ်း စတင်ကွဲပြားလာခဲ့တော့သည်။

ဆပဒမထေရ် ပျံလွန်တော်မူပြီးနောက် ကျန်သီဟိုဠ် ရဟန်းတော် ၃ ပါးမှာ တစ်ပါး တစ်ဂိုဏ်းစီ ကွဲသွားပြန်သဖြင့် ပုဂံတွင် မူလသထုံနွယ်ဂိုဏ်း, သီဝလိထေရ်ဂိုဏ်း, တာမလိန္ဒထေရ်ဂိုဏ်း, အာနန္ဒာထေရ်ဂိုဏ်း ဟူ၍ သံဃာဂိုဏ်း ၄ ဂိုဏ်း ဖြစ်လာသည်။ သီဟိုဠ်သံဃာ ၄ ပါးအနက် ရာဟုလာမထေရ်မှာ မလေးရှားသို့သွားပြီး လူထွက်သွားသဖြင့် သီဟိုဠ် သံဃာ ၃ ပါး ကျန်ရှိခြင်းဖြစ်သည်။

မြင်းစိုင်း, ပင်းယခေတ် သက္ကရာဇ် ၆၈၄ ၌ နန်းတက်သော ဥဇနာမင်းသည် သက္ကရာဇ် ၇၀၂ ခုနှစ်, သာသနာနှစ် ၁၈၈၄, အေဒီ ၁၃၄၀ ခန့်၌ ပုရိမသံဃာဟုခေါ်သော သထုံနွယ်ဂိုဏ်း သံဃာတော်များအတွက် ကျောင်း ၂ ကျောင်း၊ ပစ္ဆိမသံဃာခေါ်သော သီဟိုဠ်နွယ်သံဃာအတွက် ကျောင်း ၅ ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ စံကားသားဖြင့် ဆောက်လုပ်ထားသောကြောင့် 'စံကား ၇ ကျောင်း' ဟူ၍ တွင်ခဲ့သည်။ ယင်းစံကားကျောင်းနေ ရဟန်းတော်များသည် လဇ္ဇီပေသလသိက္ခာကာမ ဖြစ်ခဲ့ကြသည်မှန်သော်လည်း နောက်ပိုင်း၌ ရဟန်းတော်အချို့က ဝိနည်းတရားတော်နှင့် မညီသောလုပ်ရပ်များကို ပြုလုပ်လာကြသည်။ အနော်ရထာမင်းလက်ထက်က ဖိနှိပ်ခံခဲ့ကြရသော အရည်းကြီးများမှာ အခွင့်သာ၍ ပြန်လည်ခေါင်းထောင်လာသောကြောင့် သာသနာ့အညစ်အကြေး ပြန်လည်ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် ယင်းလုပ်ရပ်များကို မနှစ်သက်သော ရှင်သာသနဓရနှင့် ရှင်ပရက္ကမ ညီနောင်တို့သည် စံကားကျောင်းမှ ထွက်ခွာပြီး၊ တူရွင်းတောင်ခြေတွင် ရှင်သာသနဓရ နေထိုင်ကာ၊ တောင်ဘီလူးကုန်း စစ်ကိုင်းချောက်များတွင် ရှင်ပရက္ကမ ညီနောင်တို့ သီတင်းသုံး နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ မြို့ရွာနေ ဂါမဝါသီ(ဗဟုစာရ)ဂိုဏ်းနှင့် တောနေ အရညဝါသီ(ဧကစာရ)ဂိုဏ်း ဟူ၍ ၂ ဂိုဏ်းကွဲခဲ့ပြန်သည်။

မြို့ရွာနေ ဂါမဝါသီများကို 'ပွဲကျောင်း'ဟူ၍လည်း ခေါ်သည်။ ပွဲကျောင်းသို့ အရည်းကြီးအဆက်အနွယ်များ ဝင်ရောက်လာကြသဖြင့် ပွဲကျောင်းရဟန်းများမှာ အလဇ္ဇီဒုဿီလများ ဖြစ်လာကြသည်။

တစ်ဖန် အောက်မြန်မာနိုင်ငံ ရာမညတိုင်းတွင်လည်း သံဃာတော်များ ဂိုဏ်းကွဲလျက် ရှိနေကြောင်းကို တွေ့ရှိရသည်။ သက္ကရာဇ် ၈၂၄ ၌ နန်းတက်သော ဓမ္မစေတီမင်း (အေဒီ ၁၄၆၀–၁၄၉၂)လက်ထက်တွင် ကံကြီးကံငယ် သီးခြားစီ ပြုနေကြသော ဂိုဏ်း ၆ ဂိုဏ်း ကွဲလျက်ရှိသည်။ မုတ္တမမှ ကမ္ဘောဇသံဃာတစ်ဂိုဏ်း, သီဝလိထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်းတစ်ဂိုဏ်း, တာမလိန္ဒထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်းတစ်ဂိုဏ်း, အာနန္ဒာထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်းတစ်ဂိုဏ်း, မုတ္တမမှ သီဟိုဠ်ပြန် ဗုဒ္ဓဝံသမထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်းတစ်ဂိုဏ်း, မုတ္တမမှပင် သီဟိုဠ်ပြန် မဟာနာဂမထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်းတစ်ဂိုဏ်းတို့ ဖြစ်သည်။ သို့ရာတွင် ဓမ္မစေတီမင်းက သီဟိုဠ်တွင် စင်ကြယ်သော မဟာဝိဟာရဝါသီဂိုဏ်း သံဃာတော်များဖြင့် ကလျာဏီ မဟာနဒီသိမ်တွင် ရဟန်းသစ်အဖြစ် ခံယူတော်မူခဲ့ကြသော စင်ကြယ်သောရဟန်းတော်များဖြင့် ပဲခူးတွင် ကလျာဏီသိမ်နှင့် အခြားရာမညဒေသများတွင် ကလျာဏီနွယ်သိမ်များကို သမုတ်ပြီးနောက် ရာမညတိုင်းအတွင်းရှိ ရဟန်းတော်အားလုံးကို ယင်း ကလျာဏီသိမ်နှင့် ကလျာဏီနွယ် သိမ်များတွင် ရဟန်းသစ်အဖြစ် ခံယူစေခဲ့သည်။ ထို့ကြောင့် ဂိုဏ်းကွဲများ ပပျောက်ပြီး ကလျာဏီနွယ် ဂိုဏ်းတစ်ဂိုဏ်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အထက် မြန်မာနိုင်ငံတွင် အရညဝါသီ, ဂါမဝါသီ ဟူ၍ ဂိုဏ်း ၂ ဂိုဏ်း ကွဲခဲ့ပြီးနောက်၊ တောနေ အရညဝါသီဂိုဏ်း သံဃာတော်များတွင် တုံဂိုဏ်း, ရုံဂိုဏ်း ဟူ၍ ထပ်မံကွဲပြားလာခဲ့ပြန်သည်။ ညောင်ရမ်း(ဒုတိယအင်းဝ)ခေတ် မာရ်အောင်ရတနာ ဘုရားဒါယကာ စနေမင်း (အေဒီ ၁၆၉၈–၁၇၀၄ ခုနှစ်)လက်ထက်၌ အနောက်တုံရွာကျောင်းနေ ရှင်ဂုဏာလင်္ကာရသည် သာမဏေတို့ကို ရွာဝင် ရွာသွားသော် သင်္ကန်းမရုံဘဲ တစ်ဘက်လက်ကနုတော့ တင်စေ၍ ဦးထုပ်, တစ်ဘက်ကို မဆောင်း,မကိုင်စေဘဲ၊ ယပ်ကိုသာ ကိုင်စေလျက် တုံတောနေဂိုဏ်းကို တည်ထောင်ခဲ့သည်။ ထိုအခါ တောင်ငူမြို့ ရှင်ဗုဒ္ဓင်္ကုရ ရှင်စိတ္တ, တပယင်းမြို့ ကျေးရွာ

ရှင်သုနန္ဒ, တရုတ်မြို့ ငရဲဆိုးရှင်ကလျာဏတို့က သာမဏေတို့ရွာ ဝင်သောအခါ တစ်ဘက်လက်ကန်တော့မတင်စေဘဲ ဦးထုပ်တစ်ဘက် မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ စွဲကိုင်စေလျက် အရုံတောနေဂိုဏ်းကို တည်ထောင်ခဲ့သည်။

ထိုအခါ ညောင်စဉ်ရွှေကျောင်းဆရာတော်က 'ဦးထုပ်ဒေါက်ချာမဆောင်း အညွန့်အသား မင်္ဂလာမရှိသော ရဟန်းများကို မနေစေနှင့်'ဟုဆိုကာ တောနေရဟန်းများ၏ ကျောင်းကန်များကို ဖျက်ဆီးခဲ့ကြသဖြင့် တောနေရဟန်းများ ထွက်သွားခဲ့ကြရသည်။ တစ်ဖန် ဂါမဝါသီရဟန်းများသည် ဆင်ကဲရွာ အနောက်တောင် တောကျောင်းနေ ရဟန်း ၅ဝ ကျော်ကိုလည်း နှင်ထုတ်မည်ဟု နှိုးဆော်ကြပြန် သဖြင့် စနေမင်းက 'အရညဝါသီ, ဂါမဝါသီ ရဟန်းတို့သည် မွေ့လျော်ရာ နေထိုင်ကြစေ'ဟု အမိန့်ထုတ်သောကြောင့် အရုံတောနေဂိုဏ်း ရဟန်းတော်များ ချမ်းသာရာ ရခဲ့ကြသည်။ ထိုအချိန်မှစ၍ တောနေဂိုဏ်း ရဟန်းတော်များတွင် တုံ(အတင်)ဂိုဏ်းနှင့် အရုံဂိုဏ်း ၂ ဂိုဏ်း ကွဲပြားလာပြီး သူမှန်ကိုယ်မှန် အငြင်းပွားလာခဲ့ကြရာ ကုန်းဘောင်ခေတ်လယ် ဘိုးတော်ဘုရား(အေဒီ ၁၇၈၂–၁၈၁၉) လက်ထက်တိုင် ဖြစ်ခဲ့သည်။

ဘိုးတော်ဘုရားလက်ထက်တွင် အတုလသယသဆရာတော်က သာမဏေများတင်သင့်ကြောင်း ဂဏ္ဌိကျမ်းဂန် အထောက်အထားတင်လာသဖြင့် ဘိုးတော်ဘုရားက အတုလယသဆရာတော်အား 'သုဓမ္မာဇရပ်တွင် စာမေးဆရာတော်တို့နှင့် မျက်နှာစုံညီ ဆွေးနွေးဟောပြောစေ'ဟု အမိန့်ချမှတ်ခဲ့သည်။ သုဓမ္မာဇရပ်တွင် မျက်နှာစုံညီ ဆွေးနွေးဟောပြောကြရာတွင် အတုလယသဆရာတော် လိမ်လည်တင်ပြခြင်းဖြစ်ကြောင်း ပေါ်လွင်လာသဖြင့် ဘိုးတော်ဘုရားက အတုလယသဆရာတော်အား ပိတ်ဖြူဝတ်စေ၍ ဧရာဝတီမြစ်တွင် ဖောင်ပေါ်တင်မျှောခဲ့သည်။

ဝံသဒီပနီ၌ ထင်ရှားအောင် လူဝတ်လဲ၍ မောင်းထောင်ကျော်ပြီးမှ မိမိရပ်ရွာသို့ နှင်ထုတ်ခဲ့သည်ဟု ဆိုသည်။

ကဝိသာရမဉ္ဇူသာ၌မူ အတုလယသထေရ်, လူအမည် ဦးပန်းထွေးကို ကြက်,ငှက် တိရစ္ဆာန်တို့ကဲ့သို့လှောင်၍ အဝတ်မပါ ဗလာကိုယ် ထိုးထားပြီး လှေဦးတွင် ခြင်ကြားအုပ်ဆောင်းလှောင်ကာ စလောင်းဖုံးဖြင့် ကျွေးမွေးကာ 'အတုလဘွဲ့ခံ ငယ်နာမည် ဦးပန်းထွေး'ဟု စာလုံးကြီး ကမ္ပည်းရေး၍ ခေါင်းလုံ

ကာရုံလျက် အောက်သရက်မြို့ရောက်အောင် ဧရာဝတီမြစ်ကြောင်းအလိုက် စုန်မျှောပို့လွှတ်စေခဲ့ကြောင်း။ ရောက်ရာဆိပ်ကမ်းတို့၌လည်း မြို့သူမြို့သားတို့ကို ထွက်၍မေးရန် အမိန့်တော်ဆင့်ဆိုထားသောကြောင့် "ခေါင်းရောင်လုံရောင်၊ ပြီးပြိုးပြောင်၊ အမောင်ဘယ်သူပေလဲ"ဟု မေးကြရကြောင်း။ ထိုအခါ လှေပေါ်ပါ အမှုထမ်းတို့က "ဝိနည်းတတ်ယောင် ဂဏ္ဌိဆောင် နှာယောင်ကောက်နှင့် လူမည်းမည်း"ဟု ဖြေ၍ သွားကြရကြောင်း။ သရက်မြို့တစ်ဘက် အာလံကျွန်းဆွယ်တွင် လွှတ်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် တုံဂိုဏ်း, ရုံဂိုဏ်း အဓိကရုဏ်းသည်လည်း ထိုအချိန်မှစ၍ ငြိမ်းခဲ့ရတော့သည်။

❑

မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော သံဃရာဇာ ဆရာတော်ကြီးများ

သံဃရာဇာ ဝေါဟာရသည် သာသနာပိုင် မင်းဆရာတော်ကြီးများ ပေါ်ထွန်းလာခြင်း မရှိမီကပင် ဖြစ်ပေါ်ခဲ့သော ဝေါဟာရတစ်ရပ် ဖြစ်သည်။ မြင်စိုင်း, ပင်းယခေတ် တစ်စီးရှင် သီဟသူမင်းသားတော် အိမ်ရှေ့မင်း ဥဇနာမင်း(ကောဇာသက္ကရာဇ် ၆၈၄–၇၀၄, အေဒီ ၁၃၂၂–၁၃၄၂)က သက္ကရာဇ် ၇၀၂ တွင် သထုံနွယ်ဂိုဏ်းနှင့် သီဟိုဠ်နွယ်ဂိုဏ်း သံဃာတော်တို့အား စံကား ၇ ကျောင်းကို ဆောက်လုပ်လှူဒါန်းပြီး ယင်းကျောင်းများအတွက် ဝတ္ထုကံ ဝတ်မိုးမြေအလုပ်အကျွေး, အာရာမ်စောင့်များကိုပါ လှူဒါန်းခဲ့သည်။ ဥဇနာမင်းက ဝတ်မိုး, ဝတ်မြေများကို ဤသို့အများအပြား လှူခဲ့သောကြောင့် ဝတ်မိုးဝတ်မြေမှ အဖို့အစု အခွန်ဘဏ္ဍာများကို တောင်းခံမှု လွယ်ကူစေရန် ကျောင်းမတော်နေ ရှင်သုဓမ္မမဟာသာမိဆရာတော်က ဝတ္ထုကံ သိမ်း, သာသနာစိုးနှင့် ဝတ်စားသံဃာတော်များဟူ၍ သီးသန့်ခွဲခြားခန့်ထားတော်မူခဲ့သည်။ ဝတ္ထုကံသိမ်းရဟန်းကား အခွန်ဘဏ္ဍာကို ကောက်ခံသိမ်းဆည်းရသည်။ သာသနာစိုး ရဟန်းကား တရားနှင့်အညီ ကျင့်ဆောင်ကြဲရန်ဆုံးမရသည်။ ဝတ်စားများကား အဖို့အစု ဝေဖန်ခံစားကြရသည်ကို ဆိုလိုသည်။

ဤသို့ ဝတ္ထုကံ, ဝတ်မိုးမြေအခွန်ဘဏ္ဍာကို ကောက်ခံထိန်းသိမ်းရသော ရဟန်းများကို 'သံဃရာဇာ သဃ်ဇာ'ဟု ခေါ်ခဲ့ကြသည်။ ပင်းယခေတ် ၅ စီးရှင် ကျော်စွာမင်းလက်ထက် လက်ဇေ့ချန်ပီယံဖြစ်ခဲ့သော အောင်စည်းခုံ ပွဲကျောင်း ရဟန်းကြီးသည်လည်း သံဃရာဇာ သဃ်ဇာ အမည်တွင်ခဲ့သော ရဟန်းပင်ဖြစ်သည်။ သာသနာပိုင် သံဃရာဇာ ဟူသည်ကား ဘုရင်ကိုယ်တိုင် ကိုးကွယ်ခန့်ထား မြှောက်စားထားသော စာတတ်အကျော် ဆရာတော်မျိုးဖြစ်သည်။

ညောင်ရမ်း(ဒုတိယအင်းဝ)ခေတ် အနောက်ဘက်လွန်မင်း (ကောဇာသက္ကရာဇ် ၉၆၇–၉၉၀ ခုနှစ်, အေဒီ ၁၆၀၅–၁၆၂၈ ခုနှစ်)သည် တူရွင်းတောင်မှ မဟာရာမ မထေရ်ကိုပင့်၍ ၄ ထပ်ကျောင်းကို လှူပြီး မဟာသံဃနာထ ဘွဲ့တံဆိပ်ကို လှူဒါန်းကိုးကွယ်ခဲ့သည်။ သာသနာပိုင်ခန့်ထားမှုသဘောပင် ဖြစ်သည်။

သာလွန်မင်းတရား(ကောဇာသက္ကရာဇ် ၉၉၀–၁၀၁၀ ခုနှစ်, အေဒီ ၁၆၂၈–၁၆၄၈ ခုနှစ်)ကမူ ဂန္ထန္တရဗဟုသုတလွန်ကဲသည်ဟု ကျော်ကြားသော တောင်ဖီလာဆရာတော်နှင့် သဒ္ဒါအရာ ဓာတ်ပစ္စည်းကို ဝေဖန်ရာ၌ လွန်ကဲသည်ဟု ကျော်ကြားသော အရိယာလင်္ကာရမထေရ်တို့ကို ပင့်၍ မင်းဆရာပြု၍ ကိုးကွယ်ခဲ့သည်။

သာလွန်မင်းလွန်ပြီးနောက် သားတော်ပင်းတလဲ (၅ ထပ်ဒါယကာ)ခေါ် မင်းရဲရန္တမိတ်(ကောဇာသက္ကရာဇ် ၁၀၁၀–၁၀၂၃ ခုနှစ်, အေဒီ ၁၆၄၈–၁၆၆၁ ခုနှစ်)သည် ခမည်းတော်မင်းကြီး စံနေတော်မူခဲ့သော ရာဇမဏိစူဠာစေတီတော်ကြီး ပွဲသဘင်စံနန်းကိုဖျက်၍ ကျောင်းဆောက်ပြီးလျှင် တိပိဋကာလင်္ကာရ တောင်ဖီလာ ဆရာတော်နှင့် ဉာဏ်တူဂုဏ်တူဖြစ်သော ပထမအရိယာလင်္ကာရ ဆရာတော်၏ တပည့် တိလောကာလင်္ကာရမထေရ်အား ပင့်၍ လှူဒန်းကိုးကွယ်ခဲ့သည်။ သာသနာရေးလောကတွင် ထင်ရှားလျက်ရှိသော နျာသအဖွင့် နိရုတ္တိမဉ္ဇူသာဋီကာကို စီရင်တော်မူခဲ့သော ဒါဌာနာဂရာဇဂုရုမထေရ်အားလည်း စစ်ကိုင်းဘက်တွင် ၄ ထပ် ဘုံသာတုလွတ်ကျောင်းကို ဆောက်လုပ်လှူဒါန်းပြီး ကိုးကွယ်ခဲ့သည်။

ကောဇာ ၁၀၂၃ ၌ ညီတော် ပြည်မင်းနန်းတက်သောအခါ ဗေဒင်ဟောချက်အရ မူလနန်းတော်မှပြောင်း၍ တောင်နန်း, မြောက်နန်း ဆောက်လုပ်စံမြန်းခဲ့သည်။ တစ်ဖန် မြောက်နန်းကိုဖျက်၍ ကျောင်းဆောက်ပြီး ဆရာတော်တစ်ပါးအား လှူဒါန်းခဲ့ရာ 'မြောက်နန်းကျောင်းဆရာတော်'ဟု ထင်ရှားခဲ့သည်။ တောင်နန်းကိုလည်းဖျက်၍ အရှေ့အရပ်၌ ကျောင်းဆောက်ပြီး အဂ္ဂဓမ္မာလင်္ကာရမထေရ်အား လှူဒါန်းခဲ့သည်။ ထိုမထေရ်သည် သာသနာရေးလောကတွင် ထင်ရှားလျက်ရှိသော နန်းကျောင်းမှု သဒ္ဒါကြီးနိဿယ, သင်္ဂြိုဟ်ကျမ်းရိုး, မာတိကာ, ဓာတုကထာနှင့် ပဋ္ဌာန်းအရကောက်များကို ရေးသားတော်မူခဲ့သည်။

ကောဇာ ၁၀၃၅ ၌ ညီတော်ရမည်းသင်းမင်း နန်းတက်သောအခါ နတ်စက်ရောင်ဆရာတော်ကို မင်းဆရာပြု၍ လောကဓမ္မ ရာဇဓမ္မကြောင်းများတွင်

လျှောက်ထားတိုင်ပင် ဆောင်ရွက်တော်မူခဲ့သည်။ ကောဇာ ၁၀၃၈ တွင် နတ်စက် ရောင်ဆရာတော်၏ စီမံချက်အရ အန္တရာယ်ကင်းရန် ဂူတော်သစ် ပဋ္ဌာန်းဇရပ်တွင် ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှစ၍ မြန်မာဆရာတော်များဖြင့်၊ နယုန်လဆန်း ၁ ရက်နေ့မှ စ၍ မွန်ဆရာတော်များဖြင့် ပဋ္ဌာန်းဟောပွဲ ကျင်းပခဲ့သည်။

ရမည်းသင်းမင်းလွန်ပြီးနောက် သားတော်များဖြစ်ကြသော စနေမင်း, တနင်္ဂနွေမင်းနှင့် ဟံသာဝတီရောက် မင်းများလက်ထက်တွင် တုံဂိုဏ်း, ရုံဂိုဏ်း ကွဲပြားလာသဖြင့် မင်းဆရာအဖြစ် တင်မြှောက်ကိုးကွယ်မှု မထင်ရှားဘဲ ရှိခဲ့သည်။

ကုန်းဘောင်ခေတ်တွင် သာသနာပိုင်မင်းဆရာအဖြစ် တင်မြှောက်ကိုးကွယ်မှု ပို၍ ပီပြင်ထင်ရှားလာသည်။ အလောင်းဘုရား(ကောဇာသက္ကရာဇ် ၁၁၁၄–၁၁၂၂ ခုနှစ်, အေဒီ ၁၇၅၂–၁၇၆၀)လက်ထက်တွင် ဒီပဲရင်းမြို့နယ် ကျေး ၉ ကျေး အပါအဝင် ဥဿျှစ်ကျေးရွာဇာတိဖြစ်သော တုံ(အတင်)ဂိုဏ်းဝင် 'ယသ'မထေရ်သည် မင်းဆရာဖြစ်လာသည်။ အလောင်းဘုရားက မဟာအတုလယသဓမ္မရာဇဂုရု ဘွဲ့တံဆိပ် ဆက်ကပ်သဖြင့် 'အတုလယသ' မထေရ်ဟု ထင်ရှားလာခြင်းဖြစ်သည်။ မင်းဆရာဖြစ်သော ဆရာတော်သည် သာသနာပိုင်ပင်ဖြစ်သည်။ သာသနာတော် တစ်ရပ်လုံးသည် မင်းဆရာတော်၏ အဆုံးအဖြတ်အောက်တွင် ဟည်သည်။ အလောင်းဘုရားက "ဤနိုင်ငံတော်အတွင်း၌ နေထိုင်သီတင်းသုံးတော်မူကြကုန် သော ရဟန်းသံဃာတော်တို့သည် မင်းဆရာ၏ အလိုအယူသို့လိုက်၍ ကျင့်ကြံ နေထိုင်ကြရမည်"ဟု အမိန့်ထုတ်ခဲ့သည်။

သို့ရာတွင် အရုံဂိုဏ်းဆရာတော် သံဃာတော်များသည် မင်းဆရာနှင့် မင်း အာဏာသို့မလိုက်ဘဲ ဝိနည်းဓမ္မကံသို့ လိုက်တော်မူခဲ့ကြသည်။ မောင်းထောင် ရွာ၌ သီတင်းသုံးလျက်ရှိသော မထေရ်ကြီး ၂ ပါးသည် မိမိတို့၏ တပည့်ပရိသတ် များအား 'ရွာဝင်သောအခါ သင်္ကန်းရုံ၍သာ ဝင်ကြရမည်'ဟု ဆုံးမတော်မူခဲ့သည်။ ထို့ကြောင့် မင်းဆရာ အတုလယသဆရာတော်က ထိုဆရာတော် ၂ ပါးကိုခေါ်၍ သဲဒဏ်ပေးခဲ့သည်။ ထိုအခါ မိုးတက်လာပြီး မင်းဆရာကျောင်းနှင့် မင်း၏ နန်း တော်ကို မိုးကြိုးခခဲ့သည်။ စိန္တကျော်သူ ရေးသားဆက်သွင်းသော ရတု၌ မိုးကြိုး ပစ်ခြင်းမှာ ယိုးဒယားသို့ စစ်ချီခါနီးတွင် ပြသောနိမိတ်ဖြစ်ကြောင်း ဖော်ပြထား သည်။

သက္ကရာဇ် ၁၁၂၂ တွင် ရတနာသိင်္ခမှ စစ်ကိုင်းသို့ ပြောင်းရွှေ့နန်းစံသော သားတော်ကြီး နောင်တော်ကြီးမင်းလက်ထက်၌ တောင်တွင်းကြီးမြို့ဇာတိ အရှင် ဉာဏမထေရ် မင်းဆရာ ဖြစ်လာသည်။ ထိုမထေရ်သည် တစ်နေ့လျှင် ဂါထာ ၂၅၀၀, ၁၀ ဘာဏဝါရ နှုတ်ငုံရအောင် ကျက်မှတ်နိုင်သည်ဟု ဆိုသည်။ သာသနာ လင်္ကာရ၌ ပေချပ်အင်္ဂါတစ်ကိုက် နှုတ်ငုံရသည်ဟု ဆိုသည်။ နက်နဲသော ဉာဏ် ပညာရှိသည်။ ဉာဏလင်္ကာရမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။ ပဋ္ဌင်းပျိုဘဝကပင် ဝိထိလက်ရိုးကျမ်းနှင့် ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ နည်း ၄၀ စသော ကျမ်းများကို စီရင်တော်မူခဲ့သည်။ ထိုဆရာတော်ကား 'မကာရလောပ ခင်ကြီးဖျော်'ပင် ဖြစ်သည်။ သာသနာဆိုင်ရာ လောကီဆိုင်ရာ ကျမ်းများစွာကို ရေးသားတော်မူခဲ့သည်။ အရုံဂိုဏ်းဝင် ဆရာတော်ပင် ဖြစ်သည်။

နောင်တော်ကြီး ၃ နှစ် နန်းစံတော်မူပြီးနောက် ရတနာသိင်္ခ၌ ၂ နှစ် နန်းစံပြီး အင်းဝသို့ပြောင်းရွှေ့နန်းစံခဲ့သော ညီတော်ဆင်ဖြူရှင်မင်း(ကောဇာသက္ကရာဇ် ၁၁၂၅–၁၁၃၈, အေဒီ ၁၇၆၃,၁၇၇၆)လက်ထက်၌ စရစ်ရွာ၌ သီတင်းသုံးတော် မူသော စန္ဒာဝရမထေရ်သည် ဇမ္ဗုဒီပ အနန္တဓဇမဟာရာဇဂုရု ဘွဲ့တံဆိပ်ကို ခံယူ တော်မူပြီး မင်းဆရာဖြစ်လာသည်။

အင်းဝတွင် နန်းစံသော ဆင်ဖြူရှင်၏ သားတော် စဉ့်ကူးမင်း(ကောဇာ သက္ကရာဇ် ၁၁၃၈–၁၁၄၃ ခုနှစ်)လက်ထက်တွင်မူ မန်လည်ဆရာတော်ဘုရားက ဂုဏမုနိန္ဒာဘိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ခံယူတော် မူပြီး မင်းဆရာဖြစ်လာသည်။

သက္ကရာဇ် ၁၁၄၃ တွင် အင်းဝ၌ နန်းစံသော နောင်တော်ကြီးမင်း ဆင်ဖြူ ရှင်မင်းတို့၏ညီတော် စစ်ကိုင်းမင်းလက်ထက်၌ မောင်းထောင်ရွာနေ ၇ ဝါမျှ ရှိသေးသော ပဋ္ဌင်းပျို ဉာဏမထေရ်သည် ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ခံယူပြီး မင်းဆရာဖြစ်လာသည်။ စစ်ကိုင်းမင်း တောင်းပန်ချက် အရ 'ရာဇာဘိသေက'ကျမ်းကို အနက်မြန်မာပြန်ဆိုပေးခဲ့သည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် အင်းဝ၌ နန်းတက်၍ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် အမရပူရမြို့တည် နန်းတည်ပြီးနောက် ပြောင်းရွှေ့နန်းစံသော ဘိုးတော် ပဒုံမင်း(ကောဇာသက္ကရာဇ် ၁၁၄၃–၁၁၈၁, အေဒီ ၁၇၈၁–၁၈၁၉)လက်ထက်၌

မင်းအို, မန်လည်, ဆုံထား, မင်းရွာ ဆရာတော်ကြီး ၄ ပါးသည် သံဃရာဇာ သာသနာပိုင် ဖြစ်လာသည်။ ယင်းဆရာတော်များ သက်တော်ကြီး၍ ရွှေတောင်, ဗားကရာ, ကတိုး, မဲဇီး, မုံတော, စလင်း, ဆင်တဲ, မောင်းထောင် ဆရာတော် ၈ ပါးကို အားဖြည့်ပြီး သာသနာပြုဆရာတော် ၁၂ ပါးအဖြစ် ခန့်ထားတော်မူသည်။

ယင်းဆရာတော် ၁၂ ပါးသည် သာသနာရေးရာ ကိစ္စများကို စီရင်ဆုံးဖြတ်တော်မူကြရာ၌ မညီမညွတ် ဖြစ်နေကြသဖြင့် သက္ကရာဇ် ၁၁၅၀ တွင် မောင်းထောင် ဆရာတော် တစ်ပါးတည်းကိုသာ ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ် ဆက်ကပ်၍ သာသနာပိုင် ခန့်ထားတော်မူခဲ့သည်။

သာသနာပိုင် မောင်းထောင် ဆရာတော်သည် ၅ ဝါ, ၆ ဝါအရတွင် ပေဋကာလင်္ကာရခေါ် နေတ္တိဋီကာသစ်ကို လည်းကောင်း၊ ၈ ဝါအရ သာသနာပိုင် ဖြစ်ပြီးနောက် သာရတ္ထဒီပနီခေါ် သီလက္ခန်ဋီကာသစ်, အဝတ်အရုံကို ဖော်ပြသော အရိယာဝံသာလင်္ကာရ, ဇာတ် အဋ္ဌကထာယောဇနာ, ရာဇောဝါဒဝတ္ထု, သာမဏေ ၄ ပါးဝတ္ထု, တိဂုမ္ဘထောမနာ, ဆဒ္ဒန်ဆင်းမင်းဘွဲ့, ရာဇာဓိရာဇဝိလာသိနီ အစရှိသော ကျမ်းများကိုလည်းကောင်း စီရင်တော်မူခဲ့သည်။ အနက်မြန်မာပြန်ဆိုထားသော ကျမ်းစာရင်းမှာ ၂၃ ကျမ်း ရှိသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ဆရာတော်သည် ကံမကောင်းဟု ဆိုရမည် ဖြစ်သည်။ ဘိုးတော်ဘုရား၏ အယူအဆကို ဆန့်ကျင်မိသဖြင့် ဆရာတော်နှင့်တကွ ပုဂ္ဂိုလ်ကျော်များစွာ လူဝတ်လဲခဲ့ကြရသည်။ သာသနာပိုင် ဦးမြတ်နေသည် လူဝတ်လဲပြီးနောက် 'ဓမ္မသကြိန်' အမည်ဖြင့် စာပေ ရေးသားတော်မူခဲ့သည်။

ဘိုးတော်၏မြေး စစ်ကိုင်းမင်း(ဘကြီးတော်) (ကောဇာသက္ကရာဇ် ၁၁၈၁–၁၁၉၉, အေဒီ ၁၈၁၉–၁၁၈၃၇)လက်ထက်၌ 'ယောလဲဝန်တို့၊ ဘာလဲဝန်တို့၊ နောင်နှစ်ခါ နေရာဟောင်းကို ပြောင်းကြစို့ ဝန်တို့'ဟူသော တဘောင်အရ အမရပူရမှ ပြောင်း၍ ရတနာပူရ အင်းဝကို စတုတ္ထအကြိမ် တည်ထောင်တော်မူသည်။ သက္ကရာဇ် ၁၁၈၇ ၌ မာရ်အောင် ရတနာပိဋကတ်တိုက်ရှေ့၌ တန်ဆောင်း ၃ ထပ်ဆောက်ကာ တန်ခူးလပြည့်ကျော် ၁ ရက်နေ့မှ၍ ပိဋကတ် ၃ ပုံကို ရွှေရေး, မင်ရေး, ကညစ်ရေး အက္ခရာ ၃ ပါးဖြင့် ပေထက်တင်ပွဲ ပြုလုပ်သည်။ လူပေါင်း ၄၈ ယောက်က

ရေးသားရသည်။ အဘိသိက်မခံမီကပင် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်ကျနရှိ၍ သတ္တိဗျတ္တိရှိသော ဆရာတော်, သံဃာတော်တို့ကို ရွေးချယ်စိစစ်၍ တံဆိပ်မှန်ကင်းနှင့် ချီးမြှင့်သည်။ ဘိုးတော်လက်ထက် မင်းကွန်း စန္ဒာမုနိ ဘုရားတန်ဆောင်းတွင် မှူးမတ်, မင်းညီမင်းသား အစုံအညီဖြင့် ဘိုးတော်မင်းကြီး ရှေ့တော်တွင် ဥဘတောဝိဘင်းကို အာဂုံဆောင်နိုင်, မဆောင်နိုင် စူးစမ်းရာ သဖိုးလက်ဝဲရွာဇာတိ ၁၃ ဝါရှိ အရှင်သီလာစာရမထေရ်က ဥဘတောဝိဘင်းကိုဆောင်နိုင်သဖြင့် ဘိုးတော်ဘုရားက ကိုးကွယ်ရန်ပေးခဲ့သည်။ ဆရာတော်ကား မန်လည်ဆရာတော်၏ တပည့်အဆက်အနွယ်ဖြစ်၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် နှံ့စပ်သည်။ အရညကင် ဓုတင်ဆောင်သည်။ ဘကြီးတော်မင်းက မင်းကွန်းတွင် ပြာသာဒ်, ဥမင်နှင့်တကွ တောရကျောင်းတော် ဆောက်လုပ်၍ လှူဒါန်းခဲ့သည်။ သီလာစာရ သဒ္ဓမ္မာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ဆက်ကပ်ပြီး တောနေရဟန်းသံဃာတို့၏အဓိပတိ သာသနာပြု သာသနာပိုင်အဖြစ် နေတော်မူခဲ့သည်။ သက္ကရာဇ် ၁၁၈၁ ၌ ရွှေနန်းသိမ်းတော်မူသောအခါ စလင်းမြို့ ဇာတိ ရှင်ပညာသီဟ မထေရ်သည် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်ကျန နှံ့စပ်၍ သတ္တိ ဗျတ္တိရှိကြောင်း ကျော်ကြားသဖြင့် အမရပူရ ရွှေမြို့တော်သို့ပင့်၍ မုနိန္ဒာဘိသိရီ သဒ္ဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်နှင့် မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ် နှစ်ရပ် ဆက်ကပ်ပြီး နိုင်ငံတော်အတွင်း အညာ, အကြေသာသနာပြု, သာသနာပိုင် အဖြစ် ခန့်ထားတော်မူသည်။

တစ်ဖန် သာယာဝတီ, ကုန်းဘောင်, ရွှေဘို ဟုခေါ်သော အမရပူရ ဒုတိယ မြို့တည် နန်းတည်မင်း(ကောဇာသက္ကရာဇ် ၁၁၉၉–၁၂၀၈, အေဒီ ၁၈၃၇–၁၈၄၆) လက်ထက်၌ သဲအင်းဆရာတော်ဘုရားကြီးက သူရိယာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ကို ခံယူတော်မူပြီး သာသနာပိုင် ဖြစ်လာသည်။ ဆရာတော်သည် သဲအင်းရွာဇာတိဖြစ်ပြီး ပရိယတ္တိ ကောဝိဒ သိက္ခာကာမ သန္တိန္ဒြိယ ခန္တိဓမ္မဂုဏ်နှင့် ပြည့်စုံတော်မူ၍ သက်တော် ၇၄ နှစ်တွင် သာသနာပိုင် ဖြစ်တော်မူသည်။ သာသနာပိုင်တာဝန်ကို ၂ နှစ်မျှ ထမ်းဆောင်တော်မူပြီးနောက် သက္ကရာဇ် ၁၂၀၁ (သာသနဝံသပ္ပဒီပိကာကျမ်းအရ သက္ကရာဇ် ၁၁၉၉ ၌ သာသနာပိုင်ဖြစ်၍ ၁၂၁၅ ခုနှစ်)တွင် ပျံလွန်တော်မူရာ ရွှေဘိုမင်းက ရေးက

မဖြစ်ဘူးသော အံ့ဩဖွယ်ရာ အဖြာဖြာအမှုတို့ကို ပြုလုပ်စီမံ၍ အရာမက များလှစွာသော ပြာသာဒ်လောင်တိုက်, တလားကြီး, တလားငယ်တို့ဖြင့် ပူဇော်ပြီး မီးသင်္ဂြိုဟ်မှု ဈာပနကိစ္စကို ပြုတော်မူခဲ့သည်။

၎င်းနောက် ထိုနှစ်၌ပင် သဲအင်းဆရာတော်၏တပည့် နက်ရဲရွာဇာတိဖြစ်သော ၂၁ ဝါရှိ ဆရာတော်ဦးဥေယျကို ဥေယျဓမ္မာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ဆက်ကပ်၍ သာသနာပိုင်အဖြစ် ခန့်အပ်တော်မူခဲ့သည်။ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော် ဦးဥေယျကား ပရိယတ္တိစာပေ သင်ကြားပို့ချတော်မူရာတွင် နည်းနာနိဿယကောင်းကြောင်း ကျော်စောသဖြင့် စာလိုက်တပည့်တပန်းများ များစွာရှိသည်။ သဒ္ဓမ္မဝိလာသိနီမည်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိဿယကို ရေးသားတော်မူခဲ့သည်။

ပုဂံမင်း(ကောဇာသက္ကရာဇ် ၁၂ဝ၈–၁၂၁၄, အေဒီ ၁၈၄၆–၁၈၅၂)လက်ထက်၌ ဒုတိယဗားဂရာဆရာတော်ကို ပညာဇောတာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ် ဆက်ကပ်ပြီး သာသနာပိုင်တင်မြှောက်ခဲ့သည်။ ပုဂံမင်းသည် သာသနာပိုင်ဆရာတော်အား မဟာဝေယံဘုံသာကျောင်းတော်နှင့် မဟာရတနာဘုံသာကျောင်းတို့ကို လှူဒါန်းသောအခါ၌လည်း ဒုတိယနှင့် တတိယအကြိမ်အဖြစ် သာသနာပိုင်ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့ပြန်သည်။ ဆရာတော်သည် ရွှေဘိုမင်းလက်ထက်၌လည်း ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူခဲ့သဖြင့် ၄ ထပ်ကွမ်း တံဆိပ်တော်ရဆရာတော်ဖြစ်သည်။ ပရိယတ္တိကောဝိဒဂုဏ် ပြည့်စုံလုံလောက်တော်မူသဖြင့် အင်္ဂုတ္တရပါဠိတော်, အဋ္ဌကထာ, မြန်မာပြန် နိဿယ စသော ကျမ်းပေါင်းများစွာကို ရေးသားတော်မူခဲ့သည်။

သာသနာလင်္ကာရစာတမ်း၌ ပုဂံခေတ် နရပတိစည်သူမင်း(ကောဇာသက္ကရာဇ် ၅၃၆–၅၇၃, အေဒီ ၁၁၇၄–ဝ၁၂ဝ၁)လက်ထက်၌လည်း 'တောင်ကို ဂူထွတ်တရုတ်မော်၊ အနောက်ကို ဘိုးခေါင်း၊ အရှေ့ကို ကုန်းခေါင်း၊ မြောက်ကို မလွန်တောင်ခွင်ကျွန်းတော် ဤ ၄ ရပ်အတွင်းတွင် လူဖွေးဖွေးကို ငါ့သား စီရင်စေ။ ရှင်ချင်းချင်းကို ငါ့ဆရာ စီရင်စေ' ဟုအမိန့်တော်နှင့် ရှင်သဒ္ဓမ္မဋ္ဌိတိကို သာသနာပိုင်ခန့်တော်မူခဲ့ကြောင်း ဖော်ပြထားသည်။

ဤကား ခေတ်ဆက်ဆက်၌ မြန်မာဘုရင်များက မင်းဆရာ သံဃရာဇာအဖြစ် တင်မြှောက်ကိုးကွယ်ခဲ့သော လက်လှမ်းမီသမျှ သာသနာပိုင်ဆရာတော်များဖြစ်သည်။

❑

ဆရာတော်ဦးဖုဓ်

ဘာသာရေးလောကတွင် ဘာသာတိုင်း၌ပင် သက်ဆိုင်ရာ ဘာသာဝင်များက မိမိတို့သက်ဆိုင်ရာ ဘုရားကို အထွတ်အထိပ်ထားသကဲ့သို့ ထိုဘုရားဟောကြားသော မုခပါဠ်တရားတော်များကိုလည်း ဦးထိပ်ထား၍ လိုက်နာကျင့်ကြံကြသည်။ ထိုတရားတော်များ တည်တံ့ပြန့်ပွားရေးအတွက် ပဓာနထား ဆောင်ရွက်ပေးနေကြသော ဘာသာရေးဝန်ဆောင် ဘာသာရေးခေါင်းဆောင်များကိုလည်း အလေးဂရုထားကြသည်။ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထား ကိုးကွယ်သော မြတ်ဘုရားကား သီလ, သမာဓိ, ပညာ သိက္ခာ ၃ ရပ်အရာတွင်လည်းကောင်း၊ ဘုန်းတော်အရာ, ဉာဏ်တော်အရာတွင်လည်းကောင်း၊ မေတ္တာ, ခန္တီ, သစ္စာစသော အရာများတွင်လည်းကောင်း အတုမရှိ မနှိုင်းယှဉ်အပ်သော လူ, နတ်, ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော 'မဟာလူသား မြတ်ဘုရား' ဖြစ်သည်။

ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော ထိုမြတ်ဘုရား ဟောကြားတော်မူခဲ့သည့် မုခပါဠ်တရားတော်များမှာလည်း ဘုန်းတော်ဘွဲ့များကဲ့သို့ ဟောကြားထားသော တရားတော်များ မဟုတ်။ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ အသိဉာဏ်တိုးပွားပွင့်လင်းမှုကို ပေးနိုင်စွမ်းရုံမျှမက ပစ္စုပ္ပန်, သံသရာ, ဘဝ ၂ဖြာ ခရီးလမ်း၌ ကောင်းစခန်းသို့ တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေးကိုလည်း လမ်းညွှန်ပေးထားသော တရားတော်များ ဖြစ်သည်။ ကျင့်ကြံသူများအား အပါယ် စသော မကောင်းဘေးများသို့ မကျရောက်အောင် ဆောင်ရွက်ပေးသောကြောင့် တရားဓမ္မအစစ်များသာ ဖြစ်သည်။ အချုပ်အားဖြင့် သတ္တဝါများ မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကို ဖြူအောင်ထားနိုင်ရေးအတွက် ဆုံးမထားသော တရားတော်များဖြစ်သောကြောင့် သာသနာတော်အစစ်ပင် ဖြစ်သည်။

ယင်းတရားဓမ္မ အနှစ်သာရ သာသနာတော်အစစ်များကို တည်တံ့ပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူနေကြသော ဘာသာရေးဝန်ဆောင်, ဘာသာရေးခေါင်းဆောင်, သာသနာ့ဝန်ထမ်း ရဟန်းတော်များမှာလည်း လူသာမန်များနှင့် လုံးဝမတူသော ပညတ်ချက် သိက္ခာပုဒ်များစွာကို စောင့်ထိန်းနေရသော ရဟန်း၊ သီလ ၄ ပါးကို လုံခြုံအောင် စောင့်ထိန်းနေရသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များသာ ဖြစ်သည်။ လူသာမန်တို့သာမက နတ်, ဗြဟ္မာများပါ ရှိခိုးပူဇော်ထိုက်သော ပုဂ္ဂိုလ်များဖြစ်သည်။ ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သောကြောင့် ရှိခိုးပူဇော်သူများမှာလည်း များစွာ အကျိုးပွားတိုး ရရှိနိုင်သည်။ အရိယာပရမတ္ထသံဃာမြတ်များဖြစ်ပါက သက်ဆိုင်ရာ ကိလေသာအားလုံးကို အကြွင်းမဲ့ ပယ်သတ်ထားပြီးသော ပုဂ္ဂိုလ်ထူးများ ဖြစ်သောကြောင့် ရှိခိုးပူဇော် လှူဒါန်းရသူများအဖို့ ဒိဋ္ဌဓမ္မအကျိုးဖလကို ရရှိနိုင်ကြသည်။ ယနေ့ ဗုဒ္ဓဘာသာဝင်များ ဆည်းကပ်ကိုးကွယ်ပူဇော်လှူဒါန်းနေကြသော သံဃာတော်များကား ဤသို့သဘောရှိသော ပုဂ္ဂိုလ်မြတ်များပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးအခါက သာသနာတော်အတွက်ရော ဆည်းကပ်ကိုးကွယ် လှူဒါန်းရသူများအတွက်ပါ အကျိုးတရား အလွန်တရာကြီးမားခဲ့သော သောဏမထေရ်, ဥတ္တရမထေရ်, ရှင်မဟာဗုဒ္ဓဃောသ, ရှင်ဓမ္မဒဿီခေါ် ရှင်အရဟံ, ရှင်သီလဗုဒ္ဓိ, ရှင်ဥတ္တရာဇီဝ စသော အလွန်ရှေးကျသော ခေတ်ဦးဆရာတော်များနှင့် နောင်းခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သော ဆရာတော်အရှင်မြတ်များ အများအပြား ပေါ်ထွန်းခဲ့သည်။

အနီးကပ်ဆုံးဖြစ်သော ကုန်းဘောင်ခေတ်တွင်လည်း သီလ, သမာဓိ, ပညာ, ဘာဝနာအရာဘက်တွင် လည်းကောင်း၊ ပရိယတ္တိ စာပေဘက်တွင် လည်းကောင်း ယခုခေတ်လူတို့ အံ့သြမှုဖြစ်ရလောက်အောင် ကြည်ညိုဖွယ်, မြတ်နိုးဖွယ်ကောင်းသော ဆရာတော်များ အများအပြားပင် ပေါ်ထွန်းခဲ့သည်။ ထိုဆရာတော် အရှင်မြတ်များ၏ ဉာဏ်ပညာထက်မြက်မှုနှင့် ပရိယတ္တိစာပေ တတ်ကျွမ်းမှုအရာတွင်လည်း မျက်မှောက်ခေတ်လူများ လက်ဖျားခါရလောက်အောင် ထက်မြက်တော်မူကြသည်ကို တွေ့ရှိရသည်။ ဘုရင်များ၏အာဏာစက်အောက်တွင် ပကတိသဒ္ဒါတရား ကြီးမားတော်မူကြသောကြောင့်လည်း လဇ္ဇီပေသလ သိက္ခာကာမ ဂုဏ်များနှင့်

ပြည်စုံလုံလောက်တော်မူကြသည်ကိုပါ တွေ့ရှိရသည်။ ယင်းဆရာတော်များ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို ဖတ်ရှုရသည်မှာ ကြည်ညိုစိတ် တဖိတ်ဖိတ် ဖြစ်ပေါ်ရသည့်အပြင် သာသနာတော်အတွက်လည်း အားတက်ခဲ့ရသည်။

ထိုဆရာတော် အရှင်မြတ်များအနက် ကောဇာသက္ကရာဇ် ၁၁၈၁ ၌ နန်းတက်သော ဘကြီးတော်မင်းနှင့် ကောဇာသက္ကရာဇ် ၁၁၉၉ ၌ နန်းတက်သော ရွှေဘိုမင်းတို့လက်ထက်တွင် ထင်ပေါ်ကျော်ကြားခဲ့ပြီး သာသနာရေးလောကတွင် ယနေ့တိုင် ပေါ်လွင်ထင်ရှားလျက်ရှိနေသော ဆရာတော်ဦးဖုန် အကြောင်းကို တင်ပြလိုသည်။ မြန်မာနိုင်ငံ သာသနာရေးလောကတွင် 'ဖုန်အစ, ဖုန်အလယ်, ဖုန်အဆုံး'ဟူ၍ ဆိုထုံးတစ်ရပ် ယနေ့တိုင် ထင်ဟပ်လွင့်ပျံ့လျက် ရှိနေသည်။

'ဖုန်အစ'သည် မြတ်စွာဗုဒ္ဓကို ဆိုခြင်းဖြစ်သည်။ 'ဖုန်အလယ်'ဟူသည် ရှင်မဟာဗုဒ္ဓဃောသကို ဆိုလိုသည်။ 'ဖုန်အဆုံး'ဟူသည် ဆရာတော်ဦးဖုန်ကို ဆိုခြင်းပင် ဖြစ်သည်။

ရှင်မဟာဗုဒ္ဓဃောသနှင့် ဆရာတော်ဦးဖုန်တို့သည် ဉာဏ်ပညာ ထက်မြက်ပြီး သာသနာတော်အတွက် ကျေးဇူးတရား ကြီးမားတော်မူခဲ့သော ပုဂ္ဂိုလ်ထူးများဖြစ်သောကြောင့် မြန်မာနိုင်ငံ သာသနာတော်တွင် မြတ်စွာဘုရားရှင်ပြီးနောက်တွင် တွဲယှဉ်ဖော်ပြကြခြင်း ဖြစ်သည်။

ဆရာတော်ဦးဖုန်ကား ကောဇာသက္ကရာဇ် ၁၁၄၈ နယုန်လပြည့်ကျော် ၅ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ အလုံတိုက်နယ် ညောင်ကန်ရွာဇာတိဖြစ်သည်။ ဆရာတော်သည် ရှင်ရဟန်းဖြစ်သောအခါ 'ရှင်စက္ကိန္ဒ' ဟူသောဘွဲ့အမည် ရှိသော်လည်း လူအမည် 'ဦးဖုန်'ဖြင့်သာ ထင်ရှားတော်မူသည်။

ရတနာပူရ အင်းဝ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်း၏ မိဖုရားခေါင်ကြီး သိရိပဝရတိလောက မဟာရာဇိန္ဒာ ရတနာဒေဝီက ရတနာပူရ အင်းဝမြို့တော်၌ ဆောက်လုပ်ထားသော မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ဆရာတော်ဦးဖုန်၏ အစ်ကိုအကြီးဆုံးဖြစ်သော ပုညာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ခံ ဆရာတော်ဦးပိုအား တင်လှူခဲ့သည်။ ကောဇာသက္ကရာဇ် ၁၁၉၁ တန်ခူးလတွင် ဆရာတော်ဦးပို ပျံလွန်တော်မူသဖြင့် ယင်းကျောင်းတော်ကြီးကို မည်သည့်ဆရာတော်အား တင်လှူရမည်ကို ဘုရင်နှင့် မိဖုရားကြီးတို့က ကြံစည်လျက်ရှိခဲ့သည်။ ထိုအခါ

'မိုးချုပ်လို့ ဖုတ်ကြီးမြည်၊ လူစည်တဲ့ဘုန်း။
သာသနာ ဝါယမာ တစ်ဖန်ထုတ်ဖို့။

ရွှေဖုန်ကယ် မယ့်ဆံထုံး၊ နားလှည့်ပါအုံး'ဟူသော တဘောင် ပေါ်လာသဖြင့် ယင်းတဘောင်ကို အမတ်ကြီးဦးပေါ်ဦး ယူလာပြီး ဘုရင်နှင့်တကွ ဆရာတော်သံဃာတော်တို့အား တင်ပြလျှောက်ထားခဲ့သည်။

ၚင်းနောက် ယင်းတဘောင်အရ ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့က ပဒုံ (ယခုအလုံ)မြို့နယ် ညောင်ကန်ရွာမှ ဆရာတော်ဦးဖုန်အား ပင့်၍ အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို တင်လှူခဲ့သည်။ စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့သည်။ အချို့က စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇဂုရုဘွဲ့ဖြစ်ကြောင်း ဆိုသည်။

ဆရာတော်သည် အင်းဝမြို့တော်သို့ ဝါတော် ၂၂ ဝါကျော် ၂၃ ဝါရပြီးမှ ရောက်ရှိတော်မူသည်ဟု ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ရေးသားသော ရူပသိဒ္ဓိနိဿယကို ညောင်ကန်ရွာ၌ သီတင်းသုံးနေတော်မူစဉ် သက်တော် ၄၂, ဝါတော် ၂၂ သက္ကရာဇ် ၁၁၉၀ တွင် ပြုစီရင်သည်ဟု ယင်း နိဿယနိဂုံး၌ ဖော်ပြထားသောကြောင့် ဖြစ်သည်။ အင်းဝရွှေမြို့တော်သို့ ဆရာတော်ရောက်ရှိပြီး နောက်တစ်နေ့တွင် မယ်တော် ရောက်ရှိလာရာ စာချနေဆဲဖြစ်၍ ဆရာတော်အား တွေ့ခွင့်မရဘဲ ရှိခဲ့သည်။ စာချပြီးဆုံး၍ ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ရာ ဆရာတော်က

"မယ်တော်သည် ဘဝါဘဝက ကံအကြောင်း မလှသောကြောင့် တောအရပ်၌ ဆင်းရဲစွာနေခဲ့ရသည်။ နောင်ချမ်းသာရေးအတွက် မယ်တော်တဘက်ကို လှူပါ" ပြောရာ မယ်တော်က လှူခဲ့သည်။

ထိုအခါ ဆရာတော်က သံဃာအား လှူဒါန်းခြင်းဖြစ်စေရန် တဘက်ကို အစိတ်စိတ်ဆုတ်ဖြဲပြီး အများသံဃာသုံး ပေစာထုပ်စည်းကြိုးအဖြစ် အသုံးပြုတော်မူခဲ့သည်။ ထိုအကြောင်းကို ဘကြီးတော်မင်း ကြားသိသောအခါ ဆရာတော်၏ မယ်တော်နှင့် ခမည်းတော်ကို ရွှေမြို့တော်သို့ခေါ်၍ ဆရာတော်၏ကျောင်းတော်နှင့် မနီးမဝေးအရပ်တွင် အိမ်ဆောက်ပေးခဲ့သည်။

ဆရာတော်ဦးဖုန်သည် နိကာယ်ငါးဦး ပင်လယ်ကူးဖြစ်တော်မူသောကြောင့် နိုင်ငံမဆုံ ပျံ့နှံ့ကျော်စောခြင်း ဂုဏ်သတင်းနှင့် ပြည့်စုံတော်မူသည်။ စာပေပို့ချခြင်း,

ကြည့်ရှုခြင်း ပရိယတ္တိကိစ္စ၌ အလွန်မွေ့လျော် ပျော်ပိုက်တော်မူလေ့ရှိသည်။ စာကြည့်ခြင်း ပျက်ကွက်မည်စိုးသဖြင့် မင်းမှူးမတ် စသော လူ့ပရိသတ် အာဂန္တု ရဟန်းပရိသတ်တို့အား လက်ခံစကား ပြောဟောတော်မူလေ့မရှိ ဖြစ်သည်။

မိမိကျေးဇူးရှင်ခမည်းတော် အနိစ္စရောက်ရာတွင် ဈာပနကိစ္စကို မင်းမှူးမတ် စသော ဒါယကာ ဒါယိကာမတို့က စီမံ၍ အသုဘရှု ကြွတော်မူရန် ပင့်လျှောက်သဖြင့် 'ကျေးဇူးရှင် အဖရင်းဖြစ်သောကြောင့် နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုရတော့မည်'ဟု အောက်မေ့ကာ လက်တွင်စာကိုင်လျက် ကျောင်းပေါက်ရန်းခေါ် ဆင်ဝင်မှနေ၍သာ ကြည့်ရှုတော်မူသည်။

အခါတစ်ပါး အမတ်ကြီးဦးပေါ်ဦးက 'ဆရာတော်သည် မိမိအား စကား ပြောရမည်'ဟု ဝန်ကြီးတစ်ဦးနှင့် လောင်းကြေးပြုပြီး ဝတ်လုံတော်ရှည်ကြီးကို ဝတ်ဆင်လျက် ဆရာတော်ထံ သွားရောက်ဦးချပြီး ရှိသေစွာ ဝပ်လျက်နေခဲ့သည်။ ကြာလာသောအခါ ညောင်းညာလာသဖြင့် မကြာခဏ ဘယ်ညာပြောင်းလျက် ရှိသည်။ ထိုအခါ ဆရာတော်က "ဟဲ့၊ အမွေးစုတ်နှင့် တလှုပ်လှုပ်နေတာ ဘယ်က ခွေးလဲ"ဟု ပြောလိုက်သည်။ ယင်းစကားကို ကြားလိုက်ရသော ဦးပေါ်ဦးမှာ ဝမ်းသာအားရပြီး ထသွားကာ ဝန်ကြီးအား ကြွား၍အနိုင်ယူခဲ့သည်ဟု အဆိုရှိ သည်။

အလားတူ ဘကြီးတော်၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုသည် ရွှေဘို မင်းလက်ထက်၌ ရာဇဝတ်သင့်၍ အသတ်ခံရမည့်ဆဲဆဲတွင် မိမိကိုးကွယ်သော ဆရာတော်အား နောက်ဆုံးဖူးမြင်ခွင့်ပြုပါရန် အခွင့်ရသောအခါ ဆရာတော်ထံ သွားရောက်ဖူးမြော်သည်။ ဆရာတော်က 'ရှေးက ဝိပါက်ကံ ဖန်လာတော့ ခံလိုက် ပါတော့'ဟူ၍သာ မိန့်ကြားတော်မူသည်။

ဆရာတော်ဦးဗုဓ်သည် ရှေးရှေးသော ပါရမီဒဗ္ဗသမ္ဘာရ အဟုန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် အာဇာနည်အရှင်တစ်ပါး ဖြစ်သည့်အလျောက် ငယ်စဉ်ကပင် သိမ်မွေ့သော ကိုယ်,နှုတ်အမူအရာ ရှိတော်မူသည်။ ၆ ဖြာသော ဣန္ဒြေကို စောင့် စည်းခြင်း ရှိတော်မူသဖြင့် အလွန်တည်ကြည်သော သမာဓိတရားနှင့် ပြည့်စုံသော ကြောင့် မည်သူမဆို ကြည်ညိုလေးမြတ် ရှိသေကြောက်ရွံ့ကြရသည်။

ရယ်ခြင်း ၆ ပါးတွင် ပြုံးရုံနှင့် သွားပေါ်ရုံရယ်ခြင်း ၂ မျိုးကို ဘုရား ရဟန္တာတို့ ရယ်တော်မူသည်ဟု အဆိုရှိသည်။ ဆရာတော်ဦးဗုဓ်ကား နှုတ်တော်မှ အသံထွက်အောင် ရယ်ရွှင်ဖူးသည်မရှိကြောင်း သိရှိရသည်။ မည်သည့် ပုဂ္ဂိုလ်ကိုမျှ မျက်နှာ ကြီး,ငယ်လိုက်၍ ပြောဆိုတော်မူလေ့မရှိ ဟူ၍လည်း သိရှိရသည်။ ဆရာတော်သီတင်းသုံးတော်မူရာ ကျောင်းသို့လာရောက်ကြသော အတွင်းဝန် မင်းကြီးများကိုပင် ကျောက်တလင်းပြင်တွင် မြက်သုတ်သင်ခိုင်းတော်မူလေ့ရှိသည်ဟု ဆိုသည်။

အထူးမှာ ဆရာတော်ဦးဗုဓ်သို့ ချဉ်းကပ်၍ သာမန်ပုဂ္ဂိုလ်များ စာလျှောက် မေးမြန်း စုံစမ်းခြင်းကို မပြုဝံ့ကြကြောင်း သိရှိရသည်။ ပရိယတ္တိအရာတွင် 'သကသမယ'ဟူသော တောအုပ်, 'ပရသမယ'ဟူသော တောအုပ်သို့ သက်ဝင်စေ ခြင်းငှာ စွမ်းနိုင်သူဖြစ်သောကြောင့် ပုဒ်ပဒ, ဝါကျ, အတ္ထ, ဝိနိစ္ဆယ, အဓိပ္ပာယတ္ထ တို့၌ ကောက်ယူဆုံးဖြတ်ခြင်း၌လည်း လိမ္မာရဲရင့်တော်မူလှသဖြင့် နောက် အဋ္ဌကထာဆရာဟူ၍လည်း ကျော်စောလျက်ရှိသည်။

ရွှေဘိုမင်းတရားက သာသနာပိုင်ဆရာတော်အား "ညောင်ကန်ဆရာတော် ဦးဗုဓ်သည် ဇမ္ဗူမဆုံ ပျံ့နှံ့သောဂုဏ်သတင်း ရှိပါသည်။ ပျံ့နှံ့ကျော်ကြားသလောက် တော်,မတော် မေးမြန်းစိစစ်တော်မူပါ"ဟု လျှောက်ထားသဖြင့် ဆရာတော်ဦးဗုဓ် ကိုပင့်ပြီ သုဓမ္မာဝင် ဆရာတော်များနှင့်တကွ သဲအင်း သာသနာပိုင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် သဒ္ဒနယ, အတ္ထနယ စသည်တို့ကို မေးမြန်းစုံစမ်းတော် မူရာ ဆရာတော်ဦးဗုဓ်က မေးမြန်းစုံစမ်းသမျှအရပ်ရပ်ကို နှုတ်မဆိတ်ဘဲ သဒ္ဒ သံဝဏ္ဏနာ, အတ္ထသံဝဏ္ဏနာ, အလင်္ကာနည်း, ဆန်းနည်း, အဘိဓာန်နည်း, နေတ္တိနည်း, ပဋ္ဌာန်းနည်း, အဋ္ဌကထာနည်း, ဋီကာနည်း, ဂဏ္ဌိယောဇနာနည်း စသည်တို့ဖြင့် တန်ဆာဆင်လျက် နှုတ်တက်ရွရွ အာဂုံကျနံ သိသာလှအောင် ဖြေကြားတော်မူခဲ့သည်။ ထိုအခါ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးက "ညောင်ကန်ဆရာတော်သည် အတော်နှင့်အကျော် အကျော်က နည်းသေးသည်"ဟု မိန့်ကြားတော်မူခဲ့ရသည်ဟု ဆိုသည်။

ထို့ကြောင့် ရွှေဘိုမင်းက နောင်တော်ကြီးဖြစ်သော ဘကြီးတော်မင်း လက် ထက်က ပေးအပ်ခဲ့သော စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်ကို

ဖြည့်စွက်၍ စက္ကိန္ဒာဘိသိရီသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဒုတိယဘွဲ့တံဆိပ်ကို ဆက်ကပ်ခဲ့သည်ဟု ဆိုသည်။ ဦးပေါ်ဦး လျှောက်ထုံး၌ကား ဇမ္ဗူဒီပဓဇ တိပိဋကဓရ သိရီပဝရ ဓမ္မသေနာပတိ အတုလာဓိပတိ ကဝိနာထ ပဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဒုတိယဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဆရာတော်ဦးဖုဓ် စီရင်တော်မူခဲ့သော ကျမ်းပေါင်း ၃၇ ကျမ်းရှိသည်ဟု ဆိုသည်။ အချို့ကျမ်းများ တိမ်မြုပ်လျက်ရှိပြီး အချို့ကျမ်းများမှာ ထင်ပေါ်လျက်များစွာ အသုံးပြုနေကြသဖြင့် ယနေ့ စာသင်,စာပြင်,စာချပုဂ္ဂိုလ်တို့အား အလွန်ကျေးဇူးပြုလျက်ရှိသည်။

ညောင်ကန်ဆရာတော် ဦးဖုဓ်၏ ဆရာစဉ်ဆက်မှာ ဘွဲ့တံဆိပ်တော်ရဆရာတော် ၁၁ ဆက်ရှိသည်။ ၎င်းတို့မှာ တောင်တွင်းကြီး ခင်ကြီးဖျော်, ၎င်းတပည့် ခင်ကြီးညွှန့်, ၎င်းတပည့် ခင်ကြီးရာ, ၎င်းတပည့် ခင်ကြီးသာပုံ, ၎င်းတပည့် ဦးမှတ်ကြီး, ၎င်းတပည့် ဆရာတော်ဦးပို, ၎င်းတပည့် ညီတော်ဦးတိုး, ၎င်းတပည့် ညီတော်ဖုဓ်, ၎င်းတပည့် ဦးကြည်ညို, ၎င်းတပည့် ဦးယူ, ၎င်းတပည့် ဦးကန်ရိုးတို့ဖြစ်သည်။ တောင်တွင်း ခင်ကြီးဖျော်မှတစ်ပါး ကျန် ၁၀ ဆက်ကား ဆွေတော်မျိုးတော်များ ဖြစ်သည်။ ထိုဆရာတော်ကြီးများသည် ရာဇာဓိရာဇဂုရု ဖြစ်တော်မူကြသဖြင့် အသီးသီး ကျမ်းဂန်များ ရေးသားတော်မူခဲ့ကြသည်။

ဆရာတော်ဦးဖုဓ်သည် သက်တော် ၅၅ နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

❑

သုဓမ္မာဂိုဏ်း

မြန်မာနိုင်ငံ သံဃာ့ကိစ္စများကို သံဃာတော်များကသာ ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြရန်နှင့် လိုအပ်သော ကိစ္စများတွင် နိုင်ငံတော်အစိုးရက အာဏာစက်ဖြင့် ပံ့ပိုး၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ဖြစ်မြောက်ရေးအတွက် သံဃာ့ဥသျှောင် သံဃာ့ဝန်ဆောင် ဆရာတော်ကြီး ၆၆ ပါးတို့သည် သံဃာ့အဖွဲ့အစည်းဆိုင်ရာ အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းနှင့် သာသနာဝင်မှတ်တမ်းဆိုင်ရာ လုပ်ငန်း ၃ ရပ် ကိစ္စများကို ၁၃၄၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် (၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့)တွင် စတင်ညှိနှိုင်း ဆွေးနွေးရေးဆွဲတော်မူခဲ့ကြသည်။

ထိုနှစ် အဘိဓဇ မဟာရဋ္ဌဂုရု ပထမဦးဆုံး ခံယူရရှိတော်မူကြသည့် မုဒ္ဒန်း, ခန္တီး, ရွှေဟင်္သာ, မစိုးရိမ်ဆရာတော်ကြီး ၄ ပါးနှင့် ဝန်ဆောင် ၆၆ ပါးတွင်ပါဝင်သော တိပိဋကဓရဆရာတော် ဦးကောသလ္လမှတစ်ပါး ကျန် တိပိဋကဓရဆရာတော် ၃ ပါးတို့ အကြံပြုဆရာတော်များအဖြစ် ပါဝင်တော်မူခဲ့ကြသည်။ ယင်း ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ တည်ရှိခဲ့သော ဂိုဏ်းကြီး ၉ ဂိုဏ်းကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက တည်ရှိခွင့်ပြုခဲ့သည်။ နောက်ထပ်မံ၍ ဂိုဏ်းသစ်တည်ထောင်မှုကို ပိတ်ပင်တားမြစ်ခဲ့သည်။ တည်ရှိခွင့်ရရှိသော ဂိုဏ်းကြီး ၉ ဂိုဏ်းမှာလည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ်, ဝိနည်း, အဘိဓမ္မာဆိုင်ရာ လိုက်နာကျင့်ကြံမှုများမှာရော အဝတ်အဆင်နှင့် အသွင်အပြင်အားလုံးမှာပါ ထပ်တူညီမျှပင် ဖြစ်သည်။ ဆရာသမားများကို အစွဲပြု၍ ဤသို့ဂိုဏ်းအဖြစ် ကွဲပြားနေရခြင်းသာဖြစ်သည်။

ယင်း ၉ ဂိုဏ်းအနက် သုဓမ္မာဂိုဏ်းသည် သံဃာအများဆုံးဖြစ်၍ အကြီးဆုံးဂိုဏ်းဖြစ်သည်။ သုဓမ္မာဂိုဏ်းကား မူလကဂိုဏ်းအဖြစ် တည်ရှိခဲ့သည်မဟုတ်ဘဲ ရွှေကျင်ဂိုဏ်းဖြစ်ပေါ်လာမှုမှ စတင်၍ သုဓမ္မာဂိုဏ်းဟူ၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ပုဂံခေတ်တွင် သထုံနွယ်ဂိုဏ်းနှင့် သီဟိုဠ်နွယ်ဂိုဏ်း နောက်ပိုင်းတွင် သထုံနွယ်ဂိုဏ်းနှင် သီဟိုဠ်နွယ် ၃ ဂိုဏ်းအဖြစ် ကွဲပြားခဲ့သည်။ ပုဂံခေတ်ကုန်ခါနီး အချိန်မှစ၍ ယင်း ဂိုဏ်းသံဃာတော်များ တဖြည်းဖြည်း မှေးမှိန်လာပြီး အရည်းအနွယ်များ၏ လောကီပညာရပ်ဆိုင်ရာ ပို၍ ထွန်းကားလာသည်။ ရဟန်းလောကတွင် ပုရဗိုဇ်ရသေ့များကဲ့သို့ ဦးထုပ်ဒေါက်ချာဆောင်းပြီး တရပတ်ကိုင်ဆောင်သူပေါများလာသည်။ ယင်း ပရိဗိုဇ်ရသေ့များသည် လောကုတ္တရာပညာကို စွမ်းနိုင်သူအား သင်ကြားပေးပြီး၊ နက္ခတ်, ဗေဒင် စသော လောကီပညာရပ်များကိုမူ ဟုတ်ဟုတ်ငြားငြား စွမ်းစွမ်းတမံ သင်ကြားပေးကြသည်။ အချို့ပွဲကျောင်းများကား ဓားခုတ်, လှံထိုး စသော စစ်အတတ်ပညာကိုပါ သင်ကြားပေးသည်။

ပျူစောထီး၏ ဆရာရသေ့ကြီးသည် ပျူစောထီးအား လေးအတတ်ကို တစ်ဖက်ကမ်းခတ် တတ်မြောက်အောင် သင်ကြားပေးခဲ့သည်။ မြို့ပြင်ကြီးဆရာတော်သည် ကင်းဝန်မင်းကြီးအား ငယ်စဉ်က သိုင်းပညာကို သင်ကြားပေးခဲ့သည်။

ဘုန်းတော်ကြီးသင် ပညာရေးမော်ကွန်း၌ လောကုတ္တရာပညာ သင်ကြားမှုမှာ ပုဂံခေတ်ကုန်ခါနီး အချိန်လောက်မှစ၍ မှေးမှိန်ခဲ့သည်ဟုဆိုသော်လည်း သာသနဗဟုသုတပကာသနီ၌မူ ပုဂံမင်းဆက်နောက်ဆုံး မင်းရဲကျော်စွာ, စောနစ်, စောမွန်နစ်တို့ လက်ထက်တိုင် ပုဂံတွင် သာသနာတော်ထွန်းကားခဲ့ကြောင်း၊ မိန်းမများပင် စာပေကျမ်းဂန် တတ်မြောက်ကြကြောင်း၊ ပင်းယခေတ်တစီးရှင် လက်ထက်တော်ကျမှ အဆိုပါ ပရိဗိုဇ်များ ပေါ်ပေါက်လာကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ပုဂံအနော်ရထာမင်းရန်ကို ကြောက်၍ တိမ်းရှောင်နေကြသော ရဟန်းတု ရဟန်းယောင်များ၏ အဆက်အနွယ်များဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်း ရဟန်းတုရဟန်းယောင်များအနက် အချို့က ကိုယ်တိုင်ပင် လက်ဖွဲ့ယှဉ်ပြိုင်ထိုးသတ်မှု ပြုကြသည်။ အင်းဝခေတ် သက္ကရာဇ် ၇၆၂ ၌ နန်းတက်သော မင်းခေါင်ကြီးလက်ထက်တွင် အသက် ၆၉ နှစ်ရှိ အောင်စည်းခုံသံဃရာဇာ ခင်ကြီးသည် လက်ဝှေ့ချန်ပီယံပင် ဖြစ်သည်။ သံဃာအား ဘုရားယုံခဲ့သည့် စာအုပ်၌

ယင်းရဟန်းကြီးသည် မင်းခေါင်ကြီးလက်ထက်ဟု ဖော်ပြထားသော်လည်း သာသနဗဟုသုတပကာသနီကျမ်းတွင် သက္ကရာဇ် ၇၁၄ ၌ နန်းတက်သော ပင်းယခေတ် ၅ စီးရှင်လက်ထက်ဖြစ်ကြောင်း ဖော်ပြထားသည်။

သက္ကရာဇ် ၉၁၃ ၌ စစ်ကိုင်းသို့ ရောက်ရှိလာသော ရှင်တိသာသနဓဇ၏ ဩဝါဒကြောင့် ရဟန်းတော်များ ဦးထုပ်ဒေါက်ချာ မဆောင်း၊ တရပတ် အဖြူ၊ အနီ မကိုင်တော့သဖြင့် အဓမ္မပါဒီအခိုက်အတန့် ပပျောက်ခဲ့သည်။ ရှင်တိသာသနဓဇကား သက္ကရာဇ် ၉၁၂ တွင် ဟံသာဝတီသို့ ရောက်ရှိပြီး သက္ကရာဇ် ၉၁၃ တွင် စစ်ကိုင်းသို့ ပြန်လည်ရောက်ရှိခဲ့သော အရှင်မြတ်ဖြစ်သည်။ အချို့က နေရင်းတောင်ငူမှ အထက်သို့ ဆန်တက်လာသော ဆရာတော်ဖြစ်သည်ဟု ဆိုသည်။ သာသနာလင်္ကာရစာတမ်း၌ သက္ကရာဇ် ၉၁၂ ဆင်ဖြူရှင်များရှင် မင်းတရားကြီး ဟံသာဝတီကို စိုးအုပ်တော်မူမှ ရှင်တိသာသနဓဇ ဟံသာဝတီရောက်ကြောင်း၊ အသက် ၄၃ နှစ်ရှိမှ သက္ကရာဇ် ၉၁၃ တွင် အင်းဝ, မိုးညှင်းဆက် မိုးဖြဲ နရပတိမင်းလက်ထက် စစ်ကိုင်းသို့ တစ်ဖန်ရောက်ခဲ့ကြောင်း၊ ရောက်သောအခါ ဘုရင်ကိုးကွယ်သော ဇေတဝန်ကျောင်းတိုက်ကို အုပ်ချုပ်ရပြီး မိုးဖြဲနရပတိ, စလင်းနရပတိမင်း ၂ ဆက် ကိုးကွယ်ခဲ့ကြောင်း၊ သက္ကရာဇ် ၉၁၆ ၌ ဆင်ဖြူရှင် ဘုရင့်နောင်မင်း အင်းဝကို အလိုတော်ပြည့်သော အချိန်ရောက်မှ ရွှေကျောင်းဆောက်လှူပြီး တိသာသနဓဇတံဆိပ်ကို ဆက်ကပ်တော်မူကြောင်း ဖော်ပြထားသည်။

ဖော်ပြပါ ရှင်တိသာသနဓဇ၏ အဆုံးအမဩဝါဒအရ အဓမ္မဝါဒ အခိုက်အတန့်အားဖြင့် ပပျောက်ခဲ့သော်လည်း နောက်ပိုင်းတွင် လေသာကျောင်းဆရာတော်က ဦးထုပ်ဒေါက်ချာ, တရပတ် ဆောင်းကိုင်ရမည်ဟု ဩဝါဒပေးခဲ့သောကြောင့် ခင်ကြီးများ၏ ဓမ္မဝါဒ ပြန်လည်ထွန်းကားလာရပြန်သည်။

တစ်ဖန် သာလွန်မင်းသည် သက္ကရာဇ် ၉၉၇ ၌ ဒုတိယရာဇာဘိသေက ခံယူတော်မူပြီးနောက် ဟံသာဝတီပြည်၏ အနောက်မြောက်ယွန်း အောင်မြေအရပ်တဲနန်း၌ စံမြန်းနေတော်မူစဉ် မွန်မူးမတ် ရဟန်းရှင်လူများက မြန်မာရဟန်းတော်များ စာပေကျမ်းဂန် တတ်ကျွမ်းမှု အားနည်းကြောင်း ပြောသံကြား၍ ပိဋကတ်, ဗေဒင်, လောကဝတ်, ဓမ္မဝတ် တတ်ကျွမ်းသော ရဟန်းတော် ၃ ပါး စေလွှတ်ပေးရန် ၄ ထပ်ဆရာတော်ထံ လျှောက်ထားချက်အရ တိပိဋကာလင်္ကာရ

တိလောကာလင်္ကာရ တိသာသနာလင်္ကာရ ဆရာတော် ၃ ပါးတို့ နောက်ပါ ရဟန်းတော် ၁၀ ပါးစီနှင့် ဟံသာဝတီသို့ ကြွရောက်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ရွှေမော်ဓောသုဓမ္မာဇရပ်၌ မွန်ဆရာတော်များနှင့် စာပေကျမ်းဂန်စကား ပြောဟောတော်မူခဲ့ကြသည်။

ညောင်ရမ်း(ဒုတိယအင်းဝခေတ်ကုန်ခါနီး)သက္ကရာဇ် ၁၀၆၁ ခုနှစ်၌ (ဝံသဒီပနီအလို သက္ကရာဇ် ၁၀၈၁ ခုနှစ်၌)မာရ်အောင် ဘုရားဒါယကာ စနေမင်း (အေဒီ ၁၆၉၈–၁၇၁၄) လက်ထက်တွင် ပင်းယခေတ် ဥဇနာမင်းလက်ထက် သက္ကရာဇ် ၇၀၂ ခုနှစ်၌ စတင်ကွဲလာသော အရညဝါသီ(တော)ဂိုဏ်း, ဂါမဝါသီ (ပွဲကျောင်း)ဂိုဏ်း ၂ ဂိုဏ်းအနက် အရညဝါသီတောဂိုဏ်း ရဟန်းတော်များအတွင်း၌ သာမဏေများ ရွာဝင်, ရွာထွက်သောအခါ သင်္ကန်းရုံသင့် တင်သင့် အငြင်းပွားမှုဖြစ်ပေါ်ခဲ့ရာမှ တုံ(အတင်)ဂိုဏ်း, ရုံဂိုဏ်းဟူ၍ ၂ ဂိုဏ်း ကွဲခဲ့သည်။

အတင်ဂိုဏ်း အယူကား အနံ ၃ မိုက်ခန့် အလျား ၄ တောင်ခန့်ရှိ သင်္ကန်းငယ်ကို အတွန့်တွန့်ချိုးလိပ်၍ ပျဉ်ချပ်ဖြင့် ကြပ်တည်းစွာ ဖိထားပြီးမှ ရဟန်းပဉ္စင်းများ ပခုံးပေါ်တင်သော ဒုကုဋ် ၂ ထပ်သင်္ကန်းကဲ့သို့ ဒုကုဋ်ပြုလုပ်ဆောင်ခြင်းမျိုးဖြစ်သည။ ပခုံးပေါ်တင်ထားရာတွင် ပခုံးပေါ်မှမကျစေရန် အလျား ၄ တောင်, အနံ ၁ ထွာ, ၁ မိုက်ရှိသော သင်္ကန်းစဖြင့် အမြိတ် ၂ စထွက်အောင် ရင်၌ စည်းထားရသည်။ ဤကား အတင်ဂိုဏ်း၏ လုပ်ရပ်ဖြစ်ကြောင်း ရတနာပုံနိဒါန်း၌ ဖော်ပြထားသည်။

ဖော်ပြပါ တုံဂိုဏ်း, ရုံဂိုဏ်းအဓိကရုဏ်းကို မင်းအဆက်ဆက်လက်ထက်တွင် သုဓမ္မာဇရပ်၌ သက်ဆိုင်ရာ ဆရာတော်များက ဖြေရှင်းတော်မူခဲ့ကြသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့် သာလွန်မင်းလက်ထက်မှစ၍ သာသနာရေးရာ ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန် သတ်မှတ်ထားသော အဆောက်အအုံကို 'သုဓမ္မာဇရပ်'အမည်တပ်ခဲ့ကြခြင်း ဖြစ်သည်။ တာဝတိံသာသိကြား မင်းမာဃ၏ ညှိနှိုင်းရာခန်းမ သုဓမ္မာဇရပ်ကို တင်စားခေါ်ဝေါ်ထားသော အမည်ပင်ဖြစ်သည်။ သို့ရာတွင် မင်းတုန်းမင်းလက်ထက် မတိုင်မီကာလ ကုန်ဆုံးသည်အထိ သုဓမ္မာဂိုဏ်းဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ခြင်း မရှိသေးပေ။ မင်းတုန်းမင်းလက်ထက်တွင်မူ သာသနာစိတ်ဓာတ်

ထက်သန်ပြင်းပြသောမင်း ဖြစ်သည့်အလျောက် ရတနာပုံမြို့တည် နန်းတည်ရာတွင် သုဓမ္မာဇရပ်များကိုပါ တစ်ပါတည်း တည်ဆောက်တော်မူခဲ့သည်။

သာသနာပိုင်နှင့် သာသနာပြုဆရာတော်များကိုလည်း ဓမ္မစက်အတွက် အဆုံးအဖြတ်ပေးနိုင်ရန် တင်မြှောက်တော်မူခဲ့သည်။ ယင်းသာသနာပြု ဆရာတော် ၈ ပါးသည် ဥပုသ်နေ့တိုင်း သုဓမ္မာဇရပ်တွင် သာသနာရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်တော်မူကြရသည်။ မင်းတုန်းမင်းလက်ထက်တွင် သုဓမ္မာမှ ဆရာတော်များ၏ ဆုံးဖြတ်ချက်များသည် အာဏာစက်ကို ထိရောက်စွာ ရရှိသဖြင့် ထက်မြက်လာသည်။ ထို့ကြောင့် ဌာနဖြစ်သော သုဓမ္မာဇရပ်ကို အစွဲပြု၍၊ ဌာနီဖြစ်သော သာသနာပြုဆရာတော် ၈ ပါးကိုလည်း 'သုဓမ္မာဆရာတော်များ'ဟု ခေါ်ဝေါ်လာကြသည်။

တစ်ဖန် သာသနာပိုင်နှင့် သုဓမ္မာဆရာတော်များ၏ ဥပဋ္ဌာကမှုက (လုပ်ငန်းအထောက်အကူပြု)အဖြစ် မဟာဒါဝန်, မဟာဒါန်စာရေးတို့ကိုလည်း ခန့်ထားပေးခဲ့သည်။

မဟာဒါန်ဝန် အဓိပ္ပာယ်မှာ 'မြင့်မြတ်သော သို့မဟုတ် ဘုရင်၏ လှူဒါန်းမှုအစုစုကို စီမံခန့်ခွဲရသူ။ ရဟန်းတို့၏ အမှုအကျင့်ကိုလည်း ထောက်လှမ်းစုံစမ်းရသူ'ဟု ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ဖော်ပြထားသည်။ ယုဒသန်၏ အင်္ဂလိပ်မြန်မာအဘိဓာန်တွင် 'ဘုန်းကြီးများကို ထောက်လှမ်းရသူ' ဟု အဓိပ္ပာယ်ဖွင့်ထားသည်။

မဟာဒါန်ဝန် အသုံးအနှုန်းများကို လက်လှမ်းမီသမျှ သာလွန်မင်း, မင်းတုန်းမင်း, သီပေါမင်းတို့ လက်ထက်တွင် သုံးနှုန်းထားသည်ကို တွေ့ရှိရသည်။ သာလွန်မင်းလက်ထက် ထုတ်ပြန်ခဲ့သော မဟာဒါန်ဝန် လိုက်နာရန် အမိန့်တော်တွင်

'ကပိလဝတ်, ဒေဝဒဟ စသော တိုင်းကြီး ၁၆ တိုင်းမှစ၍ ပေါက်ကံ, မြင်းစိုင်း, ပန်ရ, ရတနာပူရ, ရွှေဝတို့တွင် ဘုရင်မင်းများ တည်ထားသော ကောင်းမှုတော်များ, နယ်နိမိတ်များ, ကျောင်း သံဃိက, ဘုရားသင်္ဃကများတွင် လုပ်ကိုင်နေသူများ၊ ဘဏ္ဍာကို ရောင်းချ စီးပွားရှာသူများကို ဝန်စာရေးကြီးတို့က စစ်ကြောစေ။ စစ်ကြောရ စာရင်းကို ဝန်တို့က သွင်းစေ။ ကျောင်း, ဘုရား, သံဃိက, လှူရေးမင်းတို့ ရေစက်ချ လှူသည်၊ နှုတ်ဖြင့် လှူသည်၊ စေ၍ လှူသည်တို့ကိုလည်း စစ်ကြောစေ။ စာရင်းကို ဝန်တို့က သွင်းစေ"ဟု ပါရှိသည်။

ငင်းအပြင် မဟာဒါန်ဝန်နှင့် မြို့ဝန်များ ဖက်စပ်ဆောင်ရွက်ရပုံ အမိန့်တော်၊ မဟာဒါန်ဝန် တိုင်းတန်ချက်အရ ရဟန်းတော်များအား သတိပေး ဆုံးမစာတမ်းနှင့် မဟာဒါန်ဝန် ပြန်တမ်းများ ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရှိရသည်။ ဦးမောင်မောင်တင်၏ 'ရွှေနန်းသုံး ဝေါဟာရအဘိဓာန်'တွင်မူ

'မင်းနေပြည်တော်နှင့် အနီးအစပ်ရှိ မြို့ရွာတိုက်တာ ကျောင်းကန်များရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်မညီ ပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိဆရာတော်ကြီးများထံ ပို့အပ်ရသည်။ သာသနာပြုဆရာတော်များ စာပေးရန်ရှိက ရေးသားရခြင်း၊ အတွင်းတော် ရွှေလွှတ်တော်များက ဆင့်ဆိုလျှင် သာသနာပြုဆရာတော်ခရီး လျှောက်ထားရသည့် ကျောင်း, ဘုရား စသည်တို့ကို ငြိမ်းအောင် စောင်မရခြင်း၊ သာသနာပြုဆရာတော်၏ အဝေးမြို့ကျေးရွာသို့ ဆင့်ဆိုခေါ်ငင်ရန် ရှိသည်များကို မဟာဒါန်ဝန်က လွှတ်တော်၌ တိုင်တန်းခေါ်ယူရသည်။ ကျွန်, သီးတော်, ဝတ္ထုကံမြေမှစ၍ ကျောင်းနှင့်စပ်သည့်အရာများကို ‌ ထွေးယှက်တင် မရှိစေရန် အထိန်းအအုပ်အစောင့်အနေ ခန့်ထားဆင့်ဆို ထိန်းအုပ်ရသည်'ဟု မဟာဒါဝန်လုပ်ငန်းကို ဖော်ပြထားသည်။

အထူးမှာ မင်းတုန်းမင်းလက်ထက် သုဓမ္မာဆရာတော်များသည် အာဏာစက်ကို အပြည့်အဝရရှိသောကြောင့် သုဓမ္မာဆရာတော်တို့၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ဝံ့သူမရှိပင် ဖြစ်သည်။ သာသနာပိုင်ဆရာတော် ပျံလွန်တော်မူပြီးနောက် 'တိုက်တော်'ဟုခေါ်သော သာသနာပိုင်တိုက်ကို ပရက္ကမဆရာတော်အားအပ်နှင်းရာတွင် ဆန့်ကျင်သောကြောင့် သုဓမ္မာဆရာတော်များက ခေါ်သည်ကို မလိုက်သည့်ပြင်၊ ကေသရာဇာခြသေ့်နေရာမှာ သိင်္ဂါလ(မြေခွေး)ဝင်၍ နေဘိသကဲ့သို့ စသည်ဖြင့် ပြောဆိုသောကြောင့် ဦးဂန္ဓ စသော စာချပုဂ္ဂိုလ်အချို့ကို ရွှေမြို့တော်မှနှင်ထုတ်ရာ ဦးဂန္ဓသည် ရေစကြိုသို့ ကြွတော်မူခဲ့ရသည်။

တစ်ဖန် ကောဇာ ၁၂၃၉ ခုနှစ်၌ ရွှေကျင်ဆရာတော်အား သုဓမ္မာက ထပ်ခါတလဲလဲ ဆင့်ခေါ်ရာ မလာသောသောကြောင့် မင်းချင်းများဖြင့် အတင်းဆွဲခေါ်ရန် စီစဉ်ခဲ့သည်။ ထိုအခါ ရွှေကျင်ဆရာတော်အား မေတ္တာသက်ဝင်လျက်

ရှိသော သုဓမ္မာဆရာတော်အချို့က အောက်မြန်မာနိုင်ငံသို့ ခေတ္တရှောင်တိမ်းနေရန် သတိပေးသဖြင့် ရှောင်တိမ်းရန် စီစဉ်နေဆဲတွင် မင်းတုန်းမင်း ကြားသိရသောကြောင့် ရွှေကျင်ဆရာတော်ကို ဆင့်ခေါ်ခြင်းမပြုရန် လျှောက်ထားပြီး၊ ဂဏဝိမုတ်(ဂိုဏ်းလွတ်)အမိန့် ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ရွှေကျင်ဆရာတော်သည် ထိုအချိန်မှစ၍ သုဓမ္မာဆရာတော်တို့၏ စီရင်မှုအောက်မှ လွတ်ကင်းပြီး သီးခြားဂိုဏ်းအဖြစ် တည်ရှိခွင့် ရရှိခဲ့သည်။

သုဓမ္မာဆရာတော်များ စီရင်မှုအောက်တွင်ရှိသော တစ်နိုင်ငံလုံးမှ သံဃာများကလည်း သုဓမ္မာဂိုဏ်းဝင်အဖြစ်တည်ရှိခဲ့ရာမှ သုဓမ္မာဂိုဏ်းလည်း ပေါ်ပေါက်လာရတော့သည်။

❑

ရတနာပုံခေတ် သာသနာရေး

မန္တလေး ရတနာပုံ ပထမမြို့တည်, နန်းတည် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ခမည်းတော် ရွှေဘိုမင်းတရားကြီးနှင့် နောင်တော် ပုဂံမင်းတရားကြီးများ လက်ထက်၌ 'သီရိမဟာဓမ္မရာဇာ'ဘွဲ့တော်, 'သီရိမဟာ သီဟသူရဓမ္မရာဇာ'ဘွဲ့တော်များကို အပိုင်စားရရှိတော်မူသည်။ မင်းသားကြီးတို့၏ အစီးအနင်း အဆောင်အယောင်များကို ရရှိ၍ အမရပူရလွှတ်တော်ကြီး၌ အဂတိ ၄ ပါးရှောင်ရှားပြီး တရားဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ တရားစီရင် ဆုံးဖြတ်တော်မူလေ့ရှိသည်။

သာသနာနှစ် ၂၃၉၆, ကောဇာ ၁၂၁၄, အေဒီ ၁၈၅၂ ခုနှစ်၌ အမရပူရ တွင် နန်းတက်တော်မူသည်။

အိမ်ရှေ့နန်းလျာ မဟာဥပရာဇ်နှင့်တကွ ဆွေတော်မျိုးတော်, မှူးတော် မတ်တော်တို့အား ညီလာခံရာတွင် အခါမပြတ် သမထဝိပဿနာ, ဘာဝနာ တရား ဖြင့်သာ ပြောကြား ဆုံးမတော်မူလေ့ရှိသဖြင့် "ငါတို့ မင်းတရားကြီး ဘုန်းတော် ကြီး၍ သက်တော်ရှည်ပါစေသောဝ်"ဟူ၍ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့၏ ဆုတောင်းမေတ္တာပတ္ထနာကို အခါမစဲ ခံယူရရှိတော်မူသည်။ သာသနာတော် သန့်ရှင်း ရေးကိုလည်း အထူးအလေးပေး ဆောင်ရွက်တော်မူခဲ့သည်သာမက ပရိယတ္တိ သာသနာတော်ကြီး သန့်ရှင်းစင်ကြယ်စေရန်ကိုပါ ရည်သန်လျက် မူဟောင်း ပေဟောင်းများကို ရှာဖွေစုဆောင်း၍ ကျမ်းဂန်တတ်မထေရ်ကြီးများအား အထပ်ထပ် ကြည့်ရှု သုတ်သင် ပြင်ဆင်စေတော်မူပြီးလျှင် လက်ရေးလက်သားကောင်းသော ပေစာရေးများကို ရွေးချယ်စိစစ်ကာ အဖိုးအခပေးပြီး မင်းညီမင်းသားတို့၏ အဆောင် အယောင်ဖြင့် ရွှေပေ, ကြေးပေတို့၌ ရေးသားစေတော်မူခဲ့သည်။

ဉာဏ်စွမ်းသတ္တိ ထက်မြက်ကုန်သော ရဟန်းတော်များကိုလည်း ရွေးချယ်၍ ဉာဏ်အားရှိသလောက် ဝိနည်း ပါဠိတော်များကို နှုတ်တက်အာဂုံရအောင် ဆောင် စေတော်မူခဲ့သည်။ အဂ္ဂမဟေသီ မိဖုရားမှစ၍ နန်းတွင်းသူ နန်းတွင်းသား မှူးမတ် များနှင့်တကွ နိုင်ငံသူ နိုင်ငံသားများကိုလည်း စွမ်းနိုင်သည့်အလျောက် သုတ်, အဘိဓမ္မာ, ပိဋကတ်လာသုတ်, မာတိကာ, ပဒဘာဇနီ, စိတ္တဝါရ စသည်တို့ကို နှုတ်တက်အာဂုံရအောင် ဆောင်စေတော်မူသည်။ မိမိကိုယ်တိုင်လည်း အနတ္တ လက္ခဏသုတ် စသော များစွာသော သုတ်တော်များကို နေ့စဉ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်တော်မူလေ့ ရှိသည့်အပြင်၊ ကမ္မဋ္ဌာန်းဘာဝနာတရားဖြင့်သာ အချိန်ကို ကုန်လွန်စေတော်မူလေ့ရှိသည်။ ပရိယတ္တိ စာပေတတ်မြောက်လိမ္မာသော ရဟန်း တော်များ၏ ခမည်းတော်, မယ်တော်နှင့် ဆွေမျိုးများကိုလည်း မင်းကိစ္စ ၁၂ ရပ် နှင့် အခွန်အခပေးဆောင်ရခြင်းမှ ကင်းလွတ်စေတော်မူခဲ့သည်။

ခမည်းတော် ရွှေဘိုမင်းလက်ထက်က သာသနာပိုင်ဖြစ်တော်မူသော ဆရာ တော်ကြီး ဦးဉေယျကိုပင် တစ်ဖန် ထပ်မံ၍ 'ဉေယျဓမ္မာဘိမုနိဝရဉာဏ ကိတ္တိ သီရိဓဇ ဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် ဆက်ကပ်၍ သာသနာပိုင်အဖြစ် ကိုးကွယ်သည်။ မင်းတုန်းမင်းလက်ထက် သာသနာပိုင်မှစ၍ တံဆိပ်တော်ရ ကျမ်းဂန်တတ်ဆရာတော် ၈၀ ကျော်ရှိသည်ဟု သိရှိရသည်။

မင်းတုန်းမင်းသည် သာသနာနှစ် ၂၄၀၁ (ကောဇာ ၁၂၁၉ ခုနှစ်တွင်) မြတ်စွာဘုရား ဟောတော်မူသော ရတနာ ၇ ပါးဟူသော ဗောဇ္ဈင် ၇ ပါးကို ရည်စူး၍ ရတနာပုံမြို့တော်, ကျုံးတော်, စေတီတော်, သိမ်တော်, ကျောင်းတော်, ပိဋကတ်တိုက်တော်, သုဓမ္မာဇရပ်တော်ဟူသော ၇ ဌာနကို တစ်ပြိုင်နက်တည်း ဟည်ထောင်၍ ပြောင်းရွှေ့တော်မူပြီး သာသနာတော်ကို အတုမရှိလောက်အောင် ချီးမြှောက်တော်မူခဲ့သည်။

'ရာဇာပဓာနံ'ဆိုသည့်အတိုင်း ရတနာပုံ သာသနာတော်သည် မင်းကောင်း မင်းမြတ်ကို အမှီရသဖြင့် အတိုင်းမသိလောက်အောင် ထွန်းလင်းတောက်ပခဲ့သည်။ ရတနာပုံမန္တလေးတွင် ၄ ပြင် ၄ ရပ်နှင့်တကွ အရပူရတောင်မြို့ အပါအဝင်တွင် တျောင်းတိုက် ၂၁၇ တိုက်၊ ကျောင်းပေါင်း ၁၄၄၂ ကျောင်းနှင့် တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်တကွ ရဟန်းသာမဏေပေါင်း ၁၅၃၆၆ ပါး အရေအတွက်

ရှိသည်။ ဂဏပါမောက္ခ, ဂဏာစရိယ ဖြစ်တော်မူကြသော ဆရာတော်ကြီး ၆၀ ပါး၊ ဂိုဏ်းထောက်မထေရ်ကြီးပေါင်း ၂၅၄ ပါးရှိသည်။ ဂိုဏ်းဟူသည်မှာလည်း ယခုခေတ် သုဓမ္မာ, ရွှေကျင် စသော ဂိုဏ်းများကဲ့သို့ သီးခြားဂိုဏ်းကွဲခြင်းမျိုး မဟုတ်။ ယခုခေတ် အချို့အရပ်ဒေသများတွင် ပဝါရဏာအုပ်စုဂိုဏ်းကဲ့သို့ မိမိတို့ အုပ်စုအလိုက် အုပ်ချုပ်မှုအရ စုပေါင်းပြီး ကံကြီးကံငယ်ဆောင်မှုကိစ္စများအတွက် စုစည်းနေထိုင်မှုမျိုးသာဖြစ်သည်။

မင်းတုန်းမင်းသည် ထိုသံဃာတော်တို့အား တစ်လလျှင် ဆန်တင်းပေါင်း ၂၀၄၈၂ တင်းကို လစဉ်လှူဒါန်းခဲ့သည်။ စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များ, သီလရှင်များကိုလည်း လစဉ် ဆန်, ဆီ, ဆား, ငရုတ်, ကြက်သွန် စသည်များကို လှူဒါန်းခဲ့သည်။

သာသနာနှစ် ၂၄၀၀ ပြည့်နှစ် (ကောဇာသက္ကရာဇ် ၁၂၁၈)တွင် မင်္ဂလာမဏ္ဍပ် ပိဋကတ်တန်ဆောင်းကြီး ဆောက်လုပ်ပြီး ပိဋကတ်တော်များကို သာသနာပိုင် ဆရာတော်အမှူးပြုသော တံဆိပ်တော်ရ ဆရာတော်များ ကြပ်မတ်၍ ပေထက် အက္ခရာတင်တော်မူခဲ့သည်။ တစ်ဖန် သာသနာနှစ် ၂၄၀၄ (ကောဇာသက္ကရာဇ် ၁၂၂၂)တွင် ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်တော်မူခဲ့ပြန်ရာ ကောဇာသက္ကရာဇ် ၁၂၃၁ တွင် ပြီးစီးခဲ့သည်။ ကျောက်ချပ်ပေါင်း ၇၂၉ ချပ် ရှိသည်။

ကျောက်ထက်အက္ခရာတင်တော်မူပြီးနောက် ရဟန်းပညာရှိ, လူပညာရှိ များနှင့် ညှိနှိုင်းပြီး သာသနာနှစ် ၂၄၁၅ (ကောဇာသက္ကရာဇ် ၁၂၃၃)တွင် ပဉ္စမ သံဂါယနာတင်တော်မူခဲ့သည်။ သုဓမ္မာဇရပ်တွင် သာသနာရေးရာကိစ္စများ၊ စီရင် ဆုံးဖြတ်ရန် ပြည်, မတ္တရာ, မောင်းထောင်, သက်ပန်း, စလင်း, စံကျောင်း, သင်္ဂဇာနှင့် ပုခန်းဆရာတော်ကြီး ၈ ပါးကို သာသနာပြု ဆရာတော်များအဖြစ် ခန့်ထားတော်မူခဲ့သည်။ ယင်း ဆရာတော်များသည် ဥပုသ်နေ့တိုင်း သုဓမ္မာဇရပ်တွင် စည်းဝေး၍ သာသနာရေးကိစ္စများကို စီရင်ဆုံးဖြတ်တော်မူကြသည်။ ယင်းဆရာတော် များက ဓမ္မစက်ဖြင့် ဆုံးဖြတ်ထားချက်များကို အာဏာစက်ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ပေးသည်။ 'သုဓမ္မာဆရာတော်များ' ဟူ၍လည်း ခေါ်သည်။

မင်းတုန်းမင်းတရား၏ သာသနာတော်အတွက် ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ ၂ ရပ်ဖြင့် အကြီးအကျယ် ထောက်ပံ့လှူဒါန်းခြင်းများသည် ပဂ္ဂဟ(ချီးမြှောက်

ထောက်ပံ့)နည်းဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခြင်းပင်ဖြစ်သည်။ ဤမျှသာမက သာသနာတော်သန့်ရှင်းရေးအတွက် နိဂ္ဂဟ(နှိပ်ကွပ်)နည်းဖြင့်လည်း သာသနာတော်ပြုခဲ့ပြန်သည်။ ကောဇာသက္ကရာဇ် ၁၂၁၇ တွင် ရှမ်းကလေးကျွန်း ဆရာတော်က အချက် ၂၁ ရပ်ပါသော ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို ရေး သွင်း၍ ဘုရင်ကိုယ်တိုင် မှန်စီဆောင်၌ သုဓမ္မာသာသနာပြုဆရာတော်များအား ကြည့်ရှုပြင်ဆင်စေပြီး သာသနာပိုင်ဆရာတော်ထံ အပ်နှံ၍၊ တစ်နိုင်ငံလုံးသို့ ထုတ် ပြန်ကာ 'ယင်းအမိန့်တော် ပြန်တမ်းနှင့်အညီနေထိုင်သော ရဟန်းသံဃာများကိုသာ ကိုးကွယ်ရမည်။ မညီသော ရဟန်းသံဃာများအား မကိုးကွယ်ရ'ဟု အမိန့်ထုတ် ခဲ့သည်။

ကောဇာသက္ကရာဇ် ၁၂၂၆ ခုနှစ် တပေါင်းလ (ခရစ်နှစ် ၁၈၆၅ မတ်လ) တွင် အင်္ဂလိပ်ပိုင် ရန်ကုန်, ကြည့်မြင်တိုင်, အင်းစိန်, စဉ့်ကူဘက်၌ ဝိနည်းကို လူများသင်အပ်, မသင်အပ်, အလဇ္ဇီဒုဿီလပါပ ရဟန်းဆိုးများကို ဆည်းပူး ပူဇော်ခြင်း၊ ပစ္စည်း ၄ ပါးလှူဒါန်းခြင်းသည် ကုသိုလ်ရ,မရ စသည်ဖြင့် အငြင်းပွားမှု ပြဿနာတစ်ရပ် မင်းတုန်းမင်းထံ ရောက်ရှိခဲ့သည်။ ထိုအခါ မင်းတုန်းမင်းက

"အလဇ္ဇီပုဂ္ဂိုလ်များသည် သဒ္ဓါပညာ နည်းပါးသောသူများကို ရှာ၍ပေါင်းပြီး၊ သဒ္ဓါပညာ နည်းသူတို့ကလည်း အလဇ္ဇီများကိုသာ ချီးမြှောက်ထောက်ပံ့ကြသည်။ လူများသည် သာသနာတော်ကို ဖျက်ဆီးနိုင်ကြသည်။ ဖျက်ဆီးသူများ အဝီစိ ကျကြရသည်။ မောင်မင်းတို့ သာသနာတော်ကို ဖျက်ဆီးကုန်သော အလဇ္ဇီများအား ချီးမြှောက်ထောက်ပံ့ခြင်း မပြုကြကုန်လင့်။ အဝီစိငရဲ ကျဆင်းကြရမည်ကို ကြောက်ကြကုန်"ဟု မိန့်ကြားတော်မူခဲ့ကြောင်း ဘုံပျံဆရာတော် ဦးပညာသာမိ ရေးသားသော ကြည့်မြင်တိုင်ကျောင်းကြီးတိုက် စည်းမျဉ်းဥပဒေသစာအုပ်တွင် ဖော်ပြထားသည်။ သာသနာတော်အတွက် သဒ္ဓါပညာကြီးမားသော မင်းကောင်း မင်းမြတ်တို့၏ သဘောပင်ဖြစ်သည်။

ကောဇာသက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် သက်တော် ၆၆ နှစ်ရှိ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော် ဦးဥေယျ ဘဝနတ်ထံ ပျံလွန်တော်မူသည်။ တပေါင်းလဆန်း ၅ ရက်နေ့တွင် ဈာပနကိစ္စကို ဆောင်ရွက်ပြီးစီးသည်။ ထိုအချိန်မှစ၍ မင်းတုန်းမင်းသည် သာသနာပိုင် ခန့်ထား ခြင်းမပြုဘဲ ထားခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာ မင်းတုန်းမင်းက ရွှေကျင်ဂိုဏ်းဝင် ဆရာတော်တစ်ပါးကို သာသနာပိုင် တင်မြှောက်လိုသည်။ မိဖုရားက သုဓမ္မာဂိုဏ်းဝင် တစ်ပါးပါးကို သာသနာပိုင် တင်မြှောက်လိုသည်။ ဤသို့ သဘောထား ကွဲနေသောကြောင့် သာသနာပိုင်တင်မြှောက်ခြင်းမပြုတော့ဘဲ သုဓမ္မာသာသနာပြု ဆရာတော် ၈ ပါး ဖြင့်ပင် သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရွှေကျင်ဂိုဏ်းနှင့် သုဓမ္မာဂိုဏ်းတို့သည် အသီးအခြား ကွဲပြားသွားတော့သည်။

မင်းတုန်းမင်း လွန်ပြီးနောက် ကောဇာ ၁၂၄၀ ပြည့်နှစ်တွင် သီပေါမင်း နန်းတက်၍၊ ကောဇာ ၁၂၄၁ ခုနှစ် နယုန်လတွင် ထီးဆောင်းမင်္ဂလာ ဖွင့်တော်မူပြီးနောက်၊ ထိုနှစ် တပေါင်းလတွင် တောင်တော်ဆရာတော်အား မာလာလင်္ကာရ သာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် ရွှေကျင် ဆရာတော်အား ဇာဂရာဘိဓဇ သာသနပါလ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာ ဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ သာသနာပိုင် ၂ ပါး တင်မြှောက်ခဲ့ သည်။ သို့ရာတွင် ရွှေကျင်ဆရာတော်မှာ သာသနာပြုအမှုတွင် ပါဝင်တော်မမူဘဲ ရှောင်လွှဲနေတော်မူခဲ့သဖြင့် တောင်တော်ဆရာတော်တစ်ပါးသာ သာသနာပိုင်အဖြစ် ထင်ရှားသည်။ သုဓမ္မာသာသနာပြု ဆရာတော်များမှာ ၁၂ ပါး ဖြစ်လာသည်။ ပေါင်းတော်ကူ, ကြေးသည်ကုန်း, မောက်ကျိုး, မြို့သာ, ရွှေပြည်, မိုးကောင်း, တောင်သမန်, အကောက်ဝန်, ဘေးမဲ့, ဒီပဲရင်း, သင်္ဂဇာနှင့် လင်္ကာရာမဆရာတော် တို့ဖြစ်သည်။

သီပေါင်မင်းသည်လည်း ဖခင် မင်းတုန်းမင်းကဲ့သို့ပင် သာသနာတော် သန့်ရှင်းရေးအတွက် ဆောင်ရွက်ခဲ့သည်။ သာသနာပိုင်နှင့် တံဆိပ်တော်ရ ဆရာတော်ကြီးများကို နန်းတော်သို့ ပင့်လျှောက်ပြီး သာသနာပိုင်ဆရာတော်က အချက် ၃၄ ချက်ပါ အမိန့်တော်ပြန်တမ်းကို ၁၂၄၅ ခုနှစ်တွင် ထုတ်ပြန်တော် မူခဲ့သည်။ ၁၂၄၆ ခုနှစ်တွင် မူလစည်းကမ်း ၃၄ ချက်ကို ပြင်ဆင်ဖြည့်စွက်ပြီး၊ ထပ်ဆင့်အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြန်သည်။ ၁၂၄၇ ခုနှစ်တွင် သာသနာပိုင် ဆရာတော်က တတိယအမိန့်ပြန်တမ်းကို ထုတ်ပြန်ခဲ့ပြန်သည်။

သီပေါမင်းပိုင် နယ်နိမိတ်ကိုလည်း ၉ ဌာနခွဲပြီး နောက်ဆုံးဌာနဖြစ်သော ရှမ်းပြည်ဌာနကို ချန်လှပ်၍ ၈ ဌာနအတွက် တံဆိပ်တော်ရဆရာတော်ကြီး ၈ပါး

အား စေလွှတ်၍ အုပ်ချုပ်စေခဲ့သည်။ ဌာန ၁ ခုအတွက် စာချ ၂ ပါး, နောက် လိုက် ၁၅ ပါး, စာရေးကြီး ၁, စာရေးငယ် ၂, ကပ္ပိယ ၂ ယောက်စီ ပါဝင်သည်။ သာသနာပြုကိစ္စ ဆောင်ရွက်ခြင်းသဘောပင် ဖြစ်သည်။

ကောဇာ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ နန်းစံနှစ် ၇ နှစ်တွင် သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်အစိုးရက သာသနာပိုင်နှင့်တကွ တံဆိပ်တော်ရ ဆရာတော်ကြီးများကိုပင့်ပြီး သာသနာရေးကိစ္စများကို ရှေးက အတိုင်း ဆောင်ရွက်တော်မူကြရန် လျှောက်ထားခဲ့သည်။ ထို့ကြောင့် သာသနာပိုင် ဆရာတော်သည် အထက်မြန်မာနိုင်ငံ သာသနာရေးကိစ္စများသာမက အောက် မြန်မာနိုင်ငံ သာသနာရေးကိစ္စများကိုပါ ဆောင်ရွက်တော်မူခဲ့ရသည်။ သို့ရာတွင် သာသနာပိုင်နှင့် သုဓမ္မာဆရာတော် ၁ ကျိပ်, ၂ ပါးမှာ ရှေးဘုရင်များလက်ထက်က ကဲ့သို့ အာဏာစက်တွဲဖက်မှုကို မရရှိတော့သဖြင့် သာသနာပိုင်နှင့် သုဓမ္မာဆရာတော် တို့၏ စီရင်ဆုံးဖြတ်ချက်များမှာ ထိရောက်မှုမရှိတော့သည့်အပြင် ယင်း ဆုံးဖြတ်ချက် အတည်ဖြစ်ရန် ကော်မရှင်နာမင်းကြီးထံ မေတ္တာရပ်ခံစာပင် တင်သွင်းခဲ့ရသည်။ ထို့ကြောင့် ထိုအချိန်၌ ရွှေကျင်ဂိုဏ်း, သုဓမ္မာဂိုဏ်းအပြင်၊ ၁ ကျိပ်, ၂ ပါးဂိုဏ်းပါ ဂိုဏ်း ၁ ဂိုဏ်း တိုးလာသည်။

ကောဇာ ၁၂၅၆ ခုနှစ်၌ တောင်တော်ဆရာတော် ပျံလွန်တော်မူပြီးနောက် ၁ ကျိပ် ၂ ပါးဆရာတော်များက မိုးကောင်းဆရာတော် အရှင်နာဂိန္ဒကို အကြီးအကဲ တင်မြှောက်သည်။

၁၂၅၇ တွင် မန္တလေးမြို့ပေါ်ရှိ ဆရာတော်များနှင့် ကင်းဝန်မင်းကြီးအမှူး ပြုသော ဒါယကာများစည်းဝေးပြီး ပခန်းဆရာတော်ကို အကြီးအကဲသာသနာပိုင် အဖြစ် တင်မြှောက်ပြီး၊ လှထွေဆရာတော်ကို သံဃနာယက၊ မင်္ဂရာ, ခင်မကန် နှင့် မြတောင်ဆရာတော် ၃ ပါးကို ကမ္မာကမ္မ ဝိနိစ္ဆယ ဆရာတော်များအဖြစ် တင်မြှောက်ခဲ့ကြသည်။ အင်္ဂလိပ်အစိုးရကမူ ၂ ပါးလုံးကို အသိအမှတ်မပြုဘဲ ထားခဲ့သည်။ သို့ရာတွင် ပခန်းဆရာတော်ကို သမုတိ သာသနာပိုင်အဖြစ် သံဃာ တော်အများက အသိအမှတ် ပြုထားကြသည်။

ကောဇာ ၁၂၆၁ ခုနှစ်၌ ပခန်းဆရာတော် ပျံလွန်တော်မူ၍ ၃ နှစ်မြောက် ၁၂၆၃ ခုနှစ်တွင် မန္တလေး ၄ ပြင် ၄ ရပ်ရှိ သံဃာအကြီးအကဲများ စည်းဝေးပြီး

ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၃ ပါးထဲမှ သာသနာပိုင်ကို မဲပေး ရွေးချယ်ကြရာ မိုးတားဆရာတော် ၃၉၆ မဲ, တောင်ခွင်ဆရာတော် ၁၉၅ မဲနှင့် ဒုတ်လှမ်းဆရာတော် ၈၆ မဲ ရရှိတော်မူသဖြင့်၊ မိုးတားဆရာတော်ကို သာသနာပိုင် အဖြစ် တင်မြှောက်တော်မူခဲ့ကြသည်။ အင်္ဂလိပ်အစိုးရ အသိအမှတ်ပြုရန်ကိုလည်း စီစဉ်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်အစိုးရက အသိအမှတ်မပြုဘဲ ထားခဲ့သည်။

၁၂၆၄ ၌ မိုးတားဆရာတော် ပျံလွန်တော်မူပြီးနောက် သံဃာတော်များက ၁၂၆၅ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့၌ ဒုတိယမဲအများဆုံး ရရှိတော်မူခဲ့သော တောင်ခွင်ဆရာတော်ကို သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြသော အခါ အင်္ဂလိပ်အစိုးရ ဘုရင်ခံချုပ်ကိုယ်စား ဒုတိယဘုရင်ခံချုပ် အိပ်ချ်ဘန်းကိုယ်တိုင် တက်ရောက်ပြီး တောင်ခွင်ဆရာတော်အား ဝိသုဒ္ဓသီလာစာရ သိရိပဝရဓရ ဓမ္မသေနာပတိ မဟာသံဃရာဇာ ဟူသော သာသနာပိုင်ဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အထူးမှာ အင်္ဂလိပ်အုပ်ချုပ်ချိန်မှစ၍ သာသနာပိုင်နှင့် သုဓမ္မာဆရာတော်များ၏ ဥပတ္ထမ္ဘကအဖြစ် ဆောင်ရွက်ရန် ရှေးက ဘုရင်များ ခန့်ထားပေးခဲ့သော မဟာဒါန်ဝန်, မဟာဒါန်စာရေးစသော မင်းအမှုထမ်းများ ခန့်ထားမှု မရှိတော့ခြင်းဖြစ်သည်။ ထို့ကြောင့် သာသနာပိုင် တောင်ခွင်ဆရာတော်က မဟာဒါန်ဝန်, မဟာဒါန်စာရေး ခန့်ထားပေးရန်နှင့် ဆရာတော်များကလည်း သုဓမ္မာအဖွဲ့ အတွင်းဝင်ရန် ၁၂၈၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းအချက်ကို ဘုရားကြီးတိုက်ဆရာတော် အမှူးပြုသော ဆရာတော်များက လက်မခံသဖြင့် 'ဘုရားကြီးဂိုဏ်း'ဟု ဂိုဏ်းသစ်တစ်ဂိုဏ်း တိုးလာပြန်သည်။

တောင်ခွင်ဆရာတော်သည် ၁၂၉၉ ခုနှစ်၊ သက်တော် ၉၄ နှစ်တွင် ပျံလွန်တော်မူပြီးနောက် သာသနာပိုင်တင်မြှောက်ခြင်းမရှိတော့သဖြင့် သုဓမ္မာသာသနာပြုကိစ္စလည်း အဆုံးသတ်သွားရတော့သည်။

❑

ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဂိုဏ်း

'ရွှေကျင်'ဟူသည် ရွှေဘိုမြို့ တောင်လက် လုတောကြီး ၅ ရွာအဝင်အပါ ရွှေကျင်ရွာကို ခေါ်ခြင်းဖြစ်သည်။

ရွှေကျင်ဆရာတော်သည် ယင်းရွာ၌ ဘကြီးတော်မင်းလက်ထက် ကောဇာ ၁၁၈၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့ည မြန်မာ ၃ ချက်တီးကျော် ၁၃ ရက် အင်္ဂါအဝင်တွင် အဖဦးမောင်-အမိဒေါ်မိတို့မှ မိဂသီနက္ခတ်နှင့် စန်းယှဉ်ခိုက်တွင် ဖွားမြင်တော်မူခဲ့သည်။ ငယ်နာမည် 'မောင်သန့်'ဖြစ်သည်။ မောင်သန့်ကို မွေးဖွားချိန်တွင် ကောင်းကင်၌ စနေမိဿ စန်း လဂ်နှင့် ၅ တေး, ၆ ကြာပြိဿ, ၁ နွေ ၄ ဟူး ကရကဋ်, ၃ ဂါကန်, ရာဟုကုမ်ရာသီ၌ ရှိသည်။ စင်နက္ခတ်မှာ ၄ လုံး ၀ ပါဒ်, ဂ ဃဋီဖြစ်သည်။

၁၄ နှစ်အရွယ်တွင် ရှင်ဇာဂရဘွဲ့ဖြင့် သာသနာဘောင်သို့ ဝင်ခဲ့ပြီး ရွှေဘိုနှင့် အမရပူရမြို့တော်ရှိ ထင်ရှားကျော်ကြားသောဆရာတော်များထံ ဆည်းကပ်၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို ရဟန်း ၈ ဝါ ရသည်အထိ လေ့လာဆည်းပူး သင်ကြားတော်မူခဲ့သည်။

အမရပူရမြို့တော် ဘဲအင်းတိုက်၌ စာလိုက်နေတော်မူစဉ် အာပတ္တာဓိကရဏ်း တစ်ရပ်ကို ဆုံးဖြတ်ပေးရန် စောဒကပုဂ္ဂိုလ်က တောင်းပန်သဖြင့် ယင်းအမှုကို ဆုံးဖြတ်ပေးနိုင်ရန် အိမ်ရှေ့မင်းသား မင်းတုန်းမင်းသားအိပ်ခန်းဆောင်သို့ ကိုယ်တိုင် ဝင်ရောက်အိပ်ရာနှိုးပြီး မှုခင်းအကြောင်းကို ရှင်းလင်းပြောကြားရာ အိမ်ရှေ့မင်းသားက "ဤပုဂ္ဂိုလ်သည် သာသနာရေးနှင့် စပ်လျဉ်း၍ ယထာဓမ္မ လမ်းမှန်ကျကျ ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်လိမ့်မည်"ဟု အသိအမှတ်ပြုခဲ့သည်ဟု ဆိုသည်။

အမရပူရမြို့၌ ပုဂံမင်းလက်ထက်တွင် စာပေသင်ကြားပြီးနောက် ဇာတိရပ်ရွာ ရွှေကျင်သို့ ၁၂၁၃ ခုနှစ်၌ ပြန်ကြွသွားသောအခါ ရွာထောင်အနီး လမ်း

ခရီး၌ မင်းတုန်းမင်းသား, မင်းတပ်(ကနောင်)မင်းသားတို့နှင့် တွေ့ဆုံသောအခါ မင်းသားတို့က ရွှေဘိုတွင် အောင်မြေနင်း၍ အကြံအစည်အောင်မြင်လျှင် နေပြည်တော်သို့ ပြန်ကြွ၍ သာသနာပြုတော်မူရန် လျှောက်ထားခဲ့ကြသည်။ ဆရာတော်၏ လူအမည်, ရဟန်းဘွဲ့နှင့် နေရပ်တို့ကိုလည်း မှတ်သားခဲ့သည်။

ဆရာတော်သည် နေရပ်သို့ပြန်ရောက်၍ မန်ကျည်းစဉ်, ခေါ်တော, ရှိမ်းမကားတို့၌ တပည့်စာသင်သားတို့အား စာပေပို့ချကာ နေတော်မူစဉ် ရဟန်း ၁၄ ဝါအရတွင် မင်းတုန်းအိမ်ရှေ့မင်းသား ရွှေဘိုသို့ ကြွတော်မူသောအခါ ရွှေကျင်ဆရာတော်ကို ဖူးမြင်၍ ဩဝါဒကထာကို နာကြားရပြီးနောက် 'သာသနာတော်တိုးတက်စည်ပင် ပြန့်ပွားအောင် ဆောင်ရွက်တော်မူပါ'ဟု လျှောက်ထားခဲ့ပြန်သည်။

ဆရာတော်သည် သူတော်ကောင်းဓာတ်ခံရင့်သန်၍ ပညာရှိသူတော်ကောင်းတို့ကို မြတ်နိုးတတ်သူဖြစ်သည့်အပြင်၊ နိဝါတ,နိမာန ဂုဏ်ရှိတော်မူသည့် အားလျော်စွာ တစ်ဘက်တွင် စာပေပို့ချရင်းပင် တစ်ဘက်မှာလည်း စာပေအရာတွင် ကျွမ်းကျင်တတ်မြောက်သည်ဟု ကျော်ကြားသော ဆရာတော်များထံ ချဉ်းကပ်၍ နည်းခံတော်မူခဲ့သည်။

ဆရာတော်သည် သံဃာတော် ၅၀ ဖြင့် စစ်ကိုင်းဘက်၌ စာချနေတော်မူစဉ် သဒ္ဒတ္ထဘေဒစိန္တာ နေတ္တိကျမ်းတို့ကို သင်ယူလေ့လာပြီးဖြစ်၍၊ စစ်ကိုင်းထူပါရုံ ဆရာတော်ထံ ဘင်္ဂါလီ, နာဂရီ ဘာသန္တရနှင့်ရှိသော ကလာပ်ကျမ်း, ဝိဒဂ်ကျမ်းတို့ကို လေ့လာနေသော အုဂ်ဖိုရ်ဆရာတော် အရှင်ဥက္ကံဝံသမာလာထံ တစ်ဝါတွင်းလုံး ချဉ်းကပ်၍ သဒ္ဒါနည်းကို လေ့လာဆည်းပူးတော်မူခဲ့သည်။ အုဂ်ဖိုရ်ဆရာတော်သည် ဘဒ္ဒတ္ထဘေဒစိန္တာကျမ်းကို ပို့ချရာတွင် ကျော်ကြားလှသဖြင့် စာလိုက်သူများနေရာမရ၍ အချို့ကျောင်းပြင်ပတွင် ထီးဆောင်း၍ စာလိုက်နာကြရသည်ဟု မဟာဒ္ဓါရနိကာယဝံသဒီပနီ၌ ဖော်ပြထားကြောင်း သိရှိရသည်။

မင်းတုန်းမင်းသားသည် ဘုရင်အဖြစ်သို့ရောက်၍ ညီတော်မင်းတပ်(ကနောင်)မင်းသားကို အိမ်ရှေ့အရာ အပ်နှင်းပြီး၊ ကောဇာ ၁၂၁၁ ခုနှစ်တွင် မန္တလေးနေပြည်တော်ကို တည်ထောင်ဖန်ဆင်းပြီးနောက်၊ ရွှေဘိုထွက်တော်မူစဉ်က ဖူးမြော်ခဲ့ရသော ရွှေကျင်ဆရာတော်၏ ရဟန်းပီသပုံ, ရဟန်းကျင့်ဝတ်ပြည့်စုံပုံ, ရဟန်းကောင်းလက္ခဏာရှိပုံ, တပည့်ရဟန်း သာမဏေများအား သွန်သင်ဆုံးမပုံ, တပည့်

များ ယဉ်ကျေးလိမ္မာရှိပုံများကို ထူးထူးခြားခြား တွေ့မြင်ကြည်ညိုရသဖြင့် 'ဤဆရာတော်သာ ကြီးမှူးခေါင်းဆောင်၍ သာသနာတော်ကို ပြုပြင်စောင့်ရှောက်ရပါမူ ဘုရားရှင်၏ သာသနာတော်ကြီး လွန်စွာ သန့်ရှင်းစင်ကြယ်စွာ သူတော်ကောင်းရဟန်းမြတ်တို့ အဆက်ဆက် သာသနာသက်ရှည်၍ ပြည်သူပြည်သား ဥပါသကာ, ဥပါသိကာအများလည်း ၃ ပါးချမ်းသာကို တောင့်တတိုင်း ရရှိနိုင်ပေရာသည်'ဟု စိတ်နှလုံးသွင်းရှိတော်မူသည့်အတိုင်း၊ သိက္ခာ ၁၉ ဝါရှိ ရွှေကျင်ဆရာတော်ကိုပင့်ရန် အမတ်များကို စေလွှတ်ခဲ့သည်။ သို့ရာတွင် ဆရာတော်သည် ရွှေမြို့တော်၌နေရန် ငြီးငွေ့တော်မူသဖြင့် လိုက်ပါတော်မမူဘဲ နေခဲ့သည်။

တစ်ဖန် မင်းတုန်းမင်းတရားက ဆရာတော်၏ မယ်တော်, ခမည်းတော်တို့အား ရှေ့တော်ခေါ်၍ ဆရာတော်ကိုပင့်ရန် စေခိုင်းခဲ့သည်။ ရွှေကျင်ဆရာတော်လည်း မိဘ ၂ ပါးပင့်သောကြောင့် မန္တလေးနေပြည်တော်သို့ တပည့်သံဃာများနှင့်တကွ ရှိန်းမကားမှ ကြွတော်မူခဲ့သည်။ နန်းတော်သို့ ရောက်သောအခါ မင်းတုန်းမင်းက 'ဆရာတော်နှစ်သက်ရာ၌ ကျောင်းဆောက်လှူဒါန်းပါမည်'ဟု လျှောက်ထားပြီး၊ ဆရာတော်နှစ်သက်သော မန္တလေးတောင်ခြေမြောက်အရပ်၌ ရွှေကျင် ၅ တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထရံကာတိုက်(မှိုင်းလုံးတိုက်ဟူ၍လည်း ခေါ်သည်), ရမည်းသင်းတိုက်, မဟာဓမ္မိကရာမ(ရွှေကျင်တိုက်မ)တိုက်, မင်းကင်းတိုက်, မြတောင်တိုက်တို့ ဖြစ်သည်။ ယင်းတိုက် ၅ တိုက်သည် အရှေ့အနောက် တန်း၍ရှိပြီး၊ ရွှေကျင်တိုက်မမှာ အလယ်ဗဟိုတွင်ရှိသည်။ တိုင်ပေါင်း ၂၆၂ တိုင့်ရှိသည်။

ရွှေကျင်ဆရာတော်သည် မင်းတုန်းမင်းပင့်၍ နန်းတော်သို့ ကြွတော်မူတိုင်း သာသနာရေးနှင့်ပတ်သက်၍ ဟောပြောတော်မူလေ့ရှိသည်။ မင်းတရားကလည်း အခြားဆရာတော်များနှင့် တွေ့သောအခါ 'ရွှေကျင်ဆရာတော်သည် ဒကာတော်ကို ဆုံးမသွန်သင်ပါကြောင်း၊ တရားစကားကိုလည်း ပြောဟောပါကြောင်း၊ မြည်တွန်၍လည်း ဆုံးမဩဝါဒပေးပါကြောင်း၊ ဆရာတော်ကို ကြည်ညိုရပါကြောင်း၊ ညီတော်ကဲ့သို့ မြတ်နိုးပါကြောင်း'လျှောက်ထားခဲ့သည်ဟု ဆိုသည်။

ကောဇာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်တွင် မင်းတုန်းမင်းတရားက အလုံ, ဒီပဲယင်း, ဗန့်ကျည်, တလုတ်, ရတနာ, သီခ, ကလေး, ရာဇဂြိုဟ် စသော

မြို့တို့၌ သာသနာပြု ခန့်အပ်တော်မူသဖြင့် ရွှေကျင်ဆရာတော်သည် အဆိုပါ မြို့တို့၌ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်အကြီးအကဲတို့ကို ခန့်အပ်၍ များစွာသော ဂိုဏ်းသံဃာတို့အား ဩဝါဒပေးခြင်း, နည်းလမ်းညွှန်ကြားခြင်း, ကူညီစောင့်ရှောက်ခြင်း စသည်ဖြင့် ရွှေကျင် ၅ တိုက်နှင့်တကွ သာသနာပြုတော်မူခဲ့သည်။

တစ်ဖန် ရတနာပုံမြို့တော်အရှေ့ပြင်၌ မဟာဝိသုဒ္ဓါရာမ စသော ကျောင်းတိုက် ၁၂ တိုက်ကို ၁၂၃၃ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်၌ အလှူခံရရှိတော်မူပြန်ရာ ပိဋကတ္တယပါရဂူ ဖြစ်တော်မူသော တပည့်ဆရာတော် စာချဂဏဝါစကများအား လွှဲအပ်ချီးမြှောက်တော်မူခဲ့သည်။

မင်းတုန်းမင်းသည် ၁၂၃၃ ခုနှစ်၌ ရှေးဘောလောင်းတော် သာသနာပြုမင်းတို့၏ ထုံးတမ်းစဉ်လာအတိုင်း သာသနာပြုဆရာတော်များအား ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ သိက္ခာဝါ ၃၀ ရ ရွှေကျင်ဆရာတော်အားလည်း ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်က အလှူခံတော်မမူဘဲ ကိန္နရာတောင်, ရေတံခွန်တောင်(စဉ့်ကိုင်တောရ၊ ကုက္ကိုချောင်တောရ)သို့ ထွက်ကြွ၍ ဝိပဿနာစုရကို အားသွန်ကြိုးပမ်းတော်မူခြင်းဖြင့် အချိန်ကို ကုန်လွန်စေတော်မူခဲ့သည်။

တရားအားထုတ်စဉ် ဝိသုဒ္ဓိမဂ္ဂဒီပနီ, အာနာပါနရှုဖွယ်, အဋ္ဌကကမ္မဋ္ဌာန်းအမည်များဖြင့် ကျမ်းစာများကိုလည်း ရေးသားတော်မူခဲ့သည်။ ဆရာတော်ရေးသားတော်မူခဲ့သော ကျမ်းစာပေါင်း ၂၉ ကျမ်းရှိကြောင်း သိရှိရသည်။ ၁၂၃၈ ခုနှစ်တွင် မလွန်မြို့ မင်းလှရွာအရှေ့တောင် မြစ်တစ်ဘက် ဝါးရုံချောင် နွားလန်တောင်တောရ၌ ဝါကပ်ပြီး၊ ဝိပဿနာ ဘာဝနာတရားကို အားထုတ်တော်မူခဲ့သည်။ ၁၂၃၉ ခုနှစ်တွင် သီရိလင်္ကာသို့ ကြွ၍ မြတ်စွယ်တော်ကို ဖူးမြော်ပြီး သီရိလင်္ကာ၌ ဝါကပ်တော်မူခဲ့သည်။ ဝါကပ်နေတော်မူစဉ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့တွင် မင်းတုန်းမင်းသည် ရွှေကျင်ဆရာတော်အား သာသနာပိုင်အဖြစ် မတင်မြှောက်လိုက်ရခြင်း အိမ်တော်ပါမိဖုရားကို အဘိသိက်ခံ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအဖြစ် မချီးမြှောက်ရခြင်းဟူသော အလိုဆန္ဒ ၂ ရပ်မပြည့်ဝဘဲ နတ်ရွာစံခဲ့သည်။

မင်းတုန်းမင်းတွင် မိဖုရားခေါင်ကြီး, မြောက်နန်းစံ မိဖုရားတို့နှင့် သားတော်, သမီးတော် ထွန်းကားခြင်း မရှိပေ။ အလယ်နန်းစံ မိဖုရားတွင် သားတော် ၂ ပါး,

သမီးတော် ၄ ပါး မြင်သည်။ အနောက်နန်းစံမိဖုရားတွင် သားတော် ၁, သမီးတော် ၁ နှင့် အခြားမိဖုရား ကိုယ်လုပ်တော်များမှာ ဖွားမြင်သော သားတော်, သမီးတော်များနှင့် ပေါင်းသော် သားတော် ၅၄, သမီးတော် ၆၀ နှင့် မိဖုရား ၄၉ ရှိသည်ဟုဆိုသည်။ မဟာဒွါရနိကာယနှင့် သာသနဝံသဒီပနီတွင် မိဖုရား ၁၀၄, သားတော် ၉၆, သမီးတော် ၅၈ ရှိကြောင်း ဖော်ပြထားပါသည်။

မင်းတုန်းမင်း နတ်ရွာစံပြီးနောက် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့တွင် သားတော်အိမ်ရှေ့မင်း သီပေါမြို့စားမင်းသား သုသိရီမဟာဓမ္မရာဇာ(သီပေါမင်း) အရိုက်အရာကို ဆက်ခံသည်။ ရွှေကျင်ဆရာတော်သည် သီပေါမင်း၏ ပင့်လျှောက်အရ ၁၂၄၃ ခုနှစ်တွင် ရတနာပုံနေပြည်တော်သို့ ပြန်လည်ကြွရောက် သီတင်းသုံးတော်မူသည်။သီပေါမင်းက မာလာလင်္ကာရဓဇ မဓမ္မသေနာပတိ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော သာသနပိုင်ဘွဲ့တံဆိပ်ကို ဆက်ကပ်ရာ လက်ခံတော်မမူဘဲ နေခဲ့သည်။ တောင်တော်ဆရာတော်ကိုလည်း အလားတူ သာသနာပိုင်ဘွဲ့တံဆိပ်ကို ဆက်ကပ်တော်မူခဲ့သည်။

မင်းတုန်းမင်းတရားသည် ၁၂၃၄ ခုနှစ်၌ လက်ရုံးရည်, နှလုံးရည်ရှိမည်ထင်သော သားတော်များကို ပိဋကစာပေ သင်ကြားရန် ရွှေကျင်ဆရာတော်ထံ အပ်နှံသည်။ တစ်ဖန် နန်းတော်မြို့အတွင်း၌ နန်းဦးကျောင်းဆောက်လုပ်ပြီး ယင်းကျောင်းတော်တွင် အမြဲသီတင်းသုံး၍ မင်းသားများအား စာပေပို့ချပေးရန် လျှောက်ထားသဖြင့်၊ ရွှေကျင်ဆရာတော်က တောင်တော်ဆရာတော်နှင့် ပုသိမ်ဆရာတော်တို့ကို ထည့်ပေးတော်မူခဲ့သည်။ ယင်း ကျောင်းတွင် ရွှေဂူ, သာဂရ, သီပေါမင်းသား ၃ ပါးက ရှင်သာမဏေဝတ်ဖြင့် စာပေသင်ကြားခဲ့သည်။ ပုသိမ်ဆရာတော်ကားထိုကျောင်းတွင် တစ်ဝါမျှနေပြီး ပုသိမ်ပြန်ကြွသဖြင့်၊ တောင်တော်ဆရာတော်တစ်ပါးသာ တာဝန်ယူခဲ့ရသည်။ ထို့ကြောင့် သီပေါမင်းသည် ရွှေကျင်ဆရာတော်နှင့် တောင်တော်ဆရာတော်တို့အား မိမိ၏ ဆရာရင်းဖြစ်၍ သာသနာပိုင် ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ရွှေကျင်ဆရာတော်သည် ၁၂၄၆ ခုနှစ်၌ မင်းကွန်းငွေတောင် တောရသို့ ထွက်၍၊ ၁၂၅၅ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်နေ့ည လထွက်ပေါ်ချိန်တွင် ယင်း ငွေတောင်တောရ၌ပင် ပျံလွန်တော်မူခဲ့သည်။

ရွှေကျင်ဂိုဏ်းသည် သီးခြားသံဃာ့ကံပြုသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်ပေါ်လာရခြင်းမှာ ဤသို့ဖြစ်သည်။

ရွှေကျင်ဆရာတော်သည် မင်းတုန်းမင်း၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့တော်သို့ ကြွရောက်သီတင်းသုံးတော်မူသောအခါ သုဓမ္မာသာသနာပိုင်ဆရာတော် ဦးဧယျထံ ၃ ကြိမ်တိုင်တိုင်ကြွရောက်၍ ကန်တော့ခဲ့သည်။ သို့ရာတွင် သာသနာပိုင်ဆရာတော်သည် ၃ ကြိမ်လုံးလုံး အာလာပသလ္လာပ စကားမျှပင်မပြောဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်သာနေတော်မူခဲ့သည်။ ထို့ကြောင့် ရွှေကျင်ဆရာတော်သည် နောက်ထပ် သာသနာပိုင်ဆရာတော်ထံသွားရန် အာလယပြတ်တော်မူခဲ့သည်။

ဤသို့ အာလယပြတ်နေတော်မူချိန် ၁၂၃၉ ခုနှစ်၌ သုဓမ္မာဆရာတော်များက ရွှေကျင်ဆရာတော်အား သုဓမ္မာသို့လာရန် အကြိမ်ကြိမ် ဆင့်ခေါ်သော်လည်း မကြွဘဲနေတော်မူခဲ့ရာ မင်းမှုထမ်းများဖြင့် အတင်းအကြပ်ဆွဲခေါ်ရန် စီစဉ်တော်မူခဲ့ကြသည်။ ထိုအခါ ရွှေကျင်ဆရာတော်အပေါ် မေတ္တာသက်ဝင်သော သင်္ဂဇာ၊ သက်ပန်း ဟူသော သုဓမ္မာဆရာတော်တို့က အောက်မြန်မာနိုင်ငံ၊ သို့မဟုတ် အခြားမြို့သို့ ခေတ္တရှောင်တိမ်းနေရန် အကြောင်းကြားလာသဖြင့် တောအရပ်သို့ ပြန်နေတော်မူမည့်အကြောင်းကို မင်းတရားထံ ကြွရောက်ပြောကြားသောအခါ၊ မင်းတုန်းမင်းက 'မကြွရန်။ သဘောတော်အတိုင်း ချမ်းသာစွာ မြို့တော်၌ပင် သီတင်းသုံးနေတော်မူရန်' လျှောက်ထားပြီး၊ 'ရွှေကျင်ဆရာတော်အပေါ်၌ သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာက အဆင့်အခေါ် မရှိစေရ။ ရွှေကျင်ဆရာတော်အား သုဓမ္မာစီရင်မှုအောက်တွင်ရှိသော ဂိုဏ်းအသီးသီးမှကင်းလွတ်သော ဂဏဝိမုတ်အဖြစ် (သီးခြားဂိုဏ်းတစ်ဂိုဏ်းအဖြစ်) ရပ်တည်စေရမည်'ဟူသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သဖြင့် ရွှေကျင်နိကာယဂိုဏ်းအဖြစ် သီးခြားဖြစ်ပေါ်ခဲ့ရတော့သည်။

ယနေ့ မြန်မာနိုင်ငံတွင် ၁၃၅၈ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ကျောင်းပေါင်း ၅၁၃၂၂ ကျောင်း၊ ရဟန်းတော်ပေါင်း ၁၆၇၅၆၂၊ သာမဏေပေါင်း ၂၃၉၃၄၁ ရှိရာ၊ ရွှေကျင်ဂိုဏ်းဝင်ကျောင်းပေါင်း ၂၅၃၇ ကျောင်း၊ ရဟန်းတော်ပေါင်း ၁၃၄၆၃ ပါး၊ ရှင်မဏေပေါင်း ၁၉၃၆၃ ပါး ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

❑

အရည်ဝါသီ ရွှေကျင်နိကာယ တောဂိုဏ်းအစနှင့် ဘုန်းတော်ကြီးဦးသီလ

အထက်မြန်မာနိုင်ငံ၌ ရွှေကျင်ဆရာတော်၏ ဂုဏ်သတင်း ပျံ့သင်းကျော်ကြားနေချိန်တွင် မြန်မာနိုင်ငံအောက်ပိုင်း ရာမညတိုင်းမှ သုံးခွမြို့နယ် ပုဂံတောင် အရှင်ကေလာသနှင့် ဟံသာဝတီ ပဲခူးဘုန်းတော်ကြီး ဦးသီလတို့သည် ရွှေကျင်ဆရာတော်ထံ ကြွရောက်ဖူးမြော်ခဲ့ကြသည်။ ရွှေကျင်ဆရာတော်ကြီး၏ နည်းနာနိဿယ ဩဝါဒအရပ်ရပ်ကို ခံယူမှတ်သားတော်မူခဲ့ကြသည်။

'အောက်မြန်မာနိုင်ငံ၌ ရွှေကျင်နိကာယသာသနာ စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်မည့် တပည့်များအဖြစ် မှတ်ယူတော်မူပါရန်'ကိုလည်း လျှောက်ထားတော်မူကြသဖြင့်၊ ရွှေကျင်ဆရာတော်က ဆရာစဉ်ဆက် ဆောင်ရွက်လာခဲ့သော နည်းနာနိဿယနှင့်တကွ ကာလဒေသအားလျော်သော ဩဝါဒဒေသနာကို ဟောကြားပြသ ပေးတော်မူခဲ့သည်ဟု ရွှေဟင်္သာဆရာတော်ဘုရားကြီး(အဘိဓဇ မဟာရဋ္ဌဂုရု)ရေး 'ရွှေကျင်နိကာယသမိုင်း'၌ ဖော်ပြထားသည်။

ဘုန်းတော်ကြီးဦးသီလက တောဂိုဏ်းဖြစ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် အရှင်ကေလာသ တိမ်မြုပ်လျက်ရှိပြီး၊ ကလျာဏီ ဦးဝဏ္ဏမှာ ဘုန်းတော်ကြီးနှင့် အတူ ထင်ပေါ်ခဲ့သည်။ ထို့ကြောင့် ကလျာဏီဦးဝဏ္ဏသည် ဘုန်းတော်ကြီးနှင့် စာသင်ဘက်ဟု ရေးကြသည်ကို တွေ့ရှိရသည်။

ဘုန်းတော်ကြီး ထေရုပ္ပတ္တိတွင် ဘုန်းတော်ကြီးသည် အထက်ဖိုင်းကနိုင်းရွာ၌ ၁၁၉၄ ခုနှစ်တွင် အဘဦးထွန်းအောင်၊ အမိဒေါ်ချိုတို့မှ မွေးဖွားကြောင်း၊ ဦးရွှေသာ(ဘုန်းတော်ကြီးလောင်းလျာ)၊ ဒေါ်သူဇာ၊ ဒေါ်အို ခေါ် ဒေါ်လှသူ၊ ဒေါ်လှအောင်၊ ဦးဘိုးကျော် ဟူ၍ သားချင်း ၅ ယောက်ရှိကြောင်း၊ ဖခင်မှာ မြန်မာဘုရင်ထံ၌ ဘမ်းကြီးဆောင်း မင်းမှုထမ်းဖြစ်ပြီး ရပ်ဖျက်၍ အောက်ပြည်သို့

ရှောင်တိမ်းလာသူဖြစ်ကြောင်း၊ ဘုန်းတော်ကြီးလောင်းလျာသည် ကော့ပြင်းကျောင်း၌ ကျောင်းသားဘဝ ၂ နှစ်, သာမဏေဘဝ ၇ နှစ်, ရဟန်းဘဝ ၂ နှစ် စာသင်ကြားပြီးနောက်၊ ပဲခူး မြို့ထောင့်ကျောင်းဆရာတော် ဦးစန္ဒာလင်္ကာရ(ဦးဘုံ) ဂိုဏ်းအုပ်ထံ ၃ နှစ် စာသင်ခဲ့သည်။

၎င်းနောက် ရန်ကုန် ပုဇွန်တောင် တောင်လုံးပြန် ရွှေကြက်ယက် (ယခု ကျိုက်ထီးရိုး)ကျောင်း၌ ၁ ဝါ, ပဲခူးကလျာဏီ ဦးဝဏ္ဏထံ ၁ ဝါ၊ စစ်ကိုင်း တောင်ရိုး ပိတောက်ချောင် အရိယဝံသရေငုံတိုက်၌ ၁ ဝါ, မန္တလေးအရှေ့ပြင် စလင်းတိုက်၌ ၁ ဝါ လှည့်လည်စာသင်ခဲ့သည်။ ရဟန်း ၉ ဝါအရ ၁၂၂၁ ခုနှစ် မန္တလေးတွင် စာသင်ကြားချိန်၌ ဘုန်းတော်ကြီးသည် ရွှေကျင်ဆရာတော်အား သွားရောက်ဖူးမြော်ခဲ့ခြင်းဖြစ်ကြောင်း ယူဆရမည်ဖြစ်သည်။

ကလျာဏီ ဦးဝဏ္ဏမှာလည်း ထိုအချိန်ကပင် တောရဆောက်တည်နေပြီ ဖြစ်ကြောင်း သိရှိနိုင်သည်။ ညောင်လေးပင်တောရဆရာတော် ဦးအရိယ(အဂ္ဂမဟာပဏ္ဍိတ)ရေး 'ဘုန်းတော်ကြီး ထေရုပ္ပတ္တိ'တွင် ဈေးညောင်ပင်သား ဦးသုမန, ပဲခူးမြို့တွင်သား ဦးသုမန, ဖိုင်းကနိုင်းကြီးသား ဦးဝဏ္ဏတို့ ၃ ပါးသည် မန္တလေး၌ စာသင်ပြီးနောက အတူတကွ ပြန်လာသောအခါ အထက်သား ဦးအာစရလည်း လိုက်ပါလာကြောင်း၊ ပဲခူးသို့ ပြန်ရောက်လာသောအခါ ဈေးညောင်ပင်သား ဦးသုမနက အရှေ့ရွှေနံ့သာသို့ တောထွက်ပြီး တောင်ငူတွင် ပျံလွန်တော်မူကြောင်း၊ ပဲခူးသား ဦးသုမနသည် ရွှေပန်းအရပ်သို့ တောထွက်ပြီးနောက် ဝမ်းမတော၌နေ၍ ကိုးသိန်းကျောင်း၌ ပျံလွန်တော်မူကြောင်း၊ ဦးဝဏ္ဏနှင့် ဦးအာစရတို့ကား ကလျာဏီ သိမ်နေရာသို့ တောထွက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ဘုန်းတော်ကြီးသည် ၉ ဝါအထိ စာပေများကို လှည့်လည်သင်ကြားတော်မူပြီး ၁၂၂၂ ခုနှစ် ရဟန်း ၉ ဝါအရတွင် ဟံသာဝတီ ပဲခူးသို့ ကျန်းမာရေး အခြေအနေအရ ပြန်ကြွပြီး ငယ်ဆရာဖြစ်တော်မူကြသော ဆရာတော်ဦးဘုံနှင့် ဦးချမ်းကြီး စသော ဆရာတော်များအား ရွှေကျင်ဆရာတော်၏ ဂုဏ်ကျေးဇူးကို လျှောက်ထားရာ ဆရာတော်များက နှစ်လိုအားရ သဘောကျတော်မူကြသည်ဟု သိရှိရသည်။

ထိုအချိန်၌ ပဲခူးတွင် ဘုန်းတော်ကြီးအချို့မှာ လှည်းနွားထောင်, လှေထောင်, ဗေဒင်ဟော, ဆေးကု, ငွေစု စသော သာသနာတော်နှင့် မလျော်သော အနေသန

ကုလဒူသန, မိစ္ဆာဇီဝမှုများကို အတုယူလျက် အပြိုင်အဆိုင် ပြုနေကြသောအချိန် ဖြစ်သည်။ ဘုန်းတော်ကြီး ဦးသီလသည်ပင် ဆရာတော် ဦးဘုံကျောင်း၌နေစဉ်က ဆရာတော်၏နွားလှည်းကို မောင်းနှင်ပေးခဲ့ရဖူးသည်။ ဆရာတော်ဦးဘုံသည် ပဲခူး တောင်ငူတစ်လျှောက်၌ သံဃာတော်များကို အုပ်ချုပ်ရသော ဂိုဏ်းအုပ်ဆရာတော် ဖြစ်သော်လည်း၊ လှည်း,နွား စသည်ကို ကိုယ်ပိုင်တည်ထောင်ထားတော်မူသည်။

ထို့ကြောင့် ဘုန်းတော်ကြီးဦးသီလသည် ယင်း မိစ္ဆာဇီဝအမှုများကို မနှစ်သက်သဖြင့် တောရဂိုဏ်းဖြစ်ပေါ်အောင် ဆောင်ရွက်မည်ဟူသော အဓိဋ္ဌာန်ချက်ဖြင့် စံပြအဖြစ် တောရဆောက်တည်တော်မူခဲ့သည်။ 'မိမိ ဆရာရင်းမှ စ၍ မိစ္ဆာဇီဝ ဆောင်ရွက်နေကြသည်ကို ပပျောက်အောင် တစ်နေ့နေ့တွင် ချေချွတ်မည်'ဟူ၍လည်း သန္နိဋ္ဌာန်ပြုတော်မူခဲ့သည်။ ပဲခူးဝန်းကျင် လှာကမွတ်, ဈေးညောင်ပင်, ကျိုက်ပတိုင်, သိမ်ကုန်း, ပတ္တမြားစေတီ, ဂူကုန်း စသော အရပ် သုသာန်တို့၌ သပိတ် ၁ လုံး, သင်္ကန်း ၃ ထည်ဖြင့် လှည့်လည်ရွှေ့ပြောင်း သီတင်းသုံးတော်မူခဲ့သည်။ ထိုအချိန်၌ ဦးဝဏ္ဏ, ဦးသုမန, ဦးအာစရတို့ကား တောရဆောက်တည်လျက် ရှိတော်မူကြပြီး ဖြစ်သည်။

တောရဆောက်တည်လျက်ရှိသော ဆရာတော်များအနက် ဆရာတော် ဦးဝဏ္ဏနှင့် ဘုန်းတော်ကြီး ဦးသီလတို့သည် တောရဂိုဏ်း ပေါ်ပေါက်ရေးအတွက် အထူးကြိုးပမ်းတော်မူကြသည်။

ဘုန်းတော်ကြီး ဦးသီလသည် တောရဆောက်တည်၍ ၄ နှစ်မြောက် (၁၂၂၆ ခုနှစ်)တစ်နေ့တွင် မိမိ၏ဆရာအရင်း ဂိုဏ်းအုပ်ဆရာတော် ဦးဘုံ၏မြို့ထောင့်ကျောင်းသို့ ကြွရောက်ပြီး ကျောင်းပေါ်သို့မတက်ဘဲ ကျောင်းအဝင်ဝ ဇရပ်တစ်ခုတွင် တည်းခို၍ ဆွမ်းခံလျက် ဘုဉ်းပေးပြီး နေထိုင်သီတင်းသုံးနေတော်မူသည်။

၂ ရက်ခန့်ရှိသောအခါ ဆရာတော်ဦးဘုံ ဆင်းလာပြီး "အဘယ်ကြောင့် ကျောင်းပေါ်မတက်သလဲ။ ငါ့အား အဘယ်သို့ အပြစ်မြင်သလဲ"ဟု မေးတော်မူသည်။ ထိုအခါ ဘုန်းတော်ကြီးက "ဆရာတော်ဘုရားသည် တပည့်တော်၏ အနန္တကျေးဇူးရှင် ဖြစ်ပါကြောင်း၊ ဆရာတော်ထံ၌ ဝိနည်းကျမ်းဂန်ကို သင်ကြားတတ်မြောက်ခဲ့ပါကြောင်း၊ ဝိနည်းပြစ်မကင်းသော အရာဌာနတို့ကို မြင်သဖြင့် ကျေးဇူးဆပ်ရန်အကြံယူကာ အခွင့်ကောင်းကို စောင့်မျှော်နေပါကြောင်း" လျှောက်ထားသည်။

ဆရာတော် ဦးဘုံသည် ပင်ကိုကပင် သူတော်ကောင်းစိတ်ဓာတ်ရှိသူပီပီ သက်န်းမညီမညွတ်သည်ကို တွေ့မြင်ပြောဆိုသော ရှင်သာမဏေငယ်၏ စကားကို နာယူပြုပြင်တော်မူခဲ့သော မဟာပညာဝန် ထေရ်မွန် ရှင်သာရိပုတ္တရာထုံးကို နှလုံးမူလျက် "မောင်ပဥ္စင်း။ ငါ့မှာ တပည့်အများကြီးရှိသော်လည်း မောင်ပဥ္စင်းကိုသာ အားကိုးသည်။ ငါ့၌ မသင့်သောအရာတို့ကို ပြုပြင်ပါလော့။ ငါ့ကို ပစ်မထားနှင့်။ ဝိနည်းနှင့် မညီသည်ကို ပြုပြင်ရန် ငါခွင့်ပေးသည်"ဟု မိန့်ကြားတော်မူသည်။

ထိုအခါ ဘုန်းတော်ကြီး ဦးသီလက "ဤသို့ ခွင့်ပြုပါလျှင် လှည်းယာဉ်၊ လှေလောင်းမှစ၍ သာသနာတော်နှင့်မလျော်သော ဗလိဗောဓ(ကြောင့်ကြစိုက်မှု) မှန်သမျှကို သုတ်သင်ရှင်းလင်းပါရစေ"ဟု လျှောက်ထားရာ၊ ဆရာတော်ကြီးက ကျေကျေနပ်နပ် ခွင့်ပြုတော်မူသဖြင့် မအပ်မရာပစ္စည်းအားလုံးကို မီးရှို့တော်မူလိုက်ကြသည်။ ဆရာတော်ဦးဘုံလည်း မိမိသည် မအပ်မရာကိစ္စများကို ဆောင်ရွက်မိသူဖြစ်သောကြောင့် မိမိကိုယ်ကို ထိုကျောင်းတိုက်, ထိုမြို့မှ နှင်ထုတ်လိုက်သူအဖြစ် ခံယူကာ ပဗ္ဗာဇနိယ(နှင်ထုတ်)ကံကို ပြုတော်မူလိုက်သည်။ ဂိုဏ်းအုပ်အဖြစ်မှ နုတ်ထွက်ပြီး မိမိကျောင်းတိုက်ကို လူထုအတွက် စွန့်လွှတ်တော်မူလိုက်သည်။ 'ဆရာတော်ဦးဘုံသည် ကျောင်းနှင့်တကွ ပစ္စည်းပစ္စယ အားလုံးကိုစွန့်၍ တောရဆောက်တည်တော့မည်'ဟူသော သတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

ဆရာတော်ဦးဘုံ တောရဆောက်တည်တော့မည်ကို ကြားကြသဖြင့် ရဟန်းရှင်လူများ စုဝေးရောက်ရှိလာကြပြီး ငိုယိုကြသူများ တောမထွက်ရန် တောင်းပန်တားမြစ်ကြသူများ ဆူညံလျက် ရှိနေတော့သည်။ ဆရာတော်ကလည်း "ငါသည် သင်တို့ကို မုန်း၍ တောထွက်သည် မဟုတ်။ နိယျာနိက (လွတ်မြောက်မှုကို ပေးစွမ်းနိုင်သော) ဘုရားသာသနာနှင့် တွေ့ကြုံကျိုးနပ်အောင် မဂ်မျိုးစေ့, ဖိုလ်မျိုးစေ့ ရှာဖွေရန်, ဝေငှရန် ကိုယ့်အကျိုး, သူ့အကျိုး, ၂ မျိုးစလုံးကိုငဲ့၍ တောထွက်ရခြင်း ဖြစ်ကြောင်း"မိန့်ကြားတော်မူပြီး ကျောင်းကြီးပေါ်မှ ဆင်းကြွသွားတော်မူသည်။ ထိုအခိုက်၌လည်း ငိုသံ တားမြစ်သံ, တောင်းပန်သံတို့ဖြင့် သောသောညံလျက် ရှိနေတော့သည်။

ကျောင်းတိုက်အဝသို့ ရောက်သောအခါ ရဟန်းတော်အများကို တွေ့ရပြီး၊ ပံသုကူအဖြစ် ကြိုတင်စွန့်ပစ်ထားကြသော သင်္ကန်း, သပိတ်, တောင်ဝှေးတို့ကို

တွေ့ရှိသဖြင့် ရပ်တန့်တော်မူသည်။ မိမိဝတ်ရုံခဲ့သော သင်္ကန်းဟောင်းကိုချွတ်၍ ပံ့သုကူသင်္ကန်း ဝတ်ဆင်သည်။ သပိတ်လွယ်, တောင်ဝှေးကိုင်ကာ အသင့်စောင့်နေသော ဘုန်းတော်ကြီး ဦးသီလနှင့် ဦးဝဏ္ဏတို့ကို နောက်ပါပြုလုပ်လျက် ကလျာဏီတောသို့ ကြွသွားတော်မူသည်။

ထိုအချိန်က ကလျာဏီ ဟသ်ာကုန်းနေရာများသည် ဆင်နေ, ကျားအောင်းနေရာများဖြစ်သည်။ ရွှေသာလျောင်းလည်း မပေါ်သေးဘဲ မြေဖို့လျက် လှည်းများမောင်းနှင်သွားလာလျက်ရှိသည်။ ဆရာတော်ဦးဘုံ တောထွက်ချိန်တွင် သက်တော် ၆၇, ဝါတော် ၄၈ ဝါ ရှိနေပြီ။ ထိုအချိန်မှစ၍ ရှေးက ဂိုဏ်းကွဲမရှိခဲ့သော ရာမည ဒေသတွင် အရညဝါသီ(တော)ဂိုဏ်းနှင့် ဂါမဝါသီ(ရွာနေ) ဂိုဏ်းဟူ၍ ဂိုဏ်း ၂ဂိုဏ်းကွဲသွားတော့သည်။ 'ဆရာကွဲတော့ ဒကာကွဲ'ဆိုသည့်အတိုင်း ဒကာ, ဒကာမများလည်း ကွဲကုန်တော့သည်။ မူလ ဒကာ, ဒကာမများက တောရဂိုဏ်း ဒကာမများကို 'စုဋ္ဌဂန္ဓိ'ဟု ပြက်ရယ်ပြု၍ ခေါ်သမုတ်ကြသည်။ စုဋ္ဌ(လိပ်) ဂန္ဓိ(ပန်း) လိပ်ပန်း 'လမ်းပိတ်သူများ'ဟု ပြက်ရယ်ပြုကြခြင်း ဖြစ်သည်။ အပြောခံရသူများကလည်း အားကျမခံ "ဝါဝါမြင်တိုင်း သောကောရောကော မကိုးကွယ်။ သီလသိက္ခာရှိသူကို ရွေးချယ်ကိုးကွယ်သောကြောင့် အပါယ်လမ်းပိတ်ပြီး စိတ်ချရပြီ"ဟု ပြောကြသည်။

ဆရာတော်ဦးဘုံ သီတင်းသုံးတော်မူခဲ့သော မြို့ထောင့်ကျောင်းသည် ပထမ အစိုးရဆေးရုံကြီးအဖြစ်၊ ဒုတိယမြူနီစီပါယ်ကျောင်းအဖြစ်၊ တတိယ ယခုအခါ အထက ၂ အဖြစ် အသုံးပြုလျက်ရှိသည်။ ဆရာတော်ဦးဘုံကား ဩဇာတိက္ကမ ကြီးသူ ဖြစ်သည်။ ရဟန်းရှင်လူ အထူးလေးစားခံရသော ဆရာတော်ဖြစ်သည်။ ဆရာတော် တိုက်တွန်းနေကျ အမိကတရားတိုလေးမှာ 'ဒုပ္ပရာမဋ္ဌံ ဟိ သာမညံ၊ နိရယာယူပ ကဍ္ဎတိ' ဖြစ်သည်။ 'မကောင်းသဖြင့် သုံးသပ်အပ်သော ရဟန်းသည် ငရဲရောက်ရ၏'ဟု အဓိပ္ပာယ်ရသည်။

ဆရာတော်သည် တောထွက်စ၌ တောဂိုဏ်း ဆရာတော်များမှာ ၅ ပါး, ၆ ပါးမျှ ရှိခဲ့သော်လည်း၊ မကြာမီ ဂိုဏ်းဝင်ဦးရေ များပြားလာတော့သည်။ ထို့ကြောင့် ဂိုဏ်း ဖွဲ့စည်းအုပ်ချုပ်ပုံကို ချမှတ်ခဲ့ရာ ဘုန်းကြီးဘုံ(မဟာနာယက) ကျိုက်ဒေးယျုံသားဖြစ်ပြီး၊ ဦးသုမန ပဲခူးမြို့တွင်းသား, ဦးဝဏ္ဏအထက် ဇိုင်းကနိုင်းသား, ဦးသုမန ဈေးညောင်ပင်သား, ဘုန်းတော်ကြီးဦးသီလတို့သည် နာယက

အဖြစ် ဆောင်ရွက်တော်မူကြသည်။ ကြခတ်ပိုင်း ဆရာတော်ရေး 'အရညဝါသီ ရွှေကျင်နိကာယသမိုင်း'၌ ၎င်းအတိုင်း ဖော်ပြထားပြီး၊ ညောင်လေးပင်တောရ ဆရာတော် ဦးအရိယရေး 'ဘုန်းတော်ကြီး ဦးသီလထေရုပ္ပတ္တိ'၌ 'ကျောက်ဆည်၊ မြင်စိုင်း၊ မက္ခရာ၊ ၃ ဂိုဏ်းအုပ် ဦးသုမန'ဟု ရွှေသာလျောင်း ခြေရင်းတော်နေ ဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံအထက်ပိုင်း၌ ရွှေကျင်ဂိုဏ်း ဂုဏ်သတင်းကြီးသကဲ့သို့၊ မြန်မာနိုင်ငံအောက်ပိုင်းတွင် အရညဝါသီ(တော)ဂိုဏ်း ဂုဏ်သတင်းကြီးလျက်ရှိသည်။ ယနေ့ သီဟိုဠ်၌ လူအကြည်အညိုအများဆုံးဖြစ်သော ရာမညဂိုဏ်းကို တည်ထောင်တော်မူခဲ့သော ဆရာတော်သည် ပဲခူးကလျာဏီသိမ်၌ တောဂိုဏ်းဆရာတော်များဖြင့် ရဟန်းအဖြစ်ကို ခံယူတော်မူခဲ့သော ဆရာတော်ဖြစ်သည်။

၁၂၂၆ ခုနှစ်၌ တောဂိုဏ်း စတင်ဖြစ်ပေါ်ပြီးနောက်၊ ၂၉ နှစ်မြောက် ၁၂၅၅ ခုနှစ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရသည် နောက်ပါ သံဃာတော်များနှင့် ပဲခူးသို့ ကြွတော်မူလာသည်။ ထိုအခါ ဘုန်းတော်ကြီးဦးသီလ စသော တောဂိုဏ်းဆရာတော်များနှင့် တွေ့ဆုံ နှီးနှောတော်မူကြပြီး အောက်မြန်မာနိုင်ငံ အနှံ့အပြား၌ ပြန့်ပွားနေသော တောဂိုဏ်းနှင့်အထက် မြန်မာနိုင်ငံအနှံ့အပြား၌ ပြန့်ပွားနေသော ရွှေကျင်ဂိုဏ်းသည် ရည်ရွယ်ရင်း ဆန္ဒ၊ စည်းကမ်းဥပဒေချင်း တူညီသောကြောင့် ပေါင်းစည်းလိုက်ရာမှ 'အရညဝါသီ ရွှေကျင်နိကာယ'ဂိုဏ်း အဖြစ်သို့ ရောက်ရှိခဲ့သည်။

ရွှေကျင်ဂိုဏ်းအဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် ပဲခူးနယ်၌ ကလျာဏီတောရ ဦးအာစရ၊ ရွှေပန်းတောရ ဦးသုမန၊ ဖိုင်းကနိုင်းကြီး ဦးပုည၊ ဘုန်းတော်ကြီး ဦးသီလ၊ ရွှေသာလျောင်း ဦးသုဝဏ္ဏ၊ လိပ်ပြာကန် ဦးအာဒိစ္စ တို့သည် ဒုတိယ နာယကအဖြစ် ဆောင်ရွက်တော်မူကြပြီး၊ ပုဂံတောင် ဦးမာလာ၊ ထောင်မင်း ဦးသုမန၊ ကြခတ်ပိုင်း ဦးဥတ္တမ တို့သည် ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်တော်မူကြသည်။ ယင်း ဝိနည်းဓိုရ် ဆရာတော် ၃ ပါးသည် နောင်အခါ မော်လမြိုင် မုဒုံဆရာတော် ဦးမာလာ၊ ပဲခူးရွှေအောင်ရိုး ဆရာတော် ဦးသုမန၊ ကျိုက္ကဆံ ဆရာတော် ဦးဥတ္တမ ဟူ၍ အလွန်ကျော်စောထင်ရှားသော ဆရာတော် ၃ ပါး ဖြစ်လာသည်။

ကျိုက္ကဆံဆရာတော်ကား အာဏာစက် ထက်မြက်ပြီး အအုပ်အချုပ်ကောင်းသည့်အပြင် သာသနာပိုင်အဖြစ်ပင် ဆက်ခံရသေးသည်ဟု အဆိုရှိသည်။

ညောင်လေးပင်တောရ ဆရာတော်ရေး 'ဘုန်းတော်ကြီးထေရုပ္ပတ္တိ'၌ ဤသို့ ဖော်ပြထားသော်လည်း၊ ကြခတ်ပိုင်းဆရာတော်ရေး 'အရညဝါသီ ရွှေကျင်နိကာယသမိုင်း'အကျဉ်း၌မူ တောရနှင့်ရွှေကျင် ပေါင်းမိစ နာယကဆရာတော်များမှာ ကလျာဏီ ဦးအာစရသည် မဟာနာယကဖြစ်ပြီး၊ ရွှေပန်းဦးသုမန၊ ဖိုင်းကနိုင်းကြီး ဦးပုည၊ တောရဘုန်းတော်ကြီး ဦးသီလ၊ ရွှေသာလျောင်း ဦးသုဝဏ္ဏ၊ လိပ်ပြာကန် ဦးအာဒိစ္စ တို့သည် နာယကများဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။ ဝိနည်းဓိုရ် ၃ ပါးဖော်ပြမှု တူညီသည်ကို တွေ့ရှိရသည်။ အမှန်အားဖြင့် တောရဂိုဏ်းဖွဲ့စည်းပုံအတိုင်း ဖြစ်နိုင်ခြေရှိသောကြောင့် မဟာနာယက၊ နာယကအဖြစ် ဖော်ပြခြင်းကို ပို၍ နှစ်သက်ပါကြောင်း တင်ပြလိုက်ရပါသည်။

❑

ရွှေကျင်ဆရာတော်၏ ကြည်ညိုဖွယ်ဂုဏ်များ

ရွှေကျင်ဆရာတော်ဘုရားသည် ဝိနည်းတရားကို အလွန်လေးစား၍ ကြည်ညိုဖွယ် ဂုဏ်ဆောင်နိုင်သောကြောင့် မင်းတုန်းမင်းသည် မင်းသားဘဝ ဆရာတော်အား တွေ့စကပင် ကြည်ညိုခဲ့သည်။ 'ရွှေကျင်ဆရာတော်သာ သာသနာတော်ကို ပြုစုစောင့်ရှောက်တော်မူရလျှင် သာသနာတော်လည်း သန့်ရှင်းစင်ကြယ်မည်'ဟု နှလုံးသွင်းရှိတော်မူခဲ့သည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဝိနယဂရုက, ဝိနယကုက္ကုစ္စ မည်မျှကြီးမားတော်မူသည်မှာ မိမိ၏ ဖခင်ဒကာကြီးအရင်းကိုပင် အဖေအရင်းမဟုတ်က ဆွမ်း စသည်ကို တောင်းမိလျှင် မိစ္ဆာဇီဝ ဖြစ်သည်ကိုကြောက်၍ အဖေရင်းဟုတ်, မဟုတ်ကို သွယ်ဝိုက်၍ မေးစစ်တော်မူခဲ့သည်။

ရွှေကျင်ဆရာတော်ဘုရား၏ ဝိနယဂရုက ကြည်ညိုဖွယ် ဂုဏ်ဆောင်သတင်း ကျော်ကြားမှုကို ကြားသိကြသော သူတော်ကောင်း လက္ခဏာရှိသော ရဟန်း, သာမဏေတို့သည် အစဉ်အဆက်မပြတ် ဆည်းကပ် ရောက်ရှိလာကြလျက်ရှိရာ ရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသော မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၌ပင် သံဃာ ၃၀၀ ကျော်ရှိလာပြီး အရံ ၄ တိုက်၌ ၂၀၀ ကျော်စီ ရှိလာသဖြင့် ရွှေကျင် ၅ တိုက်တွင် သံဃာတော် ၁၀၀၀ ကျော်ရှိလာသည်။ ထို ၁၀၀၀ ကျော်သော သံဃာတော်များသည် ဆွမ်းမခံကြရပေ။ မင်းတုန်းမင်းတရားရော သီပေါမင်းပါ ဆွမ်းတော်ချက်ကပ္ပိယများကို အခကြေးငွေပေး၍ ချက်ပြုတ်ဆက်ကပ်စေသည်။ ထို့ကြောင့် ရွှေကျင် ၅ တိုက်နေ သံဃာ ၁၀၀၀ ကျော်မှာ အာရုံဆွမ်း, နေ့ဆွမ်း မကြောင့်ကြရဘဲ စာပေပရိယတ်များကိုသာ အပတ်တကုတ် ကြိုးစားအားထုတ်နေခဲ့ကြရသည်။

ကျောင်းနေသံဃာတော်များသည် ဆွမ်းမခံရသော်လည်း အချိန်ဖြုန်း၍ နေထိုင်ကြရသည် မဟုတ်ပါ။ ရွှေကျင်ဆရာတော်ကြီးသည် တိုက်တွင်းနေ စာသင်သံဃာ တပည့်ကြီး, တပည့်ငယ်တို့အား မပြတ်မလပ် ဆုံးမဩဝါဒတရား ဟောကြားပြသတော်မူသဖြင့် ယဉ်ကျေးသိမ်မွေ့သော ရဟန်းတို့၏ ဓလေ့ကျင့်ဝတ်တို့နှင့် ညီညွတ်စွာ ရဟန်းကောင်း, သာမဏေကောင်း ဖြစ်စေသည့်အပြင် သံဃာငယ်မှစ၍ တိုက်အုပ်, တိုက်ကြပ် မထေရ်ကြီးများတိုင်အောင် ကျင့်သုံးလိုက်နာဖွယ် ကျင့်ဝတ်နည်း ဥပဒေသများကိုလည်း ရေးသားပေးတော်မူ၍ ထိုဥပဒေသအတိုင်း လိုက်နာစေတော်မူသည်။ ဥပဒေသကထာ၌ ပရိယတ်သာမဟုတ်၊ ပဋိပတ် အလုပ်တရားကိုပါ ထည့်သွင်း ပညတ်တော်မူကာ လိုက်နာအားထုတ်စေတော်မူသည်။ ယင်းဥပဒေသကို 'ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး'ဟု ဆရာစဉ်ဆက် အမည်ပေး၍ လေးလေးစားစား ယနေ့တိုင် လိုက်နာကျင့်သုံးလျက်ရှိသည်။

ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီး၌

၁–ရွှေကျင်ဂိုဏ်းဥပဒေ
၂–ဂိဟိစာရိတ္တကျင့်ခန်း
၃–ကျောင်းသားကျင့်ဝတ်
၄–သင်္ဂါယနာတင်ပုံ
၅–ဓမ္မောသဓဒီပနီစာတမ်း
၆–ဓမ္မဝိနယစာတမ်း
၇–ပထမောဝါဒ
၈–ဒုတိယောဝါဒ
၉–သူသတ်ဩဝါဒမေတ္တာစာ
၁၀–သစ္စာ ၄ ပါးဖွဲ့နည်းဟူ၍ အစိတ်အပိုင်း ၁၀ မျိုးပါဝင်သည်။

ယင်း ၁၀ မျိုးအနက် အမှတ် ၆ ဓမ္မဝိနယစာတမ်းမှာ ရွှေကျင် ၅ တိုက်အတွင်းရှိ သံဃာများ လိုက်နာကျင့်သုံးရန်ဖြစ်သည်။ အမှတ် ၁ ရွှေကျင်ဂိုဏ်းဥပဒေမှာ ရွှေကျင်ဂိုဏ်းဝင် အားလုံးလိုက်နာကျင့်သုံးရန် ဥပဒေဖြစ်သည်။

ရွှေကျင် ၅ တိုက်ကျင့်သုံးရန် ဥပဒေမှာ အာမခံပုဂ္ဂိုလ်ကျင့်ရာ၊ အာမခံအပ်သည့် ပုဂ္ဂိုလ်ကျင့်ရာ၊ အဝတ်အရုံ၌ကျင့်ရာ၊ ဆွမ်းစားကျောင်း၌ ပြုလုပ်ရာ၊ ဘုရား

ဝတ်တက်ကျောင်း၌ပြုကျင့်ရာ၊ ညအခါ စာပြန်ရာ သိမ်,တန်ဆောင်း၌ ပြုကျင့်ရာ၊ ဥပုသ်ပြုရာ သိမ်,တန်ဆောင်း၌ ပြုကျင့်ရာ၊ နဝကမ္မ၌ ပြုကျင့်ရာ၊ ဓာတ်ရပ် ခေတ္တပြန် ပြုကျင့်ရာ၊ ပရိဝါသ် မာနတ်ဆောက်တည်မှု၌ ပြုကြည့်ရာ၊ အထက် ဆရာမထေရ်ကြီးတို့ ပြုကျင့်ရာ၊ တိုက်အုပ်, တိုက်ကြပ်တို့ ပြုကျင့်ရာ၊ တိုက်သံဃာ ငယ်များ ပြုကျင့်ရာ၊ ကျောင်းနေ ကျောင်းဘုန်းကြီးတို့ ပြုကျင့်ရာ၊ ဂိလာနရဟန်း တို့ ပြုကျင့်ရာ၊ အာဂန္တုရဟန်းတို့ ပြုကျင့်ရာ ဥပဒေများနှင့် ပဋိပတ္တိအရာ၌ ပြုကျင့်အားထုတ်အပ်သော ဥပဒေ၊ အားထုတ်ဖွယ် သမထဝိပဿနာနည်းအကျဉ်း၊ စာရိတ္တအဆုံးအမများ ဖြစ်သည်။

ရွှေကျင်ဂိုဏ်းတစ်ဂိုဏ်းလုံးနှင့် ဆိုင်သော ဥပဒေပုဒ်ပေါင်းမှာ အချုပ်အား ဖြင့် ၃၀ ရှိသည်။ ထို ၃၀ သော ဥပဒေပုဒ်အားလုံးသည် စာလွတ်ပေလွတ် ဝိနည်းလွတ် စိတ်ထင်ရာ ရေးသားပညတ်တော်မူသည် မဟုတ်ဘဲ၊ ဝိနည်းပညတ်တော် စည်းမျဉ်းကို ပဓာနပြု၍၊ သုတ္တန်ဒေသနာတော် ဆိုင်ရာ၌လည်း သုတ္တန် ဒေသနာနည်းကို မှီထား၍ ရေးသားပညတ်တော်မူခဲ့သော ဥပဒေသများဖြစ်သည်။ ၎င်းတွင်

၁–ဝိယေဟိ ဝိပ္ပယောဂ သောကသလ္လ ဝိမနကထာ
၂–သံဝရ သီလကထာ
၃–ဘဿာရာမတာဒီပဟာနကထာ
၄–ခန္တီကထာ
၅–သဗြဟ္မစာရီသု ဂါရဝတာကထာ
၆–သဗြဟ္မစာရီသု မေတ္တာပုဗ္ဗင်္ဂမ အရဏဝိဟာရကထာ
၇–သေဝိတဗ္ဗ မိတ္တအင်္ဂကထာ
၈–သဗြဟ္မစာရီသု ပဋိသန္ထာရ ဂါရဝတာကထာ
၉–ဝတ္တာနုဝတ္တ ပူရဏကထာ
၁၀–သဗြဟ္မ စာရီနံ သောဝစဿတာ ကထာ
၁၁–နာယက အင်္ဂကထာ
၁၂–လာဘသက္ကာရ သိလောကဿာဒ နိဂ္ဂဟကထာ
၁၃–ကာမာနံအာဒီနဝ ဒဿနကထာ

၁၄–အပ္ပမာဒ ဝိဟာရကထာ
၁၅–သဗ္ဗသင်္ဂါဟိက သခေ်ပကထာ အားဖြင့် ၁၅ ပိုင်း ပါသည်။

ရွှေကျင်ဆရာတော်ဘုရားသည် ဂိုဏ်းဆရာတော်တစ်ဆူ ဖြစ်တော်မူရလောက် အောင်ပင် တပည့်တပန်း ရဟန်းသာမဏေနှင့် ဥပါသကာ ဥပါသိကာတို့ကို အနည်းနည်းအဖုံဖုံ ဆုံးမတော်မူတတ်သည်ဖြစ်ရာ၊ ပုထုဇဉ်သတ္တဝါတို့ကို လှည့်ပတ် လိမ်လည်တတ်သော ပိဋ္ဌနာတို့ဖြင့် အလိမ်အလည် အလှည့်အပတ် မခံကြရလေ အောင် ၃၆ ပါးသော ပိဋ္ဌနာတရားတို့ကို ထုတ်ပြ၍လည်း ဆုံးမတော်မူသည်။ ၎င်းအပြင် ဩဝါဒကထာ ဒေသနာအမျိုးမျိုးတို့ဖြင့် ရေးသားဆုံးမတော်မူလေ့ရှိရာ၊ သာသနာလျှောက်လည်းဖြစ်၍ ဩဝါဒကထာလည်းဖြစ်စေသော ဩဝါဒမျိုး များစွာ တို့ဖြင့် ရေးသားဆုံးမတော်မူလေ့ရှိသည်။

ရှင်ငယ်, ရဟန်းငယ် တပည့်တပန်းတို့ကိုသာ မလွတ်တမ်း ဆုံးမတော် မူလေ့ရှိသည် မဟုတ်။ မိမိကိုယ်တိုင်လည်း ဂဏာစရိယ ဂဏပါမောက် ထက် အောက်ပေါ်ထင် ဘုရင်အပူဇော်ခံ ဆရာတော်ကြီးတစ်ပါး ဖြစ်တော်မူသည့်တိုင်အောင် မိမိထက် သိက္ခာကြီးတော်မူသော ဆရာတော်ကြီးများက သတိပေးတော်မူသည်များ ကိုလည်း လောကဝဇ္ဇနှင့် အာပတ်မှလွတ်ကင်းပါလျှင် မငြင်းမဆန် သည်းခံလိုက်နာ တော်မူလေ့ရှိသည်။ အထူးမှာ ရွှေကျင်ဆရာတော်ကြီးသည် ဝိနယဂရုက ဖြစ်တော် မူသည့်အတိုင်း၊ မျက်နှာမလိုက်ဘဲ ကျင့်သုံးတော်မူသည်။

တစ်နေ့တွင် မင်းတုန်းမင်းတရားက အမတ်တစ်ယောက် စေလွှတ်၍ ရွှေကျင် ဆရာတော်ကြီးအား ဆွမ်းအလှူခံကြွတော်မူရန် နန်းတော်သို့ ပင့်စေသည်။ အမတ် သည် ရွှေကျင်တိုက်သို့သွား၍ ရွှေကျင်ဆရာတော်ကြီးထံ ရောက်သောအခါ ဆရာ တော်ကြီးက သင်္ကန်းရုံနေတော်မူသည်ကို တွေ့ရသည်။ 'ဒကာတော် ရေမြေရှင်က နန်းတော်သို့ ကြွရောက်၍ ဆွမ်းအလှူခံတော်မူရန် ပင့်လျှောက်ပါကြောင်း' လျှောက် ထားရာ၊ ဆရာတော်ကြီးက မည်သို့မျှ ပြန်၍ မိန့်ကြားတော်မူခြင်းမရှိဘဲ သင်္ကန်း ရုံပြီးသောအခါ သပိတ်ကိုလွယ်၍ ကျောင်းပေါ်မှဆင်း၍ ကြွသွားတော်မူသဖြင့်၊ အမတ်လည်း နောက်မှလိုက်၍ အခြေအနေကိုကြည့်ရာ မန္တလေးတောင်၏ မြောက် ဘက် အဘိုးအို, အမယ်အိုတို့၏တဲသို့ ဆွမ်းစားကြွတော်မူကြောင်း တွေ့ရသည်။ ထိုအမတ်က ဆရာတော်အား နန်းတော်သို့ကြွရန် ထပ်မံ၍လည်း မပင့်ဝံ့၊ မင်းတရား

ကိုလည်း မတင်ဝံ့ဘဲ အချိန်ကြာမြင့်မှ နန်းတော်သို့ ရောက်သွားသည်။ မင်းတုန်းမင်းတရားက "ရွှေကျင်ဆရာတော် ကြွလာပြီလား"ဟု မေးမြန်းမှ မြင်တွေ့ခဲ့သည့်အတိုင်း တင်လျှောက်ရာ မင်းတရားကြီးမှာ ဝမ်းသာအားရဖြစ်ပြီး "ငါ့ကဲ့သို့သော မင်းရှိသေး၏လော"ဟုဆိုကာ လက်ပမ်းပေါက်ခတ်သည်ဟု ဆိုသည်။ ဘုရင်က ပင့်လျက် ဘုရင့်မျက်နှာကိုမကြည့်၊ ရှေးဦးစွာပင့်သော သူဆင်းရဲအဘိုးအို, အဘွားအို တို့၏တဲသို့ တရားအားလျော်စွာ ကြွသွားတော်မူခြင်းဖြင့် ယထာဓမ္မ သာသနာ့ မျက်နှာကိုသာ သတ္တိရှိရှိ ကြည့်တော်မူသောဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန်းကောင်း ရဟန်းမြတ်ကို အားထားကိုးကွယ်ရသော သာသနာ့ဒါယကာအနေဖြင့် ဝမ်းမြောက်၍ ယင်းကဲ့သို့ဆိုခြင်း ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီးသည် ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူသည့်အပြင် မာနကင်း နှိမ့်ချခြင်း စိတ်ထားလည်း ရှိတော်မူသည်ကို တွေ့ရှိရသည်။

ဒက္ခိဏာရာမတိုက်ဘုရားကြီး ဆရာတော်ကြီးသည် အခါတစ်ပါး သုဓမ္မာ တရားသဘင်မှအပြန် ရွှေကျင်တိုက်သို့ ကြွတော်မူလာသည်။ တိုက်တွင်းသို့ ရောက်တော်မူသောအခါ သူတော်ငယ်များ လက်အုပ်ချီ၍ အရိုအသေပြု ရှိခိုးလျက် ထိုင်နေကြသည်။ ဘုရားကြီးဆရာတော်ကြီးက "မင်းတို့ဆရာတော် ဘယ်ကျောင်းမှာ နေသလဲ"ဟု သူတော်ငယ်တို့အား မေးရာ မြှောက်ချီထားသော လက်အုပ်ဖြင့် "ဤကျောင်းမှာပင် သီတင်းသုံးပါသည် ဘုရား"ဟု လျှောက်ကြသည်။

ရွှေကျင်ဆရာတော်ကြီး မြင်တော်မူသဖြင့် လှေကားမှဆင်း၍ ခရီးဦးကြိုဆိုကာ ဘုရားကြီး ဆရာတော်ကြီးအား ထေရာရဟာနေရာသို့ ပင့်ဆောင်၍ တုပ်ရိုကျိုးရှိခိုးလျက်သာ နိမ့်ရာမှနေ၍ လေးစားစွာ ဆရာတော်ကြီး၏ မိန့်မြွက်မှုကို နာခံတော်မူသည်။ ဘုရားကြီးဆရာတော်ကြီးလည်း အတန်ကြာမှ အာလာပသလ္လာပနှင့်တကွ စာပေကျမ်းဂန်နှင့်စပ်သောစကားများကို မိန့်ကြားတော်မူ၍ ကျေနပ်ဝမ်းမြောက်သော လက္ခဏာဖြင့် ပြန်ကြွတော်မူသည်။ ရွှေကျင်ဆရာတော်ကြီးလည်း ကျောင်းတိုက်အာရာမ် ပြင်ပတိုင်အောင် လိုက်ပို့တော်မူသည်။

ဘုရားကြီးဆရာတော်ကြီးသည် ဒက္ခိဏာရာမတိုက်သို့ ရောက်သောအခါ

"ရွှေကျင်ကို ယခင်က အထင်သေးမိတယ်။ ရွှေကျင်တိုက်က သူတော်ငယ်ကလေးများဟာ တို့တိုက်က ဦးပဇင်းများထက် ယဉ်ကျေးလေးစားကြပါပေတယ်။ ရွှေကျင်ဆရာတော်ကိုယ်တိုင်လည်းပဲ တို့ကို ရိုသေလေးစားသည်မှာ သာမဏေငယ်လေးစားသဖွယ်ပင် ဖြစ်ပါပေတယ်။ နိဝါတ နိမာနဂုဏ် ရှိပါပေတယ်"ဟု ချီးကျူးစကား မိန့်ကြားတော်မူကြောင်း သိရှိရသည်။

ရွှေကျင်ဆရာတော်ကြီးသည် ပုဂ္ဂိုလ်အားလျော်စွာ မပြတ်မလပ် ဆုံးမဩဝါဒပေးတော်မူလေ့ရှိသည့်အတိုင်း သူတော်ငယ်ကလေးများကိုလည်း မပြတ်မလပ်သွန်သင်ဆုံးမတော်မူသည်။

'စားဖွယ်သီးမျိုး တစ်ကြိမ်ခိုး ထမ်းပိုးသုံးဆယ်ပါဘုရား။

နှစ်ကြိမ်ခြောက်ဆယ် သုံးကြိမ်ဝယ် ကျောင်းမယ်မနေရပါဘုရား။

ကစားမျိုးလိုက် ကျောင်းသားမိုက် ကျောင်း၌ မနေရပါဘုရား။'စသည်ကိုလည်း နှုတ်တက်ရအောင် ကျက်မှတ်စေ၍ ဆုံးမတော်မူသည်။

စကားပြောကျယ်, အရယ်ကျယ်, အခေါ်ကျယ်, အချေကျယ်, အသမ်းကျယ်ဟူသော ကျယ် ၅ ငါးပါး။ စကားများ, အရယ်များ, အအိပ်များ, အစားများ, နဝကမ္မများ, ဗစ္စည်းစုများ, ရှင်ငယ်လူငယ်တို့နှင့်ရောနှောများ, အလည်အပတ်များ ဟူသော များ ၈ ပါး။

စကားကြမ်း, အအိပ်ကြမ်း, အသွားကြမ်း, အထိုင်ကြမ်း, အရယ်ကြမ်း, စိတ်ကြမ်း, ကိုယ်ကြမ်း, နှုတ်ကြမ်း, အဆုံးအမကြမ်း ဟူသော ကြမ်း ၉ ပါး ရှောင်ရှားရန်ကို အထူးသွန်သင် ဆုံးမတော်မူသည်။

ထို့ကြောင့် ကျောင်းသား သူတော်ငယ်များမှစ၍ တပည့်သံဃာအားလုံး ယဉ်ကျေးသိမ်မွေ့၍ ကြည်ညိုဖွယ် ဂုဏ်ဆောင်တော်မူနိုင်ကြခြင်း ဖြစ်သည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မိမိ၏ တပည့်တပန်း ရဟန်းသံဃာများအပေါ်၌သာ အကျိုးဆောင်တော်မူသည်မဟုတ်။ ပြင်ပ ရဟန်းသံဃာများအပေါ်၌လည်း အကျိုးဆောင်တော်မူကြောင်း တွေ့ရှိရသည်။

အခါတစ်ပါး၌ ထန်းပင်ရင်းတိုက်နေ ကသာစား မင်းသားကလေး၏အင်္ကျီကို အခြားသူတစ်ယောက် ဝတ်သွားရာ ထိုအင်္ကျီကိစ္စနှင့်ပတ်သက်၍ 'မလိုသူက ပုန်ကန်

လုပ်ကြံလိမ့်မည်’ဟု ကုန်းချောသဖြင့် ထန်းပင်ရင်းတိုက်သား ဦးဓမ္မသာမိ စသော ရဟန်း ၃ ပါးကို ကြံရာပါဟု ဖမ်းဆီးကာ နက်ဖြန် နံနက် ၁၀ နာရီအချိန်တွင် ကွပ်မျက်ရန် အမိန့်ချပြီး ချုပ်နှောင်ထားသည်။ ထိုအခါ မတ္တရာ, မင်းတဲ, မန္တလာ ရာမ ဆရာတော် ၃ ပါးမှာ ကြံရာမရဖြစ်ကာ “မောင်ရွှေကျင်ထံ သွားပါဦး”ဟု အကြံပေးတော်မူကြသဖြင့်၊ ဘုန်းတော်ကြီးဦးမဥ္ဇူသည် ရွှေကျင်ဆရာတော်ကြီး၏တူ ကိုရင်ရာဇကိုခေါ်၍ အချုပ်ကျနေသော ဘုန်းကြီး ၃ ပါးကိုပြပြီး၊ ရွှေကျင်ဆရာတော် ကြီး သီတင်းသုံးရာ တောကျောင်းသို့သွားကြရာ၊ ည ၁၀ နာရီခန့်တွင်ရောက်၍ ကျောင်းတံခါးကို ခေါက်သည်။

ရွှေကျင်ဆရာတော်ကြီးက “ဘယ်သူတုံး”ဟု မေးတော်မူသည်။ “ဘုရား တပည့်တော် ရာဇပါဘုရား”ဟု လျှောက်သောအခါ၊ “ဒကာမကြီး ဘာဖြစ်သလဲ”ဟု ပြန်၍ မေးတော်မူသည်။ ကိုရင်ရာဇက “ဒကာမကြီး ဘာမျှမဖြစ်ပါဘုရား။ အခြား အရေးကြီးကိစ္စရှိ၍ လာပါကြောင်း”လျှောက်သောအခါ ရွှေကျင်ဆရာတော်ကြီးက တံခါးဖွင့်ပေးတော်မူသည်။

ထိုအခါ ဘုန်းကြီးဦးမဥ္ဇူက ထိုရဟန်း ၃ ပါးကိစ္စကို,အကြောင်းစုံလျှောက် ထားသည်ကို ရွှေကျင်ဆရာတော်ကြီး ကြားသိတော်မူသောအခါ

“အင်းအင်း။ ကိုယ်ကျိုးနည်းလို့, ကိုယ်ကျိုးနည်းလို့။ ဖြစ်မှဖြစ်ရပလေ၊ သာသနာ့ဒါယကာဖြစ်လျက် သံဃာကို သတ်ပစ်လျှင် ရာဇဝင်ရိုင်းတော့မည်”ဟု ညည်းညူတော်မူပြီး၊

“ကိုယ်တော်တို့က တပည့်တော်ကိုချည်း အားကိုးမနေနှင့်။ ကူညီဖို့ ဆရာ တော်များ ရှာကြပါဦး။ ကိုင်း၊ မိုးချုပ်လှပြီ။ ပြန်ကြပေတော့။ နက်ဖြန်လာခဲ့မည်”ဟု မိန့်တော်မူသည်။

နောက်နေ့နံနက်တွင် ရွှေကျင်ဆရာတော်ကြီးသည် စောစောပင် သုဓမ္မာဇရပ် သို့ ရောက်နှင့် နေတော်မူသည်။ မတ္တရာ, မင်းတဲ, မန္တလာရာမ ဆရာတော်တို့ အသီးသီး ကြွရောက်တော်မူလာသောအခါ ထိုဆရာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေး တော်မူပြီး နန်းတော်သို့ ကြွတော်မူသည်။ နန်းတွင်းသို့ ရောက်သောအခါ ရွှေကျင် ဆရာတော်ကြီးက မင်းတုန်းမင်းတရားအား

“ရဟန်းတို့ကို ရာဇဝတ်ပြစ်မှုဖြင့် သတ်မည်ဟု ကြားသိရသည်။ မှန်ပါ သလား”ဟု မေးမြန်းတော်မူရာ၊ မင်းတုန်းမင်းတရားက “ဒကာတော် မသိပါ ကြောင်း”လျှောက်တင်ပြီး၊ မိန်းမစိုးငလူကလေးကို မေးသောအခါ “မှန်ကန် ကြောင်း”သိရတော့သည်။ ထိုအခါ ရွှေကျင်ဆရာတော်ကြီးက မင်းတရားကြီးကို မည်တွန်ဆုံးမတော်မူသည်။ မင်းတရားကြီးလည်း ဩဝါဒစကားကို ရိုသေစွာ ကြားနာပြီးနောက် “ချုပ်နှောင်ထားသောရဟန်း ၃ ပါးကို လွှတ်စေ”ဟု အမိန့် ထုတ်တော်မူခဲ့ရသည်။

အလားတူစွာပင် အခါတစ်ပါး၌ အိမ်တော်ရာဘုရားပွဲတွင် ရဟန်းတော်များ ပွဲကြည့်ရင်း ခိုက်ရန်ဖြစ်ပွားကြရာ၊ မဟာဒါန်ဝန် စသည်တို့က အကောင်း,အဆိုး မခွဲခြားဘဲ သံဃာ ၃၀ ကို ဖမ်းဆီးတုပ်နှောင်ကာ လှေဖောင်တွင်တင်၍ မြစ်လယ်၌ ကျောက်စွဲလျက် အကျယ်ချုပ်ချထားသည်။ ထိုအခိုက် ရွှေကျင်ဆရာတော်ဘုရားကြီး သည် မင်းကွန်း ငွေတောင်တောရကျောင်းမှ မြို့တော်သို့ လှေဖြင့် ကြွတော်မူသည်ကို အချုပ်ခံ သံဃာတော်များ မြင်၍ “ဆရာတော်ဘုရား။ ကယ်တော်မူပါဘုရား”ဟု ပြိုင်တူဟစ်အော်ကြသည်။ ရွှေကျင်ဆရာတော်ကြီးက အတူပါကပ္ပိယအား အကြောင်း ကိုမေး၍ သိရှိတော်မူသောအခါ “ဖြစ်မှဖြစ်ရလေ။ ကိုယ်ကျိုးနည်းလို့”ဟု ညည်းညူ တော်မူပြီး၊ မြို့တော်သို့ ရောက်သောအခါ သက်နန်းရုံလျက် နန်းတော်သို့ ကြွသွား တော်မူသည်။

မင်းတုန်းမင်းလည်း ဝမ်းသာအားရ အလျင်တစော နေရာခင်းစေ၍ “သီတင်း သုံးတော်မူပါဘုရား”ဟု လျှောက်သော်လည်း၊ ထိုင်တော်မမူ။ “ဘာကို အလိုရှိတော် မူပါသနည်း၊ မိန့်တော်မူပါဘုရား”ဟု လျှောက်သောအခါ ဆရာတော်က “ဒကာ တော် ရေမြေ့ရှင်သည် သာသနာ့ဒါယကာ သာသနာပြုမင်း ပြုလုပ်နေပါလျက် သံဃာများကို ရေလယ်၌ အချုပ်ချထားသည်မှာ တော်ရော့လား”ဟု အပြစ်တင် တော်မူပြီး၊ ယခုပင် သံဃာတော်များကိုလွှတ်ရန် မိန့်ကြားတော်မူသည်။ “လွှတ် ပါမည်”ဟု လျှောက်သော်လည်း ထိုင်တော်မမူဘဲ၊ “လွှတ်ပါမည်ဆိုရုံနှင့် ငါတို့ မကျေနပ်သေးချေ။ အချုပ်ခံသံဃာများကို ကန်တော့ရဦးမည်”ဟု ဆက်၍ မိန့်တော် မူသည်။“ကန်တော့ပါမည်ဟု လျှောက်သော်လည်း ထိုင်တော်မမူသေးဘဲ “ကန်တော့ ဆိုသော်လည်း သင်္ကန်း စသည်တို့ဖြင့် လေးမြတ်စွာ ကန်တော့ရမည်”ဟု မိန့်တော်

မူရာ၊ “သက်န်း, ထီး, ဖိနပ် စသည်တို့ဖြင့် ကန်တော့ပါမည်”ဟု လျှောက်သော အခါကျမှ ထိုင်တော်မူပြီး တရားစကားပြော၍ ရွှေကျင်တိုက်သို့ ပြန်ကြွတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားသည် အာမိသဂရုက သဘောဖြင့် ဤသို့ မိန့်ကြား ဆောင်ရွက်တော်မူခဲ့ခြင်းမဟုတ်ဘဲ၊ မင်းတရားအား သံဃာများအပေါ် အလေးထား မေတ္တာပွားစေလို၍ ဤသို့ မိန့်ကြားဆောင်ရွက်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ရွှေကျင်ဆရာတော်ဘုရားသည် သီးလုံးဆရာတော်၏ တပည့်ဖြစ်တော်မူသည့် အတိုင်း ဆရာတူတပည့်တစ်ပါးဖြစ်သော သင်္ဂဇာဆရာတော်ကြီးက “ကိုရွှေကျင် တောထွက်စောသွားပေလို့။ သို့မဟုတ် ထိတ်ထိတ်ကြဲ စာတတ်ပေမည်”ဟု မိန့်မြွက် တော်မူဖူးသည်။

ရွှေကျင်ဆရာတော်ဘုရားသည် ထင်ရှားသော ဆရာတော်ကြီးများထံ၌ ရဟန်း ဝါ ၈ ဝါတိုင်ရုံသာ စာလိုက်တော်မူပြီးနောက် တောရဆောက်တည်ကာ ပဋိပတ်ကိုအားထုတ်ရင်း မကင်းရာမကင်းကြောင်းများကို စာပေပို့ချပေးတော်မူခဲ့ သည်။ သို့ရာတွင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပါရမီဓာတ်ခံ ရင့်သန်သူ ဖြစ်တော်မူသည့်အတိုင်း ၈ ဝါတိုင်ရုံမျှ စာလိုက်တော်မူခဲ့သော်လည်း စာပေ တတ် ကျွမ်းတော်မူသော ဆရာတော်ဖြစ်ကြောင်းကို ဆရာတော်ဘုရား ရေးသားတော် မူသော ကျမ်းစာများက သက်သေခံနေပါသည်။

ရွှေကျင်ဆရာတော်ဘုရားသည် ရွှေကျင် ကျင့်ထုံးဥပဒေများ, ဩဝါဒကထာ များ, မေတ္တာစာများကို ရေးသားတော်မူခဲ့သည့်အပြင်၊ နက်နဲသော ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်း, သီရိလင်္ကာ သာသနသုဒ္ဓိကထာကျမ်း, ဝိစိတြဝဏ္ဏနာ ကျမ်းများအပါအဝင် ကျမ်းပေါင်း ၂၉ ကျမ်းတို့ကို ရေးသားတော်မူခဲ့သည်။ ဝိစိတြ ဝဏ္ဏနာကျမ်းကား တစ်ပါးသူတို့ ကြံဆောင်နိုင်ခဲသော ဘုရား,တရားဂုဏ်တော်များကို နှိုက်နှိုက်ချွတ်ချွတ်ဖော်ထုတ်၍ ဆန်းပြားတင့်တယ်စွာ လေးလေးနက်နက် ရေးသား ထားတော်မူခဲ့သောကြောင့် ရန်ကုန်မြို့ ပါဠိဆရာ အင်္ဂလိပ်လူမျိုး မစ္စတာကျောဂရေးက အင်္ဂလိပ်ဘာသာပြန်ဆို၍ အင်္ဂလန်နှင့်တကွ ဥရောပသို့ ဖြန့်ချိခဲ့ရသည်။

ဆရာတော်ဘုရားကြီး ရွှေတိဂုံဘုရားကို ကြွရောက်ဖူးမြော်စဉ် ရန်ကုန်၌ အငြင်းပွားနေသော လူများ, သာမဏေများ ဝိနည်း သင်အပ်, မသင်အပ်၊ ဒုဿီလ အား လှူဒါန်းမှု အကျိုးရှိ,မရှိ အငြင်းပွားမှုနှင့်ပတ်သက်၍ ဆရာတော်ဘုရားထံ

လာရောက်ဩဝါဒခံယူကြရာ၊ ဆရာတော်ကြီး ဩဝါဒမြွက်ကြား ဟောကြားသော ဓမ္မောသဓဒီပနီမှာလည်း အလွန်ပင် အနှစ်ပြည့်သော ကျမ်းစာတစ်စောင်ဖြစ်သော ကြောင့် ရွှေကျင်နိကာယဂိုဏ်းဝင် ဆရာတော်များက ရွှေကျင်ဂိုဏ်း ကျင့်ထုံး တစ်ရပ်အဖြစ် ကျင့်သုံးတော်မူလျက် ရှိကြသည်။

အချုပ်အားဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ဂုဏ်များကား ရေးမကုန်ပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❑

ရွှေကျင်နိကာယဂိုဏ်း
ဒုတိယသာသနာပိုင်ဆရာတော်

ရွှေကျင်ဆရာတော်သည် ၁၂၄၆ ခုနှစ် သက်တော် ၆၄ နှစ်၌ မင်းကွန်းငွေတောင်တောရသို့ထွက်၍ သီတင်းသုံးနေတော်မူရင်း ၁၂၅၅ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်နေ့ည လဝန်းပေါ်ချိန်တွင် ပျံလွန်တော်မူသည်။ ရွှေကျင်ဆရာတော်ဘုရား ပျံလွန်တော်မူပြီးနောက် ၁၂၅၆ ခုနှစ် နယုန်လအတွင်း၌ ဈာပနကိစ္စကို ဆောင်ရွက်ရန်ဖြစ်သော်လည်း မန္တလေး တပည့်ဒကာများကလည်း မန္တလေးသို့ ပင့်ဆောင်၍ ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ပူဇော်လိုကြသည်။ မင်းကွန်း တပည့်ဒကာများကလည်း မင်းကွန်း၌ပင် တခမ်းတနား သင်္ဂြိုဟ်ပူဇော်လိုကြသည်။ သဘောချင်းမညီ ဖြစ်နေသောကြောင့် ၈ လလွန်၍ ၁၂၅၆ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ကျမှ မင်းကွန်း၌ပင် အပြီးသတ် ဈာပနကိစ္စကို ဆောင်ရွက်ခဲ့ကြရသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး သက်ရှိထင်ရှား ရှိတော်မူစဉ်ကပင် ရွှေကျင်တိုက်နှင့်တကွ မဟာဝိသုဒ္ဓါရာမ အရှေ့တိုက်, အနောက်မြတောင်တိုက်, ယောမင်းကြီးအုတ်ကျောင်း, မိုးကောင်းတိုက်, စိတြာရာမကျောင်းတိုက်, မှန်ကျောင်းတိုက်, မဟာဝိဇယာရာမကျောင်းတိုက် စသော နေပြည်တော်ရှိ ရွှေကျင်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ ဩဝါဒခံ ရွှေကျင်နိကာယကျောင်းတိုက်တို့၌ ဂဏဝါစကပဓာနထေရအဖြစ်ဖြင့် ၂ ရပ်သောသာသနာကို ဆောင်ရွက်တော်မူနေကြသော ပရိယတ္တိဝိသာရဒ ပိဋကတ္တယပါရဂူ ဝိနယဓရ စတင်္ကသမာပန္န လက်ရင်းတပည့်ကြီးများကား ၃၆ ပါးရှိပြီး၊ တိုက်သံဃာများကား အထောင်မက ရှိသည်။

ထို တပည့်ကြီး ၃၆ ပါးကား ရွှေကျင်နိကာယ သာသနာပြု, သာသနာ့စောင့်မထေရ်များလည်း ဖြစ်တော်မူကြသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဈာပနကိစ္စ ပြီးစီးပြီးနောက် ဖော်ပြပါ မထေရ်ကြီး ၃၆ ပါးနှင့်တကွ ၁၀၀၀ ကျော်သော ရွှေကျင်ဆရာတော်ကြီး၏ တပည့်ကြီး,ငယ်တို့သည် စည်းဝေးတော်မူကြပြီး၊ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်စားအဖြစ်ဖြင့် ဂိုဏ်းဦးစီးဥသျှောင်ရှိမှ ရွှေကျင်နိကာယဂိုဏ်းကြီး အရှည်တည်တံ့မည်ဖြစ်၍ သာသနာပိုင်တစ်ပါး တင်မြှောက်ရန်လိုကြောင်း ညှိနှိုင်းသဘောရတော်မူကြသည်။

ထိုသာသနာပိုင်ဆရာတော်သည် ရွှေကျင်ဆရာတော်ဘုရားကြီး ဂုဏ်တော်ကျေးဇူးများကို အထူးသိ၍ ဂုဏ်တော်အဖုံဖုံနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်မှသာ ဂိုဏ်းသံဃာများ၏ ကြည်ညိုကျေနပ်မှုကိုရ၍ ရွှေကျင်ဂိုဏ်းကြီးကို ကောင်းမွန်စင်ကြယ် တည်တံ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ ထိုပုဂ္ဂိုလ်မျိုးကို ရွေးချယ်ရန် ဆုံးဖြတ်တော်မူကြသည်။ ဤသို့ ဆုံးဖြတ်တော်မူပြီးနောက် မဟာဝိသုဒ္ဓါရာမ ဆရာတော် အရှင်ဝိသုဒ္ဓါစာရ မထေရ်အား တညီတညွတ်တည်း ရွေးချယ်တော်မူကြသည်။

ဆရာတော် အရှင်ဝိသုဒ္ဓါစာရ မထေရ်မြတ်သည် သံဃာတော်အရှင်များ လိုလားသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသည့်အပြင်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ လက်ရုံးတမူ အရေးယူအားထား ချီးမြှောက်ခြင်းကို ခံယူရရှိခဲ့သော လက်ရင်းတပည့်ကြီးလည်း ဖြစ်သည်။ ဤသို့ ရွေးချယ်တော်မူကြပြီးနောက် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးတွင် အစည်းအဝေးတစ်ဖန် ကျင်းပတော်မူကြပြီး ရွှေကျင်နိကာယသမ္မုတိ သာသနာပိုင်အဖြစ် တင်မြှောက်တော်မူခဲ့ကြသည်။ ဒုတိယသာသနာပိုင် မဟာဝိသုဒ္ဓါရာမဆရာတော်သည် မြန်မာနိုင်ငံသာသနာဝင်၌ ပရိယတ်, ပဋိပတ်, ပါဠိ, သက္ကတ စွယ်စုံပညာရှင် ဆရာတော်ဖြစ်သောကြောင့် သကပရသံဃာတို့ မကြားဖူး, မသိဖူးသူ မရှိ။ သီဟိုဠ်, ယိုးဒယား စသော တိုင်းတစ်ပါးတိုင် ထင်ရှားကျော်ကြားတော်မူသော ဆရာတော်ဖြစ်သည်။

ဆရာတော်သည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၃ ရက် ည ၃ ချက်တီးကျော် ဗုဒ္ဓဟူးနေ့အဝင်၌ ဖွားသန့်စင်သည်။ ရွှေဘိုတောင်ဘက် ဝက်လက်အရှေ့ စမွန်းရွာဇာတိ ဖြစ်တော်မူသည်။ မိဘ ၂ ပါးမှာ ထိုအရပ်တွင် ပြည့်စုံ

ကြွယ်ဝသော သူကြွယ်မျိုး ဖြစ်သည်။ ငွေသားချိန် ၁ သောင်း ၈ ထောင်အပြင် ပုတီး, နားဒေါင်း, လက်ကောက်, လက်စွပ်, လည်ရွဲတန်ဆာ စသော အတွင်းပစ္စည်း အမြောက်အမြားရှိသည်။ ရွာ ၂ ရွာ, ၃ ရွာကို အငှားချထားနိုင်အောင် လယ်မြေများလည်း ရှိသည်။ ကျွဲ, နွား, မြင်း တို့ဖြင့်လည်း ပြည့်စုံသည်။ မိဘဘိုးဘွားတို့လက်ထက်မှ ဆင်းသက်လာသော အိမ်ထောင်စု ကျေးကျွန် ၂၅ အိမ်ထောင်ရှိ၍၊ လူဦးရေ ၁၀၀ ကျော်ရှိသည်။ ဤသို့သောမိဘမှ ဆရာတော်ကြီး သက်ရောက် ထွန်းပေါ်တော်မူလာခြင်း ဖြစ်သည်။ ယောကျ်ားမြတ် ပညာရှိ သူတော်ကောင်းတို့၌ ပြည့်စုံမြဲဖြစ်သော ရုပ်အဆင်းအင်္ဂါ ရှိတော်မူသည်။ ဆရာတော်ကြီး၌ အစ်ကိုတစ်ယောက်သာ ရှိသည်။ မယ်တော်မှာ ဆရာတော်ကြီး ၃ နှစ်သားအရွယ်၌ ကွယ်လွန်သည်။ ခမည်းတော်မှာ ဆရာတော်ကြီး ရဟန်း ၁၂ ဝါအရတွင် ကွယ်လွန်သည်။

အသက် ၈ နှစ်တွင် စမွန်းရွာ မဟာရံကျောင်းဆရာတော် အရှင်ဣန္ဒမထေရ်ထံ ပညာသင်ကြားခဲ့သည်။ ၁၃ နှစ်အရွယ်တွင် ဆရာတော် အရှင်ဣန္ဒကို ဥပဇ္ဈာယ်ပြု၍ ဖခင်နှင့် အစ်ကိုကြီးတို့၏ ပစ္စယာနုဂ္ဂဟာဖြင့် ရှင်သာမဏေ ဖြစ်သည်။ ရှင်ဝိသုဒ္ဓါစာရ အမည်ရသည်။ ၁၇ နှစ်အရွယ်တွင် ရွှေကျင်ဆရာတော်ဘုရားထံ ရောက်ရှိကာ ပါဠိ, အဋ္ဌကထာများကို သင်ကြားခဲ့သည်။ သာမဏေဝတ်ဖြင့်ပင် ရွှေကျင်ဆရာတော်ဘုရားထံတွင် ဝိနည်းမှတစ်ပါး သုတ္တန်, အဘိဓမ္မာ ၂ ဖြာသော ပါဠိ, ပိဋကနှင့် အဋ္ဌကထာများကို နေတ္တိနည်း, ဉာသ်နည်း, အလင်္ကာနည်း, ဆန်းနည်း စသည်တို့ဖြင့် ပေါက်မြောက်အောင် သင်ယူနိုင်ခဲ့သည်။ သက္ကတဘာသာကိုပါ လေ့လာသင်ကြားရာ လွယ်ကူစွာပင် တတ်မြောက်တော်မူခဲ့သည်။

ဤသို့ ရွှေကျင်ဆရာတော်ဘုရားထံ စာပေများကို သင်ကြားနေစဉ် ဖခင် အစ်ကိုကြီးနှင့် ဆွေမျိုးများက လူထွက်ရန် အမျိုးမျိုး သွေးဆောင်ခဲ့ကြသော်လည်း လူမထွက်ဘဲ စာပေများကိုသာ အပတ်တကုတ် ကြိုးစားသင်ကြား နာယူခဲ့သည်။ ရှင်ဝိသုဒ္ဓါစာရသည် ရွှေကျင်ဆရာတော်ဘုရား ခြေတော်ရင်း၌ ဝရ ၂ ဖြာကို ထမ်းဆောင်လာခဲ့ရာ ၁၂၁၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ စမွန်းရွာအရှေ့ဘက် သရိုင်ရွာ ခဏ္ဍာသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ရဟန်းဖြစ်ချိန်မှစ၍ ဝိနည်း, ပိဋကဆိုင်ရာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ဂန္ထဓုရနှင့်တကွ လေ့လာသင်ကြားခဲ့ရာ ရဟန်း ၁ ဝါအရတွင် တိပိဋကဝိဒူ ဖြစ်တော်မူသည်။ ပဋိပတ်အရာ၌လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒအတိုင်း မယုတ်မယိုစေမူ၍ မကျန်းမာချိန်မှတစ်ပါး အခါခပ်သိမ်း နံနက်အရုဏ်မတက်မီ ထတော်မူ၍ နိသဇ္ဇ ဓုတင်၊ ရံခါ ရုက္ခမူ ဓုတင်၊ ရံခါ အဗ္ဘောကာသိဓုတင်တို့ကို ဆောက်တည်တော်မူသည်။ ကောသနိက်၊ ပတ္တပိဏ် ဓုတင် တို့ကိုလည်း ဆောက်တည်လေ့ရှိသည်။ နေလွဲ ကွမ်းဆေး စားသုံးခြင်း အလျဉ်းမရှိ။ စတုမဓုစသော ဆေးပစ္စည်းများကိုပင် အနာဟူသောအကြောင်းမရှိဘဲ သုံးဆောင်တော်မူလေ့မရှိပေ။ ရံခါ မီးရထား, မီးသင်္ဘောဖြင့် ခရီးသွားကြွတော်မူရသောအခါ သဟသေယျသိက္ခာပုဒ်ကို စောင့်ထိန်းသောအားဖြင့် ကျိန်းစက်တော်မမူဘဲ၊ နိသဇ္ဇ ဓုတင်ဖြင့် သီတင်းသုံးတော်မူလေ့ ရှိသည်။ ကုလဒူသက အနေသနမှုများကား လုံးဝမရှိ။ တစ်ပါးသူ လှူပစ္စည်း၌ပင် အဓမ္မိယလဒ္ဓဟု သိလျှင်, ထင်လျှင် အသုံးပြုမမူဘဲ စွန့်ပစ်တော်မူသည်။

ရဟန်း ၂ ဝါအရတွင် သက်ပန်းဆရာတော်ဟု ထင်ရှားသော ဆရာတော် ဦးဥေယျထံ ၁ ဝါနည်းခံပြီး ရွှေကျင်တိုက်သို့ပြန်၍ ရဟန်း ၃ ဝါအရတွင် ဝိဇ္ဇာဓိုရ်မည်သော ဓာတုကထာချီး လင်္ကာကျမ်းကို ရေးသားတော်မူသည်။ ရှေးကတုတ်လှမ်းဆရာတော် ရေးသားခဲ့သော ဓာတုကထာချီးထက် ပြည့်စုံကြောင်း ကျော်ကြားသည်။

ဆရာတော်သည် စတုတ္ထဝါမှ စ၍ မြို့ပြင်ကြီး ဆရာတော်, အင်းဝမြို့က သက်ငယ်ကျောင်းတိုက် ဆရာတော်, မင်းတဲတိုက် ဆရာတော်တို့ထံ ၁ ဝါစီ နည်းခံ၍ လေ့လာဆည်းပူးတော်မူသည်။ ရဟန်း ၆ ဝါအရတွင် ရွှေကျင်ဆရာတော်ထံ ပြန်လည်ဆည်းကပ်၍ ဆရာတော်ဘုရားကြီး ဝေယျာဝစ္စတို့ကို ပြုစုလျက် စာပေပို့ချရင်း ဝိနယဓမ္မ ဝိနိစ္ဆယများကို ရေးသားတော်မူခဲ့သည်။ ၇ ဝါမှစ၍ ရွှေကျင်ဆရာတော်ဘုရားကြီး အားကိုးယုံကြည်ကာ မျက်နှာလွှဲရသော ညာလက်ရုံး တပည့်ကြီးတစ်ပါးအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရမတ္ထသရူပဘေဒနီ ကျမ်းကြီးကိုလည်း ရေးသားတော်မူခဲ့သည်။ ယင်းကျမ်းကို သီဟိုဠ်ဆရာတော် အရှင်သီရိဓမ္မမထေရ်က သီဟိုဠ်ဘာသာပြန်၍ ပ,ဒု,တ

အဖြစ်ခွဲကာ သီဟိုဠ်သို့ ပို့ခဲ့သဖြင့် သီဟိုဠ်တွင် ထင်ရှားသော ကျမ်း တစ်ကျမ်း ဖြစ်ခဲ့သည်။ ၎င်းနောက် မုစ္စနဂ်ပကာသနီကျမ်း, ဝိနယကောသလ္လကျမ်း, သဒ္ဒတ္ထဗေဒစိန္တာဂဏ္ဌိကျမ်း, ဉာဏောဒယကျမ်း, ဆန္ဒောမဉ္ဇရီကျမ်းကို သက္ကတမှ မာဂဓပြန်ဆိုကျမ်း, ၎င်းနိသျကျမ်း, ဓာတွတ္ထသင်္ဂဟ ပါဠ်နိသျ အဓိပ္ပာယ် အံဆုံးအဖြတ်များ, နေတ္တိဟာရတ္ထဒီပနီသစ်ကျမ်း, ဆိဒ္ဓပိဓာနနီကျမ်း, ဝိသုဒ္ဓါရုံသုတ်နက်ကျမ်း, သမ္ဗုဒ္ဓေါသဒီပနီကျမ်း, ရွှေကျင်ဝံသာနုရက္ခကျမ်း, ရွှေကျင်နိကာယစာရိတ္တဥပဒေသကျမ်း, ဂိဟိစာရိတ္တကျမ်း, မဓုသာရတ္ထသတ်ပုံကျမ်း စသည်တို့အပြင် အရပ်ရပ်မှ မေးလာသမျှကို ဖြေဆိုဆုံးဖြတ်သော အဆုံးအဖြတ်ပေါင်းများစွာကို ရေးသားတော်မူခဲ့သည်။ ယခု ဝိသုဒ္ဓါရုံ အဆုံးအဖြတ်ကျမ်းအဖြစ် ထင်ရှားနေသည်။ ပါဒစက္ကစေတိယဝဏ္ဏနာကျမ်း, ဆဗ္ဗဏ္ဏရံသိဝဏ္ဏနာကျမ်း, သံဝဏ္ဏနာကျမ်း, ပရိဝါသဝိနိစ္ဆယကျမ်း, သံဝါသဒီပနီကျမ်း တို့ကိုလည်း ဆက်လက်ရေးသားတော်မူခဲ့သည်။

ဆရာတော် အရှင်ဝိသုဒ္ဓါစာရသည် ရဟန်း ၁၂ ဝါအရတွင် ဖခင်ကွယ်လွန်သောအခါ အရပ်ရပ်ကြွင်းကျန်သော ရွှေငွေ, လယ်ယာ, ကျွဲနွားမှ စ၍ ပစ္စည်းပစ္စယအားလုံးကို အစ်ကိုကြီးနှင့် ၎င်းသားသမီးများအား ပေးစွန့်တော်မူပြီး၊ ကိုယ်ကိုပေါင်နှံ၍ ကျေးကျွန်ဖြစ်နေသူ အားလုံးကို မိမိအမွေအဖြစ်ထားပြီး၊ ၎င်းတို့ကို ကျေးကျွန်အဖြစ်မှ ကင်းလွတ်ခွင့်ပေးတော်မူသည်။ ဖခင်လက်ထက် ချေးငှားထားကြသော အကြွေးများကိုလည်း ဖျက်သိမ်းတော်မူသည်။

ဆရာတော်သည် ရွှေကျင်တိုက်မ၌ ၁၂ ဝါအထိ နေတော်မူပြီး၊ ၁၃ ဝါအရတွင် ဒေါင်းလည်ချောင်းတောရသို့ ထွက်၍ ဝါကပ်တော်မူသည်။ ဒေါင်းလည်ချောင်းသို့မကြွမီ 'ဒေါင်းမေတ္တာစာ'ကိုရေး၍၊ ဒေါင်းလည်ချောင်းတောရ၌ သီတင်းသုံးတော်မူစဉ် 'ဒေါင်း ဋီကာ'ကို ရေးသားတော်မူသည်။ ၁၂၃၂ ခုနှစ်၌ မင်းတုန်းမင်းထံ ဒေါင်းမေတ္တာစာနှင့် ဒေါင်းဋီကာကို ဆက်သွင်းစေတော်မူသည်။ မင်းတရားက မအပ်သော ဒေါင်းဒင်္ဂါး တန်ဖိုးဖြတ် လှူဒါန်းနေမှုကို သတိပြုစေရန် ဆက်သွင်းခြင်းဖြစ်သည်။

ဆရာတော်သည် ၁၄ ဝါအရတွင် ရွှေခွန်တောရ၌ ကေစာရိကျင့်၍ အရညကင်ခုတင်ဆောက်တည်ကာ ဝါကပ်တော်မူသည်။ ထိုအချိန်၌ မင်းတုန်းမင်းကြီး၏ မိဖုရားခေါင်ကြီး ဆင်ဖြူမရှင် ဆောက်လုပ်သော မဟာဝိသုဒ္ဓါရာမတိုက်ကြီး

ပြီးသဖြင့် မင်း,မိဖုရားတို့က ရွှေခွန်တောရ၌ သီတင်းသုံးနေတော်မူသော ဆရာတော် အရှင်ဝိသုဒ္ဓါစာရကိုပင့်၍ ရေစက်ချလှူသည်။ ရွှေကျင်ဆရာတော်နှင့် မဟာဗိုလ်ဆရာတော်တို့က ကြီးမှူးတော်မူသည်။

ဆရာတော် အရှင်ဝိသုဒ္ဓါစာရသည် မဟာဝိသုဒ္ဓါရာမတိုက်ကို အလှူခံတော်မူပြီးနောက် ယင်းတိုက်တွင် ၁၂၃၄ ခုနှစ်မှ ၁၂၆၃ ခုနှစ်အထိ ၂၉ ဝါပတ်လုံး သီတင်းသုံးတော်မူသည်။ မဟာရာမ်တစ်ခုလုံးကိုလည်း သိမ်အဖြစ် သမုတ်တော်မူခဲ့သည်။ တပည့်သံဃာများအား စာပေပို့ချလျက်နေတော်မူခဲ့ရာ ရဟန်း ၁၆ ဝါအရတွင် မင်းတုန်းမင်းက ဝိသုဒ္ဓါစာရကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ် ဆက်ကပ်တော်မူသည်။ ဆရာတော်ထံ မြန်မာနိုင်ငံသာမဟုတ်၊ သီဟိုဠ် စသော နိုင်ငံခြားသား ရဟန်းသံဃာများကလည်း လာရောက်၍ ပညာရင်နို့ သောက်စို့ကြသည်။

တိုက်တွင်းသံဃာများ ဆွမ်းကွမ်းအတွက် မင်းတုန်းမင်းက လစဉ် အကပ္ပိယ ၅၀၀ ကို ကပ္ပိယသို့ ပေးအပ်လှူဒါန်းသည်။ ဆင်ဖြူမရှင် မိဖုရားကလည်း လစဉ် ၄၀ ကျော်ဝတ္ထုကို ကပ္ပိယသို့အပ်၍ လှူဒါန်းသည်။

ဆရာတော် ဘိက္ခု ၂၇ ဝါအရတွင် သီပေါမင်းဆက်ကပ်သော ဝိသုဒ္ဓါစာရဘိဓဇာဓိပတိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ကို ဒုတိယအကြိမ် ခံယူရရှိတော်မူသည်။ ရွှေကျင်ဆရာတော်၏ ညွှန်ကြားချက်အရ မိတ္ထီလာ, ပင်းတလဲ စသော မြို့များသို့ကြွ၍ သာသနာပြုတော်မူခဲ့သည်။

ဆရာတော်သည် ရွှေကျင်ဂိုဏ်း သာသနာပိုင် ဖြစ်တော်မူလာပြီးနောက် မဇ္ဈကဏ္ဍပဟာန်စာတမ်း, ရွှေကျင်ဂိုဏ်းကျင့်ထုံး, ရွှေကျင်ဝံသာနုရက္ခ စသော ကျမ်းများကို ပြုစု၍ ထက်အောက်ဖြန့်၍ လိုက်နာစေတော်မူသည်။ နှစ်စဉ် ဝါဆိုသံဃာစာရင်း, ကျောင်းစာရင်း, ပရိယတ်ပဋိပတ် စာရင်းတို့ကိုလည်း မိမိထံ ပို့စေတော်မူသည်။ ဆိုင်ရာ မြို့ရွာနယ်တို့၌ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ် ဝိနယဝိနိစ္ဆယက ပုဂ္ဂိုလ်တို့ကို ရွေးချယ်ခန့်တော်မူခြင်း။ ရုံခါ ဩဝါဒကထာ ဖြန့်ချိပေးပို့တော်မူသည်။ ရုံခါ လှည့်လည်ကြွရောက် အားပေးချီးမြှောက်တော်မူသည်။

အချုပ်အားဖြင့် ရွှေကျင်နိယာယ ဒုတိယသာသနာပိုင် ဆရာတော်ဘုရားသည် ရွှေကျင်ဂိုဏ်း စည်းစနစ်ကျနစွာ သန့်ရှင်းစင်ကြယ်မှုအတွက် များစွာအားထုတ် ဆောင်ရွက်လျက် သာသနာပြုတော်မူခဲ့သည်။ ဆရာတော်၏ ကျေးဇူးကြောင့် ရွှေကျင်နိကာယဂိုဏ်းကြီးသည် တက်နေဝန်းကဲ့သို့ ကျယ်ပြန့်ထွန်းလင်း၍ အားကောင်းသည်ထက် အားကောင်းလျက် မြန်မာနိုင်ငံသာမက သီဟိုဠ်, ယိုးဒယား စသော တိုင်းတစ်ပါးသို့ပင် ပြန့်ပွားထွန်းကားလာသည်။

ဆရာတော်သည် ယောမင်းကြီး အုတ်ကျောင်းနှင့်တကွ အနယ်နယ်အရပ်ရပ်မှ ကျောင်းများကိုလည်း အလှူခံရရှိတော်မူသည်။ ဝိနည်းစာပြန်ပွဲကြီးကိုလည်း ကျင်းပပေးတော်မူခဲ့သည်။

၁၂၆၃ ခုနှစ်၌ ဥက္ကံဘုရားကြီးတိုက်၌ကျင်းပသော ဝိနည်းစာပြန်ပွဲအပြီးတွင် တိုက်သူကြီး ဦးဘိုးအို စသော ဒကာများ မေးလျှောက်သော ပုစ္ဆာ ၁၃ ချက်ကို မန်လည် လယ်တီ, ကျောက်အိုင်, မုတ်ကျွန်းဆရာတော် ၄ ပါးထံပို့၍ အဖြေဝိနိစ္ဆယကို ရရှိသောအခါ သင့်ရာကိုယူပြီး 'ဝဇီရူပမဗျာကရဏကျမ်း'အမည်ဖြင့် ကျမ်းတစ်စောင် ပြုစုတော်မူသည်။

သီဟိုဠ်ကျွန်းတွင်ဖြစ်ပေါ်နေသော သိမ်နိမိတ်ပြဿနာ, သမ္မုတိသံဃာကို ရည်မှန်း၍ သံဃိကဒါနလှူဒါန်းမှု သံဃိကမမြောက် ပြဿနာ ၂ ရပ်ကို သီဟိုဠ်တွင် မဆုံးဖြတ်နိုင်သဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ထံ ရောက်ရှိလာရာ ဆရာတော်၏ အဆုံးအဖြတ်ကို ၂ ဘက်အငြင်းပွားသူအားလုံးက နှစ်သက်တော်မူခဲ့ကြရသည်။ ယင်းအဆုံးအဖြတ်ကို သီဟိုဠ်ဘာသာဖြင့် ပုံနှိပ်၍ နိုင်ငံအနှံ့ ဖြန့်ဝေခဲ့ကြသည်။

တစ်ဖန် သီဟိုဠ်၌ ပဋ္ဌာန်း ၂၄ ကဏ္ဍရှိသည်အနက် နောက်ဆုံး ၆ ကဏ္ဍ ကွယ်ပျောက်နေသဖြင့် ဆရာတော်ထံ သီဟိုဠ်ရဟန်းတော်များ ကြွရောက်၍ အကူအညီတောင်းခဲ့ရာ ဆရာတော်က လိုအပ်သော ပဋ္ဌာန်းပါဠိတော်ကို ပေးပို့တော်မူခဲ့သည်။

မြန်မာနိုင်ငံတော် အောက်အရပ်ဒေသ မြို့ရွာများ၌ ရွှေကျင်နိကာယ သံဃာတော်များ သီတင်းသုံးရာကျောင်း၌ သိမ်သမုတ်ရန် ပင့်လျှောက်မှုအရ ဆရာတော်သည် ပရိသတ်နှင့်တကွကြွ၍ သိမာသမ္မုတိကံကို ချီးမြှောက်တော်မူသည်။

ဆရာတော်သည် ၁၂၆၄ ခုနှစ်, ၄၅ ဝါမြောက်၌ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်တွင် ဝါကပ်တော်မူသောအခါ ယောမင်းကြီး၏ စာရေးတော်ကြီး ဦးလူကလေးက အနောက်ပြင် ဒေးဝန်းရပ်အနီး၌ ကျောင်းတိုက်ကြီးတည်ဆောက်ပြီး ဆရာတော်အား လှူသဖြင့် 'မဟာဝိသုဒ္ဓါရုံတိုက်သစ်' အမည်တွင်စေတော်မူခဲ့သည်။ ၁၂၆၅ ခုနှစ်၌ ၄၆ ဝါမှစ၍ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံးတော်မူသည်။

ထိုအချိန်၌ အိန္ဒိယကလကတ္တားမှ သူဌေးပွဲစားကြီး ချစ်စရှည် ဥပါသကာက ဆရာတော်အား ဖူးမြော်လိုခြင်း, တရားနာလိုခြင်းနှင့် သာမဏေတစ်ပါး ရဟန်းဘောင်ဝင်ရန်အတွက် ပင့်၍ ၁၃၆၅ ခုနှစ် ပြာသိုလဆုတ် ၂ ရက်တွင် အိန္ဒိယသို့ ကြွတော်မူသည်။ သီရိစန္ဒြမုနိမည်သော သာမဏေကို ရဟန်းအဖြစ် ဥပသမ္ပဒကံဆောင် ပေးတော်မူခဲ့သည်။

ဤသို့အားဖြင့် ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် ဆရာတော်သည် သာသနာတော်နှင့် ရွှေကျင်နိကာယဂိုဏ်းကြီးအတွက် လုံ့လဝီရိယကျေးဇူးကြီးမားစွာ ဆောင်ရွက်တော်မူပြီးနောက်၊ သက်တော် ၇၇ နှစ်, ၁၂၇၈ ဝါဆိုလဆန်း ၈ ရက်နေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

❑

ရွှေကျင်နိကာယ သာသနာပိုင်အစဉ်အဆက်

ရွှေကျင်နိကာယဂိုဏ်းဝင် သံဃာတော်များသည် ဂိုဏ်းအကြီးအကဲ ဆရာတော်များ၏ ဩဝါဒ, ရွှေကျင်နိကာယ ကျင့်ထုံးဥပဒေသတို့ကို မယုတ်မယို လိုက်နာကျင့်သုံးတော်မူကြသဖြင့် မကြည်ညိုသူများ ကြည်ညိုလာအောင်, ကြည်ညို ပြီးသူများလည်း သာလွန်ကြည်ညိုလာအောင် အသွင်ဆောင်လျက် ရှိတော်မူကြသည်။ ယခုအခါ နိုင်ငံတကာမှလာသော ဧည့်သည်များအား ဗုဒ္ဓမြတ်စွာဘုရား၏ ရဟန်း သံဃာတော်များ၏ ကြည်ညိုဖွယ် ဂုဏ်ဆောင်နိုင်မှုကို ပြသလိုလျှင် အမရပူရ မဟာဂန္ဓာ႐ုံ, ပဲခူးကြခတ်ဝိုင်းကဲ့သို့သော ရွှေကျင်တိုက်ကြီးများသို့သာ သက်ဆိုင် ရာက သွားရောက်ပြသလျက် ရှိသည်ကို တွေ့ရှိရသည်။ ပရိယတ်, ပဋိပတ် အားကောင်းသဖြင့် ထင်ပေါ်ကျော်ကြားသောဆရာတော်များ ထွက်ပေါ်လျက်ရှိသည်။

ဂိုဏ်းအကြီးအကဲ ဆံရာတော်များကလည်း မိမိတို့၏ ဆိုဆုံးမမှုကို တပည့် သံဃာများ, ဂိုဏ်းဝင်သံဃာများ လိုက်နာလေးစားနိုင်အောင် ဂိုဏ်းတွင်းစံပြအဖြစ် နေတော်မူကြ, ကျင့်သုံးတော်မူကြသည်။ ရွှေကျင်ဆရာတော်ကြီးမှစ၍ ဂဏာဓိပတိ ဆရာတော် အဆက်ဆက်၏ သီလ, သမာဓိ, ပညာဂုဏ်၊ ပရိယတ်, ပဋိပတ် ဂုဏ်တော်များကို ယုံကြည်ကိုးစား ကြည်ညိုအလေးထားကြသောကြောင့်လည်း ဂိုဏ်းဝင်ဆရာတော်များသည် ထိုဆရာတော်ကြီးများ၏ ဩဝါဒနှင့် ချမှတ်ပေးသော ဥပဒေသများကို သဒ္ဓါစိတ်လောင်းထပ်၍ စောင့်ကြပ်လိုက်နာ စောင့်ထိန်းကာ ပြုလျက်နေတော်မူကြခြင်း ဖြစ်သည်။ ရွှေကျင်ဆရာတော်ကြီးသည် ရွှေကျင်သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် စံပြအဖြစ် သာသနာပြုတော်မူသကဲ့သို့ ဆရာတော်ကြီး ပျံလွန်တော်မူခဲ့ပြီးနောက် ဆရာတော်ကြီး ပြုစုပျိုးထောင်တော်မူ ခဲ့သော ရွှေကျင်နိကာယ သာသနာကို ဆက်လက်ထိန်းသိမ်း အုပ်ချုပ်သွားရန်

ဆရာတော်ကြီးကိုယ်စား အရှင်ဝိသုဒ္ဓါစာရအား သာသနာပိုင်အဖြစ် တင်မြှောက် တော်မူခဲ့ကြသည်။

ဒုတိယရွှေကျင်နိကာယ သာသနာပိုင် အရှင်ဝိသုဒ္ဓါစာရ ပျံလွန်တော်မူသော အခါ၊ ၁၂၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက် (၂၃–၆–၁၉၂၀)နေ့တွင် မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်း၌ ရွှေကျင်ဂိုဏ်းလုံးကျွတ် ပထမအကြိမ် အစည်းအဝေး ကျင်းပတော်မူကြပြီး၊ ပရမတ္ထစက္ကူကျမ်း, သဒ္ဒစူဠက သဒ္ဒါငယ်ပါဠိ, လောကစက္ကူကျမ်း, အတ္တအနတ္တခွဲကျမ်း စသောကျမ်းများကို ရေးသားတော်မူခဲ့သော ဒီပဲယင်းဆရာတော်အား ရွှေကျင်ဂိုဏ်းကြီးကို ကွပ်ကဲ အုပ်ချုပ်ရန် သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြသည်။ ၁၉ နှစ်မပြည့်မီ အဋ္ဌသာလိနီစသော ကျမ်းကြီးများ ပေါက်ရောက်တော်မူသဖြင့် စလင်းဆရာတော်က ဝရထပ်ဖြည့်ပြီး 'ရှင်ဝရဉာဏ'ဟု ဘွဲ့အမည်တွင်လာသည်။ အောက်မြန်မာနိုင်ငံကို ကွပ်ကဲအုပ်ချုပ်ရန် ကျိုက္ကဆံဆရာတော်ကို တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက် တော်မူခဲ့ကြသည်။

ဒီပဲယင်းဆရာတော်သည် ၁၂၈၉ ခုနှစ်၌ ပျံလွန်တော်မူသောအခါ၊ ၁၂၈၉ ခုနှစ် တပေါင်းလဆန်း ၁၅ ရက် (၅–၃–၁၉၂၇)နေ့၌ ကျင်းပသော တတိယ အကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးက ပတ္တမြားဆရာတော်ကို သာသနာပိုင်အဖြစ်၊ ခင်မွန်အလုံဆရာတော်ကို တွဲဖက်သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက်တော်မူကြသည်။ သက်တော် ၈၀ ရှိနေပြီဖြစ်သော ပတ္တမြားဆရာတော်က ခင်မွန်ဆရာတော်အား ကိစ္စအဝဝ ဆောင်ရွက်ရန် လွှဲအပ်တော်မူသဖြင့် ခင်မွန် ဆရာတော်ကသာ အစစစီမံအုပ်ချုပ်တော်မူခဲ့သည်။ ၁၁၉၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက် အင်္ဂါနေ့၌ ခင်မွန်ရွာတွင် မွေးဖွားခဲ့သော ဆရာတော်ဖြစ်သည်။

ခင်မွန်ဆရာတော်သည် သက်တော်(၃၆) ဝါတော် ၁၇ ဝါအရတွင် အလုံမြို့ အောက်တိုက်၌ ရဟန်းတော်များ ကျင့်ဝတ်ပျက်၍ သာသနာညှိုးနေကြောင်း မင်းတုန်းမင်း ကြားသိရသဖြင့် သာသနာရေးရာအမတ်နှင့် တိုင်ပင်ရာ၊ အမတ်က 'သာသနာတော်သ န့်ရှင်းအောင် ဆောင်ရွက်နိုင်မည့် ဆရာတော်မှာ ခင်မွန် ဆရာတော် ဖြစ်ကြောင်း'လျှောက်တင်သဖြင့် အမတ်များကို စေလွှတ်၍ ၂ ကြိမ်တိုင် ပင့်သည်။ ခင်မွန်ဆရာတော်က မင်းဆရာပြုသည်ကို အလိုမရှိသည့်အပြင်၊ 'ရဟန်းတို့၏

စာတုပါရိသုဒ္ဓိသီလ စောင့်ထိန်းမှုလည်း ကျေးလက်ကဲ့သို့ စောင့်ထိန်းရန် လွယ်ကူမည်မဟုတ်'ဟု ယူဆ၍ မကြွဘဲ နေတော်မူခဲ့သည်။

၁၂၃၀ ပြည့်နှစ်၌ မင်းတုန်းမင်းသည် ရွှေကျင်ဆရာတော်ကြီးနှင့် ညှိနှိုင်းပြီး ရှမ်းကလေးကျွန်း တိုက်အုပ်ဆရာတော်နှင့် မင်းရွာ သွေးသောက်တော်ကြီး ဦးရွှေနုတို့ကို ဆရာတော်သီတင်းသုံးရာ အလုံမြို့နယ် မင်းရွာသို့ မင်း၏ ပင့်လျှောက်စာ, ရွှေကျင်ဆရာတော်ကြီး၏ အမိန့်စာတို့နှင့်အတူ စေလွှတ်ခဲ့ပြန်သည်။ ခင်မွန်ဆရာတော်က ရွှေကျင်ဆရာတော်ကြီး၏ အမိန့်စာပါသဖြင့် မငြင်းသာတော့ဘဲ နေပြည်တော်သို့ ကြွတော်မူပြီး၊ ရွှေကျင်ဆရာတော်ကြီးနှင့်အတူ နန်းတော်သို့ ဝင်တော်မူသည်။

မင်းတုန်းမင်းက "ခင်မွန်ဆရာတော်အား ပင့်ရခြင်းမှာ အခြားမဟုတ်။ ရွှေကျင်ဆရာတော်နှင့်တွဲဖက်၍ သာသနာတော်သန့်ရှင်းအောင် ဆောင်နှင်းစေလိုသောကြောင့် ဖြစ်ကြောင်း၊ ရွှေကျင်တိုက်အနီး၌ သာသနာပြုကျောင်းတိုက်တည်၍ ကိုးကွယ်မည် ဖြစ်ကြောင်း၊ ရှမ်းကလေးကျွန်းဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သောကြောင့် ကိုယ်စား ဒကာတော် ကိုးကွယ်လိုပါကြောင်း"လျှောက်သည်။

ဆရာတော်က "ဒကာတော်ဆန္ဒရှိသည့်အတိုင်း သာသနာတော်ကို စွမ်းအားရှိသမျှ ပြုစုစောင့်ရှောက်ပေးမည်။ မြို့တော်၌ မနေလိုကြောင်း"မိန့်ကြားတော်မူသည်။

မင်းတုန်းမင်းက "ဆရာတော်ကို ဖူးမြင်ရသည်မှာ ပျံလွန်တော်မူပြီးသော ရှမ်းကလေးဆရာတော်ကို ဖူးတွေ့ရဘိသကဲ့သို့ သဒ္ဓါပသန္န ပြည့်လှပါကြောင်း၊ နန်းတော်တွင်း နန်းဦးကျောင်း၌ သီတင်းသုံးနေစေလိုကြောင်း၊ ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လိုပါကြောင်း"လျှောက်ထားသည်။

ဆရာတော်က "နန်းဦးကျောင်း၌လည်း မနေလိုကြောင်း၊ ဘွဲ့ကိုလည်း အလိုမရှိကြောင်း၊ ဆရာရှင်များ ချီးမြှောက်သော အရှင်ဇာဂရဘွဲ့အမည် ရှိပြီးဖြစ်ကြောင်း၊ ကျေးလက်၌သာ သာသနာတော်ကို သန့်ရှင်းစင်ကြယ်ထွန်းလင်းအောင် အားထုတ်ပြုစုလိုပါကြောင်း" မိန့်ကြားတော်မူသည်။

မင်းတုန်းမင်းသည် ဆရာတော်အား ရဲစွမ်းသတ္တိ ရှိ,မရှိ၊ ပိဋကတ်ကူးခတ်နိုင်မှု ရှိ,မရှိ၊ လောကရေးရာ၌ ကြွယ်,မကြွယ် စသည်ကိုသိလို၍ စကားအချေအတင်များစွာပြောကြား လျှောက်ထားပြီး အရည်အချင်းပြည့်ဝသည်ကို တွေ့ရ၍ ကျေနပ်

နှစ်သက်သဖြင့် ရွှေကျင်ဆရာတော်ကြီးနှင့် တိုင်ပင်ပြီး အမြင့် ၅ မြို့ အစုန်၊ အလုံအောက်တိုက်၊ ဗန့်ကျီမြို့ ဟူသော ၃ ဌာနတို့၌ သာသနာပြုဂိုဏ်းချုပ်အဖြစ် ခန့်စာကို ထန်းဖူး၌ ရေးစေပြီး ဒေါင်းတံဆိပ်ခတ်နှိပ်ကာ ပုတာခေါက်ရက်၌ သွင်းစေသည်။ ပုတာခေါက်ရက်ကို ကြယ်ပေါက်ကတ္တီပါ အိတ်စွပ်ကာ မင်းရွာဆရာတော်အား ၁၂၃၀ ပြည့်နှစ် တပေါင်းလဆန်း ၁၀ ရက်နေ့၌ မင်းတရားကိုယ်တိုင် ဆက်ကပ်သည်။ မင်းရွာ ခင်မွန်ဆရာတော်လည်း ထိုအချိန်မှစ၍ '၃ ဂိုဏ်းချုပ် ခင်မွန်ဆရာတော်'ဟု ထင်ရှားတော်မူလာရတော့သည်။ ပိဋကတ်အပြင် ဓမ္မသတ်, ရာဇသတ်, ဖြတ်ထုံး, ပုံပြင်, ရာဇဝင်, နိပါတ်တို့၌လည်း နှံ့စပ်ကျွမ်းကျင်တော်မူသော ဆရာတော် ဖြစ်သည်။

ဆရာတော်သည် မင်းရွာသို့ ပြန်ကြွတော်မူပြီးနောက် ခင်မွန်ရွာ လယ်တီရပ်၌ ဦးရှမ်းကြီး, ဒေါ်သိုက်တို့ ဆောက်လုပ်လှူဒါန်းသော ၃ ထပ်ကျောင်းကို အလှူခံတော်မူသည်။ ၁၂၃၃ ခုနှစ် သက်တော် ၄၄, ဝါတော် ၂၄ ဝါအရတွင် ခင်မွန်ရွာ လယ်တီတောအရပ်ရှိ မဟာဗောဓိကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးပြီး၊ စာပေပို့ချခြင်း, ဟောပြောခြင်း, အဓိကရုဏ်းများကို ဖြေရှင်းခြင်းများကို ဆောင်ရွက်တော်မူသည်။ သံဃာ့ အဓိကရုဏ်းများကိုသာမက၊ မင်းတရား လျှောက်ထားချက်အရ ဝိနည်းနှင့်လျော်၍ ရဟန်းတော်တို့နှင့် အပ်စပ်သော လူတို့၏အမှုအချို့ကိုပါ စီရင်ဆုံးဖြတ်ပေးတော်မူခဲ့ရသည်။

သီပေါမင်းလက်ထက်၌ သာသနာပြုဌာန ၉ ဌာန သတ်မှတ်၍ တာဝန်ခံ သာသနာပြုဆရာတော် အသီးသီးကို စေလွှတ်ရာတွင် ခင်မွန်ဆရာတော်သည် ဆင္ဌဌာန၌ သာသနာပြု တာဝန်ယူတော်မူခဲ့ရသည်။ ဆင္ဌဌာနတွင် မြို့ပေါင်း ၂၁ မြို့ ပါဝင်သည်။ အလုံ, ယော, ဆော, ကန္နီ, အမြင့်, ကျောက်မျက်, ဆားလင်း, ပြောင်းပြာ, ဆင်ရှည်, လောင်းရှည်, ကျောက်ပြုတ်, ထီးလင်း, ဂန့်ဂေါ, မင်းရွာ, ကွမ်းရွာ, ပခန်းကြီး, ကျောက်နဘက်, အလကပ္ပ, မြင်းမူ, စစ်ကိုင်းတို့ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီးနှင့် ရှမ်းကလေးကျွန်း ဆရာတော်ကြီးတို့သည် ဂဏဝိမုတ်(ဂိုဏ်းလွတ်)အဖြစ် ရပ်တည်ခွင့်ရရှိတော်မူကြသကဲ့သို့၊ သီပေါမင်း လျှောက်ထားချက်အရ ခင်မွန်ဆရာတော်လည်း ၁၂၄၄ ခုနှစ်တွင် တောင်တော်သာသနာပိုင်၏

အမိန့်စာချွန်တော်အရ ဂဏာဝိမုတ်အဖြစ် ရပ်တည်ခွင့် ရရှိတော်မူသည်။ ဂဏာဝိမုတ်ဖြစ်သောကြောင့် သာသနာပိုင်နှင့် သုဓမ္မာဆရာတော်တို့၏ စီရင်မှုမှ ကင်းလွတ်တော်မူသည်။ ခင်မွန်ဆရာတော်သည် ၃ ဂိုဏ်းချုပ် ဖြစ်တော်မူသည့် ၁၂၃၀ ပြည့်နှစ်မှ ၁၂၇၆ ခုနှစ်အထိ ၄၆ နှစ်အတွင်း ၂၁ မြို့နယ်၌ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေလျက် ဖြစ်ပေါ်လာသမျှ အဓိကရုဏ်းများစွာကို တရားသဖြင့် ဆုံးဖြတ်ပေးတော်မူခဲ့ရာ ရှာဖွေတွေ့ရှိသမျှ ဖြတ်ထုံး ၂၀ ကို ခင်မွန် ၃ဂိုဏ်းချုပ် ဝိနည်းဖြတ်ထုံးအဖြစ် ပုံနှိပ်ကမ္ပည်း မှတ်တမ်းတင်ထားသည်။ ဂန္ထရာသိကျမ်းကိုလည်း ရေးသားတော်မူခဲ့သည်။

ရွှေကျင်နိကာယ တတိယသာသနာပိုင် အလုံဆရာတော်ဟု ခေါ်ဆိုသော ခင်မွန်ဆရာတော် ပျံလွန်တော်မူပြီးနောက် ၁၂၉၁ ခုနှစ် ကဆုန်လဆုတ် ၂,၃,၄, ရက်(၁၉၂၉ ခုနှစ် ဧပြီလ ၂၄, ၂၅, ၂၆ ရက်)တွင် မော်လမြိုင်၊ ပုဂံတောင်ကျောင်း၌ ကျင်းပသော ရွှေကျင်စတုတ္ထဂိုဏ်းလုံးကျွတ် သံဃာအစည်းအဝေးကြီးက ရှိမ်းမကားချမ်းသာကြီးဆရာတော် အရှင်ဇနိန္ဒကို သာသနာပိုင် တင်မြှောက်တော်မူကြသည်။ ချမ်းသာကြီးဆရာတော် ပျံလွန်တော်မူသောအခါ ၁၂၉၄ ခုနှစ် ဝါဆိုလဆန်း ၅, ၆, ၇ ရက် (၁၉၃၂ ခုနှစ် ဇွန်လ ၈, ၉, ၁၀ ရက်)တွင် မန္တလေးဗဟိုဌာန မဟာဝိသုဒ္ဓါရုံ၌ ကျင်းပသော ရွှေကျင်နိကာယ ပဉ္စမဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးက လှတောဆရာတော်ကို သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြပြီး၊ ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်, မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်, မဟာဝိသုဒ္ဓါရုံတိုက်ကြပ် စံကင်းဆရာတော်, အဘယာရာမ ရွှေဂူဆရာတော်တို့ကို တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြသည်။

လှတောဆရာတော် ပျံလွန်တော်မူသောအခါ ၁၃၀၈ ခုနှစ် တပေါင်းလဆန်း ၁၂, ၁၃, ၁၄ ရက် (၁၉၄၇ ခုနှစ် မတ်လ ၃, ၄, ၅ ရက်)တွင် တောင်ကြီး၌ ကျင်းပသော ရွှေကျင်နိကာယ သတ္တမဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်ကို သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြပြီး၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်, မဟာဝိသုဒ္ဓါရုံ တိုက်ကြပ်စံကင်းဆရာတော်, ညောင်တုန်းရွှေဟင်္သာတောရဆရာတော်, မန္တလေးမဟာဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်တို့ကို တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြသည်။

ပစ္ဆိမာရုံဆရာတော် ပျံလွန်တော်မူသောအခါ ၁၂၉၄ ခုနှစ် မန္တလေးအစည်းအဝေးက တွဲဖက်သာသနာပိုင်အဖြစ် ပစ္ဆိမာရုံဆရာတော်, မဟာဝိသုဒ္ဓါရုံတိုက်သစ်တိုက်အုပ်ဆရာတော်, မဟာဝိသုဒ္ဓါရုံတိုက်ကြပ် စံကင်းဆရာတော်, အဘယာရာမ ရွှေဂူဆရာတော်တို့အား တင်မြှောက်ခဲ့ကြပြီး၊

၁၃၀၈ ခုနှစ် တောင်ကြီးအစည်းအဝေးကလည်း ပစ္ဆိမာရုံသာသနာပိုင်, မဟာဝိသုဒ္ဓါရုံတိုက်သစ်တိုက်အုပ်, မဟာဝိသုဒ္ဓါရုံတိုက်ကြပ်စံကင်း, ညောင်တုန်းရွှေဟင်္သာတောရနှင့် မဟာဝိသုဒ္ဓါရုံစည်ရှင် ဆရာတော်တို့အား တွဲဖက်သာသနာပိုင်အဖြစ် ထပ်မံတင်မြှောက်ထားသည့်အတိုင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ်ဆရာတော် အရှင်ကောသလ္လာဘိဝံသက သာသနာပိုင်အဖြစ် ၁၃၁၁ ခုနှစ်မှစ၍ အုပ်ချုပ်တော်မူခဲ့သည်။

၁၃၁၂ ခုနှစ်၌ မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ်ဆရာတော် ပျံလွန်တော်မူသောအခါ မဟာဝိသုဒ္ဓါရုံတိုက်ကြပ် စံကင်းဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)က သာသနာပိုင် ဖြစ်လာသည်။ အဘယာရာမ ရွှေဂူဆရာတော်, ညောင်တုန်းရွှေဟင်္သာတောရဆရာတော်, စည်ရှင်ဆရာတော်တို့ကို တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြသည်။

သတ္တမအကြိမ် ရှမ်းပြည်နယ် တောင်ကြီးအစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း မြောင်းမြပဋ္ဌာတာရုံဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသကိုလည်း မဟာဝိသုဒ္ဓါရုံသို့ ပြောင်းရွှေ့၍ စည်ရှင်ဆရာတော်နှင့် တွဲဖက်ဆောင်ရွက်ရန် ပင့်ခဲ့သည်။

၁၃၁၄ ခုနှစ် အဋ္ဌမအကြိမ် မဟာဂန္ဓာရုံအစည်းအဝေးက မြောင်းမြဆရာတော်ကို တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက်ကြသည်။

အဘိဓဇ စံကင်းဆရာတော်ကြီး ရေးသားတော်မူခဲ့သော ကျမ်းစာများမှာ ဆန္ဒောမဉ္ဇရီ, ဆပ္ပစ္စယဒီပနီ, သဒ္ဒါကြီးနိသျ, ပါတိမောက်နိသျ, ဆန်းနိသျ, အလင်္ကာနိသျ, ဝစ္စဝါစကနိသျ စသည်တို့ဖြစ်သည်။

စံကင်းဆရာတော် ပျံလွန်တော်မူသောအခါ မြောင်းမြဆရာတော် သာသနာပိုင်ဖြစ်လာသည်။

မြောင်းဆရာတော် ပျံလွန်တော်မူပြီးနောက် ၁၃၃၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅, ၆, ၇ ရက် (၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၂, ၂၃, ၂၄ ရက်)တွင်

ပဲခူးကြခတ်ဝိုင်းကျောင်း၌ ကျင်းပသော ရွှေကျင်နိကာယ ကောဒသမ သံဃာ့အစည်းအဝေးကြီးက မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို သာသနာပိုင်အဖြစ် တင်မြှောက်သည်။ စစ်ကိုင်းရွှေဟင်္သာတောရဆရာတော်, အမရပူရမဟာဂန္ဓာရုံဆရာတော် မဟာဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်နှင့် မဟာဝိသုဒ္ဓါရုံ အသောကဆရာတော်တို့ကို တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက်တော်မူကြသည်။

၁၃၄၄ ခုနှစ် ဒွါဒသမ အစည်းအဝေးက သာသနာပိုင် ၁ ပါး, တွဲဖက် ၄ ပါး ပေါင်း ၅ ပါး အမြဲတင်မြှောက်ရန်နှင့် သာသနာပိုင်ပျံလွန်လျှင် တွဲဖက်ဆရာတော်တို့က ထေရ်စဉ်, ဝါစဉ်အလိုက် သာသနာပိုင်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သောကြောင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်၊ စစ်ကိုင်းရွှေဟင်္သာတောရ ဆရာတော်ကြီးက ဒွါဒသမသာသနာပိုင် ဖြစ်တော်မူလာသည်။

ရွှေဟင်္သာဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ယခုလက်ရှိ တောရသမမြှောက် ညောင်ရွှေကန်ကြီး ပရိယတ္တိဆရာတော်ကို သာသနာပိုင်အဖြစ် တင်မြှောက်တော်မူခဲ့ကြသည်။

ရွှေကျင်နိကာယ သာသနာပိုင်နှင့် တွဲဖက်သာသနာပိုင်ဆရာတော်များကား ပရိယတ်,ပဋိပတ်ပြည့်စုံတော်မူကြပြီး၊ သာသနာတော်တွင် ထင်ရှားသော ဆရာတော်ကြီးများ ဖြစ်သည်။ ရွှေကျင်ဆရာတော်ကြီး ချမှတ်တော်မူခဲ့သော ကျင့်ထုံးဥပဒေကြီးကို အသက်ကဲ့သို့ စောင့်စည်း ထိန်းသိမ်းတော်မူခဲ့ကြသောကြောင့် အောက်လက်သံဃာများလည်း အလားတူ ကျင့်သုံးလိုက်နာတော်မူကြသဖြင့်၊ ရွှေကျင်သာသနာတော်မှာ သန့်ရှင်းစင်ကြယ်ပြီး စည်းကမ်းသေဝပ်မှုတွင် စံပြအသွင်ဆောင်လျက်ရှိသည်။

ထို့ကြောင့် သက္ကတစာပေ ပါရဂူမြှောက် တတ်ကျွမ်းပြီး အဘိဓာန်နိသျသစ်, မောဂ္ဂလာန်နိသျသစ်, မောဂ္ဂလာန်ပရနိကာယနိသျ, သမ္ဗန္ဓစိန္တာဓာကိုယ်နိသျ, ဏွာဒိဝုတ္တိနိသျ, မဉ္ဇူဗောဓနိသျ, အမရကောသနိသျ, ဟိတောပဒေသနိသျ, သာရတ္ထဝိလာသိနီနိသျ, ကာတန္တနိသျ, ကဗျဒသာဒဏ္ဍီနိသျ, ရဃုဝံသနိသျ, ကာဗျနိသျ, မေဃဒူရနိသျ စသည်ကို ရေးသားတော်မူပြီး၊ မြန်မာတွင်သာမက အိန္ဒိယ, သီဟိုဠ်တိုင် ထင်ရှားကျော်ကြားသော အဘယာရာမရွှေဂူဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က

"ဝိသုဒ္ဓါရုံတိုက်သို့ ရောက်လာရခြင်းမှာ ရွှေကျင်ဂိုဏ်းသား ဖြစ်ရန်မဟုတ်။ ဆရာတော်ကြီးထံ သက္ကတဘာသာသင်ရန်နှင့် ဝိနည်းအဆုံးအဖြတ်နာခံရန် အချက် ၂ ရပ်ဖြင့် ရောက်လာရခြင်းဖြစ်ကြောင်း။ ထို ၂ ချက်ရလျှင် မိမိနေရင်းဌာနပြန်ရန် ရည်ရွယ်ကြောင်း။ သို့ရာတွင် ဝိသုဒ္ဓါရုံတိုက်တွင် တကယ်နေသောအခါ ရွှေကျင်ဂိုဏ်း၏ စည်းကမ်းသေဝပ်ပုံ, ဂိုဏ်းစည်းမျဉ်းဥပဒေများ ကောင်းပုံများကြောင့် ယနေ့တိုင် ရွှေကျင်ဂိုဏ်းဝင်အဖြစ် တည်ရှိနေခြင်းဖြစ်ကြောင်း။ သို့သော် ဂိုဏ်းစည်းမျဉ်းဥပဒေများကို ယုံကြည်ချက်ထားပြီး ရွှေကျင်ဂိုဏ်းသား ဖြစ်ရသဖြင့် တိုက်တွင်းရှိ ကိုယ်တော်အားလုံးသည် ဥပဒေတခြား, လူတခြားဖြစ်ပြီး၊ စည်းမဲ့ကမ်းမဲ့ဖြစ်ပါက နက်ဖြန်ခါ ဤတိုက်ထဲမှ ဤဂိုဏ်းထဲမှ ထွက်နိုင်သည်"ဟု မိန့်ကြားတော်မူခြင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

❑

ကမ္မဝါဒီ, ဒွါရဝါဒီကွဲခြင်း

အုဂ်ဖိုရ်ဆရာတော် အရှင်ဥက္ကံဝံသမာလာနှင့် ရွှေတောင် ကျီးသဲလေးထပ် ဆရာတော် အရှင်မုနိန္ဒာဘိဓဇ ဆရာတော် ၂ ပါး ငယ်စဉ်က အမြို့မြို့အရွာရွာသို့ သွားရောက်ပညာသင်ချိန်၊ အမရပူရမြို့တော် မြသိန်းတန်ဆရာတော်ထံ အတူတကွ စာသင်ကြားကြစဉ် အခွင့်ရ၍ ဋီကာကျော်ကို နားကြားခဲ့ကြသည်။

ဋီကာကျော် ပဏ္ဏာမအဖွင့်၌ 'အဘိဝါဒီတွာတိ ဝိသေသတော ဝန္ဒိတွာ ဘယလာဘ ကုလစာရာဒိ ဝိရဟေန သက္ကစ္စံ အာဒရေန ကာယ ဝစီ မနော ဒွါရေဟိ ဝန္ဒိတွာတိ အတ္ထော'ဟု ဖွင့်ပြထားသည်နှင့် စပ်လျဉ်း၍ အရှင် ၂ ပါး အယူအဆ စတင်ကွဲပြား အငြင်းပွားလာခဲ့ကြသည်။

အရှင်ဥက္ကံဝံသမာလာက 'ဩကာသ ကန်တော့ချိုး၌ ရတနာ ၃ ပါးအား ကန်တော့ရှိခိုးရာ၌ ကာယကံ, ဝစီကံ, မနောကံဟု ကံကရိဏ်းဖြင့် ရှိခိုးကန်တော့ ခြင်းမှာ ချွတ်ချော်မှားယွင်း အနက်အဓိပ္ပာယ် မသင့်လျော်ကြောင်း' အယူရှိတော် မူသည်။

အရှင်မုနိန္ဒာဘိဓဇမူကား 'ကမ္မပထမြောက် ကံ ၃ ပါးသို့ရောက်အောင် ပြစ်မှားကျူးလွန်သော ကံ ၃ ပါးကို ပပျောက်စေရန် ကန်တော့ရှိခိုးခြင်းဖြစ်၍ ပြစ်မှားကျူးလွန်သော စေတနာကံသာ ပပျောက်စေခြင်း၊ ၎င်းကံ နောက်ထပ် တစ်ဖန် မဖြစ်ပွားစေခြင်းအကျိုးငှာ ဖြစ်သောကြောင့် ရှေးက ပုဂ္ဂိုလ်အကျော် မထေရ်မြတ်တို့ ဆုံးဖြတ်ရေးသားခဲ့ကြ၍ အများရှိခိုးကန်တော့ကြသော ဩကာသ ဆိုရိုးပါ ကာယကံ, ဝစီကံ, မနောကံဖြင့် ရှိခိုးကန်တော့ခြင်း မမှား'ဟု အယူ ရှိတော်မူသည်။

ဤသို့အားဖြင့် စာသင်သား ဘဝကပင် ဝိဝါဒ ကွဲပြားလာခဲ့သော ထို ဆရာတော်လောင်းလျာ ၂ ပါးသည် မိမိတို့၏ အယူအဆများ ထင်ရှားစေမည်ဟု အာသိသအသီးသီး ရှိတော်မူခဲ့ကြသည့်အတိုင်း အုဂ်ဖိုရ်ဆရာတော် အရှင်ဥက္ကံဝံသ မာလာအရှင်မြတ်သည် မိမိသီတင်းသုံးရာ အုဂ်ဖိုရ်(အင်္ဂပူ)နယ်မှစ၍ အနီးအနား ဟင်္သာတ, ဇလွန်, ဓနုဖြူ စသော မြို့နယ်များ၌ ဒွါရအယူအဆကို ဖြန့်ဖြူး ဟောကြားလျက် နေတော်မူခဲ့သည်။

ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇကလည်း မိမိသီတင်းသုံးရာ ရွှေတောင်မှစ၍ အနီးအနား နတ္တလင်း, အုဂ်ဖို, ပြည်, ကြို့ပင်ကောက် စသော မြို့နယ်များ၌ ကံအယူအဆကိုဟောပြော၍ နေတော်မူခဲ့သည်။

အုဂ်ဖိုရ်ဆရာတော်က ယခုကာလ ရတနာ ၃ ပါးအား 'ကံ ၃ ပါးဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏'ဟု ဆိုခြင်းမှာ ပိဋကတ်နှင့်မညီ မှားယွင်းနေပါ ကြောင်း "ဖြင့်"ဟူသောစကားသည် သဒ္ဒါနည်းအားဖြင့် ကရိဏ်းမည်ပြီး၊ ဤ ကြိယာအရလည်း စေတနာကံပင်, ကရိဏ်းအရလည်း စေတနာကံပင် ဖြစ်သော ကြောင့် ကရိဏ်း, ကြိယာ ၂ ပါး မထူးခြားသဖြင့် ရှိခိုးပူဇော်ဖူးမြော်ကန်တော့ ကြရာ၌ တစ်ခုသောစေတနာကံသည် ကရိဏ်း, ကြိယာ ၂ ပါး မဖြစ်နိုင်။ ကြိယာ ဟူသော အကျိုးရှိမှလည်း ကရိဏ်းဖြစ်နိုင်ကြောင်း။ ကရိဏ်း, ကြိယာ ၂ ပါး စေတနာကံပင် ဖြစ်သော်လည်း ကြိယာဟူသော အကျိုးမရှိသောကြောင့် စေတနာ ကံသည် ကရိဏ်း မဖြစ်နိုင်ကြောင်း။ အကယ်၍ စေတနာ ကံသည်ပင် ကရိဏ်း ဖြစ်အံ့။ စေတနာကံဖြင့် စေတနာကံ ဖြစ်မြောက်၏ ဟူသောစကား ဖြစ်သွားမည် ဖြစ်ကြောင်း။ ဒွါရ ၃ ပါးဖြင့်သာလျှင် စေတနာကံ ကြိယာမြောက်ကြောင်း။

ကံနှင့် ပဏ္ဏာမကား ခပ်ပြာနှင့်တေး လုံးထွေးထင်သကဲ့သို့ အမည်မျှသာ ထူးခြား၍ အနက်ဒြပ် မထူးမခြားအတူတူဖြစ်ကြောင်းကို

မဏိသာရမဉ္ဇူသာ၌ 'တိဝိဓေဟိ ပဏ္ဏာမော မနောကမ္မမေဝ'ဟု,

သဒ္ဒသာရတ္ထဇိုကာ၌ 'ရတနတ္တယ ပဏ္ဏာမောဟိနာမ ပရမတ္ထတော ကာမာဝစရ ကုသလစေတနာ'ဟု ဖွင့်ပြထားကြောင်း။

အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာ၌ 'ဝိညတ္တိဒွယံ စိတ္တဇမေဝ'ဟု ဖွင့်ပြသကဲ့သို့၊

အင်္ဂုတ္တရနိကာယ်၌ 'တိဿော ဣမာ ဘိက္ခဝေ ဝန္နာနာ၊ ကတမာ တိဿော၊ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတိ'ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူကြောင်း။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဝေဠုဝါပုဏ္ဏားကြီး စသော ဒါယကာများသည် ဒွါရ ၃ ပါးဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ကြပါကြောင်း။ ထို့ကြောင့်

ပါရာဇိကဏ် အဋ္ဌကထာ၌ 'ဣဒါနိ ဝိညာတ ဗုဒ္ဓဂုဏော၊ ကာယေန ဝါစာယ မနသာစ၊ အနေကက္ခတ္တုံ ဝန္ဒန္တောပိ အတိတ္တောယေဝ ဟုတွာ'ဟု ဖော်ပြထားသကဲ့သို့၊

'ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ၊ ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရ ဘာဇနံ'ဟု အရှင်မဟာဗုဒ္ဓဃောသ စသော ဆရာမြတ်တို့ ဆိုတော်မူကြကြောင်း။

ဒ္ဓ·ဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာကျမ်း စသည်တို့၌လည်း 'တီဟိ ဒွါရေဟိ ဝန္ဒိတွာကျတ္တော'ဟု ဒွါရ ၃ ပါးဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ကြသည်ကို ပြဆိုကြောင်း။ ၎င်းအပြင်

ဝဇီရသာရတ္ထသင်္ဂဟ၌ 'ဗွာဒီဃန္တ တ္တယံ ဝန္ဒေ၊ ကာဝါမာတိ ဝိဓာဒရံ၊ တတသောာဝ အာနုဘာဝေန၊ သောတ္ထိမေ ဟောတု သဗ္ဗဒါ'ဟု၊

၎င်းဋီကာ၌လည်း 'ကာဝါမာတိ ဝိဓာ ကာယဝါစာမန သင်္ခါတေဟိ တီဟိ ဒွါရေဟိ ဝန္ဒေ ဝန္ဒာမိ'ဟု ဖွင့်ပြကြောင်း။

ထို့ကြောင့် 'ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတည်းဟူသော ဒွါရ ၃ ပါး ဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏'ဟု ဆိုခြင်းသာလျှင် အမှန်ဖြစ်ကြောင်း စသည်ဖြင့် ဟောပြောတော်မူသည်။

၁၂၁၃ ခုနှစ်မှစ၍ ဟောပြောတော်မူခဲ့ရာ ၃ နှစ်, ၄ နှစ်ခန့်ကြာ၍ ၁၂၁၇ ခုနှစ်သို့ ရောက်သောအခါ ကျယ်ပြန့်ကြီးထွားလာသဖြင့် ငြင်းခုံမှုလည်း ဖြစ်ပေါ် လာသည်။

အင်္ဂပူခေါ်သော အုဂ်ဖိုရ်တွင် စစ်ဘေးကြောင့် စစ်ပြေးများ လာရောက် ခိုလှုံနေကြသဖြင့် စည်ကားလျက်ရှိသည်။ ယင်း ဒါယကာများအတွင်း၌ ဩကာသ ကန်တော့ချိုးကို ဆိုရာ၌

'ကာယကံ, ဝစီကံ, မနောကံတည်းဟူသော ကံ ၃ ပါးတို့ဖြင့်ဟု ဆိုခြင်းက မှန်သည်'။

'ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတည်း ဟူသော ၃ ပါးသော ဒွါရတို့ဖြင့် ဆိုခြင်းမှန်သည်'ဟု သူမှန်ကိုယ်မှန် ငြင်းခုံလာကြသည်။

အုဂ်ဖိုရ်ဆရာတော်၏ အဆုံးအဖြတ်ကို ခံယူကြသောအခါ၊ အုဂ်ဖိုရ် ဆရာတော်က

'တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ၊ ကတမာ တိဿော၊ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတိ'ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်ကို ကိုးကား၍ 'ဒွါရ ဖြင့် ရှိခိုးခြင်းသာ မှန်ကန်ကြောင်း' မိန့်ကြားတော်မူသည်။

မကျေနပ်သူ အချို့က ထိုအချိန်၌ အုဂ်ဖိုရ်မြို့ ဝါဆိုကျောင်းတွင် ခေတ္တ သီတင်းသုံးနေတော်မူသော ဇိနတ္ထပကာသနီကျမ်းပြု ကျီးသဲလေးထပ် ဆရာတော်ထံ အဆုံးအဖြတ်ကိုခံယူကြရာ၊ ကျီးသဲလေးထပ် ဆရာတော်က

'နတွာတိ ကာယကမ္မ ဝစီကမ္မ မနောကမ္မ သင်္ခါတေဟိ တီဟိ ကမ္မေဟိ နမဿိတွာ'ဟူသော ပါဠ်ကို ကာရိကာဋီကာပါဌ် ပြုလုပ်ကိုးကား၍ 'ကံဖြင့် ရှိခိုးကန်တော့ခြင်းမှန်ကြောင်း' အဆုံးအဖြတ် ပေးတော်မူသည်။

"စာရေးသူတို့အရပ်၌ ရှေးမွန်လူကြီးသူမအချို့သည် ဩကာသ ကန်တော့ချိုး ကို မွန်ဘာသာဖြင့် ဆိုကြရာ၌ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဟု ဒွါရကရိဏ်း ဖြင့် ဆိုကြသည်ကို ကြားသိရသည်။ အချို့ကလည်း ကံကရိဏ်းဖြင့် ဆိုကြသည်။ ယခုအခါ မွန်စကား ပြောတတ်သူများ ရှားပါးလာပြီး၊ မြန်မာဘာသာဖြင့် ကာယကံ, ဝစီကံ, မနောကံဟု ကံကရိဏ်းဖြင့် ဆိုနေကြပါသည်။

ဤသို့ ကံ, ဒွါရငြင်းခုံမှု ပြင်းထန်နေချိန်၌ မန္တလေးနေပြည်တော်မှ ထင်ပေါ် ကျော်ကြားသော သင်္ဂဇာဆရာတော် ကြွရောက်တော်မူလာရာ၊ ကံ,ဒွါရအယူမသည်း ကြသူ ကြားနေသမားများ၏ လျှောက်ထားချက်အရ ကံ,ဒွါရအယူရှိသူများ, အယူ

သည်းသူများ၏ အလိုဆန္ဒအယူဝါဒနှင့် မဆန့်ကျင်သော ဝိနိစ္ဆယ အဆုံးအဖြတ် စကားများဖြင့် ဟောကြားဆုံးမတော်မူခဲ့ရသည်။

အုဂ်ဖိုရ်ဆရာတော် အရှင်ဥက္ကံဝံသမာလာ ၁၇ ဝါရချိန် ၁၂၁၇ ခုနှစ်မှစ၍ အငြင်းပွားလာသော ကံ,ဒွါရ ဝိဝါဒကား တစ်စစ ပြင်းထန်ရိုက်ခတ်လာခဲ့ရာ၊ ၁၂၂၄ ခုနှစ်တွင် ဦးသစ်နှင့် ဦးပေါ်လာတို့ ၂ ဦးက အလောင်းအစားပြု၍ မန္တလေး နေပြည်တော်သို့ဆန်တက်ကာ ကံ,ဒွါရ အငြင်းပွားမှုကို သုဓမ္မာဆရာတော်များထံ အဆုံးအဖြတ် ခံယူကြသည်။ ထိုအချိန်၌ သာသနာပိုင်ဆရာတော်မှာ ဘဒ္ဒန္တဥေယျ ဓမ္မဖြစ်သည်။

သုဓမ္မာဆရာတော်များက ယင်းပြဿနာကို ဖြေရှင်းပေးရန် မောင်းထောင် ဆရာတော်အား တာဝန်ပေးတော်မူကြသည်။ မောင်းထောင်ဆရာတော်က 'တိသော ဣမာ ဘိက္ခဝေ ဝန္တာနာ၊ ကတမာ တိသော ကာယေန ဝါစာယ မနသာ ဣမာတိသော ဘိက္ခဝေ ဝန္ဒနာ'ကိုပင် ထုတ်ပြ၍ ကံ,ဒွါရ ၂ မျိုးဖြင့် ရှိခိုးကန်တော့ နိုင်ကြောင်း အဆုံးအဖြတ် ပေးတော်မူသည်။

မေ ာင်းထောင်ဆရာတော်က ဖော်ပြပါ အဂ္ဂုတ္တိုရ်ပါဠိတော်ကို သိလေသာ လက်ာရနည်းအရ 'သုမိ'ဟူသော ပုဒ်၌ 'ဘုရား'ဟူသောအနက်, 'လ'ဟူသော အနက် ၂ မျိုးရသကဲ့သို့လည်းကောင်း၊ ဒွါရဒွါရိကာနံ အဝိနာဘာဝတော စသော မဏိမဉ္ဇူကို ကိုးကား၍ အဝိနာဘာဝနည်းတို့ကို ထုတ်ဆောင်ပြ၍လည်းကောင်း၊ ကာယေန၊ ကာယဒွါရဖြင့် (ဝါ) ကာယကံဖြင့်။ ဝါစာယ၊ ဝစီဒွါရဖြင့် (ဝါ) ဝစီကံဖြင့်။ မနသာ၊ မနောဒွါရဖြင့် (ဝါ) မနောကံဖြင့်ဟု ဝါဝိကပ်ဖြင့် ဒွါရကရိုဏ်း, ကံကရိုဏ်း ၂ မျိုးဖြင့် အနက်ပေးသင့်သောကြောင့် ကံ,ဒွါရ အယူအဆ ၂ မျိုး စလုံး သင့်ကြောင်း။ ကံကရိုဏ်းထားခြင်းကို မိစ္ဆာဉာဏ်ဟု မဆိုသင့်ကြောင်း။ မိစ္ဆာဉာဏ်ဟူသည် မကောင်းမှု အကုသိုလ်ပြုရာ၌သာ ဖြစ်ပါကြောင်း။ ဤသို့ စသည့် အဆုံးအဖြတ်ကို ရေးသားပေးပို့တော်မူခဲ့သည်။

မောင်းထောင်ဆရာတော်၏ အဆုံးအဖြတ်ကို အုဂ်ဖိုရ်ဆရာတော် မြင်ရသော အခါ 'ပရပ္ပဝါဒီနိမ္မဒ္ဒနကထာ မေတ္တာစာ' နာမည်ဖြင့် ရသဖြင့်၊ 'ပရပ္ပဝါဒီနိမ္မဒ္ဒန ကထာ မေတ္တာစာ'အမည်ဖြင့်ပင် ချေပစာကိုရေးပြီး မောင်းထောင်ဆရာတော်ထံ ပေးပို့ခဲ့သည်။ ပရပ္ပဝါဒီနိမ္မဒ္ဒနကထာ မေတ္တာစာတွင် မောင်းထောင်ဆရာတော်၏

အဆုံးအဖြတ်ကို တစ်ပိုဒ်စီ တစ်ပိုဒ်စီ အနုစိတ် ရှင်းလင်းချေဖျက်ပြီး မိစ္ဆာဉာဏ် ဖြစ်ကြောင်း၊ ဒွါရဖြင့် ရှိခိုးကန်တော့ခြင်း မှန်ကန်ကြောင်း အကိုးသာဓကများစွာဖြင့် အကျယ်တဝင့် ရေးသားထားသည်ကို တွေ့ရှိရသည်။ မောင်းထောင်ဆရာတော်ထံ ပရပ္ပဝါဒီနိမ္မဒ္ဒနကတာ မေတ္တာစာ ရေးသားပေးပို့သကဲ့သို့၊ သုဓမ္မဆရာတော်များ ထံသို့လည်း 'ဆရာတော်ဘုရားတို့ထံ သာသနာရေးနှင့်စပ်သော အရာဌာနများကို ရာမညတိုင်းမှ ဆန်တက်လျှောက်ကြားလာလျှင် သာသနာတော်မြတ် စည်ပင် ထွန်းလင်းအံ့သည်ကိုသာ မျှော်လင့်တောင့်တတော်မူကုန်၍ ဂရု,လဟု ၂ ပါးတို့တွင် ကောင်းမြတ်သော အဆုံးအဖြတ်များကိုသာ ရေးသား ဆုံးဖြတ်တော်မူပါမည့် အကြောင်း'ကို လျှောက်ထားသော သတိသမ္ဗောဓညမေတ္တာစာကို ရေးသားပေးပို့တော် မူခဲ့သည်။

အုဂ်ဖိုရ်ဆရာတော်က မောင်းထောင်ဆရာတော်ထံ ရေးသားပေးပို့သော ပရပ္ပဝါဒီနိမ္မဒ္ဒနကထာ မေတ္တာစာနှင့် စပ်လျဉ်း၍ မောင်းထောင်ဆရာတော်က ပြန်လည်မိန့်ကြားတော်မူပုံကို မန္တလေးနေပြည်တော် မှန်ကျောင်းဆရာတော် ဦးဉာဏ ဝံသက အုဂ်ဖိုရ်ဆရာတော်ထံ စာရေးသား လျှောက်ထားခဲ့သည်ကို တွေ့ရှိရသည်။ စာတွင်

မောင်းထောင်ဆရာတော်က တန်ခူးလဆန်း ၁၁ ရက်နေ့ နံနက်တွင် မိမိအား ပင့်ခေါ်၍ အောက်ရာမညတိုင်း အုဂ်ဖိုရ်ကန်ကုန်းတိုက်အုပ် ဦးဥက္ကံဝံသ မာလာ ကံဒွါရအရေးကို စာပြန်လိုက်သည်ဟု ကြားသိရသဖြင့် 'ဦးပဥ္စင်းတွင် စာပါလော'ဟု မေးကြောင်း 'ပါ ပါကြောင်း'လျှောက်ထားသောအခါ၊ မောင်းထောင် ဆရာတော်က 'ကျွန်ုပ်သည် ရေးကာလက အုဂ်ဖိုရ်ဆရာ ဒွါရဝါဒီရှိမှန်းကို သေချာစွာ မသိပါကြောင်း၊ ၁၂၂၄ ခုနှစ် ငသစ်, ငပေါ်လာ ဒကာ ၂ ဦးတို့ လျှောက်ထား လာကြရာ မာန်ပြေရန်ပြေ သာမညကြံဆလျက် ဆုံးဖြတ်ပေးလိုက်ပါကြောင်း။ အုဂ်ဖိုရ်ဆရာတော် အဆုံးအဖြတ် အမိန့်စကား၏အဖြစ်ကို ဧကန်သိရပါလျှင် သာမညပြုလိုက်မည် မဟုတ်ကြောင်း။ အုဂ်ဖိုရ်ဆရာတော် ဝါသိက္ခာ မည်မျှ ရှိသနည်း'ဟု မေးမြန်းရာ၊ သိက္ခာ ၂၀ ကျော်ရှိသည်'ဟု ဖြေခဲ့ပါကြောင်း။ မောင်းထောင်ဆရာတော်က 'ကျွန်ုပ်ထက် ဝါသိက္ခာကြီးသည်ဖြစ်လျှင် ခြေတော်ကို ဦးဖြင့်ထိ၍ ပူဇော်ကန်တော့ တောင်းပန်နိုင်ပါ၏ဟု ဦးပဥ္စင်းက စာရေးလျှောက် ထားပါ'ဟု မိန့်ပါကြောင်း။ စသည်ဖြင့် ရေးသားထားသည်။

အချုပ်အားဖြင့် အုဂ်ဖိုရ်(အင်္ဂပူ)ဆရာတော် အရှင်ဥက္ကံဝံသမာလာသည် ဩကာသကန်တော့ချိုး၌ ကာကကံ, ဝစီကံ, မနောကံဖြင့် ရှိခိုးကန်တော့ခြင်းကို မှားယွင်းသည်ဟု ပစ်ပယ်တော်မူပြီး၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ခြင်းသာ ကျမ်းဂန်နှင့်ညီသည်ဟု အခိုင်အမာ ယူတော်မူခဲ့သည်။

ထို့ကြောင့် အုဂ်ဖိုရ်ဆရာတော်နှင့် တပည့်သာဝက သံဃာအစုကို 'ဒွါရဂိုဏ်း'ဟု ခေါ်ခဲ့ကြရာမှ ဒွါရဂိုဏ်းလည်း အထင်အရှား ဖြစ်ပေါ်လာပါတော့သည်။

❑

ဒွါရဝါဒီ အုဂ်ဖိုရ်ဆရာတော်နှင့် သာသနာတော်သန့်ရှင်းရေး

'အံ့ဖွယ် ၈ ဖြာ သာသနာ'ဟု သာသနာတော်တွင် အံ့ဖွယ် ၈ ပါးရှိကြောင်း မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားထားတော်မူသည်။ ယင်း အံ့ဖွယ် ၈ ဖြာတွင် နောက်ဆုံးအံ့ဖွယ်အဖြစ် ဝေလာမတိက္ကမသာသနာ မဟာသမုဒ္ဒရာသည် ကမ်းကို မလွန်သကဲ့သို့၊ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို တပည့်ကောင်း သာဝကတို့သည် မလွန်ကျူးသောသာသနာဖြစ်သည်ဟု ဖော်ပြထားသည်။

ယခုအခါ သာသနာတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသော သာဝကအားလုံးသည် 'မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်များနှင့်အညီ ကျင့်သုံးနေထိုင်လျက် ရှိကြပါသလော'ဟု မေးဖွယ်ရှိပါသည်။ ပညတ်သိက္ခာပုဒ်နှင့်အညီ ကျင့်သုံးသူ သာဝကများရှိသကဲ့သို့၊ ဖောက်ဖျက်ကျူးလွန်သူ သာဝကများလည်း ရောနှောရှိကြောင်း သိရှိနိုင်ပါသည်။

အမှတ် ၁ အံ့ဖွယ်သာသနာအဖြစ် ဒုဿီလ ဥက္ကိပန သာသနာ မဟာသမုဒ္ဒရာသည် အကောင်ပုပ်ကို လက်မခံ၊ လှိုင်းတံပိုးဖြင့် ပုတ်ထုတ်သကဲ့သို့ သာသနာတော်၏ အမှိုက်သရိုက် အတွင်းပုပ်သော ဒုဿီလ ပါပညစ်ခေါင် ရဟန်းယောင်တို့ကို သံဃာ့ဘောင်မှ တစ်ခဏချင်း နှင်ထုတ်သောသာသနာဟု ဖော်ပြထားရာ၊ ထို ရဟန်းယောင်တို့ကို သံဃာ့ဘောင်မှ မည်သူများ တာဝန်ယူနှင်ထုတ်မည်နည်းဟု တွေးတောဖွယ် ရှိလာပြန်သည်။

သာသနာတော်တွင် အရေအတွက်ထက် အရည်အချင်းသာလျှင် မကြည်ညို သေးသူများ ကြည်ညိုလာစေရန်နှင့် ကြည်ညိုပြီးသူများလည်း ပို၍ကြည်ညိုလာစေရန် လိုအပ်သဖြင့် ရဟန်းယောင်များကို သံဃာ့ဘောင်မှ နှင်ထုတ်သင့်သည်။ ထိုရဟန်းယောင်များကို သာသနာတော် သန့်ရှင်းရေးအတွက် သံဃာ့ဘောင်မှ နှင်ထုတ်နိုင်သူများမှာလည်း သံဃာတော်များသာ စွမ်းနိုင်သည်။ သံဃာတော်များ၏ ဓမ္မစက်အစွမ်း ထက်ရန်မှာလည်း ထက်မြက်သော အာဏာစက် ပံ့ပိုးကူညီမှုရရန် လိုအပ်နေပြန်သည်။

သာသနာတော်အတွက် သဒ္ဓါထက်ပြီး အာဏာစက်ပြင်းသော သီရိဓမ္မာသောက, ပရက္ကမဗာဟု, အနော်ရထာ, ဓမ္မစေတီကဲ့သို့သော မင်းကောင်းများ လက်ထက်တွင် ရဟန်းယောင်များ ပပျောက်ခဲ့ရသောထုံး ရှိခဲ့သည်။ မင်းတုန်းမင်းမှာမူ 'ဒုဿီလရဟန်းများကို မကိုးကွယ်ရ'ဟူ၍ပင် အမိန့်ထုတ်ခဲ့သည်။ အလားတူ ဝိနည်းဓမ္မကံ ဖောက်ပြန်ကျူးလွန်မှုကို လက်မခံလိုသော ဆန္ဒ, သာသနာတော် သန့်ရှင်းရေးကိစ္စကို ပြင်းပြလိုလား ကြီးမားသဒ္ဓါ ပညာဗျတ္တိ ရဲစွမ်းသတ္တိရှိသော သံဃာတော်များမှာလည်း အာဏာစက် ပံ့ပိုးကူညီမှုကို ပဓာနမထားဘဲ အံ့ဖွယ် ရ ဖြာ သာသနာနှင့်အညီ ရဲတင်းထက်မြက် ဆောင်ရွက်တော်မူမည်သာ ဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်တော်မူခဲ့ဖူးသော သံဃာတော်တစ်ပါးမှာ ဒွါရဝါဒီ အုဂ်ဖိုရ်ဆရာတော်ပင် ဖြစ်ပါသည်။

အုဂ်ဖိုရ်ဆရာတော်ကို ၁၁၇၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် တနင်္ဂနွေနေ့တွင် သာရဝေါမှ ၂ မိုင်ခန့်ဝေးသော ရွာကလေး၌ဖခင် ဦးရွှေပန်း, မိခင် ဒေါ်လေးတို့မှ မွေးဖွားခဲ့သည်။ ငယ်နာမည် မောင်းညွှင်း ဖြစ်သည်။ မွေးချင်း ၅ ဦးအနက် တတိယမြောက်သား ဖြစ်သည်။ နောက် မိထွေးမှလည်း သားချင်း ၅ ဦး ထပ်မံမွေးဖွားသေးသည်။

သာရဝေါနန်းဦးကျောင်း ဆင်ဖြူကျွန်းဆရာတော် ဦးဇော်ဂျီထံတွင် ကျောင်းသားအဖြစ်, ရှင်သာမဏေအဖြစ်နေပြီးနောက်၊ ဆရာတော်ဦးဇော်ဂျီ၏ အပ်နှံချက်အရ ဟင်္သာတအုတ်ကျောင်းဆရာတော် ဦးမဏိဇောတထံ ၂ နှစ်နေ၍ ပညာသင်ခဲ့ရသည်။ ၎င်းနောက် ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း လောကမှန်ကင်းကျောင်း ဆရာတော် ဦးမတိမထံရောက်၍ ၂ နှစ် ဆက်လက်ပညာသင်ကြား

နေစဉ် သာမဏေ ၇ ဝါအရတွင် ဗီးကွက်မေဃ္ဃာစာ စသော မေဃ္ဃာစာကြီးများကို ရေးခဲ့သည်။

၁၂၀၀ ပြည့်နှစ်တွင် သာရဝေါကျောင်းတိုက် ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဒုတိယမြသိန်းတန်ခေါ် မကျည်းတောဆရာတော် အရှင်သာသနဇောတထံ မှီခိုနေစဉ် မကျည်းတောဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ပုံ့နင်းဦးရန်မင်း၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဖြစ်တော်မူလာသည်။ ဦးရန်မင်းက ယင်း သာရဝေါကျောင်းတိုက် အတွင်း၌ ကျောင်းငယ်တစ်ဆောင်ဆောက်၍ မိမိရဟန်း အရှင်ဥက္ကံဝံသမာလာအား လှူဒါန်းသည်။ သို့သော် ဆရာတော်သည် ယင်းကျောင်း၌မနေဘဲ ဓနုဖြူမြို့ ရွှေဂူဆရာတော် ဦးဇောတထံသွား၍ ကျမ်းဂန်များ, ပျို့, ကဗျာ, လင်္ကာ, ရတု, ရကန် စသည်များကို ၄ နှစ်ခန့် လေ့လာသင်ကြားခဲ့သည်။

၎င်းနောက် ဆရာတော်ဦးဇောတက အမရပူရ အင်းဝရွှေမြို့တော် ဗားကရာတိုက် သာသနာပိုင်ဆရာတော်ထံ အပ်နှံခဲ့သည်။ ထိုအချိန်၌ အင်းဝရွှေနန်းတော်တွင် သာယာဝတီ(ကုန်းဘောင်)မင်း နန်းစံချိန် ဖြစ်သည်။ ဗားကရာတိုက်၌ ပညာသင်ချိန် ဗားကရာဆရာတော် မိန့်ကြားချက်အရ အနောက်နန်းမိဖုရား ဟင်္သာတသူ မမြလေးနှင့် ဓနုဖြူသူ မမြစိမ်းတို့က ပစ္စည်း ၄ ပါး ထောက်ပံ့သည်။ အရှင်ဥက္ကံဝံသမာလာက သက္ကတ သင်လို၍, မိဖုရား ၂ ပါးကပင် မင်းကြီး၏ ပရောဟိတ် 'သမ္မာရသျှ'အမည်ရှိ ပုဏ္ဏားထံ အပ်နှံပေးခဲ့သည်။ ထို့ကြောင့် ဆရာတော်သည် သက္ကတဆိုင်ရာ ဗျာကရဏ်း ဆန်း ဗေဒင်ကျမ်းများကိုပါ တတ်မြောက်တော်မူခဲ့ခြင်းဖြစ်သည်။

အရှင်ဥက္ကံဝံသမာလာ ရဟန်း ၄ ဝါအရ ၁၂၀၄ ခုနှစ်တွင် ဗားကရာတိုက်သို့ ရောက်ရှိပြီးနောက် ၁၂၀၈ ခုနှစ်တွင် ဗားကရာဆရာတော် သာသနာပိုင်ဖြစ်လာသည်။ ၁၂၁၀ ၌ ဝေယံဘုံသာစံကျောင်းတော်ကို သာသနာပိုင်ဆရာတော် အလှူခံ ရရှိတော်မူသည်။ ရေစက်ချပွဲတွင် သာသနာပိုင်ဆရာတော်ကို ထပ်မံ ဘွဲ့တံဆိပ်ဆက်ကပ်သောအခါ သာသနာပြုဆရာတော်များကိုပါ ရာဇဂုရုဘွဲ့တံဆိပ် ဆက်ကပ်ရန် လျာထားစာရင်းတွင် အုဂ်ဖိုရ်ဆရာတော် အရှင်ဥက္ကံဝံသမာလာ အမည် ပါဝင်သည်။ သို့ရာတွင် အုဂ်ဖိုရ်ဆရာတော်က လက်မခံဘဲ မှန်ကင်းဆရာတော်အား လွှဲပေးတော်မူခဲ့သည်။

သာသနာပိုင်ဆရာတော်တွင် ထင်ရှားသော တပည့် ၅ ပါးရှိသည်။

- ဥပမာအရာ ဆရာတစ်ဆူဖြစ်သော ဗန်းမော်ဆရာတော် အရှင်ပဏ္ဍိတ,
- ‘စာတတ်ငခုန် စာစုံမန်ကျည်းတော စာပြောသဲအင်း’ ဟုပြောနေကြသော ငခုန်ဆရာတော် အရှင်ဒီပါလင်္ကာရ,
- အုဂ်ဖိုရ်ဆရာတော် အရှင်ဥက္ကံဝံသမာလာ,
- မန္တလေးဘုရားကြီးဆရာတော် အရှင်ဇာဂရ,
- မင်းကြီးလောင်း ဦးရန်ဝေး တို့ဖြစ်သည်။

၁၂၁၁ ခုနှစ်၌ အုဂ်ဖိုရ်ဆရာတော်သည် နောက်ပါတပည့်များနှင့်တကွ မြသိန်းတန်ဆရာတော်ထံရောက်၍ နေတွင်နှင့် ဘေဒစိန္တာကျမ်းများကို နည်းယူခိုလှုံသည်။ မြသိန်းတန်ဆရာတော်က ‘အာချာတ်သာမိ နိယံ’ရေးရန် တာဝန်ပေးသဖြင့်၊ နိယာမဒီပနီကို ရေးသားပြီး ဆက်ကပ်ရာ ဆရာတော်ကြီး၏ ချီးကျူးခြင်းခံခဲ့ရသည်။ စပါးတောကျောင်းတိုက်အတွင်း ဦးဖူးက မြသိန်းတန်ဆရာတော်အား လှူဒါန်းရန် ကျောင်းတစ်ဆောင်ဆောက်လုပ်ရာ ဆရာတော်ကြီးက အုဂ်ဖိုရ်ဆရာတော်အား လှူဒါန်းစေခဲ့သည်။ အုဂ်ဖိုရ်ဆရာတော်က ဆရာတော်ကြီးနှင့် ၂ ပါးပိုင်ပြု၍ အလှူခံယူပြီးနောက်၊ ဆရာတော်ကြီး၏အမိန့်အရ စပါးတောကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်တော်မူခဲ့သည်။

စပါးတောတိုက်၌နေစဉ် ပုဂံမင်းက သာသနာပိုင်ဆရာတော်အား နောင်အခါ ဘွဲ့တံဆိပ် လှူဒါန်းလိုက လှူဒါန်းနိုင်ရန် တစ်တိုက်တစ်ပါးကျ အရည်အချင်းစစ်ပေးရန် လျှောက်ထား၍၊ သာသနာပိုင်က အမိန့်ထုတ်ရာ မြသိန်းတန်ဆရာတော်က စပါးတောတိုက်အတွက် အုဂ်ဖိုရ်ဆရာတော်ကို ရွေးချယ်စေလွှတ်တော်မူသည်။ သာသနာပိုင်ဆရာတော်က အခြားဆရာတော်များအား မေးစစ်တော်မူခဲ့သော်လည်း အုဂ်ဖိုရ်ဆရာတော်ကိုမူ အရည်အချင်းသိပြီးဖြစ်၍ မေးစစ်မှု မပြုပါ။

တစ်နေ့တွင် မင်းတုန်းမင်းသားက မြသိန်းတန်ဆရာတော်အား အားကိုးလောက်သော တပည့်ထွန်းကားမှု ရှိ,မရှိ မေးလျှောက်ရာ ဆရာတော်က အရှင်ဥက္ကံဝံသမာလတစ်ပါး ထွန်းကားကြောင်း မိန့်တော်မူသည်။ မင်းတုန်းမင်းသားက ဖူးလိုကြောင်း လျှောက်ထားသဖြင့် ဆရာတော်ကြီးက အုဂ်ဖိုရ်ဆရာတော်အား မင်းတုန်းမင်းသားအိမ်သို့ မိမိနှင့်အတူကြွရန် မိန့်ကြားတော်မူသည်။

အုဂ်ဖိုရ်ဆရာတော်က မင်းတုန်းမင်းသားအိမ်သို့ ကြွရန်ဖြစ်ကြောင်း သိ၍ မလိုက်ခဲ့ပါ။ မင်းတုန်းမင်းသားက ထိုအကြောင်းကို ကြားသိရသောအခါ ပို၍ကြည်ညိုစိတ် ဖြစ်ပွားခဲ့သည်။

တစ်နေ့တွင် သာသနာပိုင်ဆရာတော်က ခေါ်၍သွားသောအခါ ‘ရာဇဂုရု ဘွဲ့တံဆိပ်ကို လက်ခံ၍ မိမိပိုင် အသောကာရာမတိုက်ကိုယူ၍ သာသနာပြုရန်’ မိန့်ကြားတော်မူသည်။

အုဂ်ဖိုရ်ဆရာတော်က ရာမညတိုင်း၌ ဘုရင့်အာဏာစက်ဝေး၍ သာသနာမထွန်းသောကြောင့် ပြန်၍သာသနာပြုလိုကြောင်း လျှောက်ပြီး ငြင်းပယ်ခဲ့သည်။ ထိုအချိန်က ရာမညဒေသသည် ဘုရင့်အာဏာစက်နှင့် ကင်းဝေးနေ၍ ဘုရင့်အာဏာစက်မှ ကင်းလွတ်လိုသော ရဟန်းများ လာရောက် ခိုလှုံနေကြသဖြင့် သာသနာအညစ်အကြေး ရှုပ်ထွေးရောယှက်နေသည်။

အုဂ်ဖိုရ်ဆရာတော်သည် ၁၂၀၄ ခုနှစ်မှ ၁၂၁၂ ခုနှစ်အထိ နေပြည်တော်၌ ပညာသင်ပြီးနောက် စပါးတောကျောင်းမှထွက်၍ စစ်ကိုင်းထူပါရုံကျောင်းဆရာတော် အရှင်ပုညာရမ္မထံ၌ ဘင်္ဂါလီ နာဂရီ သာသန္တရသင်ရန် ခိုလှုံခဲ့သည်။ သိက္ခာလည်း ထပ်ခဲ့သည်။ ထိုအချိန်၌ ရွှေကျင်ဆရာတော်သည် တပည့် ၅၀၀ နှင့် စစ်ကိုင်းဘက်တွင် စာသင်တိုက်တည်ထောင်နေသောအချိန် ဖြစ်သည်။

အုဂ်ဖိုရ်ဆရာတော် ရောက်ကြောင်းကြားလျှင် ရွှေကျင်ဆရာတော် ကြွတော်မူလာပြီး ‘သဒ္ဒါနည်းကောင်းသည်ဟု ကြားရကြောင်း။ မြသိန်းတန်, ဗားကရာ နည်းနာနိသျများကို မိမိအား စာတစ်ဝါ ပို့ချပေးရန်’ပြောသောအခါ၊ အုဂ်ဖိုရ်ဆရာတော်က ‘ဘင်္ဂါလီ နာဂရီ သင်နေ၍ သီးခြားအချိန်မရကြောင်း၊ ဆွေးနွေးမေးမြန်းလိုက လာရောက်မေးမြန်းရန်’ လျှောက်ထားသဖြင့်၊ တစ်ဝါတွင်းလုံး မေးမြန်းဆွေးနွေးတော်မူခဲ့သည်ဟု ဆိုပါသည်။

အုဂ်ဖိုရ်ဆရာတော်သည် ဘင်္ဂါလီ နာဂရီ သင်ပြီးနောက် ပဋိပတ္တိအကျော်သီးလုံးဆရာတော်ထံ နည်းခံလိုသော်လည်း သွားလာရေးခက်၍ လက်လျှော့ပြီး၊ အင်းဝမြို့မ အလယ်တောရ ဆရာတော် အရှင်ဥတ္တမထံသွား၍ ပဋိပတ္တိနည်းခံခဲ့သည်။ ၎င်းနောက် ၁၂၁၃ ခုနှစ်တွင် တပည့်သံဃာ ၂၀ ခန့်နှင့်အတူ သာရဝေါသို့ ပြန်ကြွတော်မူခဲ့သည်။

သာရဝေါတွင် တစ်ဝါဆိုပြီးနောက် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ဘေးကျရောက်သဖြင့် ၁၂၁၄ ခုနှစ်တွင် တပည့်ဒကာ ဆွေမျိုးဉာတိများနှင့်အတူ အင်္ဂပူခေါ် အုဂ်ဖိုရ်သို့ ကြွ၍ မင်္ဂလာကန်ကုန်းတိုက် မဟာဝေယံဘုံသာကျောင်းကို အလှူခံ ရရှိတော်မူ၍၊ သီတင်းသုံးတော်မူခဲ့သည်။ တစ်နေ့တွင် အုဂ်ဖိုရ်နယ်ရှိ သံဃာများကို အုပ်ချုပ်ရသော ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော်များ ဥပုသ်ပြုနေကြသည်နှင့် ကြုံခဲ့သည်။ ဇာတသသရအိုင်ထဲ ဆောက်လုပ်ထားပြီး ဂါမခေတ်နှင့် ဆက်စပ်နေသော တံတားထိုး ဥဒကုက္ခေပ(ရေ)သိမ်တွင် ဥပုသ်ကံဆောင်နေကြပါသည်။

အုဂ်ဖိုရ်ဆရာတော်က ရေသိမ်နှင့် ဂါမခေတ် ရေတကျသဲတကျ တသီးတခြား ခွဲမထားဘဲ သမ္ဗန္ဓဖြစ်နေသဖြင့် ဂါမခေတ်နေ ရဟန်းများနှင့် ဝဂ်ဖြစ်နေသောကြောင့် ကံပျက်ကြောင်း လျှောက်သည်။ သို့ရာတွင် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များသည် ပြုပြင်မှုမရှိဘဲ ရှေးအတိုင်း ပြုမြဲပြုနေကြသဖြင့် အုဂ်ဖိုရ်ဆရာတော်က သီးခြားခွဲ၍ ကံပြုပါတော့သည်။ ယင်း သံဃာကွဲပြားမှုသတင်းကား တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသဖြင့် ဟင်္သာတ, ကြံခင်းဆရာတော်များကြွ၍ စေ့စပ်ပေးတော်မူကြသည်။

အုဂ်ဖိုရ်ဆရာတော်က ‘ဂါမခေတ်နှင့်ဆက်စပ်နေသော ရေသိမ်၌ ရဟန်း ဖြစ်သူများနှင့် မပေါင်းသင်းနိုင်၊ အခြား သင့်လျော်သော သိမ်၌ ရဟန်း ထပ်မံ ခံယူလျှင် ပေါင်းသင်းနိုင်ကြောင်း’လျှောက်သည်။ စေ့စပ်ပေးသော ဆရာတော်များက ထိုရဟန်းတို့အား ပြုပြင်ပေးရန် ပြောသောအခါ၊ ၎င်းတို့က မပြုပြင်နိုင်ကြောင်း ပြောကြသဖြင့် စေ့စပ်မရ ဖြစ်ခဲ့ရသည်။ အုဂ်ဖိုရ်ဆရာတော်လည်း ထိုရဟန်းတို့နှင့် လုံးဝ မပေါင်းသင်းတော့ပေ။

အုဂ်ဖိုရ်ဆရာတော်သည် အုဂ်ဖိုရ်၌ သီးခြားဝိသုံဂါမသိမ် သမုတ်ရာ

“မိမိ ရဟန်းဖြစ်သည့်နေ့မှစ၍ ယနေ့တိုင် ဝုဋ္ဌာနကံ (သံဃာ ဒိသိသ်) အာပတ် မသင့်စဖူးပါ။ သံသယလည်း မရှိပါ။ သစ္စာဆိုပါမည်။ အရှင်တို့လည်း ငါကဲ့သို့ သစ္စာဆိုဝံ့လျှင် ပရိဝါသ်မာနတ် အဗ္ဘာနကံပြု၍ သုဒ္ဓိဖြစ်ပြီဟု သံသယ ရှင်းမှ ပါဝင်ရမည်”ဟု မိန့်တော်မူသည်။ သံဃာတော်များလည်း ဆရာတော် မိန့်တော်မူသည့်အတိုင်း ဆောင်ရွက်ခဲ့ကြပြီး ပရူပဝါဒဘေးကင်းအောင် ကလျာဏီ သိမ်ကဲ့သို့ ဖြစ်အောင်, နောင်လာနောက်သား နည်းယူဖွယ်ဖြစ်အောင် ကိုယ်တိုင် ကြပ်မတ်၍ သိမ်သမုတ်တော်မူသည်။

သိမ်သမုတ်ဆဲ ကာလတွင် တပင်တိုင်ထီးဝန်း အထက်တွင် ကျီးငှက် တစ်ကောင် လာနားသည်။ ကျီးကန်းကျောပေါ်တွင် စာသူငယ်တစ်ကောင် ပါလာသည်။ မြွေကြီးတစ်ကောင်လည်း ဖြတ်သန်းသွားသည်။ သိမ်သမုတ်ပြီးသည်နှင့် တစ်ပြိုင်နက် မြေ၌ အမြှုပ်ရိုက်သွင်းထားသော ပွတ်ခုံသိမ်ပန္နက် အလိုအလျောက် ပေါ်ထွက်လာသည်။ ဤအံ့ဖွယ်ထူးများ ဖြစ်ပေါ်သည်။

သိမ်သမုတ်ချိန်တွင် အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက် ကျရောက်ချိန် ဖြစ်သည်။ ထို့ကြောင့် တစ်ဘက်ရဲဟန်းသံဃာများက

“ရေမြပိုင်မင်းမဟုတ်ဘဲ ခေတ္တလာရောက် အုပ်စိုးသော အင်္ဂလိပ်တို့ပေးသော ဘောဇကမြေစားသည် ဝိသုံဂါမ မဖြစ်နိုင်။ သိမ် မသမုတ်ထိုက်”ဟု ထိုးနှက် ပြောဆိုလာကြသဖြင့်၊ အုဂ်ဖိုရ်ဆရာတော်က ဂါမသီမာဒီ ဝိနိစ္ဆယရေး၍ ဖြေရှင်းတော်မူခဲ့ရသည်။

ထိုအချိန်၌ပင် သီရိလင်္ကာကျွန်း၌လည်း ဂါမခေတ်နှင့် ဆက်စပ်နေသော ရေသိမ်၌ ကံပြုထိုက်, မထိုက်၊ ကံပြုလျှင် ပျက်,မပျက် အငြင်းပွားနေကြသည်။ ၁၂၁၄–၁၂၁၆ ခုနှစ်တို့၌ မြန်မာနိုင်ငံသို့လာ၍ မေးမြန်းနာခံရန် စီစဉ်ကြသော်လည်း မအောင်မြင်၍ ၁၂၁၉ ခုနှစ်၌ လာ၍အဆုံးအဖြတ်ကိုခံယူကြရာ သာသနာပိုင် ဆရာတော်က ဂါမခေတ်နှင့် ရေသိမ်ဆက်စပ်နေလျှင် ကံမမြောက်ကြောင်း အဆုံး အဖြတ် ပေးတော်မူခဲ့သည်။

အုဂ်ဖိုရ်ဆရာတော်သည် ဝိနည်းနှင့် မညီလျှင် ပုဂ္ဂိုလ်ကို မငဲ့ကွက်ဘဲ ရဲတင်းစွာ ဆန့်ကျင်ကန့်ကွက်တော်မူသည့်အပြင်၊ ကံကရိဏ်းဖြင့် ရှိခိုးခြင်းကို လည်း အပြင်းအထန် ဆန့်ကျင်လျက် ဒွါရကရိဏ်းဖြင့် ရှိခိုးခြင်းကို အတည်ပြုတော် မူသည်။ ၎င်းအပြင် ၁၀ ပါးသီလသည် လူ့သီလ မဟုတ်ကြောင်း၊ သာမဏေတို့၏ သီလသာဖြစ်ကြောင်း၊ သာမဏေကဲ့သို့ ဖန်ရည်ဆိုးဝတ်ပြီး ဝါတွင်း ၃လ, ၄လ, ၆လ,၁နှစ် စသည်ဖြင့် ပိုင်းခြားသတ်မှတ် ကျင့်သုံးဆောက်တည်နိုင်မှ ၁၀ ပါးသီလ ကျင့်သုံးကောင်းကြောင်းကိုလည်း ဟောပြောတော်မူသည်။ ၎င်းအပြင် စေတီပရိဝုဏ် နှင့် စေတီရင်ပြင် မကွဲဘဲ ရာထွေးနေကြကြောင်း၊ ရဟန်းတော်များသည် စေတီ ရင်ပြင်၌ ဖိနပ်မစီးကောင်းဘဲ ပရိဝုဏ်၌ စီးကောင်းကြောင်း ဟောပြောတော်မူသည်။

အုဂ်ဖိုရ်ဆရာတော်သည် သျှစ်သျှား, ဖန်ခါး စသော ယာဝဇီဝက ကာလိက များကိုပင် ဂေလည(အနာ)ဟူသော အကြောင်းမရှိဘဲ သုံးဆောင်တော်မူခြင်း မရှိပေ။ ကွမ်းဆေးကိုရှောင်သော ကြည်ညိုဖွယ် ပါသာဒိကဂုဏ်ဆောင်လျက် ကျင့်ကြံနေထိုင်တော်မူသည်။ အမှားအမှား မှားဖန်များက ထိုအမှားကိုပင် လူတကာက အမှန်ထင်သွားတတ်သည်။

ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများသည် ဝိနည်းတော်နှင့် မလျော်သော ရွှေငွေ အလှူခံခြင်း အပါအဝင် ဝိနည်းပြင်ဆင်ချက် ၁၀ မျိုးကို အစဉ်အလာ တစ်ရပ်အသွင် ဆောင်လာသဖြင့် လူဒကာများက အမှန်ထင်ပြီး ရွှေငွေများကို လောင်းလှူလျက် ရှိခဲ့ကြသည်။ ရွှေငွေကိုပယ်သော ရဟန္တာအရှင်မြတ် ယသထေရ်ကိုပင် အထင်အမြင် သေးလာကြသည်။ ဝဇ္ဇီရဟန်းများက ကံပြု၍ ဒကာများအား တောင်းပန်ရန်ကိုပင် ပြုလာကြသည်။

အလားတူ ကိဋ္ဌာဂီရိရှိ ပုနဗ္ဗသုက ရဟန်းများသည်လည်း ဝိနည်းတော်နှင့် မလျော်သောလုပ်ရပ်များ ပြုလုပ်နေကြသည်ကို အစဉ်အလာတစ်ရပ် အသွင်ဆောင်လာသဖြ ဒေသခံ ဒကာများကလည်း အမှန်ထင်ပြီး ကြည်ညိုလျက် ရှိနေကြသည်။ ဝိနည်း ကျင့်ဝတ်ပြည့်ဝသော ရဟန်းတော်တစ်ပါးရောက်လာ၍ ဝိနည်းတော်နှင့် လျော်ညီစွာ ဆွမ်းခံဝင်လာသောအခါ ပုနဗ္ဗသုက ရဟန်းများ စရိုက်နှင့်မတူသဖြင့် အတုအယောင်ထင်ပြီး ဆွမ်းလောင်းလှူသူပင် မရှိဖြစ်ခဲ့ရသည်။ ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်ထေရ်မြတ် ၂ ပါးကြွရောက်၍ လူများအား ဝိနည်းတရား သင်ကြားပေးခြင်းဖြင့် အမှန်တရားပေါ်လာအောင် ပြုပြင် ဆောင်ရွက်ပေးတော်မူခဲ့ရသည်။

အုဂ်ဖိုရ်ဆရာတော်သည်လည်း ဝိနည်းတရားနှင့် မလျော်သည်ကို တွေ့မြင်လျှင် အရှင်ယသတို့ထုံး နှလုံးမူလျက် ရဲရဲတောက် ဆန့်ကျင်ပြုပြင် ပေးတော်မူခဲ့သော ကြည်ညိုဖွယ်ဂုဏ်ဆောင် သာသနာ့အာဇာနည်တစ်ပါးပင် ဖြစ်သည်။ ဆရာတော်သည် ၁၂၆၇ ခုနှစ်၊ သက်တော် ၈၉ တွင် ပျံလွန်တော်မူကြောင်း သိရှိရပါသည်။

❑

အနောက်ချောင်းဒွါရဂိုဏ်း ဖြစ်ပေါ်ခြင်း

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် ဟင်္သာတမြို့အထက်မှ စတင်ခွဲထွက်၍ ပုသိမ်မြို့အောက် ပင်လယ်အထိ စီးဆင်းသော ဧရာဝတီမြစ်ခွဲတစ်ခုကို 'ပုသိမ်'မြစ် ဟူ၍လည်းကောင်း၊ 'ငဝန်'မြစ်ဟူ၍လည်းကောင်း ခေါ်သည်။ ဧရာဝတီမြစ်ခွဲတို့တွင် အနောက်ဘက် အကျဆုံးမြစ်ခွဲ ဖြစ်သောကြောင့် ထိုမြစ်ရိုးတစ်လျှောက်ကို 'အနောက်ချောင်း'ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

ဒွါရဝါဒီအုဂ်ဖိုရ် ဆရာတော်ကြီးသည် ဒွါရသာသနာကို ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ရာ ငဝန်မြစ်ခေါ် အနောက်ချောင်းတစ်လျှောက်ရှိ လေးမျက်နှာ ငါးသိုင်းချောင်း, ပုသိမ်မြို့အထိ ကြွချီလှည့်လည်၍ ဒွါရသာသနာ ပြန့်ပွားရန် ဖြန့်ချိဟောပြောတော်မူခဲ့သည်။ ထိုအခါ ငါးသိုင်းချောင်းမြို့နယ် ငဝန်မြစ်(အနောက်ချောင်း)ဝန်းကျင်ဒေသ၌ သီတင်းသုံးလျက်ရှိတော်မူကြသော ဆရာတော်ကြီး ၆ ပါးနှင့်တကွ တပည့်သံဃာအပေါင်းတို့က အုဂ်ဖိုရ်ဆရာတော်ကြီး၏ ထေရဝါဒ ဒွါရသာသနာကို သဘောကျ နှစ်ခြိုက်တော်မူကြသဖြင့် အုဂ်ဖိုရ်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ ပေါင်းစည်းတော်မူခဲ့ကြသည်။

ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကြသော ထိုဆရာတော်ကြီး ၆ ပါးကား

၁ – ရေကြည် မြို့ရိုးဆရာတော်ဘုရားကြီး အရှင်ကေသရ

၂ – ကွင်းလျားဆရာတော်ဘုရားကြီး အရှင်သီလဝံသ

၃ – ငါးသိုင်းချောင်းမြို့ ကျားကျောင်းကြီး ဆရာတော်ဘုရားကြီး အရှင်ကလျာဏ

၄ – မယ်ဇလီဆရာတော်ဘုရားကြီးအရှင်ဓမ္မစာရီ

၅ – အသုတ်မြို့ ဒက္ခိဏာရုံ ဆရာတော်ဘုရားကြီး အရှင်နန္ဒိယ

၆ – ကျောက်ချောင်းရွာ ရောင်ပြဆရာတော်ဘုရားကြီး အရှင်နန္ဒိမာ အရှင်သူမြတ်တို့ ဖြစ်ကြသည်။

ဤဆရာတော်ဘုရားကြီး ၆ ပါးနှင့် တပည့်သံဃာတော်များသည် ဒွါရဝါဒီ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး အရှင်ဥက္ကံဝံသမာလာ၏ဩဝါဒကို ခံယူလျက် ဒွါရ အယူအဆကို သဘောကျ လက်ခံတော်မူခဲ့ကြသည်ကို အကြောင်းပြု၍လည်းကောင်း၊ ငါးသိုင်းချောင်းမြို့နယ် ဝေန်မြစ်အနောက်ချောင်းဒေသကို အစွဲပြု၍လည်းကောင်း ယင်းဆရာတော်ကြီး ၆ ပါးနှင့် တပည့်သံဃာတော်များကို 'အနောက်ချောင်းဒွါရ ဝါဒီများ', 'အနောက်ချောင်းဒွါရဂိုဏ်းသံဃာများ' ဟုခေါ်ဝေါ်ခဲ့ကြရာမှ 'အနောက် ချောင်း ဒွါရဂိုဏ်း' စတင်ပေါ်ပေါက်ခဲ့ရသည်။

အနောက်ချောင်းဒွါရဂိုဏ်း ဖြစ်ပေါ်လာပြီးနောက် မကြာမီကာလအတွင်း၌ ငါးသိုင်းချောင်းမြို့ပေါ်ရှိ ဒွါရဝါဒီဂိုဏ်းဝင်ကျောင်းတစ်ကျောင်းတွင် ကျောင်းနေ ရဟန်းတစ်ပါးကို အကြောင်းပြု၍ အာပတ္တာဓိကရဏ်း မှုခင်းတစ်ရပ် ဖြစ်ပေါ်ခဲ့ သည်။ ယင်း အာပတ္တာဓိကရဏ်း မှုခင်းကို အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ကိုယ် တော်တိုင် ကြွရောက်၍ ဝိနိစ္ဆယအဆုံးအဖြတ် ပြုတော်မူခဲ့သည်။ သို့ရာတွင် ယင်း ဝိ.ျစ္ဆယအဆုံးအဖြတ်နှင့် စပ်လျဉ်း၍ မကျေနပ်မှုများ ဖြစ်ပေါ်လာသဖြင့် အနောက်ချောင်းဒွါရဂိုဏ်းသံဃာ မညီမညွတ်ဖြစ်ကာ ကွဲပြားသွားတော့သည်။

အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ အာဒိကမ္မိကဆရာတော်ကြီး ၆ ပါးနှင့် အနောက်ချောင်းဒွါရဂိုဏ်းဝင် သံဃာအချို့က တစ်ပက္ခ(တစ်ဘက်)၊ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးနှင့် အနောက်ချောင်း ဒွါရဝါဒီဂိုဏ်းသံဃာအချို့က တစ်ပက္ခ(တစ်ဘက်) ဤသို့အားဖြင့် အနောက်ချောင်းဒွါရဂိုဏ်း ၂ ဂိုဏ်း ကွဲသွား တော့သည်။

မူလဆရာတော်ကြီး ၆ ပါးသည် အုဂ်ဖိုရ်ဆရာတော်ကြီးအား ဆန့်ကျင်တော် မူခဲ့ကြသော်လည်း၊ အုဂ်ရ်ဖိုဆရာတော်ကြီး၏ ဒွါရအယူအဆကိုမူ စွန့်လွှတ်တော် မူခြင်းမရှိဘဲ၊ အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်းအဖြစ် ရပ်တည်သည်။ ကျန်သော ဆန့်ကျင်ဘက် အနောက်ချောင်းဒွါရဂိုဏ်းဝင် သံဃာများနှင့် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ ပေါင်းသင်းဆက်ဆံမှု မပြုဘဲ တသီးတခြားနေ၍ ဒွါရသာသနာကို ဆောင်ရွက်တော်မူခဲ့ကြသည်။

အုဂ်ဖိုရ်ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် မဟာဒွါရ, မူလဒွါရဟူ၍ ဒွါရဂိုဏ်း ၂ ဂိုဏ်းကွဲခဲ့သော်လည်း၊ အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်းမှာ တသီး တခြားပင်ရပ်တည်လျက် ဆရာစဉ်တပည့်ဆက်၍ ဒွါရသာသနာကို ဆက်လက် ဆောင်ရွက်တော်မူခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် အကြိုကာလက ဆရာတော်ကြီး ၆ ပါး ဦးဆောင်တော် မူခဲ့သော အနောက်ချောင်းဒွါရဂိုဏ်း ၆ ပါးဂိုဏ်းအတွင်း၌ စာပေကျမ်းပေါက် အာဇာနည်မြောက်သော စာပေတတ် ဆရာတော်များ ပေါ်ပေါက်ခဲ့သည်။ စာတတ် အကျော် ဆရာတော်များမှာ–

၁ – ကျုံကျော်မြို့ ဝေဠုဝန်တိုက်ဆရာတော် ဦးပညာဗလ၊

၂ – ငါးသိုင်းချောင်းမြို့ ဘုရားကြီးတိုက်ဆရာတော် ဦးနာဂဝံသ၊

၃ – ဘထုံ ပုသိမ်မြို့ သန္တာရုံတိုက်ဆရာတော် ဦးဣန္ဒြိယ၊

၄ – စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယချောင် ဆရာတော် နိုင်ငံကျော် ဓမ္မကထိက ဦးပညာဝန္တ၊

၅ – မြောင်မြို့ ဇေယျမေဒိနီတိုက်ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ) ဦးပဏ္ဍိတ စသော ဆရာတော်များ ဖြစ်သည်။

ဤသို့ အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်းအတွင်း၌ စာတတ်အကျော် ဆရာတော်များ ထွန်းပေါက်တော်မူကြသဖြင့် အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်းတွင် စာသင်တိုက်ကျောင်းပေါင်း ၆၀ ကျော်နှင့် သံဃာတော်ပေါင်း ၈၀၀ ကျော်အထိ တိုးတက်စည်ပင် ပြန့်ပွားလာခဲ့သည်။ ဤစာတတ်အကျော်အမော် ဆရာတော်များ ထွန်းပေါ်လာသောအချိန်တွင် အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်းကို စတင်ဦးစီး တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီး ၆ ပါးမှာ ဘဝနတ်ထံပျံလွန်တော်မူ ကြပြီးဖြစ်သည်။ ထို့ကြောင့် ထိုဆရာတော်များက 'အနောက်ချောင်းဒွါရ ၆ ပါး ဂိုဏ်း' အမည်ကို ပယ်ဖျောက်၍ 'အနောက်ချောင်း ဒွါရဂိုဏ်း'အဖြစ် ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြရာ ယနေ့တိုင်ပင် ဖြစ်သည်။

အနောက်ချောင်းဒွါရဂိုဏ်းသည် ဒုတိယကမ္ဘာစစ် အကြိုကာလ၌ တိုးတက် စည်ပင်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကာလအတွင်း၌ စစ်ဘေးစစ်ဒဏ်ကြောင့် ဂိုဏ်းဝင်ကျောင်းရော ဂိုဏ်းဝင်သံဃာများပါ ဆုတ်ယုတ်လာသည်။ စစ်ဘေး

အေးငြိမ်းပြီးနောက် ရောဝတီတိုင်း ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ဘုရားကြီးတိုက်ဆရာတော် ဦးခေမ္မဝံသက အနောက်ချောင်းဒွါရဂိုဏ်း ဦးစီးနာယကအဖြစ် ဆောင်ရွက်ကာ ဂိုဏ်းဝင်ကျောင်းများ, ဂိုဏ်းဝင်သံဃာများကို ပြန်လည်စုစည်းတော်မူခဲ့သဖြင့် အနောက်ချောင်းဒွါရဂိုဏ်းဟူ၍ ထင်ရှား တည်ရှိလာခဲ့ရခြင်းဖြစ်သည်။ ဆဋ္ဌသံဂါယနာတင်စဉ်ကလည်း အနောက်ချောင်းဒွါရဂိုဏ်းအဖြစ်ဖြင့် တက်ရောက်ခွင့်ရရှိခဲ့သည်။

၁၉၆၅ ခုနှစ် မှော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌လည်း အနောက်ချောင်းဒွါရဂိုဏ်းအနေဖြင့် အစည်းအဝေးသို့ တက်ရောက်ခွင့် ရရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးအတွက် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဂိုဏ်းကြီး ၉ ဂိုဏ်းကို သတ်မှတ်အတည်ပြုရာတွင်လည်း အနောက်ချောင်းဒွါရဂိုဏ်းအဖြစ် ရပ်တည်ခွင့်ရရှိခဲ့ပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ကျင်းပပြုလုပ်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ခွင့် ရရှိခဲ့သည်။

❏

မဟာဒွါရ, မူလဒွါရဂိုဏ်းကွဲ ဖြစ်ပေါ်ခြင်း

အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ဦးဥက္ကံဝံသမာလာသည် ဒွါရဝါဒ အယူအဆများကို အနယ်နယ်အရပ်ရပ်သို့ ကြွ၍ ပြန့်ပွားအောင် ဟောပြောတော်မူခဲ့ရာ ဝေနမြစ် အနောက်ချောင်းဘက်တွင် 'အနောက်ချောင်း ဒွါရဂိုဏ်း'ဟူ၍ သီးခြားဒွါရဂိုဏ်းတစ်ဂိုဏ်း ဖြစ်ပေါ်လာသည်အထိပင် ဖြစ်သည်။

ဆရာတော်ကြီးသည် ၁၂၁၄ ခုနှစ်မှစ၍ ၅၃ နှစ်တိုင်တိုင် ဒွါရဂိုဏ်းသာသနာကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူပြီးနောက်၊ ၁၂၆၇ ခုနှစ် တပေါင်းလဆုတ် ၂ ရက်နေ့ သက်တော် ၈၈, သိက္ခာတော် ၆၈ တွင် အုဂ်ဖိုရ်(အင်္ဂပူ)၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်းမှအပ ကျန်သော ဒွါရဂိုဏ်းဝင် သံဃာတော်များသည် ၁၂၆၇ ခုနှစ်မှ ၁၂၈၀ ပြည့်နှစ်အထိ ၁၃ နှစ်တိုင်တိုင် အကွဲအပြားမရှိ၊ ဦးစီးနာယက တင်မြှောက်မှုမရှိဘဲ မိမိတို့ နှီးနွယ်ရာ ဂိုဏ်းဝင်များ, သံဃာများကို ဩဝါဒပေးလျက် အချင်းချင်းထိန်းသိမ်းကာ နေတော်မူခဲ့ကြသည်။

သို့ရာတွင် ဒွါရဝါဒီ ဂိုဏ်းသံဃာများအတွင်း၌ ရှေးဦးစွာ အနောက်ချောင်းဒွါရ ၆ ပါးဂိုဏ်း ခွဲထွက်တော်မူပြီးနောက် 'ရေဒွါရ, ကုန်းဒွါရ'ဟူ၍ ခွဲခြားပြောကြားမှု ဖြစ်ပေါ်ခဲ့ဖူးသည်။

ဟင်္သာတအနောက် ငါးသိုင်းချောင်းမြို့ ပထမရေတံခွန် ဆရာတော်ကြီး ဦးကောဏ္ဍညသည် ဟင်္သာတ၌ ရေတံခွန်တိုက်ကိုတည်၍ သီတင်းသုံးတော်မူခဲ့သည်။ ၎င်းဆရာတော်ကြီးသည် ငါးသိုင်းချောင်းသို့ပြောင်း၍ တိုက်တည်ပြန်သောအခါလည်း ရေတံခွန်တိုက်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုဆရာတော်ကြီးနှင့် တပည့်သံဃာများ သီတင်းသုံးဖော် သံဃာတော်များကို ရေတံခွန်တိုက်ကို အစွဲပြု၍

ရေဒွါရ။ ဟင်္သာတအုဂ်ဖိုရ်နေ ဒွါရဝါဒီ သံဃာတော်များကို ကုန်းဒွါရဟု ခေါ်ခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ယင်းအမည် အခေါ်အဝေါ်များ မပြန့်ပွားခဲ့ပါ။ ယနေ့ လူတို့ သိနေကြသည်မှာ အနောက်ချောင်းဒွါရ, မဟာဒွါရ, မူလဒွါရ ဟူ၍သာ သိရှိနေကြသည်။ ယနေ့ဂိုဏ်းကြီး ၉ ဂိုဏ်းကို သတ်မှတ်အတည်ပြုရာ၌လည်း ဒွါရနှင့် ပတ်သက်၍ ဖော်ပြပါ ဒွါရ ၃ မျိုးကိုသာ သတ်မှတ်အတည်ပြုထားသည်။

ဒွါရဂိုဏ်းကြီး တည်ထောင်တော်မူခဲ့သော အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် ၁၃ နှစ်မြောက် ၁၂၈၀ ပြည့်နှစ်တွင် ဟင်္သာတကို ဗဟိုပြု၍ ဝန်းကျင်ဆက်စပ်ရာ ဒွါရဂိုဏ်းဝင်သံဃာတော်များက စည်းဝေးတော်မူကြပြီး ဟင်္သာတမြို့ ရန်ကုန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သီရိမာလာဘိဓေကို ဒုတိယမြောက် ဒွါရဂိုဏ်းသာသနာပိုင် မဟာနာယအဖြစ် တင်မြှောက်တော်မူခဲ့ကြသည်။ ဒွါရဂိုဏ်းကြီးကိုလည်း 'ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်း'ဟု အမည်ပြောင်း၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။

'ဓမ္မာနုဓမ္မ' ဟူသည် 'မူလဟောတရား, နောက်ဟောတရား' ဟု အဓိပ္ပာယ်ရသည်။ 'မဟာ'ဟူသည် 'ကြီးကျယ်များပြားသော'ဟု အဓိပ္ပာယ်ရသည်။ 'ဒွါရနိကာယ'ဟူသည် 'ဒွါရဂိုဏ်းဝင် အပေါင်းအစု'ဟု အဓိပ္ပာယ်ရသည်။

ဟင်္သာတနှင့် ဟင်္သာတဝန်းကျင်ရှိ ဒွါရဂိုဏ်းဝင် သံဃာတော်များက စည်းဝေး၍ ဒုတိယမြောက် ဒွါရဂိုဏ်း သာသနာပိုင်ကို တင်မြှောက်ပြီး ဓမ္မနုဓမ္မ မဟာဒွါရ နိကာယဂိုဏ်းအဖြစ် ပြောင်းလဲတည်ထောင်လိုက်သောအခါ ပင်ကိုကပင် ဟင်္သာတဆရာတော်များနှင့် ပုဂ္ဂိုလ်ရေးအရ မသင့်မတင့်ဖြစ်ခဲ့သော အုဂ်ဖိုရ်(အင်္ဂပူ)နေ အင်္ဂပူဆရာတော်ကြီးနှင့် တပည့်သံဃာတော်များကလည်း သံဃာ့သဘင်အစည်းအဝေးကြီး ဖိတ်ခေါ်ကျင်းပမှုမပြုဘဲ မိမိတို့ အင်္ဂပူ(အုဂ်ဖိုရ်)နေ ဒွါရဂိုဏ်းဝင် အစုအဖွဲ့ကို ဓမ္မဝိနယာနုလောမမူလဒွါရ နိကာယဂိုဏ်းဟု အမည်သတ်မှတ်ကာ မဟာဒွါရဂိုဏ်းနှင့် အပြိုင်ခွဲထွက်၍ ရပ်တည်ခဲ့သည်။ 'ဓမ္မဝိနယာနုလောမ'ဟူသည် 'ဓမ္မဝိနယနှင့်လျော်ညီသော'ဟု အဓိပ္ပာယ်ရသည်။ 'မူလဒွါရနိကာယ' ဟူသည် ပင်ကို 'မူလဒွါရဂိုဏ်းအပေါင်းအစု'ဟု အဓိပ္ပာယ်ရသည်။

ဤသို့အားဖြင့် ဒွါရဂိုဏ်း ၂ ဂိုဏ်း ကွဲပြားခဲ့ပြီး အုဂ်ဖိုရ်ဆရာတော်ကြီး သက်ရှိထင်ရှား ရှိစဉ်ကပင် ကွဲပြားတည်ရှိခဲ့သော အနောက်ချောင်းဒွါဒဂိုဏ်းနှင့်

ပေါင်းလျှင် အုဂ်ဖိုရ်ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ဒွါရဂိုဏ်းကြီးသည် ဂိုဏ်း ၃ ဂိုဏ်းအဖြစ် တည်ရှိသွားတော့သည်။

ဤသို့ ဒွါရဂိုဏ်း ၂ ဂိုဏ်းအဖြစ် ကွဲပြားသွားပြီးနောက် မဟာဒွါရဂိုဏ်းကရော မူလဒွါရဂိုဏ်းကပါ ဂဏာဓိပတိဂိုဏ်းချုပ် ဆရာတော်များကို တင်မြှောက်လျက် မိမိတို့ဂိုဏ်းကို အစဉ်အဆက် ထိန်းသိမ်းတော်မူခဲ့ကြရာတွင် မဟာဒွါရဂိုဏ်း၏ ဂဏာဓိပတိဂိုဏ်းချုပ် ဆရာတော်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ပထမ – အုဂ်ဖိုရ်ဆရာတော်ကြီး အရှင်ဥက္ကံဝံသမာလာ
(၁၂၁၇ ခုနှစ်မှ ၁၂၆၇ ခုနှစ်အထိ)

ဒုတိယ – ဟင်္သာတမြို့၊ ရန်ကုန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မာလာ
(၁၂၈၀ ခုနှစ်မှ ၁၂၈၃ ခုနှစ်အထိ)

တတိယ– ဇလွန်မြို့ မဟာနာဂဝံသတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ စန္ဒာဇောတိ
(၁၂၈၄ ခုနှစ်မှ ၁၂၉၇ ခုနှစ်အထိ)

စတုတ္ထ – ဟင်္သာတမြို့ လယ်တီကျောင်းတိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)
(၁၂၉၈ ခုနှစ်မှ ၁၂၀၂ အထိ)

ပဉ္စမ – ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ စာရိန္ဒာသဘ (အဘိဓဇမဟာရဋ္ဌဂုရု)
(၁၃၀၄ ခုနှစ်မှ ၁၃၁၈ အထိ)

ဆဋ္ဌ – ဟင်္သာတမြို့ ရေတံခွန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကေလာဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
(၁၃၁၈ ခုနှစ်မှ ၁၃၂၄ ခုနှစ်အထိ)

သတ္တမ – ဟင်္သာတမြို့ ရေတံခွန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ စန္ဒသိရီ
(၁၃၂၄ ခုနှစ်မှ ၁၃၄၄ ခုနှစ်အထိ)

ဤဆရာတော်ကြီးလက်ထက်တွင် ဟင်္သာတမြို့ ပြာသာဒ်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥေယျအား မဟာဒွါရဂိုဏ်းကြီး၏ ဂဏသြဝါဒါစရိယအဖြစ် တင်မြှောက်တော်မူကြသည့်အပြင်၊ ဂဏရက္ခိတ ဆရာတော်များအဖြစ် ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တသောန(အဂ္ဂမဟာပဏ္ဍိတ)၊ ကျိုက်လတ်မြို့ ဒက္ခိဏာရုံကျောင်းတိုက် ဘဒ္ဒန္တပုညာနန္ဒတို့ ၂ ပါးကို တင်မြှောက်တော်မူခဲ့ကြသည်။ ဗဟိုအမှုဆောင်အဖွဲ့ဝင် အနုရက္ခိတဆရာတော် ၉ ပါးကိုလည်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းတော်မူခဲ့ကြသည်။

သတ္တမဂိုဏ်းချုပ်ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူသောအခါ ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တသောဘန(အဂ္ဂမဟာပဏ္ဍိတ)က အဋ္ဌမဂိုဏ်းချုပ်အဖြစ် ၁၃၃၄ ခုနှစ်မှ ၁၃၃၉ ခုနှစ်အထိလည်းကောင်း။

ရန်ကုန်စမ်းချောင်း လင်းလွန်းပင်ကျောင်းတိုက်ဆရာတော် ဘန္တဝါသုဒေဝက နဝမဂိုဏ်းချုပ်အဖြစ်။

၎င်းနောက် ဟင်္သာတလယ်တီ ကျောင်းတိုက်ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တခေမာစာရ ဒသမဂိုဏ်းချုပ်အဖြစ် ယနေ့တိုင် တာဝန်ထမ်းဆောင်တော်မူလျက်ရှိကြောင်း သိရှိရသည်။

မူလဒွါရဂိုဏ်း၏ ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်များမှာလည်း အောက်ပါအတိုင်း ဖြစ်သည်။

ပထမ – အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး
ဒုတိယ – လက်ပံတန်းမြို့ မဟာဗောဓိဝန်ကျောင်း ဆရာတော်ဘုရားကြီး
တတိယ – ပုသိမ်မြို့ မိဂဒါဝုန်ကျောင်း ဆရာတော်ဘုရားကြီး
စတုတ္ထ – ထိန်တောမြို့ ရွာမကျောင်း ဆရာတော်ဘုရားကြီး
ပဥ္စမ – အင်္ဂပူ(အုဂ်ဖိုမြို့) အင်္ဂပူကျောင်း ဆရာတော်ဘုရားကြီး
ဆဋ္ဌမ – ပန်းတောင်းမြို့ ပန်းတောင်းဆရာတော်ဘုရားကြီးနှင့် ဆရာတော်ကြီး ၄ ပါးတို့ ပူးတွဲအုပ်ချုပ်သည်။
သတ္တမ – ပြည်မြို့ ကန်တွင်းကျောင်းဆရာတော်ဘုရားနှင့် ဆရာတော်ကြီး ၉ ပါးတို့ ပူးတွဲအုပ်ချုပ်သည်။
အဋ္ဌမ – ဟင်္သာတမြို့ ချမ်းသာကြီး ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ကြီး ၁၅ ပါးတို့က ပူးတွဲအုပ်ချုပ်သည်။

မူလဒွါရဂိုဏ်း၏ ထူးခြားချက်မှာ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ သသက်ကပ္ပဋ္ဌစာတမ်းအရ ဝါဆိုဝါကပ် ဥပုသ်ပဝါရဏာ ပြုကြခြင်းပင်ဖြစ်သည်။ မူလဒွါရဂိုဏ်းဝင် သံဃာတော်များသည် ယင်းစာတမ်းအရ လဆန်း ၁ ရက်၊ လဆုတ် ၁ ရက်တို့၌ ဝါဆို၊ ဝါကပ် ဥပုသ် ပဝါရဏာ ပြုတော်မူကြသည်။ ပြက္ခဒိန်၌ သတ်မှတ်ထားသောရက်များသည် မှားယွင်းသည်ဟုဆိုကာ အခြားဂိုဏ်းဂဏများနှင့် မတူဘဲ သီးခြားလိုက်နာ ကျင့်သုံးတော်မူကြခြင်း ဖြစ်သည်။

❑

ဝေဠုဝန်နိကာယဂိုဏ်း

သာသနာတော်တွင် ပရိယတ္တိဝိသာရဒ ပါဏိကတ သံဝရ၊ သီလဝန္တဟု နေအသွင်လမခြား ထင်ရှားပေါ်လွင်တော်မူခဲ့ကြသော သီးလုံးဆရာတော်ဘုရားကြီး၊ ရွှေကျင်ဆရာတော်ဘုရားကြီး၊ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၊ သင်္ဂဇာဆရာတော်ဘုရားကြီးတို့၏တပည့် မြန်အောင်မြို့ ၄ ၉ လုံးဆရာတော် ဘဒ္ဒန္တနန္ဒိယ မဟာထေရ်သည် ၁၂၂၅ ခုနှစ်တွင် ဟင်္သာတခရိုင် မြန်အောင်မြို့ကို ဂေါစရဂါမ်ပြု၍ အရည်ကင်လက္ခဏာနှင့် ပြည့်စုံသော ၄ ၉ လုံးတောရကျောင်းတိုက်ကြီးကို တည်ထောင်မူပြီး၊ ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေးအတွက် စာပေပို့ချတော်မူခဲ့ရာ တပည့်အများ ထွန်းကားခဲ့သည်။ ထိုတပည့်အများတွင် ဝေဠုဝန်နိကာယဂိုဏ်းကို စတင် တည်ထောင်တော်မူခဲ့သော အရှင်ပဏ္ဍာဝံသကလည်း တစ်ပါးအပါအဝင်ဖြစ်သည်။

အရှင်ပဏ္ဍာဝံသကို ဧရာဝတီတိုင်း မြန်အောင်မြို့နယ် တံတားကွင်းရွာနေ ခမည်းတော် ဦးရွှေကံ မယ်တော် ဒေါ်ပိုင်တို့မှ ၁၂၂၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက် ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ ၁၂ နှစ်သားအရွယ်တွင် တံတားကွင်း အရှေ့ထူရွာ ဣန္ဒသာရတောရကျောင်းကြီးဆရာတော် ဦးတေဇထံ အပ်နှံ၍ ပညာသင်ကြားခဲ့ရာ၊ သာမဏေဘဝဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း စသော အခြေခံကျမ်းတို့ကို လွယ်ကူစွာ တတ်မြောက်တော်မူခဲ့သည်။

၁၂၄၇ ခုနှစ်တွင် ကညင်ငူကျောင်း ခဏ္ဍာသိမ်၌ ထူရွာဣန္ဒသာရတောရကျောင်းဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ကညင်ငူကျောင်းဆရာတော်

ဦးသြဘာသ၏ ချီးမြှောက်ထောက်ပံ့မှုကို ခံယူလျက် မြန်အောင်မြို့ ၄ ၉ လုံးဆရာတော် ဦးနန္ဒိယထံတော်တွင် သင်ရိုးပိဋကတ်နှင့်တကွ အဋ္ဌကထာအားလုံးကို ပြီးဆုံးအောင်မြင် သင်ယူတော်မူခဲ့သည်။ ၎င်းနောက် မန္တလေးမြို့တော်သို့ ဆန်တက်ကာ ဆူးခါးဆရာတော်၊ မြို့ပြင်ကြီးဆရာတော်တို့ထံ၌ နိကာယ် ၅ ဖြာ ဓမ္မက္ခန္ဓာ အရပ်ရပ်တို့ကို နှံ့စပ်အောင် သင်ယူတော်မူခဲ့သည်။ အထူးသဖြင့် နေတ္တိနှင့် မူလဋီကာတို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်အောင် သင်ကြားတော်မူပြီးနောက် ပြည်မြို့ ပထမပွင့်လှသိမ်ကုန်းဆရာတော်ကြီး ဦးနာရဒထံတွင် အဘိဓမ္မာကျမ်းဂန်တို့ကို ထပ်မံဆည်းပူးတော်မူခဲ့ပြန်သည်။

၁၂၅၇ ခုနှစ် ရဟန်း ၁၁ ဝါအရတွင် သာယာဝတီခရိုင် သုံးဆယ်မြို့ မောင်းထောင်ထူပါရုံကျောင်းတိုက်၌ တပည့်ရဟန်းသံဃာ၊ သာမဏေများအား စာပေပို့ချ သင်ကြားပေးလျက် သီတင်းသုံးတော်မူခဲ့သည်။

သုံးဆယ်မြို့ ကုန်သည်ကြီး ဦးပြုံးသည် ဆရာတော် အရှင်ပဏ္ဍာဝံသ၏ ပရိယတ္တိလုပ်ငန်းကို ကြည်ညိုလေးစားသဖြင့် ၁၂၅၉ ခုနှစ် ရဟန်း ၁၃ ဝါအရတွင် ရန်ကုန်မြို့ ဗဟန်းရပ်ကွက် သီလရှင်ဆရာမကြီးဒေါ်နီ၏ အာရာမ်တွင် ဝါးကျောင်းများဆောက်၍ စာချဆရာတော် အရှင်ပဏ္ဍာဝံသအား လှူဒါန်းခဲ့သည်။ ဆရာတော်အရှင်ပဏ္ဍာဝံသသည် အဆိုပါဝါးကျောင်း၌ သီတင်းသုံးလျက် တပည့်သံဃာများအား စာပေပို့ချနေတော်မူစဉ် ဗင်္ဂလားတိုက်၌ မန္တလေးမြို့မှ ခေတ္တကြွရောက် သီတင်းသုံးနေသော ပိဋကတ္တယဆေက ပရမတ္ထဝိဒူဖြစ်တော်မူသော အရှင်ပဏ္ဍာဝံသ၏ ဓမ္မာစရိယစာချဆရာတော် မြို့ပြင်ကြီး ဆရာတော်ဘုရားကြီးအား ဖူးမြော်ရန် လာကြသော ဒကာ ဒကာမများက ဝါးကျောင်းကို မြင်ကြသောအခါ 'ဝေဠုဝန်ကျောင်း'ဟု ခေါ်သမုတ်ခဲ့ကြရာမှ အရှင်ပဏ္ဍာဝံသလည်း 'ဝေဠုဝန်ဆရာတော်'ဟု ထင်ရှားလာတော့သည်။

ဝေဠုဝန်ဆရာတော် အရှင်ပဏ္ဍာဝံသသည် ဗဟန်းဝါးကျောင်းများတွင် အခြေပြု၍ ပရိယတ္တိလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်တော်မူပြီးနောက်၊

၁၂၆၈ ခုနှစ်တွင် ရန်ကုန်မြို့ အင်းလျား ဝေဠုဝန်ကျောင်းတိုက်၊

၁၂၇၁ ခုနှစ်တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၊

၁၂၇၆ ခုနှစ်တွင် မြန်အောင် ဝေဠုဝန်ကျောင်းတိုက်၊

၁၂၇၈ ခုနှစ်တွင် ကြည့်မြင်တိုင် စမ်းချောင်း ဝေဠုဝန်ကျောင်းတိုက်တို့ကို ဆက်တိုက် တည်ထောင်မှု၍၊ ရဟန်းသာမဏေ စာသင်သား မြောက်မြားစွာတို့အား ပရိယတ် ဓမ္မက္ခန်တို့ကို ကိုယ်တိုင်ကိုယ်ကျ သင်ကြားပို့ချလျက် သာသနာပြုတော်မူခဲ့သည်။

၁၂၈၁ ခုနှစ်တွင် မြန်အောင်မြို့နယ် ဘဲကြီးကုန်း အရှေ့ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ဂိုဏ်းလုံးဆိုင်ရာ စာပြန်ပွဲကြီးသို့ နယ်အသီးသီးမှ ကြွတော်မူလာကြသော သံဃာတော် ၅၀၀ ကျော်တို့က စည်းဝေးတော်မူကြပြီး၊ ဝုပတရလဇ္ဇီ သူမွန် ပညာဝန်ဖြစ်တော်မူသော ကျိုက်ထိုမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓအား ဝေဠုဝန်ဂိုဏ်း၏ ဦးစီးဥက္ကဋ္ဌ ပဓာနနာယကာဓိပတိအဖြစ် တင်မြှောက်တော်မူကြသည်။ ဝေဠုဝန်နိကာယဂိုဏ်းလည်း ဤအချိန်မှ စတင်၍ ထင်ရှားလာတော့သည်။

ပထမဂိုဏ်းချုပ် ဆရာတော် ပျံလွန်တော်မူပြီးနောက် ၁၃၀၂ ခုနှစ်တွင် ဝေဠုဝန်ဂိုဏ်းကို သန္ဓေတည် အစပျိုးပေးတော်မူခဲ့သော ဆရာတော်ကြီး အရှင်ပဏ္ဏာဝံသအား ဒုတိယမြောက် ဝေဠုဝန်နိကာယ မဟာနာယကာဓိပတိ(ဂိုဏ်းချုပ်) အဖြစ် တင်မြှောက်တော်မူခဲ့ကြသည်။

၁၃၁၅ ခုနှစ်တွင် သထုံမြို့ စန္ဒာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏအား တတိယမြောက် ဝေဠုဝန်နိကာယ မဟာနာယကာဓိပတိ(ဂိုဏ်းချုပ်) အဖြစ် တင်မြှောက်ခဲ့ကြသည်။

ဒုတိယမဟာနာယကာဓိပတိ ဖြစ်တော်မူသော ဝေဠုဝန်ဂိုဏ်း၏ လက်သည် ဆရာတော်ကြီး အရှင်ပဏ္ဏာဝံသည် ၁၃၀၅ ခုနှစ် ဝါခေါင်လဆုတ် ၅ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ထိုအချိန်ကပင် စန္ဒာရုံဆရာတော်အား တတိယ မဟာနာယကာဓိပတိအဖြစ် တင်မြှောက်ရန်ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်အတွင်း ကျရောက်နေသဖြင့် မတင်မြှောက်နိုင်ဘဲ ရှိခဲ့သည်။ စစ်အေးပြီးနောက် စန္ဒာရုံ ဆရာတော်ကြီးအား တတိယမြောက် မဟာနာယကာဓိပတိအဖြစ် တင်မြှောက်ချိန်တွင် ဆရာတော်ကြီးမှာ သက်တော် ၈၉, သိက္ခာတော် ၇၀ ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကြီး အကူအညီရရှိရန်–

မြန်အောင်မြို့ ဝေဠုဝန်ဆရာတော် သက်တော် ၈၃, သိက္ခာ ၆၄၊

ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော် သက်တော် ၇၈, သိက္ခာ ၅၈၊

ကျုံပျော်ဝေဠုဝန်ဆရာတော် သက်တော် ၇၃, သိက္ခာ ၅၃၊

ပြည် ပွင့်လှသိမ်ကုန်းဆရာတော် သက်တော် ၇၂, သိက္ခာ ၅၂ တို့အား ဂိုဏ်းလုံးဆိုင်ရာ ဂဏာရက္ခိတ မဟာနာယကဆရာတော်များအဖြစ် တင်မြှောက်ခဲ့ကြသည်။ ထိုတင်မြှောက်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်အကြီးအကဲများ တက်ရောက်ကြသည်။

တတိယမဟာနာယက ဂဏာဓိပတိ ဆရာတော် ပျံလွန်တော်မူပြီးနောက် ၁၃၂၅ ခုနှစ်တွင် ပုသိမ်မြို့ ဝေဠုဝန်ဆရာတော် ဘဒ္ဒန္တသာဂရအား စတုတ္ထမြောက် မဟာနာယက နိကာယာဓိပတိအဖြစ်။

၁၃၃၁ ခုနှစ်တွင် ပြည်မြို့ ပွင့်လှသိမ်ကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိက္ခအား ပဉ္စမမြောက် မဟာနာယက နိကာယာဓိပတိ အဖြစ်။

၁၃၄၂ ခုနှစ်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မရမ်းရွာ စမ်းချောင်း ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝိမလာစာရအား ဆဋ္ဌမမြောက် မဟာနာယကနိကာယာဓိပတိအဖြစ် တင်မြှောက်တော်မူခဲ့ကြသည်။

အထူးမှာ ဝေဠုဝန်ဂိုဏ်းသည် ဒွါရဂိုဏ်းမှ ခွဲထွက်လာသော ဂိုဏ်းဖြစ်ကြောင်း ထင်မြင်ပြောဆိုနေကြခြင်း ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မဟာဒွါရဂိုဏ်း၏ အနုနာယကဖြစ်သော ကြည့်မြင်တိုင် ဗားကရာတိုက် မင်္ဂလာဇေယျကျောင်း ဆရာတော် ဦးဝိဇ္ဇောဒယာဘိဝံသ (ပထမကျော် ဓမ္မာစရိယ)က ပြန်လည်ဖြေရှင်းထားသည်ကို တွေ့ရှိရသည်။

'ဝေဠုဝန်ဂိုဏ်းနှင့် ဒွါရဂိုဏ်းများသည် မည်သည့်အခါမျှ ဂိုဏ်းချင်း မပေါင်းခဲ့ဖူးပါ။ ဝေဠုဝန်ဂိုဏ်း တည်ထောင်သော ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဏာဝံသ၏ ဆရာသည် ဦးသြဘာသ ဖြစ်ပါသည်။ ထိုဦးသြဘာသ၏ဆရာ ၇ ၉ လုံး ဆရာတော်ဘုရားကြီး ဦးနန္ဒိယသည်သာ အုဂ်ဖိုရ်ဆရာတော်ကြီးအထံ၌ တပည့်အဖြစ် ခံယူခဲ့ဖူးသည်။ ထို ၇ ၉ လုံးဆရာတော်၏ သိဿာနုသိဿဖြစ်သော ဦးပဏ္ဏာဝံသ ဆရာတော်ကြီးလက်ထက်ကျမှ ဝေဠုဝန်ဂိုဏ်း ပေါ်ပေါက်လာပါသည်။

မပေါင်းခဲ့ပါ။ ထိုဆရာတော်များ၏ အချို့သော တပည့်များကသာ ဒွါရဂိုဏ်းတွင်းသို့ ပုဂ္ဂိုလ်အနေဖြင့် ဝင်၍ ဂိုဏ်းစည်းမျဉ်းကိုလိုက်နာကာ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ နောင်တစ်ချိန်၌ ၎င်းတို့သည် ဒွါရဂိုဏ်းမှ ထွက်၍ ဝေဠုဝန်ဂိုဏ်းထဲသို့ပင် ပြန်ဝင်ကြပါသည်။ ဤသို့ဖြစ်သည်ကို ဝေဠုဝန်ဂိုဏ်းနှင့် ကွဲသည်ဟု ပြောကြခြင်းဖြစ်ပါသည်။ မဟုတ်ပါ။ ဂိုဏ်းချင်းပေါင်းခဲ့သောအချိန် မရှိသဖြင့် ဂိုဏ်းချင်းကွဲခဲ့သော အချိန်လည်း မရှိခဲ့ပါ။ ၎င်းသံဃာစုများသည် မိမိတို့၏ဂိုဏ်းကို 'ဝေဠုဝန်ဒွါရဂိုဏ်း' ဟုအမည်မတပ်ကြပါ။ 'ဝေဠုဝန်နိကာယ'ဟူ၍သာ အမည်တပ်ကြပါသည်။ ထို့ကြောင့် ဝေဠုဝန်ဒွါရဂိုဏ်း မဟုတ်ပါ။

ဤကား ဆရာတော် ဦးဝိစိတ္တာဒယာဘိဝံသ၏ ဖြေရှင်းချက် ဖြစ်ပါသည်။

❑

စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း

မြန်မာ့စာဆိုလောကတွင် ထင်ရှားသော မြဝတီဝန်ကြီး ဦးစ၏ သား ၂ ယောက်ရှိရာ၊ တစ်ယောက်သောသားမှာ ဘကြီးတော်မင်းလက်ထက်၌ မင်္ဂလာဥယျာဉ်တော်ကို အုပ်ချုပ်ရသော 'မောင်မောင်လေး'ဖြစ်သည်။

တစ်ဖန် ဘကြီးတော်မင်းလက်ထက်၌ ကျောက်တစ်လုံးကင်းနှင့် မင်းကွန်းကင်း ၂ ရပ်ကို စီမံအုပ်ချုပ်ရသော ကင်းဝန်မင်းဦးကြွယ်ဝတွင် သမီးတစ်ယောက်၊ သားတစ်ယောက်ရှိရာ၊ သမီးမှာ 'မခင်ငြိမ်း'အမည်ရှိသည်။

ယင်း ဦးမောင်မောင်လေးနှင့် ဒေါ်ခင်ငြိမ်းတို့ ဇနီးမောင်နှံ ဖြစ်လာကြပြီးနောက် သားကြီး မောင်မြကြီး၊ သမီး ခင်နှင်းဦး၊ သားငယ် မောင်မြသီးတို့ ထွန်းကားလာသည်။

သားငယ် မောင်မြသီးကို ၁၁၉၃ ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် ကြာသပတေးနေ့ ၃ ချက်တီး ၁၁ ဖဝါး အချိန်တွင် ရွှေဘို၌ မွေးဖွားသည်။ မောင်မြသီးကို မွေးဖွားချိန်တွင် မိခင်ဒေါ်ခင်ငြိမ်းမှာ အသက် ၄၂ နှစ်ရှိပြီးဖြစ်သည်။

မောင်မြသီး ထူးခြားချက်မှာ ၆ လသားအရွယ်ရှိသော်လည်း ငိုခြင်း၊ ရယ်ခြင်း၊ အလျဉ်းမရှိခြင်းပင်ဖြစ်သည်။ ၇ လအရွယ်တွင် မိခင်နှင့် သီလရှင် ဒေါ်ဖွားထိတို့က မဟာနန္ဒာကန်သို့ စီးဆင်းနေသော မူးချောင်းရေကို ချိုးပေးနေကြစဉ် လက်လွတ်ထွက်သွားသော မောင်မြသီးမှာ လှေငယ်သဏ္ဌာန် ပက်လက်လှန် မျောပါသွားသဖြင့် မိခင်နှင့် သီလရှင်တို့က အလန့်တကြား အပြေးအလွှား ဆယ်ယူခဲ့ကြရသည်။ မောင်မြသီးသည် ခုံကတော်ဖြစ်ခဲ့ဖူးသော သီလရှင်ဒေါ်ဖွားထိလက်၌ ကြီးပြင်းလာရသူဖြစ်သည်။

မောင်မြသီး ၆ နှစ်သားအရွယ်တွင် ပိဋကတ်နှင့်တကွ နက္ခတ်ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စသည်တို့ကို တတ်ကျွမ်းသော စရစ်ကျောင်းဆရာတော်

အရှင်ကောဏ္ဍညာဘိဓေဇ အပ်နှံခဲ့ကြသည်။ ဆရာတော်သည် မောင်မြသီးကို မအပ်နှံမီကပင် 'အမွေးအတောင်လုပသော ကျေးသားတစ်ကောင် မိမိထံလာရောက်ပြီး ထူးဆန်းသောစကားကို သင်ယူသည်'ဟု အိပ်မက်မက်ခဲ့ရာ မောင်မြသီး ဖြစ်မည်ဟု ယုံကြည်တော်မူသည်။

တစ်ညတွင် မောင်မြသီးသည် အခြားကျောင်းသား ကိုရင်များနှင့်အတူ စာဖတ်စာအံရင်း အိပ်ပျော်သွားသည်။ ဆရာတော်လည်း စာကြည့်ရင်း အိပ်ပျော်သွားရာ 'ပိဋကတ်ဓမ္မက္ခန္ဓာများ မိုးရေစွတ်နေသည်'ဟု မြင်မက်သဖြင့် လန့်နိုးပြီး၊ ပိဋကတ်ပေစာ, ပုရပိုက်များထားရှာ အဆောင်သို့ကြွ၍ကြည့်ရာ မိုးယိုခြင်း မရှိ။ ပိဋကတ်များလည်း မိုးစွက်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဆရာတော်သည် မိမိ အဆောင်ခန်းသို့ ပြန်ကြွရာ စနုဆောင်နှင့် ဇေတဝန်ဆောင် ၂ ခု ကြားအရောက် တွင် မောင်မြသီး အိပ်ပျော်နေသည်ကို တွေ့ရှိရသည်။ မိုးယိုနေပြီး မောင်မြသီး ကိုယ်တစ်ခြမ်း စွတ်စိုနေသည်ကို တွေ့ရှိရသည်။ မောင်မြသီးကို အိပ်မက်ခြင်း ဖြစ်သည်ဟု ဆရာတော် ယုံကြည်တော်မူသည်။

မောင်မြသီး အသက် ၁၃ နှစ်အရွယ်တွင် စရစ်ကျောင်းဆရာတော် အရှင် ကောဏ္ဍညာဘိဓေကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်ပဏ္ဍဝ ဘွဲ့အမည်ရသည်။

၁၂၁၄ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်တွင် စရစ်ကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ မိဘ ၂ ပါး၏ ပစ္စယာနုဂ္ဂဟ ကိုပင် ခံယူတော်မူသည်။

ပုဂံမင်းကိုနန်းချ၍ ရွှေဘိုဌ မင်းတုန်းမင်း နန်းစံနေစဉ် အရှင်ပဏ္ဍဝ ၁ ဝါအရ ၁၂၁၅ ခုနှစ်တွင် မင်း ၈ ဆက်တိုင်တိုင် အမှုတော်ထမ်းခဲ့သော အဘိုး ဖြစ်သူ အသက် ၈၇ နှစ်ရှိ မြဝတီမင်းကြီးဦးစ ကွယ်လွန်သည်။

မင်းတုန်းမင်းသည် ရွှေဘိုမှ အမရပူရသို့၊ အမရပူရမှ ရတနာပုံမန္တလေးသို့ ပြောင်းရွှေ့နန်းစံပြီးနောက် သင်္ဂဇာကျောင်းတိုက်ကို ဆောက်လုပ်ကာ ဆရာတော် ဦးအဂ္ဂဓမ္မအား ဘွဲ့တံဆိပ်ဆက်ကပ်၍ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။

မန္တလေးအနောက်ပြင် ဒေးဝန်းအနောက်ပိုင်း၌ ပုဂံခေတ် မင်းယဉ်စောဆရာ သံဃရာဇာထေရ် စတင်နေသည်ကို အစွဲပြု၍ သင်္ဂဇာဟု ခေါ်တွင်သောချောင်း

ရှိသည်။ ထိုချောင်းထိပ်၌ တည်ရှိသော ကျောင်းဖြစ်၍ သင်္ဂဇာကျောင်းတိုက်ဟု ခေါ်တွင်ခြင်းဖြစ်သည်။

သင်္ဂဇာဆရာတော်သည် စကားအရာ၌ ဥပမာဥပမေယျ ကြွယ်ဝ၍ ထင်ရှားသည်။ တစ်နိုင်ငံလုံးဆိုင်ရာ သာသနာရေးကိစ္စများကို စီရင်ဆုံးဖြတ်သော သုဓမ္မာ ဆရာတော် ၈ ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်။

ဦးပဏ္ဍဝသည် သင်္ဂဇာဆရာတော်ထံ၌ ပညာဆက်လက် သင်ကြားနေခဲ့ရာ သိက္ခာ ၅ ဝါအရတွင် သက္ကတ ပြာကရိုက်ဘာသာ စာပေများ, ဗေဒင်နက္ခတ်, ဆေးကျမ်း, ဓာတ်ကျမ်း စသည်များ အပါအဝင် ပိဋကတ်စာပေများနှင့်ပတ်သက်၍ သင်္ဂဇာဆရာတော် အားကိုးရလောက်အောင် သင်ယူတတ်မြောက်တော်မူသဖြင့် သင်္ဂဇာတိုက်တွင် ပထမစာချအဖြစ် ချီးမြှောက်ခံရသည်။ သင်္ဂဇာဆရာတော်၏ အဖွင့်အကျယ်ကိုလည်း ပြန်လည်အသစ်ရေး၍ မင်္ဂလသုတ္တန္တ သာသနာဝိသောဓနီ အမည်ဖြင့် ဦးစွာ ကျမ်းတစ်ကျမ်း ပြုစုတော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီးတွင် နန်းရ မိဖုရာကြီး ၄ ပါး, အဆောင်ရမိဖုရားကြီး ၄ ပါးအပြင်၊ ထင်ရှားသော မြို့စားရွာစား မိဖုရား ၄၅, မထင်ရှားသော ကိုယ်လုပ် မိဖုရားငယ် ၅၉။ စုစုပေါင်း မိဖုရား ၁၀၄ ပါးမျှရှိပြီး၊ သားတော် ၉၆, သမီးတော် ၅၈ ရှိကြောင်း နန်းတွင်းမှတ်တမ်းများ၌ ဖော်ပြထားသည်။ သားတော်များတွင် ငယ်ရွယ်စဉ်လွန် ၂၀, ကျန် ၅၈။ သမီးတော်များတွင် ငယ်ရွယ်စဉ် လွန်ကုန်သဖြင့်၊ ၃၀ ကျန်ရှိကြောင်း သိရှိရသည်။

ယင်း ၎သားတော် သမီးတော်များအနက် ပထမရွှေရေးဆောင် မိဖုရားမှ ဖွားမြင်သော မြင်ကွန်းမြို့စားနှင့် မြင်းခုံတိုင်မြို့စား မင်းသားညီနောင် ၂ ပါး ပုန်ကန်၍ နန်းတွင်းအရေးတော်ပုံ ပေါ်ပေါက်ခဲ့ရသည်။ အိမ်ရှေ့စံကနောင်မင်းသား, မလွန်မင်းသား, ပြင်စည်မင်းသားတို့နှင့်တကွ မှူးကြီးမတ်ရာ စစ်သည်တော်အများ ကျဆုံးခဲ့ကြရသည်။

မင်းတုန်းမင်းလည်း ပူဆွေးသောကကြီးစွာ ဖြစ်ရသဖြင့် ဆရာတော်များအား အေးယပ်တောင် ဆက်ကပ်၍ အေးတရားကို အဆက်မပြတ် နာကြားခဲ့သည်။ တံဆိပ်တော်ရမရ ထင်ရှားသော ဆရာတော်များ၏ အေးတရားကို နာကြားခဲ့ ရသော်လည်း မင်းတုန်းမင်းမှာ အေးငြိမ်းမှုမရဘဲ ရှိနေခဲ့သည်။ နောက်ဆုံး၌ သင်္ဂဇာဆရာတော်အလှည့် ရောက်ရှိလာသောအခါ ဆရာတော်က ဦးပဏ္ဍဝအား

တရားဟောရန် မိန့်ကြားတော်မူသည်။ သို့ရာတွင် ဦးဝဏ္ဏဝ ဟောကြားမည့် တရားကို ဆရာတော်သိရှိသောအခါ အများနှင့်ဟပ်စပ်မှု ကင်းလွတ်မည် စိုးရိမ်သောကြောင့် ဦးပဏ္ဏဝအား တရားဟောကြားစေမှု မပြုတော့ဘဲ၊ ကိုယ်တိုင်ကြွရောက်၍ အေးတရားကို ဟောကြားမူသည်။

ဆရာတော်ကျောင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဦးပဏ္ဏဝ အထုပ်ပြင်ဆင်နေသည်ကို တွေ့ရှိရသဖြင့် မေးတော်မူရာ 'အနောက်ဘက် မင်းဝံတောင် ဆရာတော် ဦးကောဏ္ဍညထံသွားရန် ပြင်ဆင်နေပါကြောင်း' လျှောက်ထားသည်။ ဆရာတော်က 'မင်းဝံတောင် မသွားနှင့်ဦး။ နန်းတွင်းလိုက်၍ တရားဟောရမည်'ဟု မိန့်တော်မူသဖြင့် ဦးပဏ္ဏဝလည်း ဟောရန် ဝန်ခံလိုက်သည်။

ဦးပဏ္ဏဝတရားဟောရန် နန်းတွင်းသို့ ကြွသည့်နေ့တွင် သင်္ဂဇာဆရာတော်နှင့်တကွ ၄ ပြင် ၄ ရပ်မှ ဆရာတော်များနှင့် သံဃာတော်များလည်း လိုက်ပါလာတော်မူကြသည်။ ထိုအချိန်၌ ဦးပဏ္ဏဝသည် သိက္ခာ ၁၅ ဝါ ရရှိနေပြီးဖြစ်သည်။ နန်းတော်သို့ ရောက်ရှိသောအခါ စာတတ်ကျော်မော် ဆရာတော်များ, သံဃာတော်များနှင့် မင်း, မိဖုရား, မှူးကြီးမတ်ရာ စုံညီ ပရိသတ်ရှေ့မှောက်တွင် ဦးပဏ္ဏဝက အေးယပ်တော်င်ကို လက်ခံယူတော်မူပြီး၊ အတောင် ၃၀ မြင့်သော ဓမ္မာသနပလ္လင် ပေါ်တက်၍ အေးတရားကို ဟောကြားတော်မူသည်။ ဦးပဏ္ဏဝ ဟောကြားတော်မူသောအချက်မှာ

'အနုပ္ပာဒေါ နိဗ္ဗာနံ ဥပ္ပာဒေါသင်္ခတံ။ တေဘုမ္မက လောကီအာပါဒါန်တရားဟူသမျှ ဆင်းရဲတတ်၍ အပူသောက အေးငြိမ်းပေးနိုင်သော ပါရမီမဂ်လာ စတုဘုမ္မိက မဂ္ဂင်တရားကသာ အပူသောကကို အေးငြိမ်းပေးနိုင်ကြောင်း'စသော အချက်များဖြစ်သည်။

ဦးပဏ္ဏဝ၏ တရားကို နာကြားရသောအခါ မင်းနှင့်တကွ နန်းတွင်းပရိသတ်များမှာ သဘောကျကြပြီး အပူငြိမ်းအေးခဲ့သည်ဟု ဆိုသည်။ မင်း, မိဖုရားများ၏ ကြည်ညိုမှုကို ခံယူရရှိသဖြင့် နန်းတွင်းသို့ မကြာခဏကြွ၍ တရားဟောကြားတော်မူခဲ့ရသည်။ မင်းတရားကြီးကိုယ်တိုင် ပစ္စည်း ၄ ပါး ဒါယကာ ခံယူတော်မူသည်။ ပညာဒီပ ကဝိဇေ ဒီသာပါမောက္ခ တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်တော်မူသည်။ အကြီးဆုံးသမီးတော် ထိပ်စုကြီးမင်းသမီးကလည်း ပစ္စည်း ၄ ပါး ဒါယိကာမအဖြစ် ခံယူတော်မူသည်။

သင်္ဂဇာကျောင်းတိုက်တွင် ပထမစာချအဖြစ် တာဝန်ထမ်းဆောင်နေသော အရှင်ပဏ္ဏဝသည် သက်တော် ၃၆, သိက္ခာ ၁၆ ဝါအရတွင် နိက္ခမဓာတ် ရင့်သန်လာသည့်အတိုင်း စစ်ကိုင်းမင်းဝံတောင်သို့ သွားရောက်ခိုလှုံလျက် တရားဘာဝနာအားထုတ်လိုသောဆန္ဒ ပြင်းပြလာသဖြင့် သင်္ဂဇာဆရာတော်အား ခွင့်ပန်ပြီး ပရိက္ခရာ ၈ ပါး ယူဆောင်လျက် မင်းဝံတောင်သို့ ကြွတော်မူသည်။ မင်းဝံတောင်၌ သင်္ဂဇာဆရာတော်လည်း ၃ နှစ်နေ၍ တရားအားထုတ်တော်မူခဲ့ဖူးသည်။ ယခု ဆရာတော်၏တပည့် ဦးကောဏ္ဍည သီတင်းသုံးလျက်ရှိနေသည်။

မင်းဝံတောင်တွင် ဥမင်လိုဏ်များရှိသည်။ ယင်းလိုဏ်ဂူသည် ဦးပဏ္ဏဝ အတွက် ကျောင်းအမှတ်ပင် ဖြစ်တော့သည်။

မင်းဝံတောင်တွင် ရှေးအခါက ဝံသူတော်နေခဲ့သည်။ မြတ်စွာဘုရားက ယင်း ဝံသူတော်ကို သာသနာပြုမင်း ဖြစ်မည်၊ သံလျက်ခုံကျွန်းမြို့တည်၍ စည်းခုံတည်လိမ့်မည်ဟု ဗျာဒိတ်ပေးခဲ့ကြောင်း။ နောက် ဝံသူတော်မှာ အင်းဝ စည်းခုံဒါယကာဖြစ်လာကြောင်း အဆိုရှိသည်။ ယင်း ဝံသူတော်နေခဲ့သော တောင်ဖြစ်သောကြောင့် မင်းဝံတောင်ဟု ခေါ်ကြခြင်းဖြစ်သည်။

မင်းဝံတောင်၌ အရှင်ပဏ္ဏဝ တရားအားထုတ်ခြင်း မပြုမီက

'မမလေးရဲ့ ပန်စရာ၊
ရွှေမင်းဝံ့တောင်ပေါ်ရိုးက၊
ပန်းချိုးခဲ့ပါ၊
ပန်းမာလာ၊
အညာမှာ မြရည်လူးတယ်၊
ပန်ဝံပါဘူး၊
ပန်ပါတဲ့ပန်ပါ၊
ရွှေမင်းဝံတောင်ပေါ် ရိုးဆီက၊
ပန်းချိုးခဲ့ပါ၊
အပွင့်ရယ်ဝါ၊
အညာမှာမြရည်လူးတယ်၊
ပန်ဝံ့ပါဘူး' ဟူသော အတိတ်တဘောင်ပေါ်ခဲ့ရာ၊ အရှင်ပဏ္ဏဝအတွက် ဖြစ်ပေါ်လာသော အတိတ်တဘောင်ဖြစ်သည်ဟု ဆိုသည်။

အရှင်ပဏ္ဍဝသည် ပဇင်းငှက်များ တွင်းတူးထားရာ တွင်းဟောင်း၌ ဂူပြုလုပ်၍၊ ၃ နှစ်ကြာ တရားဘာဝနာ အားထုတ်၍ နေတော်မူသည်။ သတိပဋ္ဌာန်တရား အားထုတ်တော်မူခြင်း ဖြစ်သည်။ ဤသို့ အရှင်ပဏ္ဍဝသည် မင်းဝံတောင် ငှက်တွင်းဂူ၌ သီတင်းသုံး၍ သတိပဋ္ဌာန်တရား အားထုတ်ခဲ့သည်ကို အစွဲပြု၍ 'ငှက်တွင်းဆရာတော်'၊ နောက်ပိုင်း၌ 'ငှက်တွင်းဆရာတော်'ဟု ခေါ်ဆိုခဲ့ကြသည်။ 'သတိပဋ္ဌာန်အစ ငှက်တွင်းက'ဟူ၍လည်း ပြောစမှတ်ပြုခဲ့ကြသည်။

မင်းတုန်းမင်း၏မိဖုရား ကြေးမြင့် မြို့စားနှင့် သမီးတော်ထိပ်စုကြီးတို့က ကျောင်းဆောက်လှူဒါန်းခဲ့ကြသဖြင့် ငှက်တွင်းချောင်လည်း ဖြစ်ပေါ်လာသည်။ အရှင်ပဏ္ဍဝသည် ငှက်တွင်းချောင်၌ ၁၅ နှစ်ခန့် သီတင်းသုံးနေတော်မူပြီး စစ်ကိုင်းတောင်တွင် အဘယာရာမပြန့်ကြီးချောင်ကို တည်၍ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။

သီပေါမင်းပါတော်မူပြီးနောက် တိုင်းပြည်မငြိမ်မသက်ဖြစ်ချိန်တွင် ဆရာတော်ဦးပဏ္ဍဝမှာ သက်တော် ၅၄၊ သိက္ခာတော် ၃၄ ဝါရှိနေပြီဖြစ်သည်။ ထိုအချိန် ၁၂၄၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ဆရာတော်ဦးပဏ္ဍဝသည် နောက်ပါတပည့် သံဃာများ၊ လှူကပ္ပိယများနှင့်တကွ လှေကြီးဖြင့် ဧရာဝတီမြစ်စဉ်အတိုင်း အောက်ပြည်သို့ စုန်ဆင်းတော်မူခဲ့ရာ လှေတွင်း၌ ဝါကပ်တော်မူခဲ့ရသည်။ တော်သလင်း လပြည့်ကျော် ၈ ရက်နေ့တွင် ကွမ်းခြံကုန်းမြို့သို့ရောက်ခဲ့သည်။ ရေလမ်းတစ်လျှောက် ရပ်နားရာ မြို့ရွာဒေသများတွင် ဆွမ်းခံကြွတော်မူသည်။ တရားလည်း ဟောတော်မူခဲ့သည်။

'အညာသားကြီး ပက်လက်မျော၊
အောက်မှာ တရားဟော။
အောက်ပြည်ကို စုန်၊
ငြိမ်းပုံကို ပြောလိုက်ပေ့၊
သထုံ ပြန်ခါနီးမှ၊
မိသက်နှင့်မိကြီး ကျောင်းဆောက်အပြီး' ဟူသော အတိတ်တဘောင်များလည်း ကြိုတင်ပေါ်ခဲ့သည်။

ကွမ်းခြံကုန်းရောက်သောအခါ သင်္ဂဇာဆရာတော်၏ တပည့်ဖြစ်သော ဦးဥက္ကဋ္ဌ၏ လယ်ပေါ်ကျောင်းတွင် သီတင်းသုံးနေတော်မူသည်။ ဦးပဏ္ဍဝ ရောက်ရှိ

နေထိုင်လာသဖြင့် ဦးဥက္ကဋ္ဌ အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ ဆရာတော်ဦးပဏ္ဍဝသည် လယ်ပေါ်ကျောင်း၌နေလျက် စာပို့ချခြင်း၊ တရားဟောခြင်းဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။ ကွမ်းခြံကုန်း ဝန်းကျင်၌လည်း ဂုဏ်သတင်း ပျံ့နှံ့ကျော်စောလာသည်။ ထို့ကြောင့် ဆရာတော်ဦးပဏ္ဍဝရောက်ရှိပြီး ၁ နှစ် (၁၂၄၉ ခုနှစ်)တွင် လယ်ပေါ်ဂိုဏ်း ဦးစီးနာယက ဖြစ်တော်မူလာသည်။ လယ်ပေါ်ဂိုဏ်းကား ကွမ်းခြံကုန်းတောင်ပိုင်း၊ မြောက်ပိုင်းဒေသနှင့် မုတ်ကျွန်းဒေသများဖြစ်ပြီး၊ ကျောင်းပေါင်း ၃၀၀ ခန့်ရှိသဖြင့် ကြီးကျယ်သောဂိုဏ်းဖြစ်သည်။

ဆရာတော်သည် လယ်ပေါ်ဂိုဏ်း၏ ဂဏာဓိပတိ ဖြစ်တော်မူလာပြီးနောက် လောကုတ္တရာစတုဘုမ္မိကမဂ္ဂင် သတိပဋ္ဌာန်ကျင့်စဉ် မူသစ်ကို တီထွင်၍ ဟောပြောတော်မူသည်မှစ၍ ရှေးဟောင်းအစဉ်အလာအရ လမ်းစဉ်မူဟောင်းဖြစ်သော သူတော်ကောင်းတို့အကျင့် ပုညကိရိယာ၌သာ အားရကျေနပ်သူများက ဆန့်ကျင်လာကြသဖြင့် အချင်းချင်း သဘောထား အယူအဆ စတင် ကွဲပြားလာကြသည်။ ဤသို့ ကွဲပြားလာသဖြင့် သီးခြားဂိုဏ်းသစ်လည်း ဖြစ်ပေါ်လာရသည်။

ဆရာတော်ဦးပဏ္ဍဝနှင့် အပေါင်းပါအစုကို ငှက်တွင်းချောင်တွင် နေထိုင်ခဲ့သည်ကို အစွဲပြု၍ 'ငှက်တွင်းဂိုဏ်း'ဟူ၍လည်းကောင်း၊

ရွှေမင်းဝံတောင်၌ နေခဲ့သည်ကို အစွဲပြု၍ 'ရွှေမင်းဝံဂိုဏ်း'ဟူ၍လည်းကောင်း၊

ငှက်တွင်းဂိုဏ်းဝင် ပရိသတ်များက ကောင်းစွာ ဆောက်တည်သော အာဇီဝဋ္ဌမကသီလကို အစွဲပြု၍ 'အာဇီဝဋ္ဌမကဂိုဏ်း'ဟူ၍လည်းကောင်း၊

ယင်း ဂိုဏ်းသူ၊ဂိုဏ်းသားတို့ အလေးအနက်ထား ကျင့်မှတ်သော သတိပဋ္ဌာန်ကိုအစွဲပြု၍ 'သတိပဋ္ဌာန်ဂိုဏ်း'ဟူ၍လည်းကောင်း၊

ဂိုဏ်းဝင်ပရိသတ်တို့အား ဟောကြားပြသသော စတုဘုမ္မိကမဂ္ဂင်တရားကို အကြောင်းပြု၍ 'စတုဘုမ္မိကမဂ္ဂင်ဂိုဏ်း'ဟူ၍လည်းကောင်း ခေါ်ခဲ့ကြသည်။ ယခုအခါ စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း ဖြစ်လာသည်။

ဆရာတော် ဦးပဏ္ဍဝသည် ဤသို့ ဂိုဏ်းကွဲပြား အချင်းပွားနေကြသည်ကို အကြောင်းပြု၍ 'လယ်ပေါ်ကျောင်းမှ ပြောင်းရွှေ့သွားလျှင် စကားနည်း ရန်စဲဖြစ်မည်'ဟု သဘောရသဖြင့် ကွမ်းခြံကုန်းနှင့် ချောင်းတစ်ခုမျှ ခြားနားသော

ဥယျာဉ်ခြံမြေ ၃ ဧကကျော်ကို ကွမ်းခြံကုန်းမှ ဒေါ်ကြီးကြီးက ဝယ်ယူပြီး 'ပါရမီစံကျောင်း' ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ဆရာတော်လည်း ၁၂၅၁ ခုနှစ်တွင် နောက်ပါသံဃာများ ကပ္ပိယများနှင့်အတူ ပါရမီစံကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။ သို့ရာတွင် ဆရာတော်သည် ပါရမီစံကျောင်းကို တူတော် ဦးဓောတာဘိဓေအား လွှဲအပ်၍ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ စတုဘုမ္မိက မဂ္ဂင်ကျင့်စဉ်တရားကို ဟောကြား၍ သာသနာပြုတော်မူခဲ့သည်။ ဒကာ ဒကာမများ၏ ကြည်ညိုမှုကိုလည်း များစွာခံယူရရှိတော်မူခဲ့သည်။

သာသနာလင်္ကာရ ပဋ္ဌိပတ္တိကျမ်းကိုလည်း ၁၂၅၂ ခုနှစ်တွင် ရေးသားစီရင်တော်မူခဲ့သည်။ ဒေးဒရဲ စသော ဒေသအချို့တွင် ဆရာတော်အား ကျောင်းဆောက်လှူဒါန်းခဲ့ကြသည်။ သို့ရာတွင် ဆရာတော်သည် လှည့်လည်တရားဟောကြားလျက် သက်တော် ၇၉, သိက္ခာတော် ၅၉ ဝါအရတွင် ဗုဒ္ဓသာသနာ ရှေးဦးစွာပွင့်ထွန်းရာ သထုံမြို့သို့ကြွရန် ဆန္ဒဖြစ်တော်မူလာသည်။ ဆရာတော်၏ဆန္ဒလည်း ပြည့်ဝတော်မူခဲ့သည်။ သထုံမြို့ ဒကာဒကာမများက ဆရာတော်ကြီးအား သထုံမြို့သို့ ကြွရောက်သီတင်းသုံးရန် လာရောက်ပင့်ကြသည်။

ဆရာတော်သည် ၁၂၇၇ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် သထုံမြို့သို့ ကြွရောက်၍ တဘောင်ပါအတိုင်း ဒေါ်သက်, ဒေါ်ကြီးတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းတွင် ဝါဆိုတော်မူပြီး၊ တရားဓမ္မများကို ဟောကြားတော်မူခဲ့သည်။

ထိုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဆရာတော်ကြီး သီတင်းသုံးရာ ထန်း ၂ ပင် အုတ်တိုက်ဝတ်ကျောင်းအတွင်းမှ သပိတ်လုံးပမာဏရှိသော ဖြူစင်တောက်ပသည့် ရောင်ခြည်ဓာတ် အလင်းရောင်တစ်ခုသည် ထန်း ၂ ပင် အုတ်တိုက်မှထွက်ကာ ရွှေစာရံဘုရား ထီးတော်အား ၃ ကြိမ်, ၃ ခါ လက်ယာရစ်လှည့်ပတ်ပြီး ပျောက်ကွယ်သွားသည်ကို အာရုံဆွမ်းကပ်လာသော ဒကာ ဒကာမများ ထင်ထင်ရှားရှားပင် တွေ့မြင်ကြရသည်။ ထို ဒကာ ဒကာမများ ကျောင်းသို့ရောက်ရှိသွားသောအခါ ဆရာတော်ကြီး ကျိန်းစက်ရာ အခန်းတွင်းခုတင်ပေါ်တွင် ဆရာတော်ကြီးမှာ မလှုပ်မယှက် ကျိန်းစက်နေသည့်အလား ဘဝနတ်ထံ ပျံလွန်ကြွသွားတော်မူလျက်ရှိသည်ကို တွေ့ရှိကြရပါတော့သည်။

❑

ဂဏဝိမုတ်ကူးတို့ဂိုဏ်း

ရတနာပုံ, အမရပူရ, ရတနာပူရ, ဇေယျပူရ ဤ ၄ မြို့ အောက်ရောဝတီမြစ်စဉ်ဝဲယာရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့

အတွင်းဝန်, ရွှေတိုက်ဝန်, ပေါက်မြိုင်မြို့စား ဈေးခွန်ထမ်းတို့ကို မြစ်စဉ်ဝဲယာရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က အဓမ္မတားဆီးကြောင်းများနှင့် လျှောက်ထားရှိသည်ဖြစ်သည်။ ရောဝတီမြစ်စဉ်ဝဲယာရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့သည် သာကီဝင်မင်းသား ဘုရားသားတော်များ ဖြစ်ကြသည်နှင့်အညီ မင်းကေရာဇ် လျှောက်ထားသည့် တံဆိပ်စက္ကူ ၁၂ ချက်အတိုင်းသာ ဈေးခွန်ထမ်းတို့ကို တရားနှင့်သင့်လျော်အောင် ပြောဟော ဆုံးမကြရမည်။

ဈေးခွန်ထမ်းတို့ကို အဓမ္မတားဆီးကြောင်းများနှင့် ကြားသိလျှင် ရွှေမြို့တော်သို့ ချခေါ်၍ သုဓမ္မာတော်တွင် ထင်ရှားအောင် အပြစ်စီရင်မည်။

၁၂၄၇ ခုနှစ် ဝါခေါင်လဆန်း (၉)ရက်နေ့ သာသနာပြုဆရာတော် အမိန့်။

မြန်မာနိုင်ငံတွင် ထေရဝါဒ ကျင့်စဉ်အတိုင်း အနော်ရထာမင်းလက်ထက်မှစ၍ သီပေါမင်းလက်ထက်တိုင်အောင် လဒ္ဓိသီလဝန္တ သိက္ခာကာမဆရာတော် အစဉ်အဆက်ကား အကျဉ်းအားဖြင့် ၃၄ ဆက်ရှိသည်။ နောက်ဆုံး ရွှေကျင်ဆက်နှင့်ဆိုလျှင် ၃၅ ဆက်ရှိသည်ဟု သာသနာဝင် မှတ်တမ်းများ၌ ပြဆိုထားကြောင်း သိရှိရသည်။

ယင်း ဆရာတော်အစဉ်အဆက် ၃၅ ဆက်ကား
မဇ္ဈိမဒေသ အိန္ဒိယ ဆရာစဉ် ၅ ဆက်,
သထုံ ဆရာစဉ် ၁၀ ဆက်,
ပုဂံဆရာစဉ် ၈ ဆက်,
ရွှေဘိုဆရာစဉ် ၂ ဆက်,
ရွှေကျင် နောက်ဆုံး ၁ ဆက်တို့ဖြစ်သည်။

ယခုအခါ အခြား သီးခြားဂိုဏ်း ဆရာတော်အစဉ်အဆက်ကိုပါပေါင်းလျှင် ၃၅ ဆက်မက ရှိနေမည်ဖြစ်သည်။

ဤသို့ ဆရာစဉ်ဆက် ဆင်းသက်လာသော မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကား သဒ္ဓါတရား ကြီးမားသော မင်းတုန်းမင်းလက်ထက်၌ အလွန်ပင် စည်ပင်ပြန့်ပွားလာသည်။ မန္တလေးရွှေမြို့တော်နှင့် အမရပူရတောင်မြို့တို့တွင် ကျောင်းတိုက်ပေါင်း ၂၁၇ တိုက်, ကျောင်းပေါင်း ၁၄၄၂ ကျောင်း, ရဟန်း, သာမဏေပေါင်း ၁၅၃၆၆ ပါးရှိသည်။ ထို ရဟန်း, သာမဏေတို့အား တစ်လလျှင် ဆန်တင်းပေါင်း ၂၁၄၉၂ တင်းကို လစဉ် လှူဒါန်းသည်။

မန္တလေးနှင့် အမရပူရအပြင်ဘက် အဝေးရောက် တောကျေးလက်တို့၌ သီတင်းသုံးတော်မူကြကုန်သော ဂဏပါမောက္ခ ဂဏာစရိယ ဖြစ်တော်မူကြကုန်သော ဂိုဏ်းအုပ်မထေရ်ကြီး အပါး ၆၀, ဂိုဏ်းထောက်မထေရ်ကြီး ၂၀၄ ပါးနှင့် ဂိုဏ်းဝင် သံဃာတော်တို့အားလည်း သင်္ကန်း, သပိတ် ပရိက္ခရာ စသော ရဟန်းတို့၏ အသုံးအဆောင်များကို တစ်လတစ်ကြိမ် လစဉ် လှူဒါန်းခဲ့သည်။ စစ်ကိုင်းတောင်ရိုးရှိ ချောင်ပေါင်း ၆၀ ကျော်၌ သီတင်းသုံးနေတော်မူကြသော အရညဝါသီ တောရဓိုဝိပဿနာဓုရဆောင် သံဃာတော် ၆၀၀ နှင့် လူသူတော်, သီလရှင်တို့ကိုလည်း ဆန်, ဆီ, ဆား, ငရုတ်, ကြွက်သွန် စသော အလှူဝတ္ထုများ ထောက်ပံ့လှူဒါန်းခဲ့သည်။

မင်းတုန်းမင်းလက်ထက်၌ သာသနာရေးကိစ္စ အဝဝကို စီမံအုပ်ချုပ်ဆောင်ရွက်ရန် သာသနာပိုင်ဆရာတော်နှင့်တကွ သုဓမ္မာဇရပ်တွင် ဆရာတော် ၈ ပါးကို ခန့်ထားတော်မူသည်။ ယခု နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကဲ့သို့ပင် ဖြစ်သည်။ အနယ်နယ်အရပ်ရပ်တွင်လည်း ဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော်များကို ခန့်ထားတော်မူသည်။

သာသနာပိုင်ဆရာတော် ဦးဥေယျ ပျံလွန်တော်မူပြီးနောက် မင်းတုန်းမင်းက သာသနာပိုင်အသစ် ခန့်ထားခြင်း မရှိခဲ့သော်လည်း၊ သီပေါမင်းလက်ထက်တွင် တောင်တော်ဆရာတော်အား သာသနာပိုင် ခန့်ထားခဲ့သည်။ သီပေါမင်းသည် တောင်တော်ဆရာတော်နှင့် ရွှေကျင်ဆရာတော် ၂ ပါးကို တွဲဖက်၍ သာသနာပိုင်ခန့်ထားသော်လည်း ရွှေကျင်ဆရာတော် လက်ခံတော်မူခြင်းမရှိ၍ တော်တောင်ဆရာတော်သာ သာသနာပိုင်အဖြစ် ထင်ရှားသည်။

အထက်၌ ဖော်ပြထားသော သာသနာပြုဆရာတော် အမိန့်စာကား သာသနာပိုင် တောင်တော်ဆရာတော် ထုတ်ပြန်သော အမိန့် [illegible]သည်။ ၁၂၄၇ ခုနှစ် ဝါခေါင်လဆန်း ၉ ရက် နေ့စွဲဖြင့် တောင်တော်ဆရာတော်က ယင်းအမိန့်စာကို ထုတ်ပြန်တော်မူပြီးနောက် ၃ လကျော် တန်ဆောင်မုန်းလဆုတ် ၈ ရက်အရောက်တွင် သီပေါမင်း ပါတော်မူခဲ့သည်။

ဤသို့အားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ရဟန်းသံဃာတော်များသည် သာသနာပိုင်နှင့်တကွ သုဓမ္မာဆရာတော်ကြီး ၈ ပါးနှင့် သက်ဆိုင်ရာ ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော်တို့၏ စီမံအုပ်ချုပ်မှုအောက်တွင် နေထိုင်ကြရသည်။ ဤသို့ တစ်စုတစ်စည်းတည်း အသီးသီးနေရမှုကိုပင် ဂိုဏ်းဟု ခေါ်ခြင်းဖြစ်သည်။

သုဓမ္မာဆရာတော်တို့၏ စီရင်မှုကား အမြင့်ဆုံးအဆင့် ဖြစ်သည်။ သုဓမ္မာဆရာတော်တို့၏ အဆုံးအဖြတ်ကို လွှတ်တော်က အတည်ပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးရသည်။ ယခု နိုင်ငံတော်အဆင့် အဖွဲ့အစည်းတို့၏ အဆုံးအဖြတ်မှတ်စက်ကို နိုင်ငံတော်က အာဏာစက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသကဲ့သို့ပင် ဖြစ်သည်။

သာသနာပြုဆရာတော်တို့၏ လုပ်ငန်းဆောင်တာများကို မဟာဒါန်ဝန် မဟာဒါန် စာရေးတို့က ဆောင်ရွက်ပေးရသည်။ ယခု သာသနာရေး ဌာနများက သံဃာ့အဖွဲ့အစည်း ဆရာတော်တို့၏ လုပ်ငန်းများကို ဆောင်ရွက်ပေးရသကဲ့သို့ပင် ဖြစ်သည်။

ထိုအချိန်၌ သီးခြားဂိုဏ်းဟူ၍လည်း မရှိသေးပေ။ သုဓမ္မာသာသနာပြုဆရာတော် ၈ ပါးမှာလည်း သုဓမ္မာဇရပ်ကို အစွဲပြုခေါ်ဝေါ်ကြခြင်းမျှသာ ဖြစ်သည်။

ဤသို့ သက်ဆိုင်ရာ ဂိုဏ်းအုပ်, ဂိုဏ်းထောက်နှင့် အဆင့်မြင့်ဆုံး သုဓမ္မာဆရာတော်တို့၏ စီမံအုပ်ချုပ်မှု စီရင်မှုအောက်မှ လွတ်မြောက်မှု, လွတ်ကင်းမှုကို ဂဏဝိမုတ်(ဂိုဏ်းလွတ်)ဟု ခေါ်သည်။

ဂဏဝိမုတ် အဦးဆုံးရရှိသော ဆရာတော်မှာ သီးလုံးဆရာတော် ဖြစ်သည်။ ၁၁၉၉ ခုနှစ်တွင် ရွှေဘိုမင်းခေါ် သာယာဝတီမင်း၏ ဒီပဲယင်း နမောဂိုဏ်း စီရင်မှုအောက်မှ လွတ်ကင်းကြောင်း(ဂဏဝိမုတ်)စာချွန်တော်အမိန့်ကို ရရှိတော်မူခဲ့ခြင်း ဖြစ်သည်။

မင်းတုန်းမင်းလက်ထက် ၁၂၂၂ ခုနှစ်တွင် ရွှေကျင်ဆရာတော်နှင့် ရှမ်းကလေးကျွန်း ဆရာတော်တို့ ဂဏဝိမုတ် စာချွန်တော်အမိန့်ကို ခံယူရရှိတော်မူကြသည်။

ရွှေကျင်ဆရာတော် ဂဏဝိမုတ် ခံယူရရှိတော်မူချိန်မှစ၍ ရွှေကျင်ဆရာတော် အုပ်စု သံဃာနှင့် သုဓမ္မာဆရာတော်တို့ သံဃာအုပ်စု ၂ စု ကွဲပြားသွားပြီး၊ ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်းလည်း စတင် ဖြစ်ပေါ်လာရတော့သည်။

၁၂၄၄ ခုနှစ်တွင် ခင်မွန် ၃ ဂိုဏ်းချုပ်ဆရာတော်အား သီပေါမင်း၏ လျှောက်ထားချက်အရ သာသနာပိုင် တောင်တော်ဆရာတော်က ဂဏဝိမုတ်စာချွန်တော်အမိန့်ကို ထုတ်ပြန်တော်မူခဲ့သည်။

သီပေါမင်း ပါတော်မူပြီးနောက် ၁၂၄၇ ခုနှစ်တွင် ကောလင်းမြို့နယ် ဖလဲ(ဘရဲ)ကွင်းရှိ ပဒုမ္မာဂိုဏ်းထောက် ဆရာတော် အရှင်အရိန္ဒမအား ထန်းတပင် ပဉ္စာလငါးရာနဲ့ဝရသရမြို့ ဂိုဏ်းအုပ်ဆရာတော်နှင့် ၇ မြို့ ဂိုဏ်းထောက်ဆရာတော်တို့က ဂဏဝိမုတ် အမိန့်စာချွန်တော် ထုတ်တော်မူခဲ့ကြသည်။

ဂဏဝိမုတ်ရ ဆရာတော်များသည် သာသနာပိုင်နှင့်တကွ သုဓမ္မာဆရာတော်များ၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်များ၏ စီရင်မှု၊ စီမံအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ကင်းလွတ်သွားကြသည်။

အလားတူ 'ဂဏဝိမုတ်ကူးတို့ ဂိုဏ်း'ကို စတင် တည်ထောင်တော်မူခဲ့သော ဆရာတော်အရှင်ဣန္ဒဝံသသည်လည်း ၁၂၅၈ ခုနှစ်တွင် သာသနာပိုင်ဆရာတော် ထုတ်ပြန်သော ဂဏဝိမုတ်စာချွန်တော်ကို လက်ခံရရှိတော်မူခဲ့သည်။ ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ ပိဋကတ်တိုက်တွင် ပဓာနနာယကအဖြစ် သီတင်းသုံးနေတော်မူချိန်၌ ဂဏဝိမုတ်စာချွန်တော် ခံယူရရှိသဖြင့် ဂဏဝိမုတ်ကူးတို့ဂိုဏ်းဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

ဆရာတော်သည် တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွှဲရပ်တွင် ၁၁၉၃ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၉ ရက်နေ့၌ ခမည်းတော် ဦးခွေးဖြူ၊ မယ်တော် ဒေါ်မြအေးတို့မှ မွေးဖွားသော သားရတနာ ဖြစ်သည်။ ငယ်နာမည် မောင်ရွှေဆင် ဖြစ်သည်။ အသက် ၇ နှစ်အရွယ်တွင် ကညွှဲရပ် မြေတိုက်ကျောင်းဆရာတော် ဦးသာရမဉ္ဇူသာထံ မိဘများက အပ်နှံ၍ အခြေခံစာများကို သင်ကြားခဲ့သည်။

အသက် ၉ နှစ်အရွယ် ၁၂၀၂ ခုနှစ်တွင် မြေတိုက်ကျောင်း ဆရာတော်က မောင်ရွှေဆင်ကို အမရပူရမင်းနေပြည်တော်သို့ ခေါ်ဆောင်သွားပြီး မဟာဝိဇိတာရာမကျောင်းတိုက် သာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တ ညေယျထံ အပ်နှံ၍ ပညာသင်ကြားစေခဲ့သည်။

အသက် ၁၂ နှစ်အရွယ်တွင် သာသနာပိုင်ဆရာတော် အမိန့်အရ မောင်ရွှေဆင်သည် သုဓမ္မာဇရပ် ရဟန်း ရှင် လူ ပရိသတ်အလယ်၌ ပိဋကတ်တော်များကို မကြောက်မရွံ့ နှုတ်တက်အာဂုံ ပြန်ဆိုခဲ့သည်။ ယင်းသတင်းကို ကြားသိရသော ဘုရင်နှင့် မိဖုရားကြီးတို့က မောင်ရွှေဆင်ကို နန်းတွင်းခေါ်၍ ပိဋကတ်တော်များကို ပြန်ဆိုစေခဲ့သည်။ အားရနှစ်သက်တော်မူသဖြင့် အဖိုးတန်း ပုဆိုးအထည်အဝတ်မှစ၍ ဆုလာဘ်အမျိုးမျိုးကို ချီးမြှင့်တော်မူခဲ့သည်။

အသက် ၂၀ အရွယ် ၁၂၁၃ ခုနှစ်တွင် အမရပူရ မဟာဝိဇိတာရာမကျောင်းတိုက် အရှေ့ဘက် မာရာဝိဂသိမ်တော်ကြီး၌ သာသနာပိုင် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ ၆ ကျိပ် ၂ ပါးသော ကာရကသံဃာတော်တို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရဟန်းခံပွဲသို့ မိဖုရားကြီးကိုယ်တိုင် လာရောက်၍ ပရိက္ခရာ ၈ ပါးအစုံဖြင့် ချီးမြှောက်ပူဇော်သည်။

ရဟန်းဖြစ်တော်မူပြီးနောက် အရှင်ဣန္ဒဝံသသည် ကျမ်းတတ်ကျမ်းပြုဆရာတော်ကြီးများထံတွင် ပိဋကတ်စာပေ အရပ်ရပ်ကို နှံ့စပ်အောင် သင်ကြားနာယူခဲ့သည်။ ၎င်းနောက် ၁၂၁၉ ခုနှစ် ရဟန်း ၆ ဝါအရတွင် ဆရာရင်းဖြစ်သော ဆရာတော် ဦးသာရမဉ္ဇူရသာနှင့်အတူ ထားဝယ်မြို့ ကညွှဲရပ် မြေတိုက်ကျောင်းသို့ ပြန်လည်ကြွရောက်လာပြီး စာပေပရိယတ်များကို သင်ကြားပို့ချခဲ့သည်။

၁၂၂၈ ခုနှစ်တွင် ထားဝယ်မြို့၌ ရဟန်းတော်များအား မအပ်သော ရွှေငွေ အလှူခံခြင်း စသော အဓိကရုဏ်းတစ်ရပ် ပေါ်ပေါက်လာသဖြင့် အရှင်ဣန္ဒဝံသက မြို့သူမြို့သားများအား ဟောပြော၍ သာသနာ့အညစ်အကြေးကို သုတ်သင်ရှင်းလင်းတော်မူခဲ့သည်။

ဝိနည်းတရားနှင့်အညီ နေထိုင်သော ဆရာတော်ဖြစ်၍ ဒကာ ဒကာမများ၏ ကြည်ညိုမှုကို ခံရသည်။ အရှင်ဣန္ဒဝံသသည် ထိုအချိန်မှစ၍ အခြားသံဃာများနှင့် မဆက်ဆံတော့ဘဲ တစ်ပါတည်း ဒိဋ္ဌသုတပရိသင်္ကိတ (မြင်ကြားယုံမှား)ကင်းအောင် သန့်သန့်ရှင်းရှင်း ဧကစာရီကျင့်၍ နေတော်မူခဲ့သည်။

ယင်းနှစ်၌ပင် အရှင်ဣန္ဒဝံသသည် ထားဝယ်မှ အရှေ့တောင် ၂ မိုင်အကွာရှိ ကူးတို့ကျေးရွာသို့ ဆရာတော်ဦးသာရမဥ္ဇူရသာနှင့်အတူ ပြောင်းရွှေ့၍ ပိဋကတ်တိုက်ကျောင်းကို တည်ထောင်ပြီး ဝူရ ၂ ဖြာကို ထမ်းဆောင်လျက် နေတော်မူခဲ့သည်။ ကူးတို့ဂိုဏ်းလည်း ထို ၁၂၂၈ ခုနှစ်အချိန်မှစ၍ သန္ဓေတည် ပေါ်ပေါက်လာပါတော့သည်။

အရှင်ဣန္ဒင်္သသည် ကူးတို့ရွာ အရှေ့ဘက်ရှိ စပါးတောင်ခြေသို့ ကြွ၍လည်း တောရဆောက်တည်လေ့ ရှိတော်မူသည်။

၁၂၅၈ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် သာသနာပိုင် ပခန်းဆရာတော်ကြီးက ဂဏ္ဍဝိမုတ် စာချွန်တော်အမိန့်ကို ချီးမြှင့်တော်မူခဲ့သည်။ ထိုအချိန်တွင် ဆရာတော်အရှင်ဣန္ဒဝံသသည် သက်တော် ၆၅ နှစ်, သိက္ခာတော် ၄၅ ဝါ ရှိနေပြီးဖြစ်သည်။ ဆရာရင်းဖြစ်သော ဆရာတော် ဦးသာရမဥ္ဇူရသာလည်း မရှိပါပြီ။

ဆရာတော် အရှင်ဣန္ဒဝံသသည် မိမိတစ်ပါးတည်းကိုသာ ဂဏ္ဍဝိမုတ်ချီးမြှင့်ထားသဖြင့် ဂိုဏ်းဝင်သံဃာအားလုံးကိုပါ ချီးမြှင့်တော်မူရန် ထပ်မံလျှောက်ထားချက်အရ သာသနာပိုင် ပခန်းဆရာတော်က ထိုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်တွင် ဆရာတော် အရှင်ဣန္ဒဝံသအား ဂိုဏ်းဝင်သံဃာများနှင့်တကွ ဂဏ္ဍဝိမုတ်အဖြစ် ဒုတိယအကြိမ် စာချွန်တော် အမိန့်ထုတ်ပေးတော်မူခဲ့သည်။ မူလကူးတို့ဂိုဏ်းလည်း ထိုအချိန်မှစ၍ ဂင၊ဝိမုတ်ကူးတို့ဂိုဏ်းအဖြစ် ထင်ရှားလာတော့သည်။

ထိုအချိန်မှစ၍ ဆရာတော်အရှင်ဣန္ဒဝံသသည် ဂဏ္ဍဝိမုတ်ကူးတို့ဂိုဏ်း၏ ပထမမဟာနာယက ဂိုဏ်းချုပ်အဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့ရာ၊ ၁၂၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်၊ သက်တော် ၈၆ နှစ်, သိက္ခာတော် ၆၆ ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

❑

ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း

ထိုင်း(ယိုးဒယား), လော(လာအို)ခေါ်သော နိုင်ငံတို့သည် ရှေးအခါက မွန်လူမျိုးတို့ နေထိုင်ရာဒေသ ဖြစ်သည်။ ဒွါရဝတီနှင့် ဟရိဘုဥ္ဇ(လင်ဖုန်)တို့သည် ထင်ရှားသော ဗုဒ္ဓဘာသာ မွန်နိုင်ငံများ ဖြစ်သည်။ ၎င်းအပြင် အခြား ဗုဒ္ဓဝါဒီ မွန်နိုင်ငံတစ်ခုလည်း ရှိသေးသည်။ နောက်ပိုင်း၌ ထိုင်းအနွယ်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ယူလိုက်သဖြင့် မွန်နိုင်ငံများလည်း ပျက်သုဉ်းခဲ့ရသည်။ သို့ရာတွင် မွန်လူမျိုးကား လုံးဝပျောက်ကွယ်ခဲ့ခြင်းမရှိဘဲ မွန်လူမျိုးအများအပြား ယနေ့တိုင် တည်ရှိနေထိုင်လျက် ရှိသည်။

မဟာချိုင်း, စမွတ်စာခွန်မြို့နယ်တွင် 'ကျုံချူ'အမည်ရှိ မွန်ရွာသည်လည်း ကျန်ရှိသောမွန်များ နေထိုင်ရာဒေသများတွင် အပါအဝင် ရွာတစ်ရွာ ဖြစ်သည်။ ယင်းရွာတွင် ၁၂၀၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် ကြာသပတေးနေ့၌ 'မောင်ရင်'အမည်ရှိသော ကလေးငယ်တစ်ယောက် လူ့ဘဝသို့ ရောက်ရှိလာသည်။ ဉာဏ်ပညာပါရမီ ထက်မြက်သော ကလေးငယ်ဖြစ်သည်။ အသက် ၁၀ နှစ်အရွယ်တွင် မိဘ ၂ ပါးက ဗုဒ္ဓဘာသာ မွန်လူမျိုးတို့ ထုံးစံအတိုင်း ရွာဦးကျောင်းဆရာတော်ထံ အပ်နှံ၍ ပညာသင်စေခဲ့သည်။ မောင်ရင်သည် ငယ်ရွယ်သူဖြစ်သော်လည်း အခြေခံကျမ်းစာများကို နှုတ်တက်အာဂုံဆောင်နိုင်သဖြင့် ဆရာတော်ကြီးများ၏ ချီးမြှောက်မှုကို ခံယူရရှိခဲ့သည်။

မောင်ရင် အသက် ၁၅ နှစ်အရွယ်တွင် ရွာဦးကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ 'ရှင်ဗုဒ္ဓဝံသ' ဖြစ်သည်။ ရှင်သာမဏေဘဝဖြင့် သင်ရိုးကျမ်းဂန်, ပါဠိ, အဋ္ဌကထာ, ဋီကာများကို လေ့လာဆည်းပူးခဲ့ပြီး အသက် ၂၀ တွင် ရွာဦးကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်

ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရဟန်းအဖြစ်သို့ ရောက်ရှိပြီးနောက် အရှင်ဗုဒ္ဓဝံသသည် ထိုင်း(ယိုးဒယား)ဘာသာဖြင့် ပိဋကတ်ကျမ်းစာများကို သင်ကြားရန် ဘန်ကောက်သို့ကြွပြီး၊ ဘုရင့်ညီတော်ဖြစ်သော သာသနာပိုင်ဆရာတော်ထံတွင် ဆည်းကပ်ခိုလှုံခဲ့သည်။ သာသနာပိုင် ဆရာတော်ထံ၌ ပညာသင်ကြားခဲ့ရသော အရှင်ဗုဒ္ဓဝံသသည် မွန်ဘာသာမှသာမကတော့ဘဲ ပါဠိနှင့် ထိုင်း(ယိုးဒယား) ဘာသာများ၌ပါ တစ်ဘက်ကမ်းခတ် တတ်မြောက်ခဲ့သည်။ လောကီဆိုင်ရာစာပေများကိုလည်း အထိုက်အလျောက် တတ်မြောက်ခဲ့သည်။

အရှင်ဗုဒ္ဓဝံသသည် သာသနာပိုင်ဆရာတော်ထံ နည်းခံရင်း ထိုင်း(ယိုးဒယား)တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော စာမေးပွဲကို ပြဋ္ဌာန်းချက်အဆင့်အတန်း အသီးသီးတွင် နှစ်စဉ်ဝင်ရောက် ဖြေဆိုအောင်မြင်တော်မူခဲ့ပြီး၊ နောက်ဆုံး 'ထိပ်တန်း'ခေါ် 'မဟာ'အဆင့်အတန်းကို ဝင်ရောက်ဖြေဆိုရာ အထူးအောင်မြင်တော်မူခဲ့ပြန်သဖြင့် 'မဟာ'ဟူသော ဘွဲ့ထူးတံဆိပ်ကို ထိုင်း(ယိုးဒယား)ဘုရင်မှတစ်ဆင့် သံဃရာဇာသာသနာပိုင် ဆရာတော်ကြီးကိုယ်တိုင် ချီးမြှင့်အပ်နှင်းခြင်းကို ခံယူရရှိတော်မူခဲ့သည်။ ယင်းမဟာတန်းကို အောင်မြင်တော်မူပြီးနောက် အရှင်ဗုဒ္ဓဝံ၏ ငယ်နာမည်မောင်ရင်နှင့် တွဲစပ်၍ 'မဟာရင်ကိုယ်တော်'ဟု အများခေါ်ကာ ထင်ပေါ်ကျော်စောလာခဲ့သည်။

တစ်ဖန် စာပေပို့ချခြင်း ဂန္ထဝါစကဂုဏ်၊ တရားဟောပြောခြင်း ဓမ္မကထိကဂုဏ်၊ ဝိနည်းသိက္ခာလေးစားခြင်း ဝိနယဂရုကဂုဏ်၊ ဝိနည်းဆိုင်ရာ အဆုံးအဖြတ်၌ လိမ္မာကျွမ်းကျင်ရဲရင့်ခြင်း, အမေးအဖြေဆိုင်ရာ ပြဿနာအမျိုးမျိုးတို့၌ ကျွမ်းကျင်ရဲရင့်ခြင်း, သူရသတ္တိဂုဏ်, ဗျတ္တပဋိဗလဂုဏ်အပေါင်းနှင့် ပြည့်စုံသူဖြစ်သောကြောင့် သာသနာတော်အကျိုးအတွက် ဘက်စုံသည်ပိုး ဆောင်ရွက်ပေးခဲ့ရသည်။ ကျော်စောခြင်း ဂုဏ်သတင်းလည်း တစ်နိုင်ငံလုံး ပျံ့သင်းလျက်ရှိတော့သည်။ ထို့ကြောင့် ထိုင်း(ယိုးဒယား)ဘုရင်မင်းမြတ်၏ 'ဗြတြဲာတိသရဏဓဇ'ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်း ချီးမြှင့်မှုကို ခံယူရရှိခဲ့ပြန်သည်။ မဟာရင်ဆရာတော်၏ ထင်ပေါ်ကျော်စောခြင်းမှာလည်း ဆတက်ထမ်းပိုးတိုး၍ ဟိုးလေးတကြော် ရှိနေတော့သည်။

နောက်ပိုင်းတွင် မဟာရင်ဆရာတော်သည် မွန်လူမျိုးများရှိရာ မြန်မာနိုင်ငံသို့ကြွရောက်သာသနာပြုရန် ဆန္ဒဖြစ်ပွားတော်မူလာသဖြင့် ၁၂၃၆ ခုနှစ်တွင် မော်လမြိုင်

မြောက်ဘက် ၆ မိုင်အကွာရှိ ကတို့ရွာသို့ ဆိုက်ရောက်တော်မူလာပြီး သုသာန်သစ်ပင်ရိပ်အောက်တွင် တစ်ပါးတည်း ကေစာကျင့်၍ နေတော်မူသည်။

ကတိုးရွာသည် သံလွင်မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသော ရွာကြီးတစ်ရွာဖြစ်၍ စည်ကားသည်။ ထိုအချိန်က ကတိုးရွာတွင် ဆန်စက်ပိုင်ရှင်, သစ်စက်ပိုင်ရှင်, ရာဘာခြံပိုင် သူဌေးသူကြွယ် ပေါများသည်။ နာမည်ကြီးအထက်လွှတ်တော်မင်းတိုင်ပင်အမတ် ရာဘာခြံသူဌေးကြီး ဦးရွှေလေးသည် ဤကတိုးရွာသားဖြစ်သည်။ တိုင်တစ်လုံးတည်း ကိုးဆောင်အိမ်ကြီး တည်ဆောက်ထားသည်မှာလည်း ဤကတိုးရွာတွင်ပင် ဖြစ်သည်။

ကတိုးရွာအနီး၌ တည်ရှိသော ကော့နပ်ရွာသည်လည်း ထင်ရှားသောရွာပင်ဖြစ်သည်။ အင်္ဂလိပ်ရောဝတီကုမ္ပဏီသင်္ဘောနှင့် အပြိုင်အဆိုင် ပြေးဆွဲခဲ့သောသင်္ဘော ၉ စင်းပိုင်ရှင် ဦးနာအောက်သည် ဤ ကော့နပ်ရွာသားပင် ဖြစ်သည်။ ထူးခြားချက်မှာ ထိုအချိန်၌ ကတိုးရွာတွင် ဗုဒ္ဓဘာသာ မွန်လူမျိုးသက်သက် နေခဲ့သော်လည်း ယခုအခါ ဘာသာခြား, လူမျိုးခြားများ လွှမ်းမိုးနေထိုင်လျက်ရှိကြောင်း ဝမ်းနည်းစွာ ကြားသိရသည်။

ထိုအချိန် ကတိုးရွာသုသာန်၌ ကေစာကျင့်နေသော မဟာရင်ဆရာတော်ကို ဦးရွှေလေး စသော ကတိုးရွာသူ ရွာသားများတွေ့ရှိသောအခါ ကြည်ညိုကြသဖြင့် ဝိဝေက(ဆိတ်ငြိမ်)ကျောင်းငယ်တစ်ဆောင်ကို သုသာန်မြေ၌ပင် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ 'သုသာန်ကျောင်း'ဟု ခေါ်ကြသည်။ ဆရာတော်ဦးအာဒိစ္စလက်ထက်၌ မဟာရင်ဆရာတော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောကျောင်း ဖြစ်သောကြောင့် 'မဟာရင်ကျောင်း'ဟု အမည်ပြောင်းလဲခေါ်ခဲ့သည်။ ယနေ့တိုင် မဟာရင်ကျောင်းဟူ၍ပင် ခေါ်နေကြသည်။

၁၂၃၇ ခုနှစ် ကဆုန်လတွင် ဦးရွှေလေး စသော ကျောင်း ဒကာ ဒကာမများက အာရာမ်နှင့်တကွ တိုက်ကျောင်းကြီးတစ်ဆောင် တိုးချဲ့ဆောက်လုပ်၍ ထပ်မံ လှူဒါန်းခဲ့ကြပြန်သည်။ မဟာရင်ဆရာတော်လည်း ထိုအချိန်မှစ၍ တပည့်များကို လက်ခံကာ စာပေပရိယတ်ပို့ချ၍ သာသနာပြုတော်မူခဲ့သည်။ ဆရာတော်၏ စာပေတတ်ကြောင်း ဂုဏ်သတင်း ပျံ့သင်းနေသောကြောင့် အနယ်နယ်အရပ်ရပ်မှ တပည့်စာသင်သား အများအပြား လာရောက်နည်းခံ လေ့လာဆည်းပူးခဲ့ကြသည်။

ၚင်းနောက် ဆရာတော်သည် ဓမ္မယုတ္တိနိကာယဂိုဏ်းကို တည်ထောင်လိုသဖြင့် တပည့်ကြီးများဖြစ်သော မုဒုံမြို့နယ် ကွမ်တာရွာမှ ဦးမောဂ္ဂလိပုတ္တ, ကောခပုံရွာမှ ဦးအဂ္ဂဒီပ, ဘီလူးကျွန်းချောင်းဆုံမြို့နယ် မူရစ်ကလေးရွာ ရတနာဗိမာန်ကျောင်းမှ ဦးနာလာဂီရိ, ကလော့ရွာမှ ဦးကုသလ, ဂျိုင်းမြစ်ဒေသ ဘားအံမြို့နယ် ဇာသပြင်ရွာမှ ဦးနန္ဒာလင်္ကာရ, ပေါင်မြို့နယ် ကဒါရွာ တာဝတိံသာကျောင်းမှ ဦးခေမက စသည်တို့ကိုခေါ်ပြီး ညှိနှိုင်းဆွေးနွေးတော်မူရာ၊ တပည့်သံဃာများကလည်း ဆရာတော်၏ သဘောဆန္ဒကို သဘောတူခဲ့ကြသည်။ ဓမ္မယုတ္တိနိကာယဂိုဏ်း တည်တံ့ပြန့်ပွားအောင် ထမ်းဆောင်ပါမည်ဟူ၍လည်း ဝန်ခံကတိပြုခဲ့ကြသည်။

ထိုင်း(ယိုးဒယား)နိုင်ငံတွင် 'ဓမ္မယုတ္တိနိကာယ'ဂိုဏ်းနှင့် 'မဟာနိကာယ' ဂိုဏ်းဟူ၍ ဂိုဏ်း ၂ဂိုဏ်း ကွဲပြားလျက်ရှိသည်။ ကမ္ဘောဇ(ကမ်ပူးချား)နှင့် လာအို(လော)နိုင်ငံတွင်လည်း အလားတူ ဂိုဏ်း ၂ ဂိုဏ်း တည်ရှိသည်။ မဟာရင်ဆရာတော်သည် ဓမ္မယုတ္တိနိကာယဂိုဏ်းဝင် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ဓမ္မယုတ္တိနိကာယဂိုဏ်း ဖြစ်ထွန်းပေါ်ပေါက်အောင် ဆောင်ရွက်တော်မူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အများက ဓမ္မယုတ္တိနိကာယဂိုဏ်းဟူ၍ ပြောကြ,ဆိုကြမှုမရှိဘဲ 'မဟာရင်'ဂိုဏ်းဟူ၍သာ သိမှတ်ကြ, ခေါ်ဝေါ်ပြောဆိုနေကြသည်။ 'ဓမ္မယုတ္တိနိကာယ'ဂိုဏ်းဟူ၍ ခေါ်ဝေါ်ကြပါရန် ဂိုဏ်းဝင်ဆရာတော်များက တိုက်တွန်းထားသည်ကို တွေ့ရှိရသည်။

ဆရာတော်နှင့် တပည့်သံဃာတော်များက ညှိနှိုင်းတော်မူကြပြီးနောက် ဓမ္မယုတ္တိနိကာယဂိုဏ်းကို သီးခြား တည်ထောင်တော်မူခဲ့ကြချိန်မှစ၍ ဂိုဏ်းဝင်ကျောင်းများ, ဂိုဏ်းဝင်သံဃာများလည်း တစ်စစ တိုးတက်ပြန့်ပွားလာသည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၅ ခုနှစ်တွင် မှော်ဘီ၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရာတွင်လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရလက်ထက် ၁၉၈၀ ပြည့်နှစ်၌ မဟာပါသာဏ လိုဏ်ဂူတော်အတွင်း ကျင်းပသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင်လည်းကောင်း၊ 'ဓမ္မယုတ္တိနိကာယ မဟာရင်'ဂိုဏ်းသည် သီးခြားဂိုဏ်း တစ်ဂိုဏ်းအဖြစ် ပါဝင်ခွင့်ရရှိခဲ့သည်။

မဟာရင်ဆရာတော်ကြီးသည် ဓမ္မယုတ္တိနိကာယဂိုဏ်းကို တည်ထောင်တော်မူပြီးနောက် ပရိယတ္တိသာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် မနေမနားအားကြိုးခွန်စိုက် ဆောင်ရွက်တော်မူခဲ့သဖြင့် ကြည်ညိုသူ ဒကာ ဒကာမများလည်း တိုးတက်များပြားလာသည်။ ပရိယတ္တိသည် သာသနာတော်၏ အရင်းအမြစ် မူလဘူတဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ရာမညမွန်ဒေသ၌ ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ရည်စူးလျက် ၁၂၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့တွင် ကတိုးသုသာန်(မဟာရင်)ကျောင်း၌ ပရိယတ္တိ စာလျှောက်စာမေးပွဲသဘင်ကို စတင် ကျင်းပပေးတော်မူခဲ့သည်။ ယင်း စာလျှောက်မေးသဘင်ကို ယနေ့တိုင်မပျက် ဆက်လက်ကျင်းပဆောင်ရွက်လျက် ရှိနေကြောင်း သိရှိရသည်။

တစ်ဖန် ဆရာတော်သည် မွန်ဘာသာပရိယတ္တိသာသနာ ပြန့်ပွားရေးအတွက် ရည်စူးလျက် ဓမ္မယုတ္တိနိကာယဂိုဏ်းပိုင်အဖြစ် ပုံနှိပ်စက်တစ်လုံးကို တည်ထောင်မူခဲ့သည်။ စာပုံနှိပ်စက် အမည်ကိုလည်း မိမိဘွဲ့အမည်ကိုယူ၍ 'ဗုဒ္ဓဝံသ စာပုံနှိပ်စက်' ဟု အမည်ပေးခဲ့သည်။ ထိုအချိန်က မွန်ပြည်နယ်တွင် မွန်ပုံနှိပ်စက် မရှိသေးပါ။ ဆရာတော်က မွန်စာပုံနှိပ်စက်ကို အဦးဆုံးတည်ထောင် ပေးခဲ့ခြင်းဖြစ်သည်။ ဆရာတော်သည် ပုံနှိပ်စက်ကို တည်ထောင်ပြီးနောက် ထိုင်း(ယိုးဒယား)ဘာသာ ပါဠိဘာသာဖြင့် ရှိနေသော ဓမ္မပဒအဋ္ဌကထာကို မွန်ဘာသာ ပြန်ဆိုရေးသားပြီး ပုံနှိပ်ဖြန့်ချိတော်မူခဲ့သည်။ ၎င်းအပြင် ရတနာ ၃ ပါးနှင့် ဘုရားသာသနာတော်၌ ကြည်ညိုခြင်း သဒ္ဓါတရားဖြစ်ပေါ်စေရန်အတွက် ဥပါသကာနုသာသနကထာကျမ်း, ဗုဒ္ဓဂုဏကထာကျမ်း, သတိပဋ္ဌာန်အဓိပ္ပာယ်ကျမ်း, ကလျာဏကဗျာ, ကျောင်းသားကျင့်ဝတ်, သတ်ပုံလင်္ကာ စသော ကျမ်းစာများကို ရေးသားစီရင်တော်မူပြီး၊ ဗုဒ္ဓဝံသ ပုံနှိပ်စက်၌ပင် ပုံနှိပ်ဖြန့်ချိတော်မူခဲ့သည်။

၁၂၄၀ ပြည့်နှစ်တွင် မော်လမြိုင်ဒကာများပင့်၍ သင်္ဂဇာဆရာတော်သည် မော်လမြိုင်သို့ ကြွရောက်တော်မူလာသည်။ တစ်ဖန် ကတိုးမှ နာမည်ကျော် တိုင်တစ်လုံး ၉ ဆောင် အိမ်ပိုင်ရှင် သူဋ္ဌေးကြီး နိုင်မွန်ထောပင့်၍ ကတိုးနိုင်မွန်ထောအိမ်သို့ သင်္ဂဇာဆရာတော် ကြွတော်မူလာသည်။ ကတိုးရှိ ဆရာတော်များကိုလည်း နိုင်မွန်ထောပင့်ထားသည်။

ဆွမ်းမကပ်မီ သင်္ဂဇာဆရာတော်က 'ကတိုးရှိ ပင့်သံဃာ စုံပြီလား'ဟု မေးတော်မူသည်။ 'သုသာန်ကျောင်း မဟာရင်ဆရာတော်တစ်ပါး ကျန်သေးကြောင်း' လျှောက်သောအခါ 'သွားပင့်ရန်, တစ်ပါးမျှ မကျန်စေရန်' မိန့်ကြားတော်မူသည်။

မဟာရင်ဆရာတော်သည် သေခိယနှင့်အညီ ယိုးဒယားပုံစံအတိုင်း သင်္ကန်းရုံ၍ စကျွန့်ေခြချကာ ကြွလာသည်ကို သင်္ဂဇာဆရာတော်က အံ့သြစွာကြည့်တော်မူပြီး မြန်မာဘာသာဖြင့် မေးတော်မူသည်။ မဟာရင်ဆရာတော်သည် မြန်မာနိုင်ငံသို့ ရောက်စဖြစ်၍ မြန်မာစကား မကျွမ်းကျင်သောကြောင့် ပါဠိဘာသာဖြင့် ပြန်လည်ဖြေကြားတော်မူသည်။

အာလာပသလ္လာပ နှီးနှောပြောဆိုတော်မူကြပြီးနောက် မဟာရင်ဆရာတော် မေး၍ သင်္ဂဇာဆရာတော်က 'မန္တလေးက ကြွလာကြောင်း၊ သင်္ဘောဖြင့် ကြွလာကြောင်း၊ သင်္ဘောပေါ် ၄,၅ ည ကျိန်စက်ခဲ့ရကြောင်း' ဖြေကြားတော်မူသောအခါ၊ မဟာရင်ဆရာတော်က သင်္ဘောပေါ် ညအိပ်စက်ခဲ့ရလျှင် သင်္ဘောပေါ်၌ 'မာတုဂါမများ မပါဘူးလားဘုရား'ဟု သဟသေယျသိက္ခာပုဒ်နှင့်စပ်၍ စေ့စေ့စပ်စပ် မေးမြန်းလျှောက်ထားရာ၊ သင်္ဂဇာဆရာတော်က စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားတော်မူပြီး မန္တလေးသို့ကြွရန် မဟာရင်ဆရာတော်ကို ဖိတ်ကြားတော်မူသည်။ မဟာရင်ဆရာတော်က 'ကြွလိုပါကြောင်း၊ သို့ရာတွင် သဟသေယျသိက္ခာပုဒ်ကို ကြောက်၍ မကြွနိုင်သေးပါကြောင်း' ပြန်လည်လျှောက်ထားသည်။ ထိုအခါ သင်္ဂဇာဆရာတော်က ရဟန်းပရိသတ်, လူပရိသတ်များအား 'မြို့ကြီးများ၌သာ ဆင်ဖြူရတနာ ရှိသည်ဟု မိမိထင်ခဲ့သည်မှာ မှားပါကြောင်း၊ တောကျေးလက်များတွင်လည်း ရှိနိုင်ကြောင်း၊ ဆင်ဖြူရတနာသည် ရွံ့ညွှန်များဖြင့် ပက်သော်လည်း ညစ်ပေခြင်း မရှိနိုင်ကြောင်း၊ မဟာရင်ကိုယ်တော်သည် ပရိယတ် ပဋိပတ် စွယ်စုံမြောက်ပုဂ္ဂိုလ်ဖြစ်၍ ရဟန်းပီသသဖြင့် ကိုးကွယ်ထိုက်သူဖြစ်ကြောင်း'ချီးကျူးမိန့်ကြားတော်မူပြီး၊ မိမိအတွက် လှူသော နာရီတစ်လုံးနှင့် ဓာတ်တော်ကြုတ် ၂ လုံးကို မဟာရင်ဆရာတော်အား လှူဒါန်းတော်မူခဲ့သည်။

မဟာရင်ဆရာတော်သည် မြန်မာနိုင်ငံ မွန်များနေထိုင်ရာဒေသ၌ ဓမ္မယုတ္တိနိကာယဂိုဏ်းကို တည်ထောင်၍ ပရိယတ် ပဋိပတ် သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ပြုစုပျိုးထောင် ဆောင်ရွက်တော်မူပြီးနောက် မိမိ၏ ဇာတိဖြစ်သော ထိုင်း(ယိုးဒယား)နိုင်ငံသို့ အပြီးအပိုင် ပြန်လည်ကြွသွားတော်မူသည်။

မဟာရင်ဆရာတော် ပြန်ကြွသွားပြီးနောက် အဂ္ဂမဟာပဏ္ဍိတနှင့် ဒီလစ်ဘွဲ့ရ လယ်တီဆရာတော်ဘုရားသည် တရားဟောရန် မော်လမြိုင်သို့ ကြွရောက်တော်မူလာပြီး ကြုံကြိုက်သဖြင့် ကော့နပ်ဘုရားကို ဖူးမြော်ရန် ကတိုးသို့ ကြွရောက်ကာ သုသာန်(မဟာရင်)ကျောင်း၌ တည်းခိုတော်မူခဲ့သည်။

ညချမ်းအချိန်ရောက်သောအခါ ဒကာ ဒကာမများက ဗုဒ္ဓဘာသာ ရှေးမွန်တို့ ထုံးစံအတိုင်း ကျောင်းကန် ဘုရားများသို့ သွားကြပြီး ရေချမ်းအိုးကိုယ်စီ, ပန်းများ ကိုယ်စီဖြင့် ပူဇော်ကြကာ မဟာရင်ဆရာတော် သင်ကြားပေးထားသည့်အတိုင်း ဂုဏ်တော်များ, ပါရမီ, ခန္ဓာအာယတန, ဓာတ်, သစ္စာ, ဗောဓိပက္ခိယ, ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းပါဠိတော်များကို သံပြိုင်ရွတ်၍ ဝတ်တက်ကြသည်။

လယ်တီဆရာတော်သည် အံ့သြစွာ မတ်တတ်ရပ် နားထောင်နေတော်မူပြီး ဒကာ ဒကာများအား မေးမြန်းတော်မူရာ မဟာရင်ဆရာတော် သင်ကြားပေးထားကြောင်း လျှောက်ထားကြသဖြင့် "ယခု ဘယ်မှာနည်း"ဟု မေးတော်မူသည်။ ယိုးဒယားတို့ ပြန်ကြွသွားကြောင်း လျှောက်ကြသောအခါ၊ ဆရာတော်က 'ဒကာတို့ ဆရာတော်သည် သာမန်ဆရာတော် မဟုတ်ကြောင်း၊ လေးနက်သော ပရမတ် အမြင်ရှိကြောင်း'ချီးကျူးတော်မူသည်။

မဟာရင်ဆရာတော်သည် ကတိုးမဟာရင်ကျောင်း၌ ၃၁ နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်၍ ပရိယတ်, ပဋိပတ် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက် ဓမ္မယုတ္တိနိကာယဂိုဏ်းဝင် ကျောင်းများစွာကို ဖြစ်ပေါ်စေတော်မူပြီးနောက်၊ ၁၂၆၇ ခုနှစ်တွင် မိမိဇာတိ ထိုင်း(ယိုးဒယား)သို့ ပြန်လည်ကြွရောက်တော်မူကာ၊ ထိုင်းနိုင်ငံ၌ ၁၀ နှစ်မျှ သာသနာပြုတော်မူပြီး၊ ၁၂၇၈ ခုနှစ် သက်တော် ၇၆ နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

❑

ဝိနည်းတရားနှင့် ဂိုဏ်းအပြား

'သံဃော လောကေ သမုပ္ပန္နော အနုတ္တရံ ပုညခေတ္တံ'

သံဃာတော်များ လောက၌ဖြစ်ပေါ်လာခြင်းသည် ကုသိုလ်ကောင်းမှု ဟူသော မျိုးစေ့များကို စိုက်ပျိုးရာ လယ်မြေကောင်း ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။

'သံဃာ'ဟူသည် မုချအားဖြင့် ပရမတ္ထသံဃာ အရိယာရဟန်းသံဃာများကို ခေါ်ခြင်းဖြစ်သည်။ ဥပစာအားဖြင့် သမုတိရဟန်းသံဃာများကိုလည်း 'သံဃာ' ဟူ၍ပင် ခေါ်သည်။

ပရမတ္ထသံဃာများဖြစ်စေ, သမုတိရဟန်း သံဃာများဖြစ်စေ ရဟန်းသံဃာများ ကျင့်သုံးဆောက်တည်ရန် သီလ ၄ ပါးကို မြတ်စွာဘုရား ပညတ်ထားတော်မူသည်။

ပါတိမောက္ခသံဝရသီလ (ဝိနည်းတရားကို စောင့်ထိန်းခြင်းသီလ)၊

ဣန္ဒြိယသံဝရသီလ (မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ဟူသော ဣန္ဒြေ ၆ ပါး စောင့်ထိန်းခြင်းသီလ)၊

အာဇီဝပါရိသုဒ္ဓိသီလ (အသက်မွေးမှု စင်ကြယ်ခြင်းသီလ)၊

[လူတို့က သဒ္ဓါယုံကြည်မှုဖြင့် ပေးလှူသော ပစ္စည်း ၄ ပါးကို သုံးဆောင်ခြင်းသည် စင်ကြယ်သော အသက်မွေးမှုဖြစ်သည်။ လူများကဲ့သို့ ပစ္စည်းရှာဖွေ စုဆောင်း သုံးဆောင်ခြင်းကား မစင်ကြယ်ပါ။]

ပစ္စယသန္နိဿိတသီလ စင်ကြယ်စွာရရှိလာသော ပစ္စည်း ၄ပါးကို သုံးဆောင်ရာ၌လည်း ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးဆောင်ရခြင်းသီလ တို့ဖြစ်သည်။

အထူးသဖြင့် ပါတိမောက္ခ သံဝရသီလ ဝိနည်းကျင့်ဝတ်ပြည့်စုံမှု သီလသည် ရဟန်းသံဃာတော်များအတွက် အဓိကပဓာနကျသည်။

ဝိနယောနာမ သာသနဿ အာယု ဝိနည်းတရားသည် သာသနာတော်၏ အသက်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားထားတော်မူသည်။ ဝိနည်းကျင့်ဝတ် ပြည့်စုံသော ရဟန်းသည် သီလဝန္တ သီလရှိသော ရဟန်းဖြစ်တော့သည်။ ဤသို့သော သီလဝန္တ ရဟန်းသံဃာသည်သာလျှင် လူတို့အတွက် မြတ်သောကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်မြေကောင်းဖြစ်သည်။

မြတ်စွာဘုရားကလည်း သီလပြည့်စုံသော ရဟန်းအားသာ လူတို့လှူဒါန်းသော ပစ္စည်း ၄ ပါးကို သုံးဆောင်ရန် ခွင့်ပြုတော်မူသည်။ သီလမရှိဘဲ သုံးဆောင်လျှင် သီလရှိသူတို့၏ ပစ္စည်းကို ခိုးယူသုံးဆောင်ခြင်း ဖြစ်သောကြောင့် 'ထေရ်ခိုး' ဖြစ်တော့သည်။ အပြစ်ကြီးလှပါဘိတော့သည်။

ဝိနည်းသီလသည် ကျန်သီလ ၃ မျိုးလည်း အတွင်းဝင်နေပြီးဖြစ်သောကြောင့် ရဟန်းတော်များအတွက် အဓိက ပဓာနကျခြင်းဖြစ်သည်။ ဝိနည်းပညတ်ချက်များကို မြတ်စွာဘုရားက ကြိုတင်ချမှတ် ပညတ်ထားသည် မဟုတ်ပါ။ အကြောင်းပေါ်မှ အကြောင်းအားလျော်သော ဝိနည်းပညတ်ချက်များကို ပညတ်တော်မူခဲ့ခြင်းဖြစ်သည်။

သံဃာကောင်းကျိုး, သံဃာချမ်းသာကျိုး, အလဇ္ဇီရဟန်းကို နှိပ်ကွပ်ကျိုး, လဇ္ဇီရဟန်းများ ချမ်းသာကျိုး, မျက်မှောက်ဘေးဆိုး ကာကွယ်ကျိုး, တမလွန်ဘေး ပယ်ဖျက်ကျိုး, မကြည်ညိုသေးသူများ ကြည်ညိုလာစေကျိုး, ကြည်ညိုပြီးသူများ ပို၍ ကြည်ညိုလာစေကျိုး, သာသနာတော်တည်တံ့ကျိုး, ဝိနည်းတရားကို ချီးမြှောက် တော်မူကျိုး ဟူသော ၁၀ ပါးသော အကျိုးတရားအတွက် မြတ်စွာဘုရားသည် ဝိနည်းတရားကို ပညတ်တော်မူခြင်းဖြစ်သည်။

ဝိနည်းပညတ်ချက် အကျဉ်းကား ၂၂၇ သွယ်ရှိသည်။ ပါရာဇိက ၄ ပါး, သံဃာဒိသိသ် ၁၃ ပါး, အနိယတ ၂ ပါး, နိဿဂ္ဂိယ ၃၀ ပါး, သုဒ္ဓပါစိတ် ၉၂ ပါး, ပါဋိဒေသနီယ ၄ ပါး, သေခိယ ၇၅ ပါး, အဓိကရဏသမထ ၇ ပါး၊ ပေါင်း ၂၂၇ ပါး ဖြစ်သည်။

ပါရာဇိက ၄ ပါးကား မေထုန်ပြုခြင်း၊ ရွှေစင် ၁ မတ် ငွေ ၅ ကျပ် ထိုက်ပစ္စည်း ခိုးခြင်း၊ လူကိုသတ်ခြင်း၊ ဈာန်,မဂ်,ဖိုလ် မရဘဲ ရသည်ဟု ဝါကြွား ပြောဆိုခြင်းတို့ ဖြစ်သည်။

ပါရာဇိကအာပတ်သည် အကြီးဆုံးအာပတ်ဖြစ်သည်။ ပါရာဇိကအာပတ်သင့်လျှင် လူဝတ်, သာမဏေဝတ်, ရသေ့ ဘိုးသူတော်ဝတ်များဖြင့်နေ၍ ကုသိုလ်ကောင်းမှုပြုလျှင် အကျိုးရှိနိုင်သည်။ ပါရာဇိကကျလျက် ရဟန်းဝတ်ဖြင့်နေလျှင် ထေရ်ခိုး ဖြစ်သည့်အပြင်၊ အကုသိုလ်တရား တိုးပွားနေရန်သာ ဖြစ်တော့သည်။

လှုံ့ဆော်၍ သုက်လွှတ်ခြင်း၊ မွေးဖွားပြီးစ အရွယ်မှစ၍ မာတုဂါမကို ကိုင်တွယ်သုံးသပ်ခြင်း၊ မာတုဂါမများအား မေထုန်နှင့်စပ်သောစကားကို ဆိုခြင်း၊ မေထုန်အလှူခံခြင်း၊ မိန်း,ယောကျ်ား ၂ ဦးသားကို ပေါင်းစပ်အောင် အောင်သွယ်မှုပြုခြင်း၊ အခြားရဟန်းတို့ကိုမပင့်ဘဲ ဒကာမရှိသော ကျောင်းကြီးကို ကိုယ်တိုင်ဆောက်ခြင်း၊ ဆောက်လုပ်သူ ဒါယကာရှိသော်လည်း အခြားရဟန်းတို့ကိုမပင့်ဘဲ ကျောင်းဆောက်နေထိုင်ခြင်း၊ အခြားရဟန်းအား အခြေအမြစ်မဲ့ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း၊ အခြားသူတစ်ဦး၏ မေထုန်မှုကို မိမိမလိုလားသော ရဟန်းအပေါ်တင်၍စွပ်စွဲခြင်း၊ သံဃာသင်းကွဲအောင် ပြုလုပ်ခြင်း၊ သံဃာကွဲအောင် ပြုလုပ်သော ရဟန်းနောက် လိုက်ပါခြင်း၊ သိက္ခာပုဒ်ဖြင့် ဆုံးမသည်ကို မနာခံခြင်း၊ ဒါယကာတို့၏သဒ္ဓါတရားကို ဖျက်၍ ဆေးကု, ဗေဒင်ဟော, ချဲနံပါတ်ပေး စသော မိစ္ဆာဇီဝအမှုများကို ပြုလုပ်ခြင်း ၁၃ မျိုးသည် သံဃာဒိသိက်အာပတ် သင့်ရောက်သော သိက္ခာပုဒ်များဖြစ်သည်။ ဒုတိယအကြီးဆုံး အာပတ်ဖြစ်သည်။

ဝတ်စောင့်၍ အခြားရဟန်းတို့ မြတ်နိုးရန် မာနတ် ကျင့်ရသည်။ ၎င်းနောက် စင်ကြယ်သော ရဟန်း ၂၀ က သိမ်၌ စင်ကြယ်ကြောင်း အဗ္ဘာန်သွင်းရသည်။ ဤသို့ ခက်ခဲပင်ပန်းစွာ ဆောင်ရွက်မှ သံဃာဒိသိသ်အာပတ် စင်ကြယ်သည်။

အနိယတသိက္ခာပုဒ် ၂ ပါးကား ထူးခြားသော သိက္ခာပုဒ်ဖြစ်သည်။ သိကြားလိမ္မာသော ယောကျ်ားတစ်ဦးတစ်ယောက်မပါဘဲ မာတုဂါမနှင့် ရဟန်း ၂ ယောက်တည်း၊ သို့မဟုတ် ရဟန်းတစ်ပါးတည်းနှင့် မာတုဂါမအများ မျက်စိကွယ်ရာ၌ နေခြင်း၊ နားကွယ်ရာ၌ စကားပြောခြင်း ဖြစ်သည်။ ယင်း ရဟန်းသည် ပါရာဇိက သံဃာဒိသိသ် ပါစိတ်အာပတ် ၃ မျိုး သင့်ရောက်နိုင်သဖြင့် ယင်း အာပတ် ၃ မျိုးဖြင့် စွပ်စွဲခံရနိုင်သည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဥဒါယီရဟန်းက မာတုဂါမနှင့် တစ်ယောက် အချင်းချင်း စကားပြောနေသည်ကို ဝိသာခါ ကျောင်းဒကာမကြီးမြင်သောအခါ 'မသင့်ကြောင်း၊ ရိုးသားစွာ စကားပြောသည် ဖြစ်စေကာမူ အများအမြင်၌ စကားကောင်း ပြောသည်ဟု ယုံကြည်ရန် ခဲယဉ်းပါကြောင်း' လျှောက်ထားခဲ့ဖူးသည်။

ရွှေ,ငွေကို ကိုင်ခြင်း စသော နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ အာပတ်သင့်ရောက်လျှင် ယင်းပစ္စည်းဝတ္ထုကိုလည်း စွန့်လွှတ်ရသည်။ ဒေသနာကြား(အာပတ်ဖြေ)မှုလည်း ပြုရမည်။ သို့ပါမှ ယင်းနိဿဂ္ဂိယပါစိတ် အာပတ်သင့်မှု ပြေပျောက်နိုင်သည်။

သုဒ္ဓပါစိတ်(ရိုးရိုးပါစိတ်) သိက္ခာပုဒ်(၉၂)ပါး အာပတ်သင့်လျှင်သော်လည်းကောင်း၊ သေခိယ(ကျင့်ဝတ်) သိက္ခာပုဒ်(၇၅)ပါး ပျက်ပြား၍ ဒုက္ကဋ်အာပတ်သင့်လျှင်သော်လည်းကောင်း၊ ဒေသနာဂါမ်ဖြင့် ကုစားရနိုင်သည်။ ကျန် အသေးအဖွဲကိစ္စများအတွက် ဒုဗ္ဘာသိအာပတ်သင့်ရောက်နိုင်သည်။ ယင်းကိုလည်း ဒေသနာဂါမ်ဖြင့် ကုစားရသည်။

အချုပ်အားဖြင့် ဝိနည်းသိက္ခာပုဒ်သည် အကျဉ်းအားဖြင့် ၂၂၇ သွယ်၊ အကျယ်အားဖြင့် ကုဋေ ၉ ထောင်ကျော် (၉၁၈၀၅၀၃၆၀၀၀)ရှိသည်။ ယင်းသိက္ခာပုဒ်များကို ချိုးဖောက်၍ သင့်ရောက်နိုင်သော အာပတ်များမှာ ကြီးစဉ်ငယ် ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စည်း, ပါဋိဒေသနီ(ဘိက္ခုနီအတွက်သာ) ပါစိတ်, ဒုက္ကဋ်နှင့် ဒုဗ္ဘာသိ ဟူ၍ အာပတ် ၇ ဖုံ ရှိသည်။

အာပတ်သည် ရဟန်းများ၏ အကုသိုလ်တရားများပင်ဖြစ်သည်။ အယုတ်ဆုံး ဒုဗ္ဘာသိအာပတ် သင့်ရောက်နေသော ရဟန်းသည် ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် လုံးဝ မရနိုင်ပါ။

ယင်း အာပတ်(အကုသိုလ်)များကင်းသော ရဟန်းသည် သီလဝန္တ ရဟန်းဖြစ်တော့သည်။ သာသနာတော်အတွက်, ကိုးကွယ်သူ ဒကာ ဒကာမများအတွက် အကျိုးများသည်။ သာသနာတော်အား မကြည်ညိုသေးသူများ ကြည်ညိုလာအောင်, ကြည်ညိုပြီးသူများ ပို၍ ကြည်ညိုအောင် ပြုဆောင်နိုင်သော ရဟန်းမြတ် ဖြစ်သည်။ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်သည်။ ထို့ကြောင့် 'ဝိနည်းသည် သာသနာတော်၏အသက်'ဟု ဆိုခြင်းဖြစ်သည်။

ဂိုဏ်းဟူသည်ကား 'ဂဏ'ပုဒ်မှ ဖြစ်ပေါ်လာသော ဝေါဟာရဖြစ်သည်။ 'အစုအဖွဲ့, အသင်းအပင်း'ကိုပင် ဂိုဏ်းဟု ခေါ်နေကြခြင်း ဖြစ်သည်။

စာကြည့်တိုက်

ဝိနည်းတရားတော်အရ
ရဟန်းတစ်ပါးကို ပုဂ္ဂလိက၊
၂ ပါး၊ ၃ ပါးကို ဂဏ၊
၄ ပါးနှင့်အထက်ကို သံဃာဟု ခေါ်သည်။
လှူဒါန်းရာ၌လည်း
'အရှင်အား လှူပါ၏'ဟု လှူလျှင် ပုဂ္ဂလိက၊
'အရှင်တို့အား လှူပါ၏'ဟု လှူလျှင် ဂဏ၊
'သံဃာအား လှူပါ၏'ဟု လှူလျှင် သံဃိက ဟု သတ်မှတ်သည်။

ယခုဖော်ပြထားသော ဂိုဏ်းများကား ဝိနည်းလာ ဂိုဏ်းမျိုး မဟုတ်ပါ။ အစုအဖွဲ့၊ အသင်းအပင်းမျိုးကို ယူခြင်းဖြစ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ရှင်မဟာကဿပ ဦးဆောင်သော မထေရ်မြတ်များ ပထမသံဂါယနာတင်၍ နိကာယ် ၅ ရပ်, ပိဋကတ် ၃ သွယ်ကို အစီအစဉ်တကျ ထားတော်မူခဲ့ကြသည်။ 'ထေရဝါဒ ပိဋကတ်တော်'ပင် ဖြစ်သည်။ ယင်း ပိဋကတ်တော်လာနှင့်အညီ ကျင့်သုံးဆောက်တည်သော ရဟန်းသံဃာတော်များကို 'ထေရဝါဒသံဃာ'ဟု ခေါ်သည်။

ထေရဝါဒသံဃာတော်များသည် နှစ် ၁၀၀ တိုင်တိုင် တစ်စည်းတစ်လုံးတည်း ရှိခဲ့ရာမှ ရွှေငွေကို အလှူခံကောင်းကြောင်း အပါအဝင် ဝိနည်းပညတ်ချက် ၁၀ မျိုးကို ဝဇ္ဇီတိုင်းသား ရဟန်းတော်များက ပြင်ဆင်ခဲ့မှုကို အကြောင်းပြု၍ ဒုတိယ သံဂါယနာတင်ချိန်တွင် 'ထေရဝါဒ'နှင့် 'မဟာသံဃိက'ဟူ၍ သံဃာ့ဂိုဏ်း ၂ ဂိုဏ်း ကွဲခဲ့သည်။ နောက်ထပ် ဂိုဏ်းကွဲများ ထပ်ပွားလာပြီး နောက်ဆုံးတွင် ယခုအခါ၌ 'ထေရဝါဒ'နှင့် 'မဟာယာန'ဟူ၍ ဂိုဏ်းကြီး ၂ ဂိုဏ်း ကွဲနေသည်။

မဟာယာနဂိုဏ်းကား ဝိနည်း မရှိပါ။ ခေတ်နှင့်အညီ ပြင်ဆင်နေထိုင်သော ဂိုဏ်းဖြစ်သည်။ အဘိဓမ္မာ အတွေးအခေါ် အယူအဆကား လုံးလုံးပင် ထေရဝါဒနှင့် ကွဲပြားသွားတော့သည်။ ယင်း မဟာယာနဂိုဏ်းကွဲတစ်ခုဖြစ်သော နောက်ပေါ် 'ဝိနယ'(လူ)ဂိုဏ်းသာလျှင် ထေရဝါဒ ဝိနည်းတရားနှင့် အများအားဖြင့် တူညီသော ဝိနည်းတရား ရှိသည်။

အိန္ဒိယ၌ ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ခဲ့ပြီးနောက် သီဟိုဠ်, ကမ္ဘောဒီးယား, လာအို, ယိုးဒယား, မြန်မာနိုင်ငံတို့တွင် ထေရဝါဒဗုဒ္ဓသာသနာ တည်ရှိခဲ့သည်။

မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတွင်လည်း ပုဂံခေတ်၌ သထုံဂိုဏ်း, သီဟိုဠ်ဂိုဏ်းကွဲမှု၊ ရာမညဒေသ၌ သီဟိုဠ်ဂိုဏ်းများ အပါအဝင် ဂိုဏ်း ၆ ဂိုဏ်းကွဲမှု ရှိခဲ့ဖူးသည်။ သို့ရာတွင် ရှေးမင်းများ၏ စွမ်းဆောင်နိုင်မှုများကြောင့် ဂိုဏ်းကွဲများ ပပျောက်ပြီး ထေရဝါဒသံဃာတော်များ တစ်စည်းတစ်လုံးတည်း ရှိခဲ့ရသည်။ ဤသို့ တစ်စည်းတစ်လုံးတည်းတည်ရှိခဲ့ရာတွင် အုပ်ချုပ်မှု, ပဝါရဏာပြုမှု စသည်များကို အလွယ်တကူဆောင်ရွက်နိုင်ရေးအတွက် အစုအဖွဲ့ပြု၍ တည်ရှိခဲ့ခြင်းဖြစ်သည်။

ယင်းအစုအဖွဲ့ကို အုပ်ချုပ်နိုင်ရန်, သံဃာ့ကိစ္စများကို ဦးဆောင်ဖြေရှင်းပေးနိုင်ရန် အကြီး, အအုပ်, အထောက်များကို ဆင့်ဆင့် တင်မြှောက်ခန့်အပ်ထားသည်။ ယင်း အစုအဖွဲ့အကြီး, အအုပ်, အထောက်များဖြင့် ဖွဲ့စည်းထားသော သံဃာအစုကိုပင် သက်ဆိုင်ရာ ဂိုဏ်းဟူ၍ ခေါ်ကြပြီး၊ အကြီး, အအုပ်, အထောက် ဆရာတော်များကို ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဟူ၍ ခေါ်ခဲ့ကြသည်။ သို့ရာတွင် ယင်း ဂိုဏ်းအားလုံးသည် အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းတစ်ရပ် အောက်တွင်သာ တည်ရှိခဲ့ကြရသည်။ ထို့ကြောင့် ထိုအချိန်က သက်ဆိုင်ရာ ဂိုဏ်းနှင့် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဟူ၍ ရှိခဲ့သော်လည်း ဂိုဏ်းကွဲပြားခြင်း လုံးဝမရှိဘဲ တစ်စည်းတစ်လုံးတည်းသာ ရှိခဲ့သည်။

မင်းတုန်းမင်းလက်ထက်မှစ၍ နောက်ပိုင်းကာလများ၌ ပေါ်ပေါက်လာသော ဂိုဏ်းကြီး ၉ ဂိုဏ်းမှာလည်း ဆရာသမားများကို အစွဲပြု၍ ကွဲပြားခဲ့ခြင်းသာ ဖြစ်သည်။ ဝိနည်းတရား, သုတ်, အဘိဓမ္မာ တရားတော်အရ ကွဲပြားခြင်း လုံးဝ မရှိခဲ့ပါ။ တစ်နိုင်ငံလုံးရှိ သံဃာအားလုံးသည် သုဓမ္မာဇရပ်တွင် ရုံးထိုင်၍ သာသနာရေးဆိုင်ရာ အဆုံးအဖြတ်ပေးနေသော သာသနာပိုင်နှင့် သာသနာပြုဆရာတော်ကြီးများ၏ ဓမ္မစက်နှင့် ဘုရင်များ၏ အာဏာစက် တွဲဖက်စီမံအုပ်ချုပ်မှုအောက်တွင် တစ်စည်းတစ်လုံးတည်း တည်ရှိလာခဲ့ကြရာမှ ရွှေကျင်ဆရာတော်အား ကြည်ညိုလေးစား ခစားဆည်းကပ်သော သံဃာ့အုပ်စုတစ်စု ပေါ်လာသဖြင့်၊ ကျန်သံဃာအများစုက 'သုဓမ္မာအစု, သုဓမ္မာဂိုဏ်း'ဟူ၍ ထင်ရှားလာရခြင်းဖြစ်သည်။ နောက်ပိုင်းကာလများတွင် သုဓမ္မာ သံဃာအစုမှ ဖော်ပြခဲ့ပြီးသော အချို့ဂိုဏ်းများ အသီးသီး

ကွဲပြားလာခဲ့ကြပြန်သည်။ ဤသို့ ကွဲပြားလာသော သီးခြားဂိုဏ်းများသည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ရောနှောမှုမပြုဘဲ သီးခြားစီ ဆက်ဆံနေခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပနိုင်ရေးအတွက် သံဃာ့ဂိုဏ်းများကို စိစစ်သောအခါ ဖော်ပြခဲ့ပြီးသော ဂိုဏ်းကြီး ၉ ဂိုဏ်း ပေါ်ထွက်ခဲ့သည်။ ယင်း ၉ ဂိုဏ်း တည်ရှိခွင့်ကို ၁-၂-၈၀ နေ့တွင် အတည်ပြုခဲ့သည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ၎င်းလုပ်ထုံးလုပ်နည်းများတွင်လည်း ယင်းဂိုဏ်းကြီး ၉ ဂိုဏ်း တည်ရှိမှုကို အတည်ပြုကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ဂိုဏ်းအချင်းချင်း ပေါင်းစပ်ခွင့်ရှိသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ဖော်ပြပါ ဂိုဏ်းကြီး ၉ ဂိုဏ်းနှင့် သံဃာ့အဖွဲ့အစည်းများက ထပ်ဆင့် ဖွဲ့စည်းပေးထားသော သံဃာ့အဖွဲ့အစည်းများမှတစ်ပါး ဂိုဏ်းသစ်တည်ထောင်ခြင်း၊ အဖွဲ့အစည်း ဖွဲ့ခြင်းကို လုံးဝခွင့်မပြုကြောင်း သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ '၆/၉၀, ၇/၉၀'တို့ဖြင့် တားမြစ်ထားသည်။

အထူးမှာ ဖော်ပြပါ ဂိုဏ်းကြီး ၉ ဂိုဏ်းသည် ယခင်က ပစ္စယသမ္မောဂ, ဓမ္မသမ္မောဂ သီးခြားစီရှိခဲ့ကြသော်လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာပြီးနောက် ဂိုဏ်းအများစုမှာ ပစ္စယသမ္မောဂ ရှိလာသည်ကို ဝမ်းမြောက်စွာ တွေ့ရှိရသည်။ အချို့ဒေသများတွင် ဓမ္မသမ္မောဂပင် အတူတကွပြုကြကြောင်း ကြားရသည်။ မြတ်စွာဘုရား ချမှတ်ပညတ်တော်မူခဲ့သော ဝိနည်းကျင့်ဝတ်ကို ဂိုဏ်းအားလုံးက တညီတညွတ်တည်း ကျင့်သုံးဆောက်တည်နေကြသည်။

ပုဂ္ဂိုလ်စင်ကြယ်, မစင်ကြယ်မှုသည် ဝိနည်းတရား ကျင့်သုံးဆောက်တည်နိုင်မှုအပေါ်၌သာ တည်မှီနေသည်။ ဂိုဏ်းအပေါ် မတည်မှီပါ။ သို့ရာတွင် သီးခြားဂိုဏ်းများမှာ ဂိုဏ်းစည်းမျဉ်း ထိန်းချုပ်မှုရှိသည်။ အချို့ သီးခြားဂိုဏ်းဆိုလျှင် တင်းကြပ်သောစည်းမျဉ်းအရ သွားလာစားသောက် ကျင့်သုံးဆောက်တည် နေထိုင်ရသဖြင့် သမဏသာရုပ္ပဖြစ်ပြီး ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်နိုင်ကြပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ချမှတ်ထားသော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်း ၃ ရပ်ဖြင့် ဂိုဏ်းဂဏမရွေး စင်ကြယ်သော

ကြည်ညိုဖွယ် ဂုဏ်ဆောင်နိုင်သော သံဃာ့ဘောင် တည်ဆောက်ပေးနိုင်ပါက သာသနာတော်အတွက်ရော, ဗုဒ္ဓဘာသာ ဒကာ ဒကာမများအတွက်ပါ အကျိုးများပြီး ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ကြမည်မှာ မလွဲပါကြောင်း နိဂုံးချုပ်ရေးသားလိုက်ရပါသည်။

❑

နိဂုံး ပတ္တနာ

သံဃာ့ဂိုဏ်းပေါင်း၊ သိဖွယ်ကောင်း၍၊ အကြောင်းဖွေရှာ၊ လှမ်းမီရာသည့်၊ ကျမ်းစာထွေထွေ၊ နောက်အောင်မွေလျက်၊ ရလေအနှစ်၊ အဆီညှစ်ပြီး၊ လျစ်လစ်ရွှေစာ၊ ကျမ်းတစ်ဖြာကို၊ ပညာသုတ၊ ရှာမှီးကြသည့်၊ များလှလူ့ကျိုး၊ ရည်မျှော်ကိုး၍၊ အားကြိုးရေးလျှင်၊ ကောင်းမည်ထင်သည့်၊ စိတ်တွင်အထူး ကူးမိသည်။

ယင်းစိတ်အကြံ၊ ရင်းခံဆိုင်ရာ၊ ကျမ်းစာအများ၊ ကိုးကားကြိုးကုတ်၊ ရေးထုတ်စုစည်း၊ အနည်းနည်းဖြင့်၊ သင့်တင့်အသွင်၊ ခေါင်းစဉ်စာပိုဒ်၊ အလိုက်မချော်၊ အလျော်အချင့်၊ အဆင့်အတန်း၊ ခန့်မှန်းရွေးချယ်၊ မကျယ်မကျဉ်း၊ လိုရင်းကိုသာ၊ ရေးကာစေ့စပ်၊ ဤကျမ်းမြတ်သည်၊ ပြီးသတ်ရေးမှု ပြုခဲ့သည်။

ဤစာရေးရ၊ ဘဝထိုထို၊ လိုရာလည်းရ၊ တလည်းပြည့်စုံ၊ ကုန်သည်မရှိ၊ သိမှုတန်တန်၊ ဉာဏ်ပညာကြီး၊ ထီးရိပ်ခိုလှုံ၊ ဘုံမြတ်ရောက်ကာ၊ သာသနာပြုရှုတိုင်းယဉ်ကျေး၊ အေးချမ်းကြည်လင်၊ မြင်သူချစ်မှု၊ ဆုကြီးတဝ၊ ရသည်ဖြစ်စေ၊ ဆုပန်ခွေသည်၊ အောင်စေ အောင်ကြောင်း၊ အောင်စေသတည်း။

မာမက(သုတေသီ)

စာကြည့်တိုက်
၁၅.၇.၀၉

ကျမ်းညွှန်းစာရင်း

၁။ ကမ္ဘာပတ်၍ ဘုရားရှာခြင်း
ဦးစိန်ထွန်း/မာမက(သုတေသီ)
၂။ သာသနာလင်္ကာရစာတမ်း
မဟာဓမ္မသင်္ကြန်
၃။ ဝံသဒီပနီ
မဲထီးဆရာတော်
၄။ သာသနဗဟုသုတပကာသနီ
အရှင်ရာဇိန္ဒမဟာထေရ်
၅။ ရွှေကျင်နိကာယသမိုင်း
ရွှေဟင်္သာတောရဆရာတော်
၆။ ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိ
ညောင်လေးပင်တောရဆရာတော်
၇။ အရညဝါသီရွှေကျင်နိကာယသမိုင်း
ကြခတ်ဝိုင်းဆရာတော်
၈။ မဟာဒွါရနိကာယနှင့် သာသနာဝံသဒီပနီ
၉။ တတိယမြောက် ဝေဠုဝန်နိကာယမဟာနာယကာဓိပတိသမ္မုတိစာတမ်း
၁၀။ စတုဘုမ္မိကမဂ္ဂင်သာသနာဝင်သမိုင်း
လယ်တီဦးလှပိုင်
၁၁။ ဗုဒ္ဓနိုင်ငံတော်(တတိယတွဲ)
အရှင်သံဝရာဘိဝံသ
၁၂။ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း ရာပြည့်
၁၃။ ရတနာပုံနိဒါန်း
ဒဂုံနတ်ရှင်
၁၄။ သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်း
ဓမ္မဃောသက ဦးမောင်မောင်
၁၅။ ဘုန်းတော်ကြီးပညာသင်ရေးမော်ကွန်း
ပညာရေးဌာန

ကမ္ဘာ့ဘာသာကြီးများအကြောင်းကို
ခြေခြေမြစ်မြစ် လေ့လာဖတ်ရှုလိုသူတို့အတွက်

ကမ္ဘာပတ်၍ ဘုရားရှာခြင်း

ဦးစိန်ထွန်း (မာဓကသုဓတသီ)

စာကြည့်တိုက်
စာအုပ်အမှတ် ၈၃၈၆
ရက် ၁၇.၇.၀၉

စာမူခွင့်ပြုအမှတ် - ၃၂၀၅၁၆၀၆၀၈

စာအုပ်ကတ်ပြား
ရေးသူ AUTHOR
စာအုပ်အမည် TITLE

ပြန်ပေးရမည့်နေ့စွဲ DATE DUE	ငှားရမ်းသူအမည် BORROWER'S NAME

110023
k 1500.00

ဗုဒ္ဓဘာသာ
သံဃာ့ဂိုဏ်းကွဲများနှင့်

ဂိုဏ်းကြီး ၉ ဂိုဏ်း

မာမက (သုတေသီ)

design by : lut lat thein min